
# မဟာစည်ရွှေလမင်း



စီစဉ်ထုတ်ဝေသူ
ညောင်ကန်အရှင်ကုဏ္ဍက

သန္ဒမွန်

၁ ဗုဒ္ဓမြတ်စွာ၊ သာသနာ၊ ရှည်ကြာတည်၍ လင်းစေသော်။
၂ မဟာစည်လမင်း၊ ကြယ်ခပင်း၊ အလင်းကမ္ဘာ ပြန့်စေသော်။
၃ အလင်းရောင်ကို၊ လက်ခံကြို၊ ကြည်ညိုလေးမြတ်ကြစေသော်။
၄ ကမ္ဘာငြိမ်းချမ်း၊ နိဗ္ဗာန်နန်း၊ စံမြန်းနိုင်ကြပါစေသော်။

# မဟာစည်ရွှေလမင်း

စီစဉ်ထုတ်ဝေသူ

ညောင်ကန်-အရှင်ဣန္ဒက

ညောင်ကန်စာပေ

၅၄၊ နိဗ္ဗာန်ကျောင်းလမ်း၊ ဂွတ္တလစ်၊

အနောက်မြောက်ရပ်ကွက်၊ ရွှေဂုံတိုင်၊ ရန်ကုန်မြို့။

ပထမအကြိမ်

အောက်တိုဘာလ ၁၉၇၉-ခု၊

အုပ်ရေ- ၅၀၀၀

မျက်နှာဖုံးပန်းချီ-ဦးကိုလေး

အဖုံးရိုက်-ဇွဲစာပုံနှိပ်တိုက်

ဘလောက်-လွင်

တန်ဖိုး ၇-ကျပ်

စာအုပ်ချုပ်- ထွန်း၊


ဘာသာရေးဆိုင်ရာ ခွင့်ပြုချက်အမှတ် (၃၉၈)

မျက်နှာဖုံးခွင့်ပြုချက် အမှတ် (၈၉၈)


ဖြန့်ချီရေး
ဇွဲစာပေပရိုပ်မြုံ၊ ၁၇၂၊ ၃၃-လမ်း၊ ရန်ကုန်၊
ဖုံး-၇၇၂၂၀

ထုတ်ဝေသူ။ ။ဦးသိန်းလွင် (ခ) ဦးအေးလွင် (၀၂၆၀၂) ဇွဲစာပေ
၅၄၊ နိဗ္ဗာန်ကျောင်းလမ်း၊ ဂွတ္တာလစ် အနောက်မြောက်ရပ်ကွက်၊
ရွှေဂုံတိုင် ရန်ကုန်မြို့။


ပုံနှိပ်သူ။ ။ဦးထွန်းရှိန် (မြဲ-၀၂၁၃၈)၊ ဇွဲစာပုံနှိပ်တိုက်
အမှတ်၊ ၁၇၂၊ ၃၃-လမ်း ရန်ကုန်မြို့။
ဖုံး-၇၇၂၂၀



အမေရိကန် လော့စ်ဇင်စင်တာ၌ မဟာစည် ဆရာတော်ဘုရားကြီး အမှတ်သင်္တရားဖြင့်
ဆွမ်းဘုန်းပေးတော်မူနေစဉ်။
စာမျက်နှာ (၁၆)တွင် ကြည့်ပါ။




ပြင်သစ်ပြည်တောင်ပိုင်း ထူလွန်းမြို့အနီး ဘောင်ပေါ်ရှိ ဗောဓိဉာဏာရာမကျောင်း
တရားစခန်း၌ ဆွမ်းခံနေစဉ်။
စာမျက်နှာ (၂၀)တွင်ကြည့်ပါ။



**ကမ္ဘာ့သာသနာပြုခရီးကြွခါနီး**

၁·၄·၇၉ နေ့က ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ မဟာစည် ဆရာတော်ဘုရားကြီးသည်
မင်္ဂလာဒုံလေဆိပ်တွင် ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ ရွှေစေတီဆရာတော်ဘုရားကြီးအား
နှုတ်ဆက်စကား ပြောကြားနေတော်မူစဉ်။



စကော့ဘလန်ပြည်  ဆမြေလင်းတိဘက်ကျောင်း တရားစခန်း။

စာမျက်နှာ (၂၆)တွင် ကြည့်ပါ။



မင်္ဂလာဒုံလေဆိပ်တွင် ၁-၄-၇၉ နေ့ကကမ္ဘာ့သာသနာပြု ခရီးကြွတော်မူမည့် ကျေးဇူးရှင်
မဟာစည်ဆရာတော်ကြီး အမှူးပြုသော အဖွဲ့နှင့် ပို့ဆောင်နှုတ်ဆက်ကြသည့် တပည့်ဒကာများ



ဆန်ဖရန်ဆစ်ကို မဒန်လီတာ ဖီလစ်ပိုင် အမျိုးသမီး အိမ်၌ ဆွမ်းအနုမောဒနာ ဟောကြားပြီး
အမှတ်တရပုံ။

စာမျက်နှာ (၂၀) တွင်ကြည့်ပါ။



အင်္ဂလန် အောက်စဖို့ အိုကင်ဟော့ ဗုဒ္ဓဘာသာဌာန၌ သိမ်သမုတ်၍ ရဟန်းခံပေးနေပုံ။
စာမျက်နှာ (၂၀)တွင်ကြည့်ပါ။



အင်္ဂလန် အောက်စဖို့ အိုကင်ဟော့ ဗုဒ္ဓဘာသာဌာန၌ ရဟန်းလေးငါးရှင်လောင်းများ ဓမ္မာရုံသို့အသွား။



ရန်ကုန်မြို့၊ ၁၆ သာသနာ့ရိပ်သာ ဟိဘောသိဓမ္မာရုံကြီး။
စာမျက်နှာ (၄၆) တွင်ကြည့်ပါ။



ရန်ကုန်မြို့၊ ၁၆-သာသနာ့ရိပ်သာ ပတ္တမြားမဟာဓမ္မသာလာဓမ္မာရုံကြီး။
စာမျက်နှာ (၇၅)တွင်ကြည့်ပါ။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

# အဖွင့်

လောက၌ ဖုံးသင့်သောအရာ, ဖွင့်သင့်သောအရာ ဟူ၍ နှစ်မျိုး ရှိလေသည်၊ ဖုံးသင့်, ဖွင့်သင့် မနိုင်းခြင့်ပဲ အသုံးလွဲလျှင် ကိုယ့်ကျိုး, သူ့ကျိုး အများကျိုးတို့ မပွား တိုးပဲ ကောင်းကျိုးမပြီး အချိးနည်းဖြစ်ရာ၏၊ ဆုတ်ယုတ် ပျက်ပြားရာ၏။

မှန်၏၊ လောကသားတို့၏ ဆိုးကျိုးကို လိုလားတော်မမူပဲ ကောင်းကျိုးချမ်းသာ ကိုသာ အမြဲလိုလားတော်မူ၍ မေတ္တာပွားများ ကရုဏာ ကြီးမားတော်မူသော ဂေါတမ နွယ်ဖွား မြတ်စွာဘုရားသည် အဖုံးနှင့် အဖွင့်ကို နှိုင်းခြင့်ဝေဖန် ဤသို့ ကေန် ဟောကြား တော်မူ၏။

ရဟန်းတို့ ဤသုံးမျိုးတို့သည် လျှို့လျှို့ဝှက်ဝှက် ရွက်ဆောင်ကုန်၏၊ ပွင့်ပွင့် လင်းလင်း မရွက်ဆောင်ကုန်၊ အဘယ်သုံးမျိုးတို့နည်းဟူမူ....

၁။ ရဟန်းတို့-မာတုဂါမတို့သည် လျှို့လျှို့ဝှက်ဝှက် ရွက်ဆောင်ကြကုန်၏၊ ပွင့်ပွင့်လင်းလင်း မရွက်ဆောင်ကုန်။

၂။ ရဟန်းတို့-ပုဏ္ဏားတို့သည် ဗေဒင်တို့ကို လျှို့လျှို့ဝှက်ဝှက် ရွက်ဆောင် ကြကုန်၏၊ ပွင့်ပွင့်လင်းလင်း မရွက်ဆောင်ကုန်။

၃။ ရဟန်းတို့-မှားသောအယူသည် လျှို့လျှို့ဝှက်ဝှက် ရွက်ဆောင်၏၊ ပွင့်ပွင့်လင်းလင်း မရွက်ဆောင်။

ရဟန်းတို့ ဤသုံးမျိုးတို့သည် လျှို့လျှို့ဝှက်ဝှက် ရွက်ဆောင်ကုန်၏၊ ပွင့်ပွင့် လင်းလင်း မရွက်ဆောင်ကုန်။

ရဟန်းတို့ ဤသုံးမျိုးတို့သည် ပွင့်လင်းကုန်သော်သာ တင့်တယ်ကုန်၏၊ လျှို့ဝှက် ဖုံးကွယ်ကုန်သော် မတင့်တယ်ကုန်၊ အဘယ်သုံးမျိုးတို့နည်းဟူမူ....

၁။ ရဟန်းတို့ လ,ဝန်းသည် ပွင့်လင်းသော်သာ တင့်တယ်၏၊ ဖုံးကွယ်သော် မတင့်တယ်။

၂။ ရဟန်းတို့ နေဝန်းသည် ပွင့်လင်းသော်သာ တင့်တယ်၏၊ ဖုံးကွယ်သော် မတင့်တယ်။

၃။ ရဟန်းတို့ မြတ်စွာဘုရား ဟောကြားသည့် တရားတော်သည် ပွင့်လင်းသော်သာ တင့်တယ်၏၊ ဖုံးကွယ်သော် မတင့်တယ်။

ရဟန်းတို့ ဤသုံးမျိုးတို့သည် ပွင့်လင်းကုန်သော်သာ တင့်တယ်ကုန်၏၊ ဖုံးကွယ်ကုန်သော် မတင့်တယ်ကုန်ဟု မိန့်တော်မူ၏။ (အင်္ဂုတ္တိုရ်ပါဠိတော် မြန်မာပြန် ပဌမတွဲ၊ နှာ ၃၀၃၊ ၃၀၄)

## အဖုံးကို မဖွင့်လိုပါ

ဤ မြတ်ဘုရား၏ စကားတော်သည်ကား ပေါ်လွင်ထင်ရှား ပြတ်သားလှပေ၏၊ အဖုံးသုံးမျိုး, အဖွင့်သုံးမျိုးကို ရှင်းရှင်းရိုးရိုး မီးမောင်းထိုးပြတော်မူ၏၊ ဤ၌ ဖုံးထားရမည့် အဖုံး သုံးမျိုးကိုမူ လုံးဝ ဖွင့်စရာ မလိုပါ၊ ကာယကံရှင်များက ဖုံးဖုံးဖိဖိ လျှို့ဝှက်စွာ ဆောင်ရွက်နေကြလျှင် တင့်တယ်နေကြပြီမို့ ရှင်းပြစရာလည်း မလိုပါ။

## အဖွင့်ကိုတော့ ဖွင့်ရပါဦးမည်

အဖွင့်သုံးမျိုးကား ဆက်လက် ဖွင့်ပြရပါဦးမည်၊ အဖွင့်သုံးမျိုးဟူသည်....

၁။ လ,ဝန်း၊ ၂။ နေ,ဝန်း၊ ၃။ ဘုရားဟော တရားတို့ပင်တည်း။

ထိုသုံးမျိုးတို့တွင် လ,ဝန်းသည် လည်းကောင်း၊ နေ,ဝန်းသည် လည်းကောင်း ဆီးနှင်း, မြူ,တိမ်, သူရိမ်, မီးခိုး ညစ်မျိုးငါးဝ ကင်းစင်ပမှသာလျှင် ပေါ်လွင်ကုန်၏၊ ထိန်ထွန်းကုန်၏၊ တင့်ရှန်းကုန်၏၊ ထိုနည်းငှင်းပင် မြတ်ဘုရားရှင်၏ တရားရောင်ခြည်သည်လည်း မိစ္ဆာမှုမှေး ကိလေသာ အညစ်အကြေးတို့မှ ကင်းဝေး စင်ကြယ်မှသာလျှင် ထိန်ထွန်းနိုင်၏၊ တင့်ရှန်းနိုင်၏၊ တရားရောင် လင်းမှလည်း အများ အမှောင် ရှင်းကြပေမည်၊ အမှားအမှောင် ရှင်းမှလည်း တရားရောင် လင်းနိုင်ပေသည်၊ အလင်းရောင်ကို လက်ခံကြိုသူတို့သည်လည်း အပါယ်ဘေး ကင်းပြတ်၍ သံသရာဘေး ရှင်းလတ်လျက် လူနတ်နိဗ္ဗာန် သုံးတန်ချမ်းသာတို့ကို ရရှိနိုင်ပေကုန်ရာ၏။

## တရား လ,မင်း တရား နေ,မင်း

ထို့ကြောင့်ပင်လျှင် လေးသင်္ချေနှင့် ကမ္ဘာတသိန်းတို့ ကာလပတ်လုံး ပါရမီအလီလီ ဖြည့်ကျင့် ကြိုးပမ်းတော်မူမှသာ တရား လ,မင်း တရား နေ,မင်းဖြစ်ခြင်းကြီးမက ဖြစ်တော်မူရသော တုကင်းမြတ်စွာ စောဗုဒ္ဓါသည် ငြိမ်းချမ်းသာကြည် ဒေသနာ လ,ရောင်ခြည် တရား နေ,ရောင်ခြည်တို့ကို ဝေနေယျအများ လောကသားတို့အားလည်း ၄၅-နှစ်တို့ ကာလပတ်လုံး အဖုံး ဖွင့်ဖော် ဟောကြား ပေးတော်မူခဲ့ပါပေသည်။

ဆက်ပါဦးမည်၊ ဗုဒ္ဓမြတ်စွာ စိန္တေယျာသည် တကိုယ်တော်တည်းသာ ဒေသနာ လ,ရောင်ခြည် တရား နေ,ရောင်ခြည်တို့ကို ဖြန့်ချီတော်မူ ပေးတော်မူခဲ့သည် မဟုတ်သေး၊ လ,ကို ဝန်းရံ ကြယ်ရောင်ပုံ့တို့အလား တပည့်သားတို့အားလည်း "ရဟန်းတို့....လူများ အပေါင်း အစီးအပွား ဖြစ်ဖို့ရာ, ချမ်းသာဖို့ရာ လောကကြီးကို မပျက်စီးအောင် စောင့်ရှောက်ဖို့ရာ ဒေသစာရီ (သာသနာပြုခရီး) လှည့်လည်ကြကုန်လော"စသည်ဖြင့် ဒေသနာ ရောင်တော်ဖွင့်ရေးကို ခွင့်ပေး တိုက်တွန်း မိန့်ညွှန်းတော် မူခဲ့ပါသေးသည်။

ထို့ကြောင့် မဟုတ်လော၊ ဗုဒ္ဓခေတ်လောကတခွင်တွင် မြတ်ဘုရား လ,မင်း တပည့်များ ကြယ်တသင်းတို့၏ ဒေသနာ လ,ရောင်ခြည် ကြယ်ရောင်ခြည်တို့သည် ကြည်ကြည် လင်လင် ရွှင်ရွှင်ပျပျ ထွန်းလင်းတောက်ပ တင့်တယ်ကြီး တင့်တယ်တော် မူကြပါ ပေသည်။

## မင်းသား မင်းဆက်ပမာ

ဗုဒ္ဓမြတ်စွာ စိန္တေယျာသည် ပရိနိဗ္ဗာန် စံလွန်တော်မူပါသော်လည်း ရွှေလမင်းက ဖွားသည့် ရွှေလမင်းသားများပမာ သာသနာရောင်ထိန်ပြောင်ပဝင်း မြတ်စိန္တေ ရွှေလမင်း ၏ သားရင်း ထေရ်မေဉ် အကျော်ဒေယျ သမဏတို့သည်လည်း အသီးသီး အဆက်ဆက် ထွက်ပေါ်တော် မူခဲ့ကြပါပေသည်၊ ခမည်းတော် မင်းအဆက်ဆက်တို့ နတ်ရွာစံကြလျှင် သားတော် အဆက်ဆက်တို့က နန်းတက်မင်းပြုလျက် မင်းရေး မင်းဟု ပြည်ချမ်းသာ အောင် ဆောင်ရွက်ကြရသကဲ့သို့ မြတ်ဘုရားရှင် ပရိနိဗ္ဗာန် စံတော်မူပြီးနောက် ဘုရား သားတော် မထေရ်မေဉ်ဟု အကျော်ဒေယျ သမဏတို့ကလည်း ဖရင်းမြတ်စွာ စိန္တေယျာ၏ အရိုက်အရာ သာသနာတော်ကို မယိမ်းယိုင်ရလေအောင် သာသနာပိုင်အဖြစ် ဆက်ခံလျက် သာသနာ ပြုတော်မူကြရပေသည်၊ ထေရ်ကြီး လ,မင်း ကြယ်ခပင်း တပည့်တို့သည်လည်း ကမ္ဘာတွင်းမှာ ဒေသနာ အလင်းဖြာအောင် ဖွင့်ဖော် ဟောပြတော် မူကြရပါပေသည်။

## မဟာစည် ရွှေလမင်း

ဗုဒ္ဓမြတ်စွာ၏ ၄၅-ဝါ၊ ဒေသနာ ခရီးအချုပ် အပ္ပမာဒ မဟာသတိပဋ္ဌာန် ဝိပဿနာ အလုပ် တရားတော်ကို သာသနာ ၂၅၀၀၊ ဆဋ္ဌသံဂါယနာခေတ်၊ ၂၅-ရာစုခေတ်တွင် အာရှတိုက် မြန်မာပြည်မှသည် ကမ္ဘာ့နိုင်ငံများအထိ ဖြန့်ချီကာ သာသနာပြုတော်မူသော ကမ္ဘာ့ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးသည်လည်း ယနေ့ မဟာစည် နိကာယ တပည့် သာဝကတို့၏ အကြီးအမှူး မဟာနာယကလည်း ဖြစ်တော်မူ၏၊ ဦးစီးဥက္ကဋ္ဌလည်း ဖြစ်တော်မူ၏၊ အုပ်ချုပ် စိုးပိုင်စွာ သာသနာ ပြုစုတော်မူနိုင်သည်၊ ရဟန်း, သံဃာတို့၏ မင်းမြတ် မဟာသံဃရာဇာလည်း ဖြစ်တော်မူ၏၊ အကြီးအမှူး ဦးစီး ဦးကိုင် သာသနာပိုင်ဟုလည်း ဂုဏ်ပြု ပူဇော် ခေါ်ဝေါ် သမုတ်ထိုက်ပါပေသည်။

မှန်ပါသည်၊ ထို့ကြောင့်ပင် ၁၃၃၉-ခု၊ တပေါင်းလပြည့်နေ့တွင် အညာစစ်ကိုင်းတိုင်း ရွှေဘိုမြို့နယ် ဆိပ်ခွန်ရွာ မဟာစည် ကျောင်းတိုက် သာသနာ့ရိပ်သာမှာ ကျင်းပသည့် မဟာစည် ပုံတော်ဗိမာန် ရေစက်ချ ပူဇော်ပွဲဝယ် မဟာစည် နိကာယ သုံးဆိုင်ရာ တပည့်သာဝက ရဟန်း, ရှင်, လူတို့က "မဟာစည် နိကာယ ဓမ္မသေနာပတိ ဦးစီးဦးကိုင် သာသနာပိုင် ဖြစ်တော်မူသော ဆဋ္ဌသင်္ဂီတိပုစ္ဆက အဂ္ဂမဟာ ပဏ္ဍိတ ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး"ဟု ရွှေစာလုံးကြီးထိုးလျက် ဟိုးဟိုးကျော်အောင် ပူဇော် ဂုဏ်ပြုကြလေသည်။

ထိုပွဲတွင် စာရေးသူ ပါဝင်၍ တရားဟောကာ ဓမ္မပူဇာ ပြုခဲ့ပါသော "မဟာစည် ပုံတော်ဗိမာန် ရေစက်ချအောင်ပွဲ ဓမ္မဂီတိ"ကို ဤ၌ အလျဉ်းသင့်သဖြင့် ဖော်ပြပါဦးမည်။

### မဟာစည် ပုံတော်ဗိမာန် ရေစက်ချအောင်ပွဲ
### ဓမ္မဂီတိ

ဗုဒ္ဓမြတ်စွာ သာသနာထွန်းတဲ့-တောင်ကျွန်း လကျာ် မြန်မာပြည်။
စစ်ကိုင်းတိုင်းတွင် သမိုင်းထင်ရှားတဲ့-ကျော်ကြား ငါးမည် ရွှေဘိုပြည်။
ရွှေဘိုနီးမှာ ဓမ္မာမြည်ဟီးတဲ့-ရွာကြီး ဆိပ်ခွန် ထေရ်မွန် မဟာစည်။
သတိပဋ္ဌာန် စည်တော်ကြီးကို-ရိုက်တီး ယွမ်းဆော်-ကမ္ဘာကျော်ပါသည်။
ကုရုတိုင်းမှာ ကမ္မာသဒ္ဒို-ပမာပြုလို့ ဆိုရပါမည်။
သတိပဋ္ဌာန် အမှန်ပွားလို့-ခေတ်စားပါတဲ့ ဆိပ်ခွန်သာကြည်။

မမေ့သင့်ရာ သည်ဂါမမှာ-မဟာစည်ပုံပြ ဗိမာန်တော်တည်။
တထောင့်ငါးရာ သုံးဆယ့်ကိုးမှာ-မော်ကွန်းထိုးလို့ အောင်ပြီ အောင်စည်။
အခါကောင်းရာ တပေါင်းလမှာ-ရေစက်ချသွန်း ဆော်ယွမ်း အောင်စည်။
သတိတရား အမြဲပွား-ရောက်ငြား နိဗ္ဗာန်ပြည်။
အဲဒါမှ မဟာစည်ထေရ-ဩဝါဒ-ထာဝရ သာသနာတည်။

ယခုအခါ-မဟာစည် ရွှေလမင်းလည်း တကမ္ဘာလုံးတွင် ထိန်ထိန်သာလျက် သတိပဋ္ဌာန် အသိဉာဏ် ရောင်ခြည်အေးကို ဖြန့်ပေးတော် မူနေပါသည်။

## **လ,သာသာနှင့် ည,ကမ္ဘာ**

ရွှေလ,သာသော ည,ကမ္ဘာသည် အမှောင်ကိုခွင်း၍ အလင်းကိုဆောင်ပါသည်၊ ရွှေရောင် ငွေရောင် ဝင်းဝင်းပြောင်ပါသည်၊ အေးမြကြည်လင် လန်းလန်းရွှင်ပါသည်၊ ငြိမ်းချမ်းသာယာ ဆိတ်ငြိမ်ပါသည်၊ ရွှင်ရွှင်မြူးမြူး ကြည်နူးဖွယ် ကောင်းပါသည်၊ ဤသည်မှာ ရွှေလ,သာသာနှင့် ည,ကမ္ဘာ၏ ပုံမှန်အနေအထား ဖြစ်ပေသည်။

ရွှေလမင်းသည် အမှောင်ကိုခွင်းခြင်း, အလင်းကိုဆောင်ခြင်း, အအေးဓာတ်ကို ပေးအပ်ခြင်းတို့ကို ည,ကမ္ဘာအပေါ်မှာ မဖောက်မပြန် ပုံမှန်အတိုင်း ဖြန့်ခင်းလျက် ရှိပါသည်၊ ကောင်းဆိုးနိမ့်မြင့် ယုတ်မြတ်ဆူကြုံ မျက်နှာမလိုက်ပဲ သာမြဲသာ လင်းမြဲလင်း အေးမြဲအေးစေပါသည်၊ ဩော်....မသာလဲ့တ, သာလဲ့တကြရတဲ့ အိုဘယ့် ရွှေလ....ဖိုးရွှေလပါတကား။

မှန်ပါ၏၊ ပင်ကိုယ်သဘာဝ အေးအေးမြမြ ဝင်းပသော ရွှေလရောင်ခြည်ကို လိုလားသူများက "အေးမြလိုက်တာ၊ ဝင်းပလိုက်တာ၊ ကြည်နူးဖွယ်ရာပါ ကလား၊ လ,သာသော ညအခါဝယ် ပျော်မယ် ပါးမယ်၊ တရားအားထုတ်မယ်" စသည်ဖြင့် ရွှေလမင်းကို လက်ခံနှစ်လို ကြိုဆိုကြည်နူးကြပေသည်၊ ရွှေလမင်းကတော့ နှစ်လိုရွှင်ပျ ကြိုဆိုကြလဲ သာမြဲအေးမြဲပင်။

## **မဟာစည်ရွှေလမင်းနှင့် ကမ္ဘာသူ ကမ္ဘာသား**

ဗုဒ္ဓသာသနအမွေခံ မဟာစည်ရွှေလမင်းကလည်း တပည့် ရဟန်းရှင်လူ ကြယ်ခ ပင်းနှင့်အတူ ကမ္ဘာသူ ကမ္ဘာသားတို့အား သတိပဋ္ဌာန် ဝိပဿနာ ရွှေလရောင်ခြည် ငွေကြယ်ရောင်ခြည်တို့ကို ဖြန့်ချီဝေငှတော်မူနေပါသည်။

ကမ္ဘာ့သူကမ္ဘာ့သားအများစုတို့ကလည်း အလင်းရောင်ကို လက်ခံကြိုဆိုကြပါသည်၊ တပည့်လည်းခံ ကြယ်ဝန်းရံသို့ သတိပဋ္ဌာန် အသိဉာဏ်လင်းရောင်ခြည်ကို ဆင့်ပွားဖြန့်ချီကြပါသည်၊ ကိုယ်အား ဉာဏ်အား ပစ္စည်းအားဖြင့်လည်း အားပေးကြပါသည်၊ ဟောပြောရေးသားခြင်းဖြင့်လည်း ဖြန့်ဝေပွားကြပါသည်။

ဤမြတ်သတိဝါဒီ မဟာစည် စာမွန်ဦးသည်လည်း ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီးပွားရေးအတွက် ဗုဒ္ဓသာသနအမွေခံ မြတ်သတိဝါဒီ မဟာစည် ရွှေလမင်း၏ သာသနာပြုလုပ်ရပ်များကို တတ်စွမ်းသမျှ မှတ်တမ်းတင် ဆင့်ပွားသော စာပေဖြစ်ပါသည်၊ ဤစာပေ ရွှေလမင်းနှင့် ကြယ်ခပင်းကိုလည်း ရဟန်းရှင်လူ ပြည်သူများက လက်ခံနှစ်လို ကြိုဆိုကြပါသည်။

နိုင်ငံတော်အစိုးရကလည်း တိုင်းပြည်နှင့်လူမျိုး စာရိတ္တမြင့်မားရေး၊ စိတ်ဓာတ်တည်ကြည် ခိုင်မာရေး၊ အသိဉာဏ် ဖွံ့ဖြိုးတိုးတက်ရေး အတွက် ကျေးဇူးပြုသော ဤမြတ်သတိဝါဒီ မဟာစည် စာမွန်ဦးကို ခွင့်ပြုအားပေးပါသည်၊ မှန်ပါသည်၊ ထို့ကြောင့်ပင် ဤမြတ်သတိဝါဒီ မဟာစည် စာမွန်ဦးသည် အမှတ် (၁) မှ (၂)သို့၊ (၂) မှ (၃) သို့ အထိ ထုတ်ဝေနိုင်ခဲ့ပါသည်၊ ယခုတဖန် (၃)မှ (၄)သို့အထိ ဆက်လက်ထုတ်ဝေလိုက်ရပေသည်။ အမှတ် (၄)ဟူသည် ဤမဟာစည်ရွှေလမင်းပင်တည်း။

ထို့ပြင် မြတ်သတိဝါဒီ မဟာစည်စာမွန်ဦးကို နိုင်ငံတော် သတင်းစာကြီးများကလည်း ချီးကျူးထောမနာ ဩဘာပေးပါသည်၊ မှန်ပါသည်၊ အသီးသီး အသက အသက ဤသို့ ချီးမြှင့်အားပေးကြပါသည်။

## မြတ်သတိဝါဒီ မဟာစည်စာမွန်ဦး (၁)

'စာနယ်ဇင်း' ဟူသော ဝေါဟာရတွင် မဂ္ဂဇင်း-ဟု အမည်မတပ်သော်လည်း အလျဉ်းသင့် အခွင့်သာတိုင်း မဂ္ဂဇင်းပုံစံမျိုး ထုတ်ဝေသွားရန် တာစူလိုက်သော စာစောင်သုံးခုကို ယခုနှစ်စာဆိုတော် အကြိုချိန်တွင် တွေ့ရှိရ၏။

နောက်တခုမှာ မဟာစည် သာသနာ့ရိပ်သာမှ ထုတ်ဝေသော 'မြတ်သတိဝါဒီ မဟာစည် စာမွန်ဦး'

တကျမ်းတဖွဲ့ အဆင့်သို့လည်း မရောက်၊ ပစ်လည်းမပစ်သင့်သော စာအတိုအထွာများသည် မဟာစည်ဆရာတော်ကြီးနှင့် ဆရာတော်ကြီး အသိုင်းအဝန်းတွင် ရှိနေသည်၊ ယင်းအတိုအထွာများကို စာစောင်အသွင်ဖြင့် စုစည်းပေးရန် သတိရသော ဆရာတော်ကြီး၏တပည့် ညောင်ကန်အရှင်ဣန္ဒက၏ အစီအစဉ်ဖြစ်သည်။

လျှော်ကန်လှပါ၏၊ ဆရာတော်ကြီးသို့ တရားရေးလျှောက်ထားလွှာများ၊ ပြဿနာ အဖြေများစသည်ဖြင့် တရားဆိုင်ရာ ဗဟုသုတ များစွာကိုပေးသည့် စာစောင်ဖြစ်သည်၊ ဤစာစောင်ကတော့ 'ဓမ္မဒါန'အဖြစ် ဖြန့်ဝေသည့် ကုသိုလ်ရေးစာစောင် ဖြစ်သည်။

ကြေးမုံသတင်းစာ

## မြတ်သတိဝါဒီ မဟာစည်စာမွန်ဦး (၂)

ဓမ္မဒါနအဖြစ် ညောင်ကန်အရှင်ဣန္ဒက ထုတ်ဝေဖြန့်ချိလိုက်သော မြတ်သတိဝါဒီ မဟာစည်စာမွန်ဦး (၂)သည် လောကတခွင် ဖြစ်ပျက်သမျှ ရုပ်နာမ်တို့သည် ဒုက္ခချည့်ဖြစ်၏၊ တွယ်တာမှု သမုဒယကြောင့် ဆင်းရဲဖြစ်၏၊ ဤဒုက္ခဆင်းရဲမှုတို့မှ လွတ်ငြိမ်းရာ အမှန်တရားသည် ရှိ၏+တို့ကို ဖော်ထုတ်ပြဆိုသော ကျမ်းမြတ်တဆူဖြစ်၏။

မြတ်သတိဝါဒီတွင် မြတ်-ဟူသည် အကုသိုလ်တရားတို့မှ ကင်း၍ ကုသိုလ်တရား ပွားများရာ ပွားများကြောင်း အားထုတ်ခြင်းသည် မြတ်ခြင်းပင် ဖြစ်၏။

မှန်၏၊ မည်သို့ အားထုတ်ရမည်နည်း၊ အရိယမဂ္ဂင်ရှစ်ပါးဖြစ်သည်၊ မှန်စွာမြင်၊ မှန်စွာကြံ၊ မှန်စွာပြော၊ မှန်စွာပြု၊ မှန်စွာအသက်မွေး၊ မှန်စွာအားထုတ်၊ မှန်စွာ အမှတ်ရ၊ မှန်စွာစူးစိုက် တည်ကြည်ရမည်တို့ကို အားထုတ်ရပါမည်။

ဤသို့အားထုတ်ရာ၌ ယုံကြည်စွာ (ဝါဒီ) ဖြင့် သတိအမြဲရှိ နေရမည်ကို ဆိုလိုခြင်းပင် ဖြစ်၏၊ ဤသို့မဂ္ဂင်ရှစ်ပါးကို ကောင်းသောသတိဖြင့် အားထုတ်လျှင် အကုသိုလ်တရားများကင်း၍ ကုသိုလ်တရားများရကာ ကောင်းသောအကျိုးကို ခံစားရကြောင်း စာရေးဆရာမကြီး-ခင်နှင်းယုက သူ၏ ကိုယ်တွေ့ ဝိပဿနာတရားများဖြင့် သက်သေခံထားသည်ကို တွေ့ရသည်။

(၁၁၊ ၄၊ ၇၇၊ လုပ်သားပြည်သူ့နေ့စဉ်)

## မြတ်သတိဝါဒီ မဟာစည်စာမွန်ဦး (၃)

ညောင်ကန် အရှင်ဣန္ဒက၏ မြတ်သတိဝါဒီ မဟာစည်စာမွန်ဦး (၃) သည် ဗုဒ္ဓ၏ အဆုံးအမမှ ကင်းကွာနေသော သတိမေ့လျော့နေသော ဗုဒ္ဓဝါဒီတိုင်းအား ရတနာသုံးပါးကို မမေ့မလျော့ပဲ တတ်နိုင်သမျှ ရှိခိုးပူဇော်ကန်တော့ခြင်းနှင့် တတ်စွမ်းသရွေ့ တရားထူး တရားမြတ်ကို ကျင့်ကြံအားထုတ်နိုင်ရန် တွန်းအားပေးထားသော ကျမ်းမြတ် တစောင်ဖြစ်သည်။

အထူးသဖြင့် အရက်ဂျီးကပ်နေသော စိန်ခင်မောင်ရီသည် တရားရေအေး အမြိုက်ဆေးနှင့် တွေ့ကာမှပင် အရက်ပြတ်ပြီး အေးမြကြည်လင် အမြင်ပီပြင်ကာ ချမ်းသာသုခ ရရှိသွားပုံ စသည်တို့မှာ စာရှုသူတို့၏ နှလုံးစိတ်ဝမ်း ချမ်းမြေ့စေသည်မှာ အမှန်ပင်ဖြစ်သည်၊ ဇွဲစာပေရိပ်မြုံမှ ဓမ္မဒါနအဖြစ် ဖြန့်သည်။

(လုပ်သားပြည်သူ့နေ့စဉ်)

တိုင်းသူပြည်သား စာဖတ်ပရိသတ်များကလည်း ဝယ်ယူပူဇော် အလှူတော်ပွားကြပါသည်၊ ထို့ကြောင့် ထွက်ခဲ့ပြီးသမျှ မြတ်သတိဝါဒီ မဟာစည်စာမွန်ဦး ၁-၂-၃ တို့လည်း ကုန်၍ကုန်၍သွားခဲ့ပါပြီ၊ စာမွန်ဦး (၄) ဘယ်တော့ထွက်မည်နည်း- ဟူ၍လည်း မေးကြမြန်းကြသည်၊ ကြို့တင်ဓမ္မဒါန အလှူငွေပင် အကျိုးဆောင်များထံ လှူဒါန်းသူက လှူဒါန်းကြလေသည်။

ဤသည်ပင် "ရဟန်းတို့....မြတ်စွာဘုရား ဟောကြားသည့် တရားတော်သည် ပွင့်လင်းသော်သာ တင့်တယ်၏၊ ဖုံးကွယ်သော် မတင့်တယ်" ဟူသော ဘုရားဟောနှင့်အညီ ဗုဒ္ဓမြတ်စွာ ရွှေလမင်းကို မဖုံးမကွယ် အတင့်တယ်ကြီး တင့်တယ်အောင် ဖွင့်ဖော်ပူဇော်ကြခြင်း ဖြစ်လေသည်၊ ထို့ကြောင့်လည်း မဟာစည်ရွှေလမင်းသည် တလင်းလင်း တထိန်ထိန် အရှိန်မှန်မှန် စံချိန်မှီဒေသနာကို တကမ္ဘာလုံးတွင် တထိန်ထိန်သာလျက် သတိပဋ္ဌာန် အသိဉာဏ်ရောင်ခြည်အေးကို ဖြန့်ပေးတော်မူနေပါသတည်း။

## ဆန္ဒမွန်

၁။ ဗုဒ္ဓမြတ်စွာ၊ သာသနာ၊ ရှည်ကြာတည်၍ လင်းစေသော်။

၂။ မဟာစည်လမင်း၊ ကြယ်ခပင်း၊ အလင်းကမ္ဘာပြန့်ခစေသော်။

၃။ အလင်းရောင်ကို၊ လက်ခံကြို၊ ကြည်ညိုလေးမြတ်ကြစေသော်။

၄။ ကမ္ဘာငြိမ်းချမ်း၊ နိဗ္ဗာန်နန်း၊ စံမြန်းနိုင်ကြပါစေသော်။

**ညောင်ကန် အရှင်ဣန္ဒက**

* သာသနာတော်နှစ်-၂၅၂၁၊

* ကောဇာသက္ကရာဇ်-၁၃၄၀-ပြည့် ဝါခေါင်လဆန်း ၄-ရက်။

* **ခရစ်နှစ်-၁၉၇၈၊ ဩဂုတ်လ ၇-ရက်၊ တနင်္လာနေ့။**

# မဟာစည်

## ဒေသနာခရီး ကဏ္ဍ

# ကမ္ဘာ့သာသနာပြု မဟာစည် ဒေသနာခရီး

## ဘီဘီစီ အသံလွှင့် သတင်းဆောင်းပါး

# အမေရိကန်နှင့် မဟာစည်

**သောတရှင်များ ခင်ဗျား**

ဒီတပတ် ဘဝအထွေထွေနှင့် အနုပညာ စာပေကဏ္ဍမှာ အထူးတလည် တင်ပြဖို့ ကိစ္စကတော့ ဟောဒီ ဗြိတိန်နိုင်ငံကို မြန်မာနိုင်ငံက ကျေးဇူးရှင် မဟာစည်ဆရာတော် ဘုရားကြီး ကြွရောက်လာတဲ့အကြောင်းပဲ ဖြစ်ပါတယ်။

မဟာစည် ဆရာတော်ဘုရားကြီးဟာ နောက်ပါ သံဃာတော်များနှင့် အနောက် နိုင်ငံများမှာ ဝိပဿနာ တရားတော်များ ပြန့်ပွားရေးအတွက် သာသနာပြု ခရီးထွက်ခဲ့ တာကို ဧပြီလဆန်းထဲက ဖြစ်ပါတယ်။

အယင်တခါထဲက ငံကဏ္ဍကနေပြီး မောင်ချိုပြုံး အစီရင်ခံခဲ့သည့် အတိုင်းပဲ ဆရာတော်ဘုရားကြီးဟာ အမေရိကန်မှာ ရက်သတ္တ (၇)ပတ်ကြာမျှ အမေရိကန်ပြည် အနောက်ဘက်ကမ်းနှင့် အရှေ့ဘက် ကမ်းရိုးတန်းတလျှောက် မြို့များမှာရှိတဲ့ ကမ္မဋ္ဌာန်း တရားအားထုတ်ရာ ရိပ်သာများနှင့် ဝါရှင်တန်မြို့၊ နယူးယောက်မြို့စတဲ့ မြို့ကြီးများကို လှည့်လည်ပြီး ဝိပဿနာကျင့်စဉ် တရားတော်များကို ပို့ချတော်မူခဲ့သည့်အပြင် တရား အားထုတ်လိုသူများကိုလည်း တရားပြခါ တရားဝင်စေခဲ့ပါတယ်။

ဆရာတော် ဘုရားကြီးဟာ မေလ(၂၁)ရက်နေ့က နံနက် ခုနစ်နာရီ အချိန်မှာ အမေရိကန် နယူးယောက်မြို့က နေပြီးတော့ (ပင်န်အမေရိကန်) လေယာဉ်နှင့် လန်ဒန်မြို့ Heaitrow (ဟီးရို)လေဆိပ်ကို ဆိုက်ရောက်လာပါတယ်။ အဲဒီ အကြောင်းများကိုတော့ အဲဒီ (၂၁)ရက်နေ့က ဘီဘီစီ သတင်းများမှာလည်း ဖော်ပြခဲ့ပြီး ဖြစ်တဲ့အပြင် သတင်း ဆောင်းပါးများမှာလည်း ဖော်ပြခဲ့ပြီး ဖြစ်ပါတယ်။

### လူမျိုးစုံ အလှူမျိုးစုံ ကြိုဆိုပုံ

အဲဒီ သတင်း ဆောင်းပါးမှာ ဖော်ပြခဲ့သလိုပဲ လေဆိပ်မှာတော့ ဆရာတော် ဘုရားကြီးကို လာရောက် ကြိုဆိုနေကြတဲ့ ရှင်, လူပရိသတ်ကြီးဟာ အတော်ပဲ များ ပါတယ်။

ကြိုဆိုကြသူများဟာ နံနက်(၆)နာရီ မထိုးခင်ကထဲက လေဆိပ်ကိုရောက်နေကြပြီး အဲဒီအထဲမှာ ဘုန်းတော်ကြီးများ၊ မြန်မာနိုင်ငံသံရုံးက အတွင်းဝန် ဦးတင်မောင်ဦးနှင့် သံရုံးသူ သံရုံးသားများ၊ ဘီဘီစီ မြန်မာပိုင်း အစီစဉ်က အဖွဲ့ဝင်များ၊ နောက် ဗြိတိန်နိုင်ငံမှာရှိတဲ့ မြန်မာဒကာ ဒကာမများ၊ အင်္ဂလိပ်, အိန္ဒိယလူမျိုး ဒကာ ဒကာမများ စသဖြင့် အမျိုးမျိုး ရောက်နေပါတယ်။

လာရောက်ကြိုဆိုနေကြတဲ့ ဘုန်းတော်ကြီးများဟာဆိုယင် လန်ဒန် **Wimbledon** (ဝင်ဘယ်လ်ဒန်)ရပ်က ထိုင်းဘုန်းတော်ကြီးကျောင်းက ယိုးဒယား ဆရာတော်ကြီးနှင့် သံဃာတော်များ၊ လန်ဒန် Health-field Garden (ဟိပ်ဖီးဂါးဒင်း) လန်ဒန် ဗုဒ္ဓဝိဟာရ ဘုန်းတော်ကြီးကျောင်းက သီဟို ဆရာတော်ကြီး ဒေါက်တာ (သဒ္ဓါတိဿ)နှင့် သံဃာတော်များ၊ နောက်လန်ဒန် Chipswick (ချစ်ပ်စ်ဝစ်စ်)က အင်္ဂလိပ် ဘုန်းတော်ကြီးကျောင်းက ဆရာတော် ဦးသုမေဓောနှင့် အင်္ဂလိပ်လူမျိုး သံဃာတော်များ၊ **နောက် Wimbledon** (ဝင်ဘယ်လ်ဒန်)မြို့ ကျောင်းတော်က သီဟိုဠ်ဆရာတော်နှင့် **သံဃာတော်**များ၊ ဘာမင်ဂန် မြန်မာ ဘုန်းတော်ကြီးကျောင်းက ဆရာတော် ဦးရေဝတဓမ္မ **စသည်**ဖြင့် သံဃာတော် အပါး(၂၀)လောက် လာရောက်ကြပါတယ်။

လန်ဒန်လေဆိပ်မှာ သံဃာတော်များဟာ သင်္ကန်းတွေ ဝါဝါဝင်းဝင်း ညိုညိုမောင်းမောင်းနှင့် နှစ်ထောင်းအားရဖို့ ကောင်းလှတဲ့ မြင်ကွင်းကို မောင်ချိုပြုံး ကြည့်ရှုရင်း "ကျက်သရေ ရှိလိုက်ပါဘိတော့တယ်၊ အနောက်နိုင်ငံ တိုင်းပြည်တွေမှာ **သာသနာ**တော်ကြီး စည်ပင်ပြန့်ပွားဖို့ ကိစ္စကို ဟောဒီမှာ စပြီးတော့ မြင်နေရပါပကော"လို့ အကြီးအကျယ် ဝမ်းမြောက် သာခု ခေါ်မိတော့တယ်။

မဟာစည် ဆရာတော်ဘုရားကြီးလဲပဲ နောက်ပါ သံဃာတော်များထဲက နေပြီးတော့ ဆရာတော် ဦးဇနက, ဆရာတော် ဦးအဂ္ဂဓမ္မတို့ လိုက်ပါပြီး သေယာဉ်ပျံပေါ်ကဆင်းပြီး လေဆိပ်ဝင်အလာမှာလာကြိုကြတဲ့ပရိသတ်ကြီးဟာ လေဆိပ်မှာ မြန်မာဗုဒ္ဓဘာသာဝင်များပီပီ လက်အုပ်ချီပြီး တခါထဲ မြေပြင်မှာ ပြားပြားဝပ်ခါ ဆရာတော်ကြီးကို ဝိုင်းဝန်းပြီး ကန်တော့ကြပါတယ်။

လာကြိုတဲ့ ပရိသတ်ကြီးရဲ့ မျက်နှာတွေမှာလဲပဲ ဂုဏ်ယူခြင်း၊ ဝမ်းသာခြင်း ပီတိတွေနှင့် တခါထဲ ပြည့်နေတယ်ဆိုတာကို မြင်ရပါတယ်။

ဆရာတော်ကြီးကို ကြည့်ရတာလဲပဲ ကျန်းကျန်းမာမာ ရှိပြီးတော့ ခရီးပန်းပုံတောင် မတွေ့ရဘူး၊ နောက်ပါ ဆရာတော် (၂)ပါးဟာလဲပဲ သူတို့ကို ကြည့်ရတာ အင့်မကန့်

လန်းလန်းဆန်းဆန်း နှစ်သက်ကြည်ညိုဘွယ်ရာ မြင်ရပါတယ်။ ကျွန်အဖွဲ့ ဆရာတော်များကတော့ အမေရိကန်နိုင်ငံမှာ တရားပြရအောင် ခေတ္တ နေရစ်ခဲ့တယ်လို့ သိရပါတယ်။

## အမေရိကန်ရောက် မြန်မာဆွမ်း

အဲဒီနေ့ကတော့ ဆရာတော်ဘုရားကြီးနှင့်တကွ အားလုံးသော သံဃာတော်များကို အလှူရှင် ဦးစိန်ထွန်းအောင်နှင့် ဒေါ်လှလှတို့က ယိုးဒယားကျောင်းမှာ ဆွမ်းကပ်ပူဇော်ကြပါတယ်။

နောက်တနေ့မှာတော့ မောင်ချိုပြုံးတို့ ဘိဘိစိက ဒေါ်မြမြမှိုင် နှင့် သူ့ခင်ပွန်း ဦးသိန်းထွန်းတို့က ဆရာတော်ဘုရားကြီးနှင့် သံဃာတော်တို့ကို သူ့အိမ်မှာ ဆွမ်းကျွေးလှူဒါန်းပါတယ်။

ဗုဒ္ဓဟူးနေ့ကတော့ ဘိဘိစိက ဦးအောင်မြင့်ထွန်းနှင့် ဇနီး ဒေါ်ချိုချိုတို့ကပဲ သူတို့အိမ်မှာ ဆွမ်းကပ် လှူဒါန်းကြပါတယ်။

ဆွမ်းကျွေးအပြီးမှာ မဟာစည် ဆရာတော်ကြီးနှင့် သံဃာတော်များဟာ စကော့တလန်ပြည်နယ်ကို သာသနာပြုဖို့အတွက် ခရီးထွက်ခွါ ကြွမြန်း သွားကြပြန်ပါတယ်။

အဲဒီမှာ သဒ္ဓါတရား ထက်သန်လှတဲ့ ဒေါ်မြမြမှိုင် တယောက်ကလဲပဲ ဆွမ်းကျွေးရုံနှင့် မကျေနပ်သေးပဲ သီလရှင်ဝတ်ပြီးတော့ စကော့တလန်မှာ တရားထိုင်ဖို့ ဒိက ပရိသတ်နှင့်အတူ လိုက်ပါသွားတယ်ဗျာ။

မောင်ချိုပြုံးကတော့ ဆရာတော်ဘုရားကြီး ဥရောပ ခရီးက ပြန်လာမှပဲ ယိုးဒယားကျောင်းမှာ ဒုလ္လဘဝတ်မယ်လို့ စီစဉ်ထားပါတယ်။

မဟာစည် ဆရာတော် ဘုရားကြီးကို မောင်ချိုပြုံးက "အရှင်ဘုရား အခုကြွက်လာတဲ့ သာသနာ ခရီးနှင့် ပတ်သက်လို့ရင်း၊ အရှင်ဘုရား အနောက်နိုင်ငံများမှာ တွေ့ကြုံရတာနှင့် စပ်လျဉ်းလို့ရင်း မြန်မာနိုင်ငံက ဒကာ ဒကာမများဟာ သိလဲပဲသိချင် အရှင်ဘုရားရဲ့ အသံတော်ကိုလဲပဲ ကြားချင်နေကြပါတယ်ဘုရား၊ ဒါကြောင့် ဩဝါဒများကို ချီးမြှင့်ပါ"ဆိုပြီး လျှောက်တော့ ဆရာတော်ကြီးက အနောက်နိုင်ငံမှာ သူတွေ့မြင်ခဲ့ရတဲ့ ဈေးဆိုင်၊ ကုန်စုံဆိုင်ကြီးတွေနှင့် ပတ်သက်လို့ ဒီ အဘယ အသက်ရှည်ခြင်း တရားကို အခုလို ဟောကြားတော်မူသွားပါတယ်။

## လောကကုန်စုံဆိုင်နှင့် ဗုဒ္ဓသာသနာ ကုန်စုံဆိုင်

အာယု အာရောဂတာ ဝဏ္ဏံ၊ သဂ္ဂံ ဥစ္စာကုလီနတာ။
အသင်္ခတဥ္စ အမတံ၊ အတ္ထိ သဗ္ဗာပဏော ဇိနေ။

အာယုစ၊ အသက်ရှည်ခြင်းသည်၎င်း။ အာရောဂတာစ၊ အနာကင်းရှင်း ကျန်းမာခြင်းသည်၎င်း။ ဝဏ္ဏဥ္စ၊ ရုပ်ဆင်းအဂင်္ါ လှပခြင်းသည်၎င်း။ သဂ္ဂဥ္စ၊ နတ်ပြည် နတ်ရွာသို့ ရောက်ရခြင်းသည်၎င်း။ ဥစ္စာကုလီနတာစ၊ မြင့်မြတ်သောအမျိုး၌ ဖြစ်ရခြင်းသည်၎င်း။ အသင်္ခတံ၊ ပြုပြင်ခြင်းမရှိသော။ (ဝါ) မပြုပြင်အပ်သော။ အမတဥ္စ၊ သေခြင်း ကင်းရာ ငြိမ်းရာနိဗ္ဗာန်သည်၎င်း။ သဗ္ဗာပဏေ ဇိနေ၊ မြတ်စွာဘုရား၏ အလုံးစုံသော ပစ္စည်းတွေကို ရနိုင်သော ဈေးဆိုင်ကြီး၌။ အတ္ထိ၊ ရှိသည်ချည်းသာလျှင်တည်း။

မြတ်စွာဘုရား၏ သာသနာတော်ဟာ သံသရာနှင့်စပ်ပြီးတော့ အလုံးစုံ ကုန်စုံရောင်းတဲ့ ဈေးဆိုင်ကြီးနှင့်တူတယ်၊ ကုန်စုံရောင်းတဲ့ ဈေးဆိုင်ဆိုတာ ဒီလို မြို့ကြီးတွေမှာ အင်မတန် ထင်ရှားပါတယ်၊ ဝါရှင်တန်တုန်းက ကုန်စုံဈေးဆိုင်ကြီးတခုကိုရောက်ခဲ့တယ်၊ တယ်စုံတာပဲ၊ ပစ္စည်းတွေ သန့်သန့်ရှင်းရှင်းလဲ ရှိတယ်၊ ဘာမဆို ကိုယ့်ဟာကိုယ် ထည့်သွားရုံပဲ၊ သိမ်းစရာ ထည့်စရာတွေ ဘာလေး ခေါ်မလဲ့ မသိပါဘူး၊ ခုံကလေးနှင့် အဲဒါလေးနှင့် အဆင်သင့် ရှိနေတာပဲ၊ အဲဒါလေး ယူလာပြီးတော့ လိုတဲ့ပစ္စည်းတွေ အဲဒီအပေါ်မှာ ထည့်၊ မေးလဲမနေရဘူး၊ ဈေးဆစ်လဲ မနေရဘူး၊ သူ့ဟာ စာနှင့် ရေးထားပြီးသားကိုး၊ အဲဒီလိုတဲ့ ပစ္စည်းတွေ ကောက်ကောက်ပြီးတော့ ထည့်ပြီးတော့ ရုံဝကျတော့မှ တာဝန်ရှိတဲ့ ပုဂ္ဂိုလ်တွေက အဲဒါတွေကြည့်ပြီးတော့ စာရင်းတွေ ဘာတွေ ရှင်းပြီးတော့ ငွေပေးထားခဲ့ပြီး သွားတာပဲ၊ သူ့ဟာ လိုချင်တာတွေကိုတော့ ရပါရဲ့၊ သို့သော်လည်း လောကကုန်စုံဆိုင်ကတော့ အသေးအဖွဲ့ ကုန်စုံမျှသာ ရှိတယ်၊ စားစရာ, သောက်စရာ, သုံးစရာ, ဝတ်စရာ အဲဒီလိုဟာတွေတော့ အစုံအလင် ရှိပါတယ်။ ဒါပေမဲ့လို့ သွားရေးလာရေးနှင့် စပ်ပြီးတော့ မော်တော်ကားတို့, မီးရထားတို့, လေယာဉ်ပျံတို့ ဒီလိုဟာတွေတော့ ဒီကုန်စုံဆိုင်တွေမှာ မရှိဘူး၊ မြတ်စွာဘုရား၏ သာသနာတော်ကြီး တည်းဟူသော ကုန်စုံဈေးဆိုင်မှာတော့ ဘာမဆိုရှိတယ်၊ ဘာမှ လိုလေ့သေး-မရှိဘူး၊ ဘယ်ဟာဖြစ်ဖြစ် ဘုရားသာသနာတော်မှာ မရနိုင်ဘူးလို့ အဲဒီလို မရှိဘူး၊ ရနိုင်တာချည်းပဲ။

အဲဒီလို ဆရာတော်ဘုရားကြီးက ကုန်စုံဈေးဆိုင်ကြီးတွေ၊ ဆိုင်ကြီးတွေဟာ အနောက် နိုင်ငံမှာ လှယ်လင့်တကူ စုံစုံလင်လင် ဝယ်လို့ရပေမဲ့ အမှန်မှာတော့ ဒီဈေးဆိုင်ကြီးတွေထက် အများကြီး ပိုပြီး စုံလင်ပြီး ကိုယ်လိုချင်တာ မှန်သမျှကို ရနိုင်တာကတော့

ဘုရားရှင် ကိုယ်တော်မြတ် ဟောကြားတော်မူခဲ့တဲ့ တရားတော် တည်းဟူသော ကုန်စုံဆိုင်ကြီးပဲ ဖြစ်တယ်ဆိုတာကို တရားတော်ဘက်ကို ဆွဲယူပြီးတော့ ဟောကြားတော်မူသွားပါတယ်။

တခါ အနောက် နိုင်ငံတွေမှာ ခရီးသွားလာရေးနှင့် ပတ်သက်ပြီးတော့ ''အရှင်ဘုရား သွားလာရတာ လွယ်ကူပါရဲ့လား၊ ခရီးပင်ပန်းမှုများ ရှိပါသလား''လို့ မေးတော့ ဆရာတော် ဘုရားကြီးက ''လောကမှာ လူ့ပြည်လောကမှာ ဟိုအရပ် ဒီအရပ် သွားချင်လို့ ရှိယင် အခုနေ အခါမှာ လွယ်ကူတယ်လို့ ဆိုရမှာပေါ့လေ၊ ယာဉ်ရထားတွေ၊ အမျိုးစုံရှိတယ်၊ ကုန်းကြောင်း ယာဉ်ရထားတွေ၊ ရေကြောင်း သင်္ဘောယာဉ်တွေ၊ ကောင်းကင် လေယာဉ်ပျံတွေ သွားလို့ နေရာကျတာပဲ၊ အခု ဘုန်းကြီးတို့လာရတာ ချမ်းချမ်းသာသာနှင့် တနေရာနှင့် တနေရာ မိုင်ပေါင်း ထောင်သောင်းများစွာ ဝေးတဲ့ နေရာတွေ ရောက်လာကြတာပဲ၊ ဟန်ကျတာပဲ၊ အဲဒါတွေ လောကကြီးနှင့်ဆိုင်ရာ အခုနေအခါမှာ သွားရေးလာရေး အင်မတန် လွယ်ကူတယ်ဆိုရမှာပဲ။

''ဒါပေမဲ့ လို့ နတ်ပြည်လောက ရောက်ချင်တယ်ဆိုယင်လဲ မရောက်နိုင်ဘူး၊ ဗြဟ္မာ့ပြည်လောက ရောက်ချင်တယ်ဆိုယင်လဲ မရောက်နိုင်ဘူး၊ နိဗ္ဗာန်ရောက်ချင်တယ် ဆိုယင်လဲ မရောက်နိုင်ဘူး၊ မြတ်စွာဘုရား၏ သာသနာတော်မှာတော့ ဘာမဆို ရောက်နိုင်တယ်''။ မဟာစည် ဆရာတော်ဘုရားက အဲဒီလို အနောက်နိုင်ငံတွေမှာ ခရီးသွားလာရေး လွယ်ကူကောင်းမွန်သော်လဲပဲ ဒီက လေယာဉ်များ၊ ဗေ်ာတော်ယာဉ်များဟာ သူ့ခရီးစဉ်အရပို့နိုင်တဲ့ နယ်လောက်သာ ပို့နိုင်ပါတယ်တဲ့၊ မြတ်စွာဘုရားရဲ့ သာသနာတော်သည်သာလျှင် ကိုယ်လိုချင်တဲ့ခရီးကို ရောက်အောင် ပို့နိုင်တယ်ဆိုပြီးတော့ တရားဘက်ကို ဆွဲဆောင်ပြီး ဟောပြောသွားတာဟာလဲပဲ တရားနာ ပရိသတ်ကို အများကြီး အမြင်မှန်ရစေပြီးတော့ အကျိုးကျေးဇူး များလှပါတယ်။

နောက် ဆရာတော်ဘုရားကြီးက အနောက် နိုင်ငံတွေမှာ ချမ်းသာတဲ့လူတွေရှိကြောင်း ဒီလူများဟာ ရှေးဘဝဘဝက ကာမာဝစရ ကုသိုလ်ကံတွေကြောင့် အခုခေတ် ဒီလို တိုင်းပြည်တွေမှာ လာပြီးတော့ ချမ်းသာနေကြပေမဲ့ တကယ် ချမ်းသာမှု အစစ်ဆိုတာကတော့ နိဗ္ဗာန် ချမ်းသာပါပဲ ဆိုပြီးတော့ အခုလို ဟောကြားတော် မူပါတယ်။ ''မြင့်မြတ်သော အမျိုးဖြစ်ဖို့ရာ အရေးကြီးတယ်၊ လူဖြစ်လို့ရှိယင် အောက်တန်းစားမျိုးရှိတယ်၊ ကြီးပွားချမ်းသာမှု တယ်မရှိကြဘူး၊ ဆင်းရဲနေတယ်၊ အထက်တန်းအမြတ်စားဆိုယင် ကြီးပွားချမ်းသာမှုတွေ ပြည့်စုံတယ်၊ အဲဒီတော့ မြင့်မြတ်တဲ့အမျိုးဖြစ်ဖို့ရာ အရေးကြီးပါတယ်။ အဲဒါလဲပဲ မြတ်စွာဘုရားရှင်၏ သာသနာတော်တည်းဟူသော

ဈေးဆိုင်ကြီးမှာ ရနိုင်တယ်၊ ဒါတွင်ပဲလားဆိုယင် မဟုတ်ဘူး၊ ဒီပြင် လောကအသုံးအနှုန်းတွေ့ ချမ်းသာတွေ ဟူသမျှ အကုန်လုံးပါပဲ၊ ရနိုင်ပါတယ်။ (ဒီမှာ ဂါထာတွေနဲ့ ဖွဲ့ထားတော့ အကုန်လုံး လိုက်ရေးလို့ မဖြစ်ဘူး)။

အပေါင်းအဖော် မိတ်ဆွေသင်္ဂဟတွေ များများပြည့်စုံဖို့ ရာထူးဌာနန္တရတွေ အကြီးအကျယ်နှင့် ပြည့်စုံဖို့ အားလုံးတွေကို မြတ်စွာဘုရား၏ သာသနာတော်တည်းဟူသော ကုန်စုံဆိုင်ကြီးမှာ ရနိုင်တယ်တဲ့၊ အကောင်းဆုံးကတော့ အသင်္ခတ မပြုပြင်အပ်တဲ့ တရားနိဗ္ဗာန်ပဲ၊ လောကမှာ လူချမ်းသာ နတ်ချမ်းသာ စသည်တွေကတော့ ပြုပြင်ထားတဲ့ ချမ်းသာတွေ၊ မပြုပြင်ပဲနဲ့ သူ့အလိုလိုဖြစ်တဲ့ သူ့အလိုလို ပြီးစီးနေတဲ့ ချမ်းသာကတော့ နိဗ္ဗာန်ချမ်းသာတဲ့။

ဒီပြင်ဟာတွေကတော့ သူ့အကြောင်းတရားနှင့်သူ ပြုပြင်ပေးမှ သူက ပြည့်စုံတာ၊ ဒါကလဲ ဖြစ်ပြီးယင် ပျက်တာပဲ၊ အမြဲတန်းတည်နေတာ မဟုတ်ဘူး၊ နိဗ္ဗာန်တရားကတော့ အမြဲတန်းတည်နေတာအကောင်းဆုံးပဲ၊ အသင်္ခတ မပြုပြင်အပ်တဲ့နိဗ္ဗာန်ကသေခြင်းကင်းတယ်၊ လောကမှာ လူ့လောက လူတွေကြီးပွားချမ်းသာနေတဲ့ ပုဂ္ဂိုလ်တွေရှိတယ်၊ လောကအနေနှင့် ကြည့်ယင် အင်မတန် ဝမ်းသာစရာတွေပါ၊ အင်မတန်ကောင်းပါတယ်၊ ဒါပေမယ့်လို့ တနေ့ကျယင် အိုချိန်တန်ယင် အိုကြ၊ နာချိန်တန်ယင် နာကြ၊ သေချိန်တန်ယင် သေကြရတာပဲ၊ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲမှုတွေလဲ ရှိနေတာပဲ၊ စားရေးသောက်ရေး နေရေး ထိုင်ရေးတွေ အဆင်ပြေအောင်လို့ ကြောင့်ကြရမှုတွေ ဆင်းရဲမှုတွေ ရှိနေတာပဲ၊ ပီးတော့ လောကကြီးထဲမှာ ချမ်းသာတယ်ဆိုတာ အခိုက်အတန့်လေး ချမ်းသာကြတာပဲ၊ အမြဲတန်း ချမ်းသာတာ မဟုတ်ဘူး နိဗ္ဗာန်ကတော့ အမြဲတန်း ချမ်းသာတယ်၊ အမတံ သေခြင်းကင်းတယ် ဆိုသဖြင့် အိုခြင်းရော နာခြင်းရော အစစအရာရာ ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှုတွေရော ဘာဆင်းရဲမှ မရှိဘူး၊ အကုန်ဆင်းရဲတွေကင်းတယ်၊ အဲဒီဆင်းရဲ အလုံးစုံကင်းတဲ့ နိဗ္ဗာန်ချမ်းသာဆိုတာလဲ မြတ်စွာဘုရား၏ သာသနာတော်မှာ ရနိုင်တယ်၊ ဒီပြင်မှာ မရနိုင်ဘူး။

အဲဒီလို ဆရာတော်ကြီးက နိဗ္ဗာန်ရောက်ကြောင်း တရားဖြစ်တဲ့ ဝိပဿနာတရား အားထုတ်မှု၊ နောက်ပြီးတော့ မဂ္ဂင် (၈) ပါး အစရှိတဲ့ တရားဒေသနာများကို ဟောကြားချီးမြှင့်တော်မူကြောင်းကို မြန်မာနိုင်ငံက ဒကာ ဒကာမများ နှစ်ထောင်း အားရ သာဓုခေါ်နိုင်ကြပါရန် ဒီတပတ် ဒီဘာဝအထွေထွေကဏ္ဍကနေပြီးတော့ တင်ဆက်လိုက်ရပါတယ်ခင်ဗျား။

# ကမ္ဘာ့သာသနာပြု မဟာစည်ဒေသနာခရီး

( ဘီဘီစီ အသံလွှင့် သတင်းဆောင်းပါး)

# စကော့တလန်ပြည်နယ် တောရကျောင်းနှင့် မဟာစည် ယောဂီများ

**သောတရှင်များရှင့်**

ယခုဆက်လက်ပြီး ကျမ စကော့တလန်ပြည်နယ် ဒန်ဖရီးရှားပြည်နယ်ကို သွားရောက်ခဲ့စဉ်က အတွေ့အကြုံများကို တင်ပြလိုပါတယ်။

ဒီခရီးဟာ တကယ်တော့ လေ့လာရေး ခရီးသက်သက် မဟုတ်ပါဘူး၊ မြန်မာနိုင်ငံက ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားနှင့် သံဃာတော်များ စကော့တလန်ပြည်နယ် ဆမြေလင်း တိဘက်ကျောင်းမှာ တပတ်ကြာ တရားပြဖို့ ကြွခဲ့စဉ်က ကျမလည်း တရားဝင်ဖို့ဆိုပြီး လိုက်သွားခဲ့ခြင်းဖြစ်ပါတယ်၊ ဒါပေမယ့် ဟိုရောက်တော့ ကျမတို့ တရားအားထုတ်မဲ့နေရာဟာ အနောက်နိုင်ငံရယ်လို့ကို မထင်ရတဲ့ နေရာမျိုး ဖြစ်နေတာကို တွေ့ရတယ်၊ ကိုယ့်စားသုံးသီးနှံ ကိုယ်စိုက်ပျိုးကြပုံ၊ နွားနှင့် သိုးမွေးမြူနေပုံ တွေ့ရတော့ သောတရှင်များကို စိုက်ပျိုးမွေးမြူရေးကဏ္ဍကနေ ပြောပြအုံးမယ်လို့ စိတ်ကူးခဲ့မိတယ်၊ ဆမြေလင်း တိဘက်ဆင်တာရဲ့ အနီးအနား ဆယ်မိုင်ပတ်ဝန်းကျင်မှာ လူနေအိမ်ရယ်လို့ မရှိပါဘူး၊ ထင်းရှူးတောရယ်၊ စားကျက် မြက်ခင်းတွေရယ်၊ တောင် အထပ်ထပ်နှင့် လျှိုမြောင် စိမ့်စမ်းများ ဝိုင်းနေတဲ့ အင်မတန် အေးချမ်းသာယာတဲ့ နေရာပါပဲ။

ဆမြေလင်း တိဘက်ထင်တာမှာ ဘုန်းကြီးသုံးပါး ရှိပါတယ်၊ စီမံအုပ်ချုပ်သူကတော့ အကောင်းဝင်ပိုချည်ဆိုတဲ့ တိဘက်ဘုန်းကြီး နှစ်ဘဝ လူဝင်စား ဖြစ်ခဲ့တဲ့ ပုဂ္ဂိုလ်ပါပဲ။ သူဟာ လွန်ခဲ့တဲ့ ဆယ့်နှစ်နှစ်လောက်က ဒီကျောင်းကို စပြီးတည်ထောင်ခဲ့သူဖြစ်ပါတယ်၊ ကျမတို့တတွေဟာ မေလ နှစ်ဆယ့်သုံးရက်နေ့မှာ အဲဒီကိုရောက်သွားပြီး နှစ်ဆယ့်လေးရက်နေ့ကစပြီး တရားဝင်ရတော့တာပါပဲ။

ဆရာတော်ဘုရားကြီးဟာ မနက် သီလပေးပြီး ဗမာလိုတရားဟောခဲ့ပါတယ်၊ ဒါကို ဦးဇနက,က အင်္ဂလိပ်လို ဘာသာပြန်ပေးပါတယ်၊ နေ့လည်မှာ နေ့သာယင် စင်္ကြံထွက်လျှောက်ကြရပါတယ်၊ ဦးဇနက,က သိပ်စည်းကမ်းကြီးတယ်၊ စကားမပြောရဘူး၊ ကျမတို့မှာလဲ တချိန်လုံး မြင်တယ်၊ ကြားတယ်၊ တွေ့တယ် စသည်ဖြင့်ပေါ့လေ မှတ်နေရ

တာပဲ၊ နေ့လည်စာ စားအပြီးမှာ နာရီဝက် နားခွင့်ရတဲ့အချိန်လေးမှာ ကျမလဲ "မြင်တယ် မြင်တယ်"လို့ မှတ်ယင်းနဲ့ပဲ လှဲလာသုံးသပ်ခဲ့ရပါတော့တယ်၊ ဒါတွေကို အခုပြန်ပြောပြ မယ်နော်....

## မိဂဒါဝုန်တောထဲ ရောက်နေသလားပဲ

ဆမြေလင်း တိဘက်ကျောင်းဟာ တကယ်ကို တောထဲမှာ တသီးတသန့်ရှိတဲ့တောရ ကျောင်း အစစ်ပါပဲ၊ သူတို့ဆီမှာက စားစရာများကို ကိုယ်တိုင်စိုက်ပျိုးပါတယ်၊ နွားတွေ သိုးတွေလဲ မွေးပါတယ်၊ အဲဒီမှာ ရောက်နေယင် အင်မတန်ခေတ်မီဆန်းပြားတယ်ဆိုတဲ့ အဆောက်အဦတွေ ပစ္စည်းတွေကို မတွေ့ရတော့ပါဘူး၊ မူလက အဆောက်အဦကိုလဲ တိဘက် ပန်းချီများ၊ ဆေးများ ရေးဆွဲထားတော့ အနောက်နိုင်ငံရောက်နေမှန်းတောင် မသိရပါဘူး။

ခြံထဲမှာလဲ သစ်ပင်အောက်မှာ ဉာဏ်တော် သုံးပေလောက်ရှိတဲ့ ဓမ္မစကြာဟောနေ ဟန်နဲ့ မြတ်စွာဘုရားပုံတော် ကျောက်ဆင်းတုတော်ကို တွေ့ရတာဟာလဲ တကယ့်ကို မိဂဒါဝုန်တောထဲ ရောက်နေသလားပဲ။

သူတို့ရဲ့ဝါဒက ကိုယ်တိုင် စိုက်ပျိုးမွေးမြူစားသောက်ဖို့ပဲ ဖြစ်တယ်လို့ ဆိုပါတယ်၊ စိုက်ပျိုးထားတာဟာလဲ စုံလို့ပါပဲ၊ ဒီမှာ အခုအချိန်ဟာ နွေရာသီဆိုတော့ သီးနှံတွေ အပြင်မှာ ချစိုက်လို့ရပြီမို့ ကျောင်းဆောင်တွေဟာ မှန်အိမ်ထဲ ပျိုးထားတဲ့ ပျိုးပင်တွေ အပြင် ထုတ်စိုက်နေကြတာကိုလဲ တွေ့ခဲ့ရပါတယ်၊ စိုက်မြေကွက်တွေကတော့ ပေနှစ်ဆယ် ပေလေးဆယ် အကွက်တွေလောက်ပါပဲ၊ သေချာထွန်ယက် တူးဆွထားတဲ့ နေရာမှာ ဂေါ်ဖီထုပ်၊ ပန်းဂေါ်ဖီ၊ မုန်ညှင်း၊ မုန်လာတွေကို သုံးတန်းစီသောက် စိုက်ပါတယ်။

အဲဒီပတ်လည်မှာ စည်းရိုးသဘောနှင့် ရိုဘတ်ခေါ် ရွက်ရိုးတန်သာ စားရတဲ့ ချဉ်ပေါင် အရသာမျိုးရှိတဲ့ ဟင်းသီး ဟင်းရွက် အပင်တမျိုးကို စိုက်ပါတယ်၊ ဒီကလူတွေကတော့ အဲဒါကိုပဲ ချဉ်ပေါင်အမှတ်နဲ့ အချဉ်ရေချက်စားကြပါတယ်။

ဆမြေလင်း ဆင်တာမှာ ဘုန်းကြီးတွေချည်း သပ်သပ်နေတဲ့ကျောင်းက တခု၊ ဧည့်သည် တွေ ကျောင်းမှာ ဝိုင်းလုပ်ဝိုင်းစားသူတွေ နေတဲ့နေရာက သပ်သပ်ရယ်လို့ ရှိပါတယ်။

ဝိုင်းလုပ် ဝိုင်းစားတဲ့ အလုပ်ကို ခွဲထားပါတယ်၊ အမျိုးသမီးတချို့က မီးဖိုချောင် တာဝန်ယူရတယ်၊ တချို့က နွားနို့ညှစ်၊ သိုးကျောင်း၊ တချို့က သစ်ဥ သစ်ဖုတူး၊ အမျိုးသားတွေက လယ်ထွန် မြေပေါက်စတဲ့ အလုပ်အကြမ်းတွေ လုပ်ကြရပါတယ်။

သူတို့နေထိုင်တဲ့ဘဝဟာ ကျေးလက်တောရွာ ဘုံစနစ်ပါပဲ၊ စိုက်ပျိုးမွေးမြူပုံဟာလဲ တနိုင်စနစ်ပဲဆိုပါတော့၊ တည်းခိုသူတွေ့ထံက အဖိုးနှုန်းချိုသာစွာ ကောက်ခံရရှိတဲ့ငွေနဲ့ပဲ

ကျောင်းရပ်တည်နေနိုင်တာဟာ ချီးကျူးစရာပါပဲ၊ လာတဲ့ဧည့်သည်တွေဟာလဲ ကျောင်းဝေယျာဝစ္စမှာ တခုခု ကူညီကြရပါတယ်။

အဲဒီကျောင်းမှာ ရုပ်မြင်သံကြားစက်တို့၊ ရေဒီယိုတို့ဆိုတာ မရှိပါဘူး၊ တခြားဇိမ်ခံပစ္စည်းဆိုတာလဲ ဘာမှမရှိပါဘူး။

## ကမ္မဋ္ဌာန်းကျော် တရားမို့ လက်လွတ်မခံတဲ့ အင်္ဂလိပ်များ

ကျောင်းမှာ ကူညီလုပ်ကိုင်သူတွေဟာ အင်္ဂလိပ်နဲ့ အမေရိကန် လူမျိုးတွေ ဖြစ်ပါတယ်၊ သူတို့ ဝတ်ပုံ၊ စားပုံတွေဟာလဲ ရိုးရိုးကြီးတွေပဲ၊ အလှပြုပြင်ခြင်း လုံးဝ မရှိပါဘူး၊ ဒါပေမဲ့ သူတို့အားလုံးဟာ ခေတ်ပညာတတ် လူငယ်တွေပါပဲ၊ ခေတ်မှီ တိုးတက်လှတဲ့ ဘဝကိုမကြိုက် ဆန်းပြားမှုတွေကို မကြိုက်လို့ အဲဒီမှာ လာနေကြတာတဲ့။

မဟာစည် ဆရာတော်ဘုရားကြီးရဲ့ ဝိပဿနာကျင့်နည်းဟာ ကမ္မဋ္ဌာန်းကျော် ဖြစ်နေလေတော့ ကြုံတောင့်ကြုံခဲ အခွင့်အရေးကို လက်လွတ်မခံလိုတဲ့ ဗုဒ္ဓဘာသာ အင်္ဂလိပ်လူမျိုးထဲက တကယ်စိတ်ဝင်စားတဲ့ လူဆယ့်ငါးယောက်လောက်ဟာ တရားဝင်ကြပြီး တကယ့်ကို စူးစူးစိုက်စိုက် တရားကျင့်ကြပါတယ်။ တရားပွဲ အစီအစဉ်တွေအကြောင်း ပြောရယင်တော့ မနက်လေးနာရီခွဲ အိပ်ရာမှ ထ,ရပါတယ်၊ လဘက်ရည် သောက်ပြီး မနက်ငါးနာရီမှာ စင်္ကြံလျှောက်၊ ဒီနောက် စားချိန်ကလွဲလို့ တနာရီကြား ထိုင်လိုက်၊ လျှောက်လိုက် လုပ်ရပါတယ်၊ နေ့လည်စာ စားပြီးယင် နာရီဝက် နား၊ ဒီနောက် ကျောင်းမှာ ဝေယျာဝစ္စ ကူညီရပါတယ်။

နောက်ရက်တွေမှာတော့ ဦးဇနက,က ထိုင်နိုင်သလောက် ထိုင်ဖို့ ညွှန်ကြားတော့ တနာရီ နှစ်နာရီ ဆိုသလို ဆက်ထိုင်ကြတာပါပဲ၊ မွန်းလွဲပိုင်း လေးနာရီခွဲလောက်မှာ ဆရာတော် ဦးဇနက,က တရားစစ်လေ့ရှိပါတယ်၊ တရားပွဲတပတ်အတွင်း လူတိုင်း လူတိုင်း ဆရာတော်ဘုရားကြီးနှင့် တခါစီ တွေ့ဆုံ၊ မေးချင်တဲ့ မေးခွန်းတွေလဲ မေးခွင့်ရကြပါတယ်၊ ညနေချမ်း ခုနစ်နာရီမှာ မဟာစည် ဆရာတော်ဘုရားကြီးက အင်္ဂလိပ်လို တရားဖတ်ကြားပါတယ်၊ ရှစ်နာရီမှာ တရားဟောပွဲသိမ်းပြီး ယောဂီတွေ တရား ဆက်ထိုင်ကြရပါတယ်။

အင်္ဂလိပ် ယောဂီတွေဟာ ဆရာတော်ဘုရားကြီးကို ကြည်ညိုလွန်းလို့ မြေမှာ ဝပ်တွားပြီး ရှိခိုးဦးချနေကြတာကို မြင်ရတာလဲ အင်မတန် ချမ်းမြေ့စရာပါပဲ။

## ရဟန်းခံပွဲကို အင်္ဂလိပ်များ စိတ်ဝင်စား

အဲဒီမှာ ရဟန်းခံပွဲလဲ ရှိခဲ့တယ်၊ မြို့ကို သိမ်သမုတ်ပြီး ဘုရားခန်းထဲမှာပဲ ရဟန်းခံပွဲ ပြုလုပ်ပါတယ်၊ အားလုံး ကြည့်ခွင့်ရလို့ ထူးခြားတဲ့ အတွေ့အကြုံ တခုပါပဲ၊ ဦးဇနက,က

အင်္ဂလိပ်လို ရှင်းလင်းပြောပြလို့ အင်္ဂလိပ် ယောဂီတွေလဲ မပျင်းမရိ အကြာကြီး စိတ်ဝင်စားစွာ ကြည့်ရှုခဲ့ကြပါတယ်။

အစားအသောက်ပိုင်းကို ပြောရယင်တော့ မနက်စာ အဖြစ် မုယောစပါး ဂျုံကြမ်း ဆန်ကြမ်း ရောထောင်းထားတာကို နို့ဆမ်းပြီး လတ်ဆတ်တဲ့ သစ်သီးစုံရောထားတဲ့အစာ ကျွေးတယ်၊ ပေါင်မုန့်နဲ့, ထောပတ်နဲ့, ယိုနဲ့လဲ စားရပါတယ်၊ ကိုယ့်ဟာကိုယ် ထည့်စား၊ ကိုယ့်ဟာကိုယ် ပန်းကန်ဆေးရပြီး၊ တရားဝင်ချိန်မှာ လုံးဝ စကားမပြောရပါဘူး၊ နေ့လည်စာအဖြစ် လုံးတည်းဆန် ခပ်မာမာ မကျက်တကျက်ပေါ့၊ နောက်ပီး အာလူးကို အခွံမသင်ပဲ အလုံးလိုက် ပြုတ်ထားတာရယ်၊ မုန်လာဥဝါ အခွံမသင်ပဲ အလုံးလိုက် ပြုတ်ထားတာရယ် ကျွေးတယ်၊ သက်သတ်လွတ်ပါပဲ၊ ဒိန်နှင့် သစ်သီးစုံရောထားတဲ့ အချဉ်ကိုလဲ စားခဲ့ပါတယ်၊ ကျမတို့လဲ ဆာဆာနဲ့မို့လား မသိ၊ နေ့တိုင်း စားနေကြတာပါပဲ၊ ဆီပြန်ဟင်းဆိုလို့ လုံးဝ မပါပါဘူး၊ ဆန်ကလွဲလို့ ကျန်တာတွေဟာ သူတို့ စိုက်ပျိုးတာတွေချည့် ပါပဲတဲ့။

နေ့စဉ် မြင်တွေ့ရတဲ့ ရှုခင်းကတော့ ကျောင်းဝင်းထဲစကြံလျှောက်သူကလျှောက်, ကျောက်ပြားတွေပေါ် ထိုင်သူကထိုင် ဆိုတဲ့ ရှုခင်းပါပဲ၊ အဲဒီမှာလဲ ဒေါင်းတကောင်လဲ ရှိပါတယ်၊ အမြီးကြီး ဖြန့်ဖြန့်ပြီး က,နေတော့လဲ ဒေါင်းမင်းပရိတ်ကို သတိရပြီး ရွတ်မိပါသေးတယ်ရှင့်။

## အဖိုးတန် ရတနာ ကျင့်နည်း

ဒါတွေ အားလုံး ခြုံပြောရယင်တော့ အဆောင်အယောင်ကင်းတဲ့ ဘဝဟာ အေးချမ်းတယ်၊ ကိုယ်စားသုံး သီးနှံကို ကိုယ်စိုက်ပျိုးတာဟာ အရသာ အာဟာရကောင်းတယ်၊ ဝိပဿနာ တရား အားထုတ်တာဟာ ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာတယ်ဆိုတဲ့ အချက်ပါပဲ။

ဆရာတော်ဘုရားကြီး၏ ကျေးဇူးတော်ကြောင့်လဲ ဆမြေလင်းမှာ တရားနာ အားထုတ်သူတွေဟာ ဝိပဿနာ ကျင့်နည်းဆိုတဲ့ အဖိုးတန် ရတနာကို ရခဲ့ပါတယ်။

နောက်ပြီး ကျေးလက်တောရွာ ဘဝဟာ အေးချမ်းသာယာပုံ၊ ကိုယ့်ခြံထဲမှာ စားသုံးသီးနှံစိုက်ပျိုးတာဟာ အာဟာရဓာတ်လဲ ပိုကောင်း၊ ချွေတာရေးလဲ ဖြစ်ကြောင်းကို ပေါ်ပေါ်လွင်လွင် သိခဲ့ရတယ်ဆိုဘာကို သောတရှင်များကို အစီရင်ခံယင်းနဲ့ပဲ ဒီတပတ် စိုက်ပျိုးမွေးမြူရေးကဏ္ဍကို ဒီမှာပဲ ရပ်နားလိုက်ရပါတယ်ရှင်။

သောတရှင်အပေါင်း ရွှင်လန်းချမ်းမြေ့တော်မူကြပါစေရှင်။

# မဟာစည် ထေရဝါဒ သာသနာပြုခရီး

**[လှမြိုင်ကျော်]**

သက်တော် (၇၅)နှစ် ရှိတော်မူပြီ ဖြစ်သော အဂ္ဂမဟာပဏ္ဍိတ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော် ဘုရားကြီးသည် အမေရိကန်, ဥရောပနှင့် နိုင်ငံအသီးသီးရှိ ဗုဒ္ဓဘာသာဝင် တပည့်ရင်း ဒကာ, ဒကာမများ၏ ပင့်ဖိတ် လျှောက်ထားချက်တို့ကို မဟာကရုဏာဖြင့် လက်ခံလျက် ၁၉၇၉-ခု၊ ဧပြီလ ၁-ရက်နေ့က ရန်ကုန် မင်္ဂလာဒုံ လေဆိပ်မှ လေယာဉ်ဖြင့် ကမ္ဘာ့သာသနာပြု ခရီးကို စတင်ကြွချီတော်မူခဲ့သည်။

ဆရာတော် ဘုရားကြီး၏အဖွဲ့တွင် တပည့်များဖြစ်ကြသော (၁) ရန်ကုန်မြို့၊ ချမ်းမြေ့ရိပ်သာ နာယက ဆရာတော် အရှင်ဇနကာဘိဝံသ၊ (၂) မန္တလေးမြို့၊ အဘယာရာမတိုက် ဒုတိယ နာယက ဆရာတော် အရှင်သီလာနန္ဒာဘိဝံသ၊ (၃) ရန်ကုန်မြို့၊ သာသနာ့ရိပ်သာ ဒီဃဘာဏက ဒီဃနိကာယကောဝိဒ အရှင်ကေလာသနှင့် (၄) အရှင်အဂ္ဂဓမ္မတို့နှင့်အတူ ကပ္ပိယအဖြစ် ဦးမြသိန်းတို့ ပါဝင်လိုက်ပါသွားခဲ့ကြသည်။ အင်္ဂလန်ဝက်စ်မစ်ဒလန် ဗုဒ္ဓဘာသာဌာန တရားခေါင်းဆောင် ဆရာတော်အရှင် ဒေါက်တာ-ဦးဒရဝတဓမ္မ(အမ်အေပီအိပ်ချ်ဒီ)က အမေရိကန်မှ စောင့်ကြို၍ အဖွဲ့ဝင်အဖြစ် လိုက်ပါခဲ့သည်။

ဆရာတော်ဘုရားကြီးသည် ယခု သာသနာပြုခရီးတွင် ရောက်ရာ ဒေသတို့၌ တရားချီးမြှင့်တော်မူရန် တရားတော် ငါးပုဒ်ကို မြန်မာ, အင်္ဂလိပ် နှစ်ဘာသာဖြင့် ကြိုတင်စီစဉ်၍ စာအုပ်အဖြစ် ပုံနှိပ်ခဲ့သည်။ ယင်းတရားတော် ငါးပုဒ်တို့မှာ....

(၁) အမြတ်ဆုံး တရားတော်
(၂) ဗုဒ္ဓသာသနာ တရားတော်
(၃) သတိပဋ္ဌာန် တရားတော် (ပ)
(၄) သတိပဋ္ဌာန် တရားတော် (ဒု)
(၅) ချမ်းသာရေး တရားတော်

တို့ ဖြစ်ပြီး ဆရာတော်ဘုရားကြီး ကိုယ်တော်တိုင် အင်္ဂလိပ်ဘာသာဖြင့် စာဖတ်၍ ဟောကြားနိုင်ရန် ကြိုတင်ပြင်ဆင်သွားခဲ့လေသည်။ ဆရာတော်ဘုရားကြီး၏ အဖွဲ့ဝင်

ကမ္ဘာအေး၊ ရန်ကုန်

ဆရာတော်များသည်လည်း ပရိယတ်, ပဋိပတ် နှစ်ရပ်စလုံးတွင် မြန်မာ, အင်္ဂလိပ် နှစ်ဘာသာဖြင့် ကောင်းစွာ ဟောပြောပြသနိုင်ကြသော ဆရာတော်များ ဖြစ်ကြလေသည်။

ဆရာတော်ဘုရားကြီးနှင့် အဖွဲ့သည် နိုင်ငံပေါင်း ကိုးနိုင်ငံသို့ လေးလနီးပါး (ရက်ပေါင်း ၁၁၈-ရက်ကြာ) သာသနာပြု ခရီးလှည့်ခဲ့ရာတွင် ဂျပန်နိုင်ငံ၌ သုံးရက်၊ အမေရိကန်တွင် ၄၅-ရက်၊ အင်္ဂလန်တွင် ၃၀-ရက်၊ ပြင်သစ်တွင် ခြောက်ရက်၊ ဆွစ်ဇာလန်တွင် ရှစ်ရက်၊ အီတလီတွင် သုံးရက်၊ ဟော်လန်တွင် သုံးရက်၊ အနောက် ဂျာမနီတွင် လေးရက်၊ ထိုင်းနိုင်ငံတွင် ၁၀-ရက်ကြာမျှ လှည့်လည် သာသနာပြုခဲ့ကြသည်။

ဂျပန်နိုင်ငံတွင် သုံးရက်ကြာ နေထိုင်ခဲ့ကြရာ တိုကျို၊ ဖူးကိုးကား၊ ကိုကူးရ၊ မိုဂျီ၊ ယိုကိုစုက မြို့များသို့ ရောက်ရှိခဲ့ကြသည်။ မိုဂျီမြို့ရှိ ဂျပန် ကမ္ဘာအေးစေတီတွင် တည်းအိပ်ခဲ့ကြသည်။ ယင်းမြို့တွင် မြန်မာဘုန်းတော်ကြီး သုံးပါးနှင့် တွေ့ဆုံခဲ့ကြရသည်။

အမေရိကန် ပြည်ထောင်စုတွင် ဟာဝိုင်အီကျွန်း ဟိုနိုလူလူမြို့၊ ကာလီဖိုးနီးယားပြည်နယ်၊ ပန်းစပရင်းမြို့အနီး ယတ်ကဗယ်လီကမ္မဋ္ဌာန်းဌာန၊ ဆန်ဖရန်စစ္စကိုမြို့၊ ဝါရှင်တန်မြို့တော် ဗယ်ရီမြို့ ဝိပဿနာ ဘာဝနာအသင်းနှင့် နယူးယောက်မြို့တို့တွင် သာသနာပြုလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ပြုလုပ်ကြရာတွင် ရောက်လေရာ၌ သတိပဋ္ဌာန် တရားတော်ကို ဟောကြားခြင်း၊ အမေး အဖြေ ပြုလုပ်ခြင်း၊ တရားပြသခြင်း၊ တရားစစ်ဆေးခြင်းတို့ကို ဒေသပရိသတ်၏ အခြေအနေနှင့်အညီ ပြုလုပ်ခဲ့ကြသည်။ ဆရာတော်ဘုရားကြီးကိုယ်တော်တိုင် အင်္ဂလိပ်ဘာသာဖြင့် စာဖတ်၍ ဟောကြားခြင်း၊ ဆရာတော်ဘုရားကြီးက မြန်မာဖြင့် ဟောကြားသည်ကို အရှင်ဇနကာဘိဝံသက အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုဟောကြားပေးခြင်း၊ ရံဖန်ရံခါ အရှင်ဇနကာဘိဝံသနှင့် အရှင်သီလာနန္ဒာဘိဝံသတို့က အင်္ဂလိပ်ဘာသာဖြင့် တိုက်ရိုက် ဟောကြားခြင်းတို့ကို အခြေအနေလိုက်၍ ပြုလုပ်ခဲ့ကြသည်။ စခန်းချ တရား ဟောကြား ပြသရာ တဋ္ဌာနလျှင် ယောဂီ ၁၀၀ မှ ၁၅၀ အထိ ရှိသည်။ ဝါရှင်တန်တွင် ယောဂီ ၂၀၀-အထိ ရှိပြီး တရားပွဲ ရှစ်ပွဲ၊ မေးဖြေလေးပွဲ၊ ဥပုသ်ပြုတကြိမ်နှင့် ရဟန်းခြောက်ပါးတို့ကို ရဟန်းပြုပေးခဲ့သည်။ သာမဏေလေးပါးကို ရှင်ပြုပေးခဲ့သည်။ တရားနာ ပရိသတ်တွင် မျက်နှာဖြူ ဗုဒ္ဓဘာသာဝင်များနှင့်အတူ နီဂရိုး မိသားစုများလည်း ပါသည်။ ပရိသတ်မှာ အလွန်တိတ်ဆိတ် သိမ်မွေ့ ယဉ်ကျေးကြသည်။

ဝါရှင်တန် သီဟိုဠ်ဘုန်းတော်ကြီးကျောင်း ဗုဒ္ဓဝိဟာရတွင် ဧပြီလ ၂၂-ရက်နေ့က အိန္ဒိယ, သီဟိုဠ်, ကမ္ဘောဒီးယား, ထိုင်း, မြန်မာ ငါးနိုင်ငံမှ ထေရဝါဒ ရဟန်းတော် ၁၃-ပါးတို့သည် မဟာစည်ဆရာတော်ဘုရားကြီးအား အမှူးပြု၍ သိမ်သမုတ်ကြသည်။

ယတ်ကဗယ်လီတွင် ရဟန်းတပါး ရဟန်းခံ၍ ဘော့စတန်တွင် မြန်မာ သာမဏေ တပါး ရှင်ပြုပေးခဲ့ကြရသည်။

အမေရိကန် ပြည်ထောင်စုမှ ထွက်ခွာ၍ အင်္ဂလန်တွင် ရက်ပေါင်း သုံးဆယ်ကြာ သာသနာပြုကြရာ၌ လန်ဒန်မြို့တော်, စကော့တလန်, ဘာမင်ဂန်နှင့် အောက်စဖို့မြို့တို့တွင် ဟောကြား ပြသခဲ့ကြသည်။ အောက်စဖို့မြို့အုတ်ကင်းဟော့ ကမ္မဋ္ဌာန်းဌာနမှာ မြန်မာ လူမျိုး ဦးမြစော-ဒေါ်စန်းရီတို့၏ ကမ္မဋ္ဌာန်း ဌာနဖြစ်သည်။ လန်ဒန်တွင် ရဟန်းသုံးပါး၊ စကော့တလန်တွင် ရဟန်းသုံးပါး ရဟန်းခံကြပြီး အောက်စဖို့တွင် ၁၃-ပါး ရဟန်းခံ၍ သာမဏေလေးပါး ရှင်ပြုပေးခဲ့သည်။ ရဟန်းများတွင် မြန်မာ ကိုးပါး, အင်္ဂလိပ် သုံးပါး, ဆွီဒင်လူမျိုး တပါးဖြစ်ပြီး သာမဏေများတွင် မြန်မာ သုံးပါး၊ မြန်မာ ပြင်သစ် ကပြား တပါး ပါဝင်ကြသည်။

ပြင်သစ်နိုင်ငံတွင် တောင်ပိုင်း ထူလွန်းမြို့နှင့် မြို့တော် ပါရီတို့တွင် ဟောကြား ပြသခဲ့ရာ ထူလွန်းမြို့တွင် ပြင်သစ်လူမျိုး ဒကာဆယ်ဦးနှင့် ဒကာမတဦးတို့က မိမိတို့ အသက် ထက်ဆုံး ရှစ်ပါးသီလကို ဆောက်တည်ကြမည်ဟု ဆရာတော်ကြီးထံတွင် ကတိပြုကြသည်။

ဆွစ်ဇာလန်နိုင်ငံ စိန့်အီမီယေးမြို့အနီး မောင့်ဆိုလေတောင်ပေါ် တရားစခန်း၊ ဆွစ်ဇာလန် အရှေ့ပိုင်း ဒစ်ကင်းမြို့ ထေရဝါဒဗုဒ္ဓဘာသာအသင်းတိုက်၊ ဇူးရစ်တက္ကသိုလ်နှင့် ဂျီနီဗာမြို့များတွင် လည်းကောင်း၊ မူလ အစီအစဉ်တွင် မပါသော အီတလီနိုင်ငံ ဂျီအိုကေး မြို့၊ ဟော်လန်နိုင်ငံ ဟိဂ်မြို့၊ အနောက်ဂျာမဏီ ဘွန်းမြို့နှင့် ဝါးဝပ်မြို့အနီး ကမ္မဋ္ဌာန်းဌာန တခုတို့တွင် လည်းကောင်း တရား ဟောကြား ပြသခြင်းများ ပြုလုပ်ခဲ့ကြသည်။

ဇူလိုင်လ ၁၆-ရက်တွင် အင်္ဂလန်နိုင်ငံမှ ပြန်လည် ထွက်ခွာလာခဲ့ရာ ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ ၁၇-ရက်နေ့တွင် ရောက်ရှိသည်။ ထိုင်းတွင် ၁၀-ရက်ကြာမျှ ဗန်ကောက် မြို့၌ လည်းကောင်း၊ ထိုင်းမြောက်ပိုင်း လန်းပန်နှင့် ဇင်းမယ်မြို့များ၌ လည်းကောင်း၊ ချန်ဘူရီမြို့ရှိ ဝိတ်အဆရမ် ကမ္မဋ္ဌာန်းကျောင်း၌ လည်းကောင်း တရား ဟောကြား ပြသ ခြင်း အမေး အဖြေများ ပြုလုပ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

အမေရိကန် ပြည်ထောင်စုတွင် ထေရဝါဒ ဗုဒ္ဓဘာသာ အခြေစိုက် ရှိပြီးဖြစ်သော် လည်း အားနည်းနေပေသေးသည်။ မဟာယာနနှင့် ဟိန္ဒူယောဂီ ကျောင်းများက, ပိုမို များပြားသည်။ ဇင်ဘာသာရေး ကျောင်းများကလည်း အများအပြားရှိသည်။ အမေရိ ကန်တွင် ထေရဝါဒ ဗုဒ္ဓဘာသာကျောင်းများမှာ ထိုင်းဘုန်းကြီးကျောင်း ဈေးကျောင်း၊

သီဟိုဠ်ကျောင်း သုံးကျောင်း ရှိသည်။ မြန်မာဘုန်းကြီးကျောင်း မရှိသေး။ အင်္ဂလန်တွင် ထိုင်း တကျောင်း၊ သီဟိုဠ် တကျောင်း၊ အင်္ဂလိပ် သုံးကျောင်း၊ မြန်မာ တကျောင်း ရှိသည်။ ပြင်သစ်နိုင်ငံတွင် ထေရဝါဒ ဘုန်းကြီးကျောင်း လေးကျောင်းရှိရာ ထိုင်း, ဗီယက်နမ်, ကမ္ဘောဒီးယားနှင့် သီဟိုဠ်တကျောင်းစီ ဖြစ်သည်။ ဆွစ်ဇာလန်တွင် သီဟိုဠ် ဗုဒ္ဓဘာသာကျောင်း တကျောင်း၊ အနောက်ဂျာမနီတွင် သီဟိုဠ် တကျောင်း၊ ဂျာမန် တကျောင်း၊ ဟော်လန်တွင် ထိုင်းတကျောင်းနှင့် ဒတ်ချ်ကျောင်း နှစ်ကျောင်းရှိသည်။

မဟာစည် ဆရာတော်ကြီးသည် အမေရိကန် ဆန်ဖရန်စစ္စကိုမြို့မှ ဒကာတဦး၏ ပင့်ဖိတ် လျှောက်ထားချက်အရ အဖွဲ့ဝင် အရှင်သီလာနန္ဒနှင့် အရှင်ကောလာသ နှစ်ပါးတို့အား ဆက်လက် သာသနာပြုရန် တာဝန်ပေး၍ ချန်ထားခဲ့သည်။

မြန်မာသံရုံးများရှိရာ အမေရိကန်, အင်္ဂလန်နှင့် ဥရောပ မြို့ကြီးများမှ မြန်မာ သံအမတ်ကြီးများ၊ သံမှူးများနှင့်မိသားစုများ၊ အသံလွှင့်ဌာနတို့မှမြန်မာအမှုထမ်းများနှင့် မိသားစုတို့ကလည်း ကြိုဆိုခြင်း, ဆွမ်းပင့်ခြင်း, ရဟန်းခံ-ရှင်ပြုခြင်းနှင့် အခြား ဝေယျာဝစ္စများကို အားတက်သရော ပြုကြသည်။ အချို့ မြန်မာမိသားစုများသည် မိုင် ၃၀၀- ကျော် ဝေးကွာသည့် နေရာမှ ကိုယ်ပိုင်မိသားစု ကားကြီးများဖြင့် ဆရာတော်ဘုရားကြီး ရှိရာသို့ လာရောက်ကြပြီး ရှင်ပြု ရဟန်းခံခြင်း ပြုကြသည်။

အမေရိကန်, အင်္ဂလန်နှင့် ဥရောပ နိုင်ငံများတွင် ဝိပဿနာ တရားတော်များကို အသင်းအဖွဲ့ အစုများဖြင့် လေ့လာအားထုတ် နေကြသူများရှိနေသည်။ ယင်းတို့အထဲတွင် ရန်ကုန် မဟာစည် သာသနာ့ရိပ်သာနှင့် မြန်မာနိုင်ငံ ရိပ်သာများသို့ လာရောက် တရား အားထုတ်ဘူးသူများလည်း ပါရှိသည်။ အချို့ ပုဂ္ဂိုလ်များသည် မဟာစည်ဝိပဿနာနည်း များကို ထိုင်းနိုင်ငံနှင့် အိန္ဒိယနိုင်ငံ ရိပ်သာများမှတဆင့် နည်းယူ အားထုတ် နေသူများ လည်း ပါဝင်သည်။

ဆရာတော် ဘုရားကြီးသည် ယခု ခရီးတွင် အင်္ဂလန်နိုင်ငံ၌ ဗုဒ္ဓဘာသာ ပြန့်ပွား ရေး အဖွဲ့ကြီး ဖြစ်မြောက်ရေးအတွက် အခြေခံ အဖွဲ့ကို ဖွဲ့စည်းပေးတော်မူခဲ့သည်။

အမေရိကန်နှင့် ဥရောပ နိုင်ငံများတွင် ကမ္မဋ္ဌာန်းတရား အားထုတ်မှု ခေတ်စားလာ နေခြင်းနှင့် ပတ်သက်၍ ဆရာတော်ဘုရားကြီး၏ အဖွဲ့ဝင် ရန်ကုန် ချမ်းမြေ့ရိပ်သာ နာယကဆရာတော် အရှင်ဇနကာဘိဝံသ,က အောက်ပါအတိုင်း သုံးသပ်မိန့်ကြားပါသည်။

"အနောက်နိုင်ငံများတွင် ကမ္ဘာ့ဘာသာတရား အားထုတ်မှုများ ခေတ်စားလာခြင်းမှာ ဟိန္ဒူ, တိဗက်နှင့် ဇင်ကမ္မဋ္ဌာန်းများကို လိုက်စားရာမှ ခေတ်စားလာကြခြင်း ဖြစ်သည်၊ ယင်းသို့ ကမ္မဋ္ဌာန်းများ လိုက်စားလာခြင်းတွင်လည်း အကြောင်းရှိသည်။ သိပ္ပံ တိုးတက်သည်နှင့်အမျှ ရုပ်ဝတ္ထု ပစ္စည်းများကလည်း တိုးတက်နေသည်။ ယင်း လူသုံးကုန် ပစ္စည်းများအတွက် ငွေကို နေ့ရောညပါ ရှာဖွေကြရသည်။ ငွေရှာ၍ရသည်လည်း ရှိ၍ မရသည်လည်း ရှိသည်၊ ရှိပြန်တော့လည်း ပြည့်စုံနိုင်သည် မရှိပဲ အမြဲလိုနေသည်။ ထို့ကြောင့် စိတ်အနားမရပဲ စိတ်မောလူမော ဖြစ်ပြီး ဘယ်လောက် ရုပ်ဝတ္ထု ပစ္စည်း ပြည့်စုံစေကာမူ စိတ်ချမ်းသာမှု မရှိနိုင်ကြောင်း သိရှိလာကြသည်။ ရုပ်ဝတ္ထု ပစ္စည်းဖြင့် ချမ်းသာမှု မရနိုင်ကြောင်း သိလာသောအခါ ချမ်းသာမှုကို ရှာဖွေရာမှ ကမ္မဋ္ဌာန်းများ ကို တွေ့ရှိလာကြခြင်း ဖြစ်သည်။ ယခုအခါတွင် ထေရဝါဒ၏ သတိပဋ္ဌာန် ဝိပဿနာ တရားကသာလျှင် တကယ့်ချမ်းသာမှုအစစ်ကို ရေရှည်ပေးနိုင်ကြောင်း တွေ့ရှိလာနေကြပြီ ဖြစ်သည်။

ဆရာတော်ဘုရားကြီးနှင့် အဖွဲ့သည် အမေရိကန် ကိုရင်တပါး၊ အမေရိကန် ယောဂီ ဒကာ တယောက်တို့ပါ ပါဝင်လျက် ရန်ကုန်မြို့သို့ ၂၇-၇-၇၉ နေ့ ညက ကောင်းမွန် ချောမောစွာ ပြန်လည် ရောက်ရှိခဲ့ကြသည်။ အောက်စဖို့, ဆွစ်ဇာလန်, ပြင်သစ်နှင့် ဟော်လန် နိုင်ငံများက နောင်နှစ်များတွင် ထပ်မံ ကြွလာကြရန် ဖိတ်မန္တက ပြုလိုက်ကြ သည်။ အမေရိကန် ဘောစတွန်နှင့် နယူးယောက်တို့က ထပ်မံ ပင့်ဖိတ်လျှင် ကြွနိုင်ပါမည် လားဟု မေးမြန်း လျှောက်ထားကြသည်။

အားလုံးကိုခြုံ၍ သုံးသပ်ရပါမူ မဟာစည် ဆရာတော်ဘုရားကြီး၏ ဤသာသနာပြု ခရီးသည် ထေရဝါဒ ဗုဒ္ဓဘာသာ၏ သတိပဋ္ဌာန် ဝိပဿနာတရားကို အမေရိကန်နှင့် ဥရောပ နိုင်ငံများတွင် အခြေခံ ခိုင်ခံ့၍ ပြန့်ပွားတိုးတက်ရန် စွမ်းအားရှိသော အုတ်မြစ် များကို ချမှတ်နိုင်ခဲ့သာမက မူလ မြော်မှန်းသည်ထက် များစွာ ကျော်လွန် အောင်မြင်ခဲ့ သော သာသနာပြု ခရီးတော်ကြီး ဖြစ်ပါကြောင်း။

၅-၈-၇၉ လုပ်သားပြည်သူ့နေ့စဉ်

# ပဲခူးမဏ္ဍိုင် ခန်းဝါမြိုင်ဝယ်

## မဏ္ဍိုင် - အရှင်ဂါရဝ (၁၁-ရက်)

### မိခင်တက္ကသိုလ် အပြန်မှာ

မိခင်မဏ္ဍိုင် ပါဠိတက္ကသိုလ် ကျောင်းတိုက်သို့ ပဌမဝါဆိုလဆန်း ၁၅-ရက်နေ့တွင် ကောင်းစွာ ပြန်ရောက်ကြပါသည်။ ကျောင်းတော်မြေသို့ ပြန်ရောက်ရာမှာ ခါတိုင်းနှစ်များကဲ့သို့ ကိုယ့်နေရပ်ပြန်ခြင်း၊ အပျော်ခရီး ဗဟုသုတ ခရီးသွားခြင်း စသော ခရီးသွားခြင်းမျိုးမှ ပြန်ရောက်ခြင်းမျိုး မဟုတ်ပါပေ၊ ရန်ကုန်မြို့ မဟာစည် ရိပ်သာသို့ နယုန်လဆန်း ၂-ရက်နေ့တွင် တရားရှုမှတ်ရန် သွားပြီး တရားမှတ်ကာ ဉာဏ်စဉ် တရားနာပြီးသောအခါ ကိုယ့်နေရာသို့ ပြန်ရောက်ခြင်းသာ ဖြစ်ပါသည်။ ကျောင်းတော်သို့ ပြန်ရောက်သောအခါ စာရေးသူသည် မဟာစည်ရိပ်သာသို့ မသွားခင် ရိပ်သာသို့ သွားဖို့ရန် အကြောင်းဖြစ်သော မိခင် မဏ္ဍိုင် တိုက်တော်တွင်း၌ ပဋိပတ္တိလုပ်ငန်းစဉ် ဝိပဿနာဓာလုပ် ၁၀-ရက်စခန်း ဖွင့်ခဲ့ပုံတို့ကို ပြန်လည် မြင်ယောင် လာပါတော့သည်။

### ဘုရား-တရား-သံဃာ ကြည်ညိုဖွယ်ရာ

အချိန်က ကဆုန်လပြည့်ကျော် ၅-ရက်နေ့ ဖြစ်ပါသည်၊ လဆုတ် ၃-ရက်နေ့တွင် အစိုးရ ငယ်, လတ်, ကြီး, ဓမ္မာစရိယ စာမေးပွဲများ ဖြေဆိုပြီးပြီမို့ ဤနေ့တွင် ၁၀-ရက်စခန်း ကြွခဲ့ကြပါသည်။ အောက်ပြည် အောက်ရွာ ဓမ္မတာအတိုင်း မိုးတပြိုက် နှစ်ပြိုက်က စောစွာရွာလျှက် ရှိပါသည်၊ ကျောင်းတိုက်တွင်းတွင် အလှူရှင်များ, လုပ်အားပေး ချက်ပြုတ်ကြသော သူများဖြင့် စိုစိုပြေပြေ ရှိနေပါသည်၊ သံဃာတော်များကလည်း သင်္ကန်းအညိုရောင်တို့ ဝတ်ဆင်မြန်းလျက် ကြည်ညိုဘွယ် အသွင်ဆန်းကို ဆောင်နေကြပါသည်၊ ကျောင်းတိုက်၏ ကျက်သရေဆောင် ဓမ္မာရုံတော်ကြီးနှင့် ကျောင်းဆောင်များကလည်း တည်ငြိမ်စွာ ကျောင်းတိုက်၏ဂုဏ်ကို ထယ်ဝါနေစေကြပါသည်။ ဓမ္မာရုံဟော်ကြီးပေါ်တွင် တည်ထား ကိုးကွယ်သော ဗုဒ္ဓရုပ်ပွားတော်ကလည်း သရုပ်ဖော် နောက်ခံပန်းချီကားနှင့် ရောင်စုံ ပူဇော်ထားသော လျှပ်စစ်မီးရောင်တို့၏ အားဖြည့်မှုကို ခံယူကာ ဖူးမြော် ရသူတို့အား လွန်စွာ သဒ္ဓါတရားတိုးပွား၍ နေစေပါသည်၊ ဘုရားဆောင်ရှေ

တရားဟောပလ္လင်တော် ဘေးပတ်လည်တွင်ရှိသော အလှပန်းအိုးများ, လေပန်ကာများနှင့် ပလ္လင်နောက်ရှိ ထီးဖြူတော် နှစ်လက်တို့ကလည်း ခမ်းနားစွာ နေရာယူလျက် ဓမ္မာရုံတော်ကြီး၏ ဂုဏ်ကျက်သရေကို ထပ်၍ ဆောင်နေပြန်ပါတော့သည်။

ညနေ ၄-နာရီခွဲကျော်တွင် ခေါင်းလောင်း ခေါက်ကာ အချက်ပေး၍ ဓမ္မာရုံကြီးပေါ်တွင် သံဃာအားလုံး စုဝေးတရား စ,ထိုင်ကြပါသည်။ တရား အားထုတ်သော သံဃာတော်များမှာ အရေးကြီး၍ ခရီးသွားသော သံဃာတော် အချို့မှ လွဲ၍ ကျောင်းတိုက် သံဃာအားလုံးနှင့် အခြား ဒုလ္လဘ ယောဂီ သံဃာတော်များ အားလုံး ၂၃၅-ပါး ရှိပါသည်။ ရဟန်းတော် ယောဂီများက ဓမ္မာရုံအပေါ်ထပ်တွင် ရှုမှတ်ကြရ၍ သာမဏေ ယောဂီများက ဓမ္မာရုံအောက်ထပ်တွင် ရှုမှတ်ကြရပါသည်၊ မြတ်ဗုဒ္ဓရုပ်ပွားတော်၏ ရှေ့မှောက်တွင် ထေရ်စဉ် ဝါလိုက် ထိုင်ကာ ဝိပဿနာ အလုပ်တရား အားထုတ်နေကြသော ရဟန်းတော် ယောဂီများ, သာမဏေ ယောဂီများကား အလွန်တရာ ကြည်ညိုဘွယ် ကောင်းလှပါတော့သည်။ မြတ်ဗုဒ္ဓသာ သက်တော်ထင်ရှား ရှိခဲ့ပါလျှင် "ပရိယတ္တိ, ပဋိပတ္တိ, ပဋိဝေဓ ဟူသော သာသနာ သုံးရပ်အနက် ပရိယတ္တိ အလုပ်ဌာနဖြစ်သော သည်ဌာနမှာ သည်ပရိယတ္တိသမားတို့ ပဋိပတ္တိ အကျင့်ဆက်ကာ ကျင့်နေကြပါကလား"ဟု ဝမ်းသာ ချီးကျူးတော် မူပေလိမ့်မည်ဟု စာရေးသူ ထင်မြင် တွေးတောမိပါသည်။ တရား ရှုမှတ်ရန် ဝါတွင်းကပင် ကြိုတင် သိထားခဲ့ပေသော ဆရာတော်၏ ဩဝါဒကြောင့် တရားရှုမှတ်တာ ဘယ်လိုဟာလဲဟု တွေးတောခဲ့ကြသော စာသင်သားတို့ ပရိယတ္တိသမားတို့ကား ယခုအခါတွင် ကိုယ်တိုင် ဝိပဿနာအလုပ် အားထုတ် ရှုမှတ်၍ နေရပါပြီ၊ ပဋိပတ္တိ သာသနာပြု၍ နေရပြီ။ ညတွင် ပဲခူး သာသနာ့ရိပ်သာ ဆရာတော်က ဝိပဿနာတရား ဟောကြားပါသည်။ မဏ္ဍိုင်ဆရာတော်က တရားမှတ်ပုံ အစုံစုံကို ယောဂီ အပေါင်းအား ပြသပါသည်။ ည ၉ နာရီအထိ ရှုမှတ်ကြပြီး ကိုယ့်ကျောင်း ကိုယ်ပြန်ကြပါသည်၊ ကိုယ့်ကျောင်း၌ တရားမှတ်လိုက မှတ်ကြ၍ ကျိန်းလိုသော ပုဂ္ဂိုလ်များက ကျိန်းစက်ကြပါသည်။

## မဟာစည် ဆရာတော်ဘုရားရဲ့ ချီးကျူးစကား

ကဆုန်လဆုတ် ၆-ရက်နေ့မှစကာ နံက် ၃-နာရီမှ ည ၁၀-နာရီအထိ တနာရီထိုင် တနာရီလမ်းလျှောက် မှတ်ခြင်းဖြင့် ဆွမ်းစား, ရေချိုး, ကျိန်းစက်တို့ကို ချန်ကာ နာရီမပြတ် ရှုမှတ်ကြရပါသည်။ ညနေ ၅-နာရီကျော်တွင် ရန်ကုန် မဟာစည် သာသနာ့ရိပ်သာ ကျေးဇူးရှင် ဆရာတော်ဘုရားကြီးနှင့် ဒုတိယ ဆရာတော် ဦးသုဇာတအရှင်မြတ်တို့

ကိုယ်တိုင် လာရောက် ချီးမြှောက် အားပေးကြပါသည်။ ဓမ္မာရုံကြီးပေါ်ရှိ ထီးဖြူနှစ်လက် မိုးကာထားသော ပလ္လင်တော်ပေါ်ဝယ် သပ္ပါယ်စွာ ကြည်ညိုဘွယ်ဆောင်လျက်ရှိသော ဆရာတော်ဘုရားကြီးအား တပည့် သံဃာ, ဒကာ, ဒကာမအများက ဝမ်းသာကြည်နူးစွာ ဖူးမျှော် ကန်တော့ကြပါသည်။ ဆရာတော်ဘုရားကြီးက ဝိပဿနာတရားများ ဟောကြား ပြသ ဆုံးမတော်မူပါသည်။

''၁၀-ရက် စခန်းနှင့် ပတ်သက်၍ အခုလို စာသင်တိုက်ကြီးများထဲမှ တရားပတ်ဖွင့်ကာ တရားအားထုတ်တာ မတွေ့ဘူး၊ မကြားခဲ့ဘူးကြောင်း၊ အခု ပဌမဆုံးအကြိမ်ဖြစ်ကြောင်း၊ အားရဝမ်းမြောက်ကြောင်း၊ ဒါကြောင့် လာရောက် ချီးမြှောက်ရကြောင်းနှင့် အခြား ပရိယတ္တိ စာသင်တိုက်ကြီးများကလည်း အခုလို ပရိယတ္တိ နားချိန်မှာ ပဋိပတ္တိအလုပ် လုပ်နိုင်က အလွန် အကျိုးရှိကြောင်း'' မိန့်ကြား ဆုံးမ ဩဝါဒပေးပါသည်။

အမှန်ဆိုသော်လည်း မြန်မာတပြည်လုံးရှိ ရိပ်သာတို့မှတပါး အဘယ်စာသင်တိုက်တွင်မှ တရားအားထုတ်သံ, တရားပတ်ဖွင့်သံ မကြားခဲ့ဘူး၊ မရှိဘူးခဲ့သေးပါချေ။ စာရေးသူတို့၏ မဏ္ဍိုင်ပါဠိတက္ကသိုလ် ကျောင်းတိုက်သည်သာ ပဌမဆုံးအနေဖြင့် ပရိယတ္တိ အလုပ်နားချိန်တွင် ပဋိပတ္တိ ဘာဝနာအလုပ်ကို ဆယ်ရက်စခန်း စ,ထွင်ကာ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပါသည်။

## ဒုတိယ မဟာစည် ဟောပြပြီ

လဆန်း ၇-ရက်နေ့ နံက်ပိုင်းတွင် မဟာစည် ဆရာတော်ဘုရားကြီး ပြန်လည်ကြွသွားတော်မူပါသည်၊ ဆရာတော် ဦးသုဇာတ တပါးသာလျှင် ကျန်ရစ်ခဲ့ပြီး ၁၀-ရက် တရားပတ်ကို ဆက်လက် ချီးမြှောက်လျက် ရှိပါသည်။ ဆရာတော်ကား ကျန်းမာရေး မကောင်းပါပဲလျက် နေ့စဉ် ညနေ ၃-နာရီမှ ၄-နာရီအထိ တကြိမ်၊ ည ၇-နာရီမှ ၈-နာရီအထိ တကြိမ် ယောဂီသံဃာတော်များနှင့် တပည့် ဒကာ, ဒကာမများတို့အား တရားရေအေး အမြိုက်ဆေးကို မှန်မှန် တိုက်ကျွေး ချီးမြှင့်လျက် ရှိပါသည်။ နေ့စဉ် ညတရားဟောပြီးတိုင်း တရားနာ လာကြသော တရားနာ အပေါင်းတို့အား ဘတ်စ်ကားများဖြင့် ပြန်ပို့ကာ စိတ်ချမ်းသာစေကြပါသည်။

မဏ္ဍိုင်တိုက်တော်အတွင်း၌ ကျင်းပလျက်ရှိသော ၁၀-ရက်စခန်း တရားပတ်ကား ဒကာ ဒကာမ အပေါင်းတို့အား ကြည်ညိုသဒ္ဓါ တရားကို အစဉ်တိုးတက်နေစေပါသည်၊ အမှတ်ဖြင့် သွား,လာ, ထိုင်ကာနေကြသော သံဃာတော်ယောဂီတို့၏ အသွင်သဏ္ဍာန်များ

ကလည်း ကြည်ညိုမှုကို အပြည့်ပေး၍ နေပါတော့သည်။ စာသင်တိုက်မှ စာကျက်သံ စာအံသံ စာပြန်သံတို့ဖြင့် ပြည့်လျှမ်းခဲ့သော မဏ္ဍိုင်ပါဠိတက္ကသိုလ် စာသင်တိုက်ကြီးကား ၁၀-ရက်စခန်း အတွင်းတွင် ကျေးငှက်သံဆိတ် လူသံတိတ်၍ တကဲ့ရိပ်သာကြီး ဖြစ်၍နေပါတော့သည်၊ ဓမ္မာရုံတော်ကြီးရှေ့၌ ရှိသော ဘောချပ်ကြီးများနှင့် တန်ဆောင်းတိုင်တို့၌ ရေးသားထားသော "စကားတိုးတိုးပြောပါ၊ သံဃာတော်များ တရားအားထုတ်နေသည်"ဆိုသော စာလုံးဖြူဖြူတို့က ပို၍ပင် ရိပ်သာအသွင် ပီပြင်နေပါစေတော့သည်။

## မဏ္ဍိုင်ဆရာတော်နှင့် ပဲခူးရိပ်သာဆရာတော် ၂-ပါးကလဲ

တရားထိုင်ပြီးတိုင်း ညနေ တရားစစ်သောအခါ ရဟန်းတော် ယောဂီများကို ပဲခူးရိပ်သာ ဆရာတော်နှင့် မဏ္ဍိုင်ဆရာတော်တို့က စစ်မေး၍ သာမဏေယောဂီများကို ပဲခူးရိပ်သာ ကမ္မဋ္ဌာနာစရိယ ဦးဇောတိပါလ,က စစ်မေးပါသည်။ အချို့သော သံဃာတော် ယောဂီများမှာ တနေ့ထက်တနေ့ ဉာဏ်များ ရင့်သန်လျက် ရှိပါသည်။ ဤသည်ကို တွေ့ရ ကြားရသော ဆရာများနှင့် ယောဂီများ ဒကာ ဒကာမများက လွန်စွာ ဝမ်းသာအားရ ဖြစ်ကြပါသည်။

ထိုကဲ့သို့ ဆရာတော်နှင့် ယောဂီသူတော်စင်တို့က စိတ်အားထက်သန်စွာ အားထုတ်ကြသလို ဒကာ ဒကာမတို့ဘက်မှလည်း ပစ္စည်းလေးပါးတို့ဖြင့် လိုလေသေးမရှိ ထောက်ပံ့လှူဒါန်းကြပါသည်။ ဆွမ်းဆိုလျှင်လည်း နံနက်တွင် ဒူးရင်းသီးဆံပြုတ်၊ ကြက်သားဆန်ပြုတ် တရက် နှစ်ရက်မှ လွဲ၍ ဆွမ်း, ခေါက်ဆွဲ, ဒန်ပေါက် စသည်တို့ ဆက်ကပ်ကြပါသည်၊ နေ့ဆွမ်းတွင် ဆွမ်းရိုးရိုးနှင့် ကြာဆန်ခေါက်ဆွဲ၊ ဒန်ပေါက် စသည်များ အချိုအချဉ်ယာဂုကာများဖြင့် ဆက်ကပ်လုပ်ကျွေးကြပါသည်။

## ခါတိုင်းဆွမ်းကျွေးနှင့်မတူသော ဆွမ်းကျွေး

အခါတိုင်း ရဟန်းခံရှင်ပြု စသည် အလှူများတွင် ပျော်ရွှင်မှုကြောင့် ဆူညံစွာ ဆက်ကပ်ကြသော ဒကာ ဒကာမများတို့ကား တရားပတ်အတွင်းတွင် ရင်တွင်း ဝမ်းသာခြင်းတို့ဖြင့် စေတနာထက်သန်စွာ တိတ်တိတ်ဆိတ်ဆိတ် ဆက်ကပ်လှူဒါန်း ကျွေးမွေးကြပါသည်။ သံဃာတော်များအား အနှောင့်အယှက် မဖြစ်စေသည့်ပြင် အမှတ်စိတ်စိတ် ဘုဉ်းပေးနိုင်ကြစေရန်လည်း သတိပေး လျှောက်ထားခြင်းဖြင့် တရားကို ရက်တိုတိုနှင့် ရစေလိုသောဆန္ဒများကို ဖော်ပြနေကြပါသေးသည်။ အမှတ်စိတ်စိတ် ဆွမ်းဘုဉ်းပေးနေကြသော ယောဂီသံဃာများကို မြင်တွေ့ရတိုင်း ဒကာ ဒကာမအပေါင်းတို့ နှစ်ထောင်းအားရ ဖြစ်ကြပါသည်။

## ညနေစာ အဖျော်ယမကာ

နေ့စဉ် ညနေ တရားဟော တရားနာပြီးတိုင်း ဘိုလပ်ရည်,ဇီးဖျော်ရည်, ဥသျှစ်ဖျော်ရည် အလီလီ ဆက်ကပ်ကြပါသည်။ တန်ဆောင်းအတွင်း ဘောချပ်များ၌ ရေးသားထားသော ဆွမ်းအဖျော်ယမကာ အလှူရှင် စာရင်းများကလည်း မြင်ရသူတို့ အတွက် သာဓုခေါ်စရာနှင့် လှူရန် စေတနာ သဒ္ဓါတရားတို့ကို ဖြစ်ပေါ်၍ နေစေပါတော့သည်။ လှူဒါန်းကြသော ဒကာ ဒကာမများသည် ဆွမ်းသာမက လိုသမျှကို လှူဒါန်းလျက် ရှိပါသည်။

## ရေလှူ ကျောင်းလှူ

ရေအခက်ရှိ၍ လိုရာ၌လည်း ရေကားတစည်လျှင် ၄၀-ကျပ်နှုန်းနှင့် လှူဒါန်းကြပါသေးသည်။ ဆောက်လက်စ အဓိဋ္ဌာန်ကျောင်းတော်ကြီး အတွက်လည်း ထည့်ဝင်လှူဒါန်းကြပါသည်။ ထိုကျောင်းတော်ကြီးမှာလည်း မဟာစည်ဆရာတော်ကြီးကိုယ်တိုင် ၁၃၃၈-ခုနှစ် တန်ဆောင်မုန်းလဆန်း ၄-ရက်နေ့တွင် အုဋ်မြစ်ချပေးခဲ့သော ကျောင်းတော်ကြီး ဖြစ်ပါသည်။ အချုပ်ဆိုသော် ဒကာ ဒကာမများကား လိုလေသမျှကို စေတနာမတွန့်ပဲ စေတနာထက်သန်စွာ လှူဒါန်းလျက် ရှိကြပါသည်။

## ဆေးလှူ

ယောဂီသံဃာတော်များနှင့် ဒကာ ဒကာမတို့၏ ကျန်းမာရေးအတွက် ဆေးလည်း ပြည့်စုံလှပါသည်၊ တိုက်တတိုက်၏ အောက်ထပ်ဆင်ဝင်ခန်းနှစ်ခန်းတွင် ဗမာဆေးခန်းနှင့် အင်္ဂလိပ်ဆေးခန်း ဖွင့်လှစ်ထားပါသည်။ ဗိန္ဓောဆရာများ ဆရာဝန်များကလည်း ရောက်လာသော ဂိလာနများအား ကုသပေးရန် အဆင်သင့်ပင်ဖြစ်ပါသည်။ ထို့ကြောင့် ယောဂီသံဃာတော်များ ဒကာ ဒကာမများ ရွှင်လန်းကျန်းမာလျက် တရားအားထုတ်နိုင်ခဲ့ကြပါသည်။ ဆွမ်းကွမ်းစသည် ချက်ပြုတ် လှူဒါန်းနိုင်ခဲ့ကြပါသည်၊ ဝေယျာဝစ္စ အစုစုပြုလုပ် ဆောင်ရွက်နိုင်ခဲ့ကြပါသည်၊ ယောဂီသံဃာတော်များကား ၇-ရက်၊ ၈-ရက် ကြာလာသောအခါ သမာဓိအတော်အတန်ရင့်၍ အအိပ်အနေနည်းကာ ရှုမှတ်မှုများ ပိုမိုများပြားလာပါသည်။ ဤသို့ဖြင့် ယောဂီသံဃာများ၏ စိတ်ပါလက်ပါ ရှုမှတ်မှု ဒကာ ဒကာမအပေါင်း၏ စေတနာသဒ္ဓါတရား ကောင်းမှုတို့ကြောင့် ၁၀-ရက်စခန်းဟု တရားပတ်ဖွင့်လှစ်ခဲ့ရာတွင် ဆယ်ရက်မက တရက်ပို၍ ၁၁-ရက်ဖြစ်ကာ နယုန်လဆန်း တရက်နေ့တွင် ပြီးစီးအောင်မြင်ခဲ့ပါတော့သည်။ မဏ္ဍိုင်တိုက်တော်၏ ဒကာ ဒကာမတို့ကား ၁၀-ရက်စခန်းတွင် လှူဒါန်းထောက်ပံ့ကြရုံသာမက ဆက်လက်အားထုတ်လိုသော

ပုဂ္ဂိုလ်များအား ရန်ကုန် မဟာစည်ရိပ်သာသို့ ပို့ပေးကာ ဆက်လက်တရားအားထုတ်စေခဲ့ကြပါသည်။ ထို့ကြောင့်လဲ စာရေးသူပါ သံဃာ (၁၁)ပါး ရိပ်သာသွားကာ တရားမှတ်ပြီး ဉာဏ်စဉ်တရားနာခဲ့ကြရပါသည်။

## မြှသို့ တရားအားထုတ်ပွဲများ

မဏ္ဍိုင်တိုက်တောင်တွင်း၌ ၁၀-ရက်စခန်း တရားပတ် ဖွင့်လှစ်ခဲ့သောကြောင့် စာသင်သား ပရိယတ္တိသမားတို့ ရုပ်နာမ်အကြောင်းအကျိုး အဖြစ်အပျက်တို့ကို ကိုယ်တိုင်ခန္ဓာတွင် သိမြင်လာခဲ့ကြပါသည်။ မယဉ်ကျေး မသိမ်မွေ့ကြသေးသော ကိုယ်နှုတ်နှလုံး အမူအရာတို့ ယဉ်ကျေးသိမ်မွေ့လာကြပါသည်။ တပြည်လုံးရှိ ပရိယတ္တိ စာသင်တိုက်အချို့ကလည်း နောင်နှစ်တွင် ဝိပဿနာ အလုပ်စခန်းဖွင့်ရန် ဆန္ဒရှိလာ လျှောက်လာကြပါသည်။ အထူးသဖြင့် မဏ္ဍိုင်တိုက်၌ ၁၀-ရက်စခန်းဖွင့်နေချိန်တွင် ပဲခူးကြခတ်ဝိုင်းဆရာတော်ကိုယ်တိုင် နောင်နှစ်တွင် ကြခတ်ဝိုင်း ကျောင်းတိုက်၌ ၁၅-ရက်စခန်းဖွင့်လှစ်ရန် ဆရာတော် ဦးသုဇာတအား လျှောက်လိုက်ပါသည်။

ပရိယတ္တိသာသနာသာမက ပဋိပတ္တိသာသနာကိုလည်း ကျင့်ကြံ အားထုတ်လာရ **ကောင်းမှန်း** သိလာကြပါသည်။ ပရိယတ်နှင့် ပဋိပတ် တွဲ၍ ပို့ချ ကျင့်ကြံခြင်းဖြင့် သာသနာ တိုးတက်အောင် ပြုပြင်လာရမှန်း သိလာကြပါသည်။ လိုနေသော ပဋိပတ်သာသနာကို ဖြည့်တင်းလာရမှန်း သိလာကြပါသည်။ ဤသည်တို့ကား ပရိယတ္တိစာသင်တိုက်ဖြစ်သော မဏ္ဍိုင်ပါဠိတက္ကသိုလ် စာသင်တိုက်ကြွင် မဏ္ဍိုင်ဆရာတော်၏ မြော်မြင်ကြီးစွာ လျှောက်ထားချက်ကြောင့် မဟာစည် ဆရာတော်ဘုရားကြီးကိုယ်တိုင် ဖွင့်လှစ်ပေးခဲ့သော ၁၀-ရက်စခန်း ဝိပဿနာလုပ်ငန်းစဉ် ဖွင့်လှစ်ခဲ့ပုံနှင့် အကျိုးကျေးဇူးတို့ဖြစ်ပါတော့သည်။

## ဗုဒ္ဓတရား ထွန်းကားသော နိုင်ငံ

စာရေးသူတို့၏ ပြည်ထောင်စုမြန်မာနိုင်ငံသည် ဗုဒ္ဓသာသနာ ထွန်းကားသော နိုင်ငံတနိုင်ငံဖြစ်သည်၊ ကမ္ဘာ့ထေရဝါဒ နိုင်ငံတို့တွင် ဗုဒ္ဓဘာသာဝင် ပိုမိုများပြားသော နိုင်ငံတခုလည်း ဖြစ်ပေသည်။ ဗုဒ္ဓဘာသာ နိုင်ငံတို့တွင် မြန်မာနိုင်ငံသည် ဗုဒ္ဓဘုရားထားတော်မူခဲ့သော ပရိယတ်, ပဋိပတ်, ပဋိဝေဓ ဟူသော သာသနာသုံးရပ်တို့ အထွန်းကားဆုံးသော နိုင်ငံတခုလည်း ဖြစ်ပေသည်။

ဗုဒ္ဓမြတ်စွာဘုရားသည် ဗုဒ္ဓအယူဝါဒ တရားတော်၌ သက်ဝင် ယုံကြည်ကြသော တပည့်အပေါင်းအတွက် မလုပ်မဖြစ်သော အဓိကလုပ်ငန်းအဖြစ် ဘာသာရေးလုပ်ငန်းကြီး

နှစ်ခုတို့ကို ပြဋ္ဌာန်းထားတော်မူခဲ့ပေသည်၊ ထိုလုပ်ငန်းနှစ်ခုကား ဂန္ထဓုရဖြစ်သော ပိဋကတ်ကျမ်းစာများ သင်ကြားမှုနှင့် ဝိပဿနာဓုရခေါ်သော အနိစ္စ, ဒုက္ခ, အနတ္တ (၃) ပါးလက္ခဏာ ဉာဏ်အမြင်ရရှိရေး တရားကမ္မဋ္ဌာန်း အားထုတ်မှုတို့ဖြစ်သည်။

ထိုဓုရနှစ်မျိုးကို မြန်မာနိုင်ငံ၌ ရှိနေ ထမ်းဆောင်နေကြပါသော်လည်း ထိုနှစ်မျိုးလုံးကို တတိုက်ထဲ တနေရာထဲ၌ အတူကျင့်ကြံပို့ချသော နေရာဌာနကား အတော်ရှားပါးလှပါသည်၊ တနေရာ တဌာနတွင် ဂန္ထဓုရ စာသင်ကြားမှု တမျိုးကိုသာရင်း၊ တနေရာ တဌာနတွင် ဝိပဿနာဓုရတမျိုးကိုသာရင်း၊ ကျင့်ကြံသင်အံ့၍ နေကြပါသည်။ တမျိုးစီမဟုတ်မူပဲ နေရာဌာနတိုင်း ပရိယတ် ပဋိပတ် နှစ်မျိုးလုံး သင်အံပို့ချ ကျင့်ကြံနိုင်ကြပါလျှင်ကား အတော်ပင် အကျိုးရှိနိုင်ပါသည်။ တနည်းဆိုရသော် ပရိယတ်နှင့် ပဋိပတ် ရောစပ်ခြင်းဖြင့် ပဋိဝေဓအတွက် လွန်စွာမှ အကျိုးဖြစ်ထွန်းစေပါလိမ့်မည်။

## ရွှေအိုးလမ်းညွှန်နှင့် ရွှေအိုး

ပရိယတ်နှင့် ပဋိပတ်မှာလည်း မြှုပ်ထားသောရွှေအိုးနှင့် ရွှေအိုးရှိရာလမ်းညွှန်ပါဟု ဆိုကြပါသည်၊ ပရိယတ်ကား ရွှေအိုးရှိရာလမ်းညွှန်နှင့်တူ၍၊ ပဋိပတ်ကား မြှုပ်ထားရာရွှေအိုးနှင့်တူသည်ဟု ဆိုကြပါသည်၊ နှစ်မျိုးမကွဲပဲ ရွှေအိုးကိုညွှန်ပြသော ပရိယတ်ကို သင်ကြားခြင်းဖြင့် ပဋိပတ် ရွှေအိုးကို တူးဖော်ရရှိနိုင် ကျင့်ကြံကြိုးကုတ် အားထုတ်နိုင်သည်ဟု ဆိုပါသည်။

မှန်ပါသည်၊ အနည်းငယ်မျှသော ပရိယတ်အညွှန်းရှိသော စာရေးသူ ကိုယ်တိုင်ပင် ပဋိပတ်တရား ကျင့်ကြံအားထုတ်မိသောအခါ အညွှန်းအနည်းငယ်ရှိသလောက် ပဋိပတ်ရွှေအိုးကို သဘောပေါက် နားလည်လာပါတော့သည်၊ မှန်သော အနိစ္စ, ဒုက္ခ, အနတ္တတို့၏သဘောကို ကောင်းစွာ တွေ့ရှိလက်ခံလာနိုင်ပါသည်၊ ပဋိပတ်အလုပ် မလုပ်ဘူးသေးခင် ပရိယတ်အလုပ် လုပ်နေစဉ်တွင် ပဋိပတ်လုပ်ဘူးသူတို့၏ အပြောအဟောကို လက်တွေ့မသိနားမလည်ခဲ့ပါ၊ စာတွေ့ဖြင့် စာတွေ့လောက်သာ နားလည်နေပါသည်။

## စာသင်သားတရားနာနှင့် ယောဂီတရားနာ

၁၃၃၇-ခုနှစ်က ဖြစ်ပါသည်။ တန်ဆောင်မုန်း လပြည့်နေ့ဟု ထင်ပါသည်၊ ထိုနေ့ညတွင် **မဟာစည် ဆရာတော်ဘုရားကြီး** ကိုယ်တိုင်နှင့် **သရက်အောင်မင်္ဂလာ-ဦးစန္ဒာဝရ**တို့ ပဲခူး ရွှေမော်ဓောစေတီယင်ပြင် ကျောက်ပန်းတောင်း ဓမ္မာရုံတွင် တရားဟောပါသည်၊ စာရေးသူတို့လည်း မဏ္ဍိုင်ဆရာတော် ခွင့်ပြုချက်ဖြင့် သွားရောက်တရားနာယူကြ

ပါသည်၊ စာရေးသူက တပါးတည်း အနောက်ဖက် ဘဏ္ဍာတော်တိုက်တခု အတွင်းမှ နာယူနေမိပါသည်၊ စာရေးသူ၏အနီးတွင် အသက်(၅၀)ခန့် ဒကာ ၂-ယောက် ၃-ယောက် ရှိနေပါသည်၊ ဆရာတော်ဘုရားကြီးကား ဝိပဿနာတရားသက်သက် ရုပ် နာမ် အဖြစ် အပျက်တို့အကြောင်းသာ ဟောနေပါသည်၊ ရုပ် နာမ်တို့ အဖြစ်အပျက်ကို ဟောယင်း "ပုဂ္ဂိုလ်သတ္တဝါဆိုတာ ဘာမှမရှိ၊ အားလုံးသဘောမျှသာ ရှိသည်၊ ငါမဟုတ် သူမဟုတ် နာမ်ရုပ်သဘောတွေသာ ဖြစ်သည်၊ အနိစ္စ, ဒုက္ခ, အနတ္တဆိုတာလဲ သေချာရှုမှ သိတာ၊ အားလုံး သဘောတွေချည်းပဲ" စသည်ဖြင့် ဟောပြောဆုံးမနေပါသည်။

ထိုစဉ် အနီး၌ရှိသော ဒကာတယောက်က "ဟုတ်တယ် အနိစ္စ, ဒုက္ခ, အနတ္တတွေဟာ သေချာရှုမှသိတာ၊ မမြဲဘူး၊ ဆင်းရဲတယ်၊ အစိုးမရဘူး" စသည်ဖြင့် ပြောလာပါတော့ သည်၊ သူ့ကြည့်ရသည်မှာ တရားအားထုတ်ဘူးသော ယောဂီဟောင်းနှင့် တူပါသည်၊ ထို့ကြောင့် လက်တွေ့မှုပြောခြင်း ထောက်ခံခြင်း ဖြစ်ပေလိမ့်မည်။

စာရေးသူကား ထိုစကားကြားသောအခါ 'ငါစာသင်နေတာ'ဟူသော မာန်ဖြင့် "သူ့ပြောမှသိရမှာလား၊ အနိစ္စ မမြဲဘူး၊ ဒုက္ခ ဆင်းရဲတယ်၊ အနတ္တ အစိုးမရဘူးဆိုတာ ငါလည်းသိနေတာပဲ၊ ဒါများ ကြီးကြီးကျယ်ကျယ်" ဟု ထင်မိ အောက်မေ့ခဲ့မိပါသည်၊ ထိုဒကာကိုလည်း လူရွှေ့ လူဘတ်လုပ်လေခြင်းဟု စာသိကိုအားကိုးကာ အပြစ်တင်မိခဲ့ပါ သည်၊ ကိုယ်တိုင် လက်တွေ့ကမ္မဋ္ဌာန်းအလုပ် အားထုတ်ပြီးသောအခါတွင် ထိုစဉ်ကထင်ခဲ့ သော အထင်တို့ကား မှားလေစွဟု နောင်တ ရမိပါတော့သည်။

## စာတွေ့နှင့် ယောဂီအတွေ့

အကယ်ဆိုသော် စာသိနှင့်လက်တွေ့တို့သည် ကွာပါသည်၊ အယင်က ရုပ်နာမ်တို့၏ မမြဲ ဆင်းရဲ အစိုးမရဆိုသည်မှာ ဘယ်လိုဟာမှန်း သေချာမသိခဲ့ပါ၊ အပေါ်ယံမျှသာ သိခဲ့ပါသည်၊ စာသိဖြင့်သာ နှစ်သိမ့်နေခဲ့ပါသည်။ အခုအချိန်တွင်တော့ ပရိယတ်ကို ပဋိပတ် ရောစပ်ခြင်းဖြင့် အမှန်ကို သိလာပါတော့သည်။ ပုဂ္ဂိုလ် သတ္တဝါ သူ ငါမဟုတ် ဖြစ်ပျက်သမျှ သဘောမျှသာဟု ပဋိပတ်ရောစပ်ခြင်းဖြင့် ပရိယတ်အသိကို တိကျစွာ လက်ခံ နိုင်လာပါတော့သည်။

## စာသင်သားယောဂီက ယောင်းဝါးဝါးတရားသမားကို ရှင်းပြနိုင်တယ်

တရားအားထုတ် လေ့လာပြီးနောက်လည်း နားမလည်သူတို့၏ အထင်အမြင် အယူမှားကို မှားမှန်းသိလာပါသည်၊ စာရေးသူအား ဒကာတယောက်က ပြောလာ

ပါသည်၊ "ကိုယ်တော်တို့တရားအားထုတ်တာ ဝိပဿနာအလုပ်မဖြစ်ဘူး၊ ဝိပဿနာ ဖြစ်ဖို့ ဒိဋ္ဌိ ဝိစိကိစ္ဆာကို အရင်ပယ်ရတယ်၊ ဒိဋ္ဌိ ဝိစိကိစ္ဆာကိုမှ မပယ်ရသေးပဲ ဝိပဿနာ မဖြစ်ပါဘူး" ဤသို့ ပြောလာပါသည်။

စာရေးသူကား ကိုယ်တိုင်လည်း စာသင်သား၊ တရားလည်း အားထုတ်ပြီးပြီမို့ ပြန်လှည့်ရှင်းပြနိုင်ခဲ့ပါသည်။

"လောဘနဲ့ မစ္ဆရိယကို ဒါနနဲ့ပယ်ရကြောင်း၊ ကာယဒုစရိုက် သုံးပါး၊ ဝစီ ဒုစရိုက်လေးပါးကို သီလနဲ့ပယ်ရကြောင်း၊ ဒိဋ္ဌိ ဝိစိကိစ္ဆာကို ဝိပဿနာ ဘာဝနာနဲ့ပယ်ရ ကြောင်း၊ ဒိဋ္ဌိ ဝိစိကိစ္ဆာကား အပယ်ခံဖြစ်၍ ဘာဝနာကား, ပယ်တတ်သော တရားဖြစ် ကြောင်း၊ ဒိဋ္ဌိ ဝိစိကိစ္ဆာပြုတ်အောင် ဝိပဿနာအလုပ် အားထုတ်ရကြောင်း၊ ဝိပဿနာ အားထုတ်မှ ဒိဋ္ဌိဝိစိကိစ္ဆာကွာကြောင်း၊ ဒိဋ္ဌိဝိစိကိစ္ဆာကွာလျှင် သောတာပန်ဖြစ်ကြောင်း" စသည် စသည် ရှင်းပြလိုက်ပါသည်။

ထိုဒကာကား တဆင့်တက်၍ "ဝိပဿနာအားထုတ်ယင် ဘုရားပုံနိမိတ်များ တောက်တောင်ရေမြေစသည် နိမိတ်များ မထင်ရကြောင်း၊ ပေါ်လာလျှင် ဝိပဿနာ မဟုတ်ကြောင်း" ထပ်လောင်း၍ဆိုပါသေးသည်။ အမှန်မှာ ထိုဒကာ မသိ၍ ကိုယ်တိုင် အားမထုတ်ဘူးသေးပဲဆိုခြင်း ဖြစ်ပါလိမ့်မည်၊ တရားအားထုတ်လျှင် ဉာဏ်စဉ်အလိုက် နိမိတ်ဆိုတာတွေ့ရပါသည်၊ တွေ့ရမည့်ဉာဏ်၌ မတွေ့မနေရ၊ တွေ့ရပါသည်၊ မတွေ့ရသော ဉာဏ်၌ တွေ့ချင်သော်လည်းမတွေ့ရတော့ပါ။ ဒါလဲ ကိုယ်တိုင်ပဋိပတ်လုပ်ငန်း လုပ်ဘူးမှ သိပါသည်၊ အားမထုတ်ဘူးသော ပုဂ္ဂိုလ်တို့ကား ဘာမှမသိ ရမ်း၍ပြောကြပါသည်၊ ထိုဒကာကား ပရိယတ်အသိဉာဏ်တော့ ရှိပုံပေါ်ပါသည်၊ သို့သော် ပဋိပတ်အလုပ် အားထုတ်ဘူးပုံမပေါ်ပါ။

## စာတတ်ရုံမျှကို ဗုဒ္ဓက မချီးမွမ်း

မည်သည့်ပုဂ္ဂိုလ်မဆို ပရိယတ်အသိဉာဏ်ရှိနေစေကာမူ ပဋိပတ်အလုပ် မလုပ်ဘူး အားမထုတ်ဘူးသေးပါလျှင် အမှန်သဘောကို သိသူဟု မဆိုနိုင်ပါပေ၊ မြတ်စွာဘုရားက သော်မှ အသိဉာဏ်ရှိသောသူဟု မသတ်မှတ်ပေ၊ ဘုရားလက်ထက်က ပေါဋ္ဌိလရဟန်းကြီး သည် စာအတော်တတ်သည်၊ သို့သော် တရားအားမထုတ်ချေ၊ မြတ်စွာဗုဒ္ဓကား စာတတ် သော်လည်း မချီးကျူး၊ "တုစ္ဆ, တုစ္ဆ" ခေါ်၍သာ ကဲ့ရဲ့နေပါသည်၊ နောက်တရား အားထုတ်ပြီးသောအခါမှ ချီးကျူးတော် မူပါသည်၊ ဤကား ပရိယတ် အသိဉာဏ်

ရှိသော်လည်း ပဋိပတ်အကျင့်တရား မရှိသေးက မပြည့်စုံသေးကြောင်း ထင်ရှားပြခြင်း ဖြစ်ပါသည်၊ ထို့ကြောင့် အားလုံးသော ပရိယတ်သမားများသည် စာရေးသူတို့ကဲ့သို့ ပရိယတ်ကို ပဋိပတ်ရောစပ်နိုင်ကြပါစေဟု ဆန္ဒပြုမိပါသည်။

## စာအသိနှင့် ယောဂီအသိ အညာမညာ ညှိနိုင်တယ်

မည်သို့ဆိုစေ စာရေးသူကား ပရိယတ်ကို ပဋိပတ် ရောစပ်ပြီးခဲ့ပါပြီ၊ ကိစ္စပြီး တိုင် မဟုတ်ပေမင့် တရားတို့၏သဘောကို နားလည်သည်အထိ အားထုတ်ခဲ့ပါသည်၊ အားထုတ်သည့်အတိုင်းလည်း နားလည်ခဲ့ပါသည်၊ အမှားအမှန်ကို ပရိယတ် ပဋိပတ် ရောစပ်ကာ ဖြေရှင်းနားလည်ခဲ့ပါသည်၊ အမှားပြောသူ အမှားလက်ခံသူတို့၏ အပြော အဆို အယူဝါဒတို့ကို မှားမှန်နားလည်ခဲ့ပါသည်၊ တတ်နိုင်သလောက် ရှင်းလင်းပြသ နိုင်ခဲ့ပါသည်၊ ကိုယ်တိုင်လဲ ခန္ဓာငါးပါး၌ ဖြစ်ပျက်နေသမျှကို သဘောမှန်အတိုင်း သိရှိနားလည်နိုင်လက်ခံနိုင်ခဲ့ပါသည်။ မြတ်ဗုဒ္ဓအပေါ်၌ ပိုမိုသက်ဝင် ယုံကြည်လာပါသည်၊ ဗုဒ္ဓ၏တရားတော်တို့ကိုလည်း ပို၍ သက်ဝင်ယုံကြည်လာပါသည်၊ "လာလှဲ့၊ ရှုလှဲ့၊ ရှုသူအား အခါမလင့်အကျိုးပေးသည်" ဆိုသော ဂုဏ်ကျေးဇူးအထွေထွေကို ပိုမိုကြည်ညို လာပါသည်၊ အရိယာသံဃာတော်တို့၏ ဂုဏ်တော်ကို မှန်းမျှော်၍ ကြည်ညိုလာပါသည်၊ ရှုမှတ်တိုင်း ကိုယ်စိတ်တို့ နီဝရဏကင်း၍ ချမ်းသာခြင်းအပြည့် ရခဲ့ခံစားခဲ့ရပါသည်။

ဤသို့အနည်းငယ်မျှသော ပရိယတ်ကို ပဋိပတ်ရောစပ်ခြင်းဖြင့် ဤမျှသောအကျိုး တို့ကို ခံစားရပါလျှင် ပိုမို၍ရောစပ်လိုက်ပါလျှင် မဂ်ဖိုလ်နိဗ္ဗာန်ဟူသော ပဋိဝေဓသို့ ဆိုက်ရောက်မည်မှာ မလွဲမုချဖြစ်ပါတော့သတည်း။

**မန်းရတနာပုံနှင့် ချင်းတောင်၊ ကလေး၊ တမူးမြို့များသို့**

# မဟာစည် ဒေသနာခရီး မှတ်တမ်း

## မော်လမြိုင်-ဦးသန်းမြင့်

### မန္တလေးမှ ကလေးမြို့သို့

ရန်ကုန်မြို့ သာသနာ့ရိပ်သာမှ မန္တလေးမြို့ စိန်ပန်းရပ်၊ ရတနာပုံ သာသနာ့ရိပ်သာသို့၊ နှစ်စဉ် ဝါကျွတ်ပြီးနောက် ကြွနေကျဖြစ်သော ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီးသည် တလခန့် သီတင်းသုံးရန် ရတနာပုံ ရိပ်သာ၌ ရောက်ရှိနေသည်။

၁၃၃၆-ခုနှစ် တပို့တွဲလဆုတ် ၁၀·ရက်နေ့ ၁၁-နာရီတွင် ချင်းပြည်နယ် ဖလမ်းမြို့ ဘောင်တန်း ဗုဒ္ဓသာသနာအဖွဲ့ ဥက္ကဋ္ဌ-ဦးသန်းလွင်၊ အတွင်းရေးမှူး ဦးမောင်မြတို့ ခေါင်းဆောင်ပြီး ချင်းတောင်ဒေသ နယ်သူနယ်သားများ အကျွတ်တရား ရကြရန် နိဗ္ဗာန်ရောက်ကြောင်း တရားတော်ကို ချီးမြှင့် ဟောကြားတော် မူပါမည့်အကြောင်း ကြိုတင် ပင့်လျှောက်ထားချက်အရ ကျေးဇူးရှင် (အဂ္ဂမဟာပဏ္ဍိတ) မဟာစည် ဆရာတော်ဘုရားကြီးသည် ချင်းပြည်နယ်၏ တံခါးပေါက်ဖြစ်သော ကလေးမြို့သို့ မန္တလေးမြို့မှ လေကြောင်းဖြင့် ကြွတော်မူသည်။

နောက်ပါ သံဃာအဖြစ် (မဟာစည် ဓမ္မကထိကအဖွဲ့ဝင်) သရက်အောင်မင်္ဂလာ အရှင်စန္ဒာဝရ။

ဘာသာရေး နုနယ်သည့် ကလေးများအတွက် အခြေပြု ဗုဒ္ဓဘာသာ စာအုပ်များကို ရေးသားပြုစုသည့် ဒီဃဘာဏက-ဒီဃနိကာယကောဝိဒ-အရှင်ကေလာသနှင့်။

ပစ္ဆာသမဏ-အရှင်ဇဝနတို့ လိုက်ပါကြ၏။

ဒကာဘက်ကဆိုလျှင် ရန်ကုန်မြို့ သာသနာ့ရိပ်သာ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ် ဥက္ကဋ္ဌကြီး၊ အငြိမ်းစား တိုင်းမင်းကြီး **ဦးညီပု**။

ဒုတိယ ဥက္ကဋ္ဌ ဒေါက်တာ **ဦးဘကလေး**၊

ရန်ကုန်သာသနာ့ရိပ်သာ အမျိုးသား ယောဂီ ကျောင်းဒကာကြီး **ဦးကြင်ဖိုး**။

ရွှေဘိုဆိပ်ခွန်၏ မဟာစည် သာသနာ့ရိပ်သာ ကမ္မဋ္ဌာနာစရိယ **ဆရာကြံနှင့် စာရေးသူ**တို့ လိုက်ပါကြသည်။

၁၂-နာရီခွဲတွင် ကလေးမြို့လေဆိပ်သို့ ချောမောစွာ ဆိုက်ရောက်သည်၊ ကလေးမြို့ သာသနာ့ရိပ်သာ ဆရာတော် အမှူးပြုပြီး ယောဂီဟောင်းများ၊ မဟာစည် ဆရာတော် ကြိုဆိုပင့်ဆောင် တရားပွဲ ဖြစ်မြောက်ရေးအဖွဲ့မှ ဥက္ကဋ္ဌ **ဦးအောင်သိန်း**၊ အတွင်းရေးမှူး **ဦးတင်မောင်ရှိန်** စသည့် လူကြီးများ၊ မြို့မိမြို့ဖများတို့က လေဆိပ်၌ လက်အုပ်ချီ စီတန်း ပြီး ကြိုဆိုနေကြသည်၊ ကား ၁၀-စင်းဖြင့် ကျေးဇူးတော်ရှင် မဟာစည် ဆရာတော် ဘုရားအား မြို့၏တောင်ဘက် သာသနာ့ရိပ်သာသို့ ကြိုဆို ပင့်ဆောင်ကြသည်။

ရောက်ရောက်ချင်း ဓမ္မာရုံပေါ်၌ ဆရာတော်ဘုရားအား ဖူးမြော် ကန်တော့ရန် စောင့်ဆိုင်းနေကြသော ပုဂ္ဂိုလ်များနှင့် ကြိုဆိုပို့ဆောင်ကြသော ပရိသတ်များကို ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီးက ကြိုဆိုရေးတရားကို ချီးမြှင့် ဟောကြားတော်မူသည်။

## ချင်းတောင်ပေါ်သို့

လဆုတ် ၁၁-ရက်နေ့ နံနက် ၆-နာရီတွင် ဦးသိန်းလွင်တို့အဖွဲ့က ခေါင်းဆောင်ပြီး ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားနှင့် နောက်ပါသံဃာတော်များ (ကလေးမြို့ ရိပ်သာ ဆရာတော် ဦးဝိသုဒ္ဓ ပါဝင်သည်)ကို မာစတာ ဂျစ်ကားသစ်ဖြင့်၎င်း၊ ကျန်ပုဂ္ဂိုလ် များကို ကုန်းလမ်းပို့ဆောင်ရေး ကော်ပိုရေးရှင်း ၃-တန်ကားဖြင့်၎င်း၊ ၇၈-မိုင်ဝေး သော ချင်းတောင် ဖလမ်းမြို့သို့ ပင့်ဆောင်သွားကြသည်။

ကလေးမြို့မှ မြေပြန့် ကားလမ်းအတိုင်းသွားရာ ၉-မိုင် စခန်း (၁) နေရာသို့ နေထွက်ပြုစ အချိန်တွင် ရောက်သည်၊ ထိုနောက် မြေပြန့်လမ်း မရှိတော့ပဲ တောင်ပေါ် ကားလမ်း လမ်းကက်စ ပြုတော့သည်၊ တတောင်ပြီးတတောင် ကျော်ကွေ့ကောက်ပြီး ကားစီးလာရာ ၁၉-မိုင် စခန်း(၂)နေရာကို ရောက်သည်၊ ပို၍ အေးလာ၍ လိုက်ပို့ ကြသူများ အဝတ်ထူ ခေါင်းပတ်ခြင်း, ခေါင်းစွပ် စွပ်ခြင်းဖြင့် လေအေးခံလာခဲ့ပြန်ရာ ၂၃-မိုင်၊ စခန်း(၃) နေရာကို ရောက်သည်၊ ကားဖြေးဖြေးသာ မောင်းလာရ၍ ကားခေတ္တနားရန် ဆိုက်လိုက်ရာ၊ ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးမှစပြီး အားလုံး ကားပေါ်မှ ဆင်းကြ၍၊ အညောင်းပြေ လမ်းလျှောက်ကြသည်၊ နေစာလှုံယင်း ပတ်ဝန်းကျင်တို့ကို လှမ်းမျှော်ကြည့်ရာ၊ တောတောင်ကြိုကြားတို့တွင် လူနေတဲအိမ်များကို တွေ့ရ၍ ရွာလေးတရွာဖြစ်ကြောင်းသိရသည်၊ ကားလမ်းဘေးတွင် ဖတ်ရန်(ပေ ၃၉၇၀) ရေးထားသော မှတ်တိုင်ကို တွေ့ရသဖြင့် ကားမောင်းတက်လာတာ ပင်လယ်ရေမျက်နှာ ပြင်မှ ပေ ၄၀၀၀-နီးခါး အမြင့်ရှိကြောင်း သိရသည်။

## တောင်ပေါ်တောထဲ ဆွမ်းကပ်ပွဲ

ၐင်းမှ ခရီးဆက်ပြန်ရာ သိုင်းငန်းရွာ (ဒေပ ၆၂၅၀) မှတ်တိုင်ကို တွေ့ရပြန်သည်၊ ၎င်းရွာမှ ၂၆-မိုင် ဝေးသော တီးတိန်မြို့သို့ သွားရန် ကားလမ်းခွဲရှိသည်၊ ခရီးသည်ကားများ မတွေ့ရပဲ တောကြီး တောင်ကြားတို့၌ ဤကားနှစ်စင်းဖြင့် ခရီးနှင်ခဲ့ရာ ၄၃-မိုင် ဖါးလုံစခန်းသို့ ၁၀-နာရီခွဲတွင် ဆိုက်ရောက်သည်။

တောင်စောင်း၌ ဆောက်လုပ်ထားသော သပ်သပ်ယပ်ယပ် သွပ်မိုးပျဉ်ကာ အစိုးရအရာရှိများ တည်းခိုရာ အဆောက်အဦးတွင် ကားထိုးဆိုက်လိုက်၍ အားလုံးဆင်းပြီး အပန်းဖြေကြသည်၊ ဦးမောင်မြတို့ အဖွဲ့သားတို့က တရက် ကြိုတင် လာရောက်ပြီး ဆွမ်းကိစ္စ စီမံထားသောကြောင့် လိုလေသေးမရှိ အဆင်ပြေပါသည်၊ ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးအား စားပွဲ ကုလားထိုင်ဖြင့် ဆွမ်းကပ်ကြပြီး နောက်ပါ သံဃာတော်များအား စားပွဲရှည် ကုလားထိုင်ဖြင့် ဆွမ်းကပ်ကြရသည်၊ သံဃာတော်များ ပြီးစီး၍ လိုက်ပို့ကြသူ ၂၅-ယောက်တို့သည် ကုလားထိုင် မလုံလောက်၍ အချို့ မတ်တပ်ရပ်ပြီး ထမင်းစားကြရာ ပျော်စရာပင် ဖြစ်သည်။

## တောင်ပေါ်မြစ်နှင့် ကြိုးတံတား

၎င်းစခန်းမှ ခရီးဆက်ပြန်ရာ တောင်ထိပ် တတောင်မှတတောင် ဖြတ်သွားနေရစဉ် မိုးကောင်းကင်တွင် တိမ်များ အစုလိုက် အလုံးလိုက် မြင်ရ၍၎င်း၊ အောက်ငုံ့ကြည့်လိုက်လျှင် နက်ရှိုင်းသော ချောက်ကြီးများကို မြင်ရ၍၎င်း၊ တခါတရံ လေယာဉ်ပျံ စီးနေရသလို ထင်မိ၏။

အဝေးကပင် မြင်ရသော တောင်ခါးပန်း၌ အစီအရီ အိမ်များရှိ၍ သာယာလှပသော ပေ ၄၁၀၈ ရှိ လွမ်ဘန်ရွာကို ဖြတ်ကျော်ပြီးနောက် ၆၆-မိုင် ခရီးပေါက်သော် ရခိုင်ရိုးမတောင်များကို မြစ်ဖျားခံပြီး စီးဆင်းလာသည့် မဏိပူရမြစ်ကလေးသို့ ရောက်သည်။

၎င်းမြစ်ကလေးသို့ ဖြတ်ကျော်ရန် ကြိုးတံတားဆောက်လုပ်ထား၍ ကားဖြေးဖြေးမောင်းရသည်၊ တဘက်ကမ်း၌ ရဲစခန်းရှိ၍ ခေတ္တအနားယူစဉ် ကြိုးတံတားကြီးကို ကြည့်ရှုကြရသည်၊ တောင်အောက်ကနေ တောင်ထိပ်များပေါ်သို့ တဖြေးဖြေး တက်ကြပြန်ရာ၊ တတောင်ဆစ်ချိုးပေါင်း ၃၀-ကျော်ကို ဖြတ်သန်းလာခဲ့ပြီး ရောက်လိုလှသော ဖလမ်းမြို့သို့ ညနေ ၃-နာရီတွင် ဘေးမသီ ရန်မခ ချောမောကျန်းမာစွာ ဆိုက်ရောက်ကြသည်။

တောင်တန်းဗုဒ္ဓဘာသာအဖွဲ့ အစီအစဉ်ဖြင့် တောင်ပူစာတခုပေါ်ရှိ ချင်းပြည်နယ် အရာရှိများတည်းခိုရန် ခေတ်မီဆောက်လုပ်ထားသော အဆောက်အဦ၌ တည်းခိုကြရသည်၊ မျက်နှာစာတွင် (တောင်ဇလပ်ရိပ်သာ)ဟု နာမည်ရေးထိုးထားသည်ကို တွေ့ရသည်၊ အိပ်ခန်းကြီး ၂-ခန်း၊ အိပ်ခန်းငယ် ၃-ခန်း၊ ကျယ်ပြန့်သော ဧည့်ခန်းကြီး၊ ထမင်းစားခန်း၊ မီးဖို၊ ရေချိုးခန်း၊ အိမ်သာခန်းစသည်များကို ခေတ်မီစွာ အုတ်တိုက်ဖြင့် ဆောက်လုပ်ပြင်ဆင်ထားသည်ကို တွေ့ရသည်၊ ညဘက်တွင်ပိုအေး၍ ကျေးဇူးရှင်ဆရာတော်ဘုရားကြီး၏ အခန်း၌ နွေးစေရန် မီးသွေးမီးလင်းဖိုထည့်ရသည်၊ မြို့လည်ဓမ္မာရုံကလေး၌ သရက်အောင်မင်္ဂလာ အရှင်စန္ဒာဝရ က ရွှေထွက်ဟောပြော၍ ကျေးဇူးရှင် ဆရာတော်ဘုရားကြီးက "ရှစ်ဖြာမဂ္ဂင် နိဗ္ဗာန်ဝင် တရားတော်ကို" ၂-ညဟောကြားတော်မူသည်။

## တောင်တန်း သာသနာပြုဌာန

"ဤမြို့၌ ဗုဒ္ဓဘာသာ ၁၀၀-သာရှိသည်၊ အများအားဖြင့် မြေပြန့်မှပြောင်းရွှေ့လာသော အစိုးရအမှုထမ်းများသာ ဖြစ်ကြသည်"ဟု တောင်တန်းဗုဒ္ဓဘာသာအဖွဲ့ ဥက္ကဋ္ဌက ပြော၍ သိရသည်။

လဆုတ် ၁၂-ရက်နေ့ နံနက်ပိုင်းတွင် တောင်တန်းဗုဒ္ဓဘာသာအဖွဲ့ တည်ရာဌာနတခုတည်းသော ဗဟို သာသနာပြုကျောင်းသို့ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားအား ဒကာများ လိုက်ပို့ကြသည်။

၎င်းကျောင်း၌ မြေပြန့်မှ အရှင်ကောဏ္ဍည တပါးတည်း သီတင်းသုံးပြီး ဗုဒ္ဓသာသနာတော်ကို ပြုစုနေသည်၊ ၆-နှစ်မှ ၁၅-နှစ်ရှိ ချင်းလူမျိုးကျောင်းသားကလေး ၇၀ ကျော်ရှိသည်ကို တွေ့ရသည်၊ ချင်းသံဝဲဝဲနှင့် မင်္ဂလာတရား ၃၈-ပါးကို ညီညာစွာ ရွတ်ဆိုကြပြီး ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးအား သြကာသ ညီညီဖြင့် ကန်တော့ကြသည်၊ ဝါတွင်းအခါ၌ ကျောင်းသား ၁၀၀ အထိ ရှိသည်ဟု သိရသည်။

အိမ်ခြေ ၅၀၀ ကျော်ရှိပြီး လှေခါးထစ်သဖွယ် တောင်စောင်းတို့တွင် အစီအရီဆောက်လုပ်ထားသော သစ်သားအိမ်များကို တွေ့ရသည်၊ အစိုးရအထက်တန်းကျောင်း တကျောင်းရှိပြီး မြို့၏ အမြင့်ဆုံးတောင်ထိပ်ပေါ်တွင် လူနာ ၁၀၀-ကျော်ဆန့် ခေတ်မီ အုတ်တိုက်ဆေးရုံကြီးရှိသည်၊ ဆရာဝန်မှစပြီး အမှုထမ်းများ နေထိုင်ရန် အိမ်များလည်း ပတ်ဝန်းကျင်၌ အသီးသီး ရှိကြပါသည်၊ မြို့လယ်ဓမ္မာရုံ၌ စုပေါင်း လှူဒါန်းသော ဆွမ်းခဲဘွယ်များကို နေ့ဆွမ်းအဖြစ် ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားအား ဆက်ကပ် လှူဒါန်းကြသည်။

နှစ်ပေါင်း ၃၀-ခန့် တောင်တန်း ဗုဒ္ဓသာသနာပြု ဦးဥတ္တမသာရသည် ဟားခါး မြို့မှပြန်လာပြီး ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားအား ကန်တော့သည်ကို တွေ့ရသည်၊ ချင်းပြည်နယ် ပြည်သူ့ကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကပ်ကျုံနုံး စသည့် ဒေသခံလူကြီးများ လာရောက်ကြပြီး "တပည့်တော်တို့၏ တောတောင်ထူထပ်သော ချင်းပြည်နယ်သို့ ဆရာတော် အပင်ပန်းခံပြီး ကြွရောက် ချီးမြှင့်တာကို တပည့်တော်တို့ အလွန်ဝမ်းသာကြပါသည်၊ နောင်လဲ ကြွရောက်လာပါက တပည့်တော်များ အကူအညီ ပေးရန် အသင့်ရှိပါသည်"ဟု လျှောက်ထားသည်ကိုလည်း ကြားလိုက်ရပါသည်။

## အပြန်မှာလဲ ဒီနေရာပဲ ဆွမ်းကိုစွပြီးကြွ

လဆုတ် ၁၃- ရက်နေ့နံနက်စောစောတွင် ဒကာများ မြို့တွင်းမှအချိန်မီလာပို့သော အရက်ဆွမ်းကို တောင်ဇလပ်ရိပ်သာ၌ဘုဉ်းပေးပြီးနောက် လာသည့်ကား ၂-စင်းဖြင့်ပင် ကလေးမြို့သို့ ပြန်လည်ထွက်ခွာကြသည်။ မိုးလင်းလုဆဲဆဲ နှင်းများကျ၍ ခေါင်းပေါင်းပတ် ကိုယ်စီဖြင့် ဒကာတစုတို့သည် ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားအား လိုက်ပို့ ကြရန် စိမ်းလန်းစိုပြေ သာယာချမ်းအေး ဖလမ်းမြို့ကလေးကို ခွဲခွာခဲ့ကြသည်၊ နေ့ ၁၀- နာရီတွင် လာစဉ်ကဆွမ်းစားရာ ဖားလုံစခန်း၌ ဒကာများ တရက်ကြိုတင်လာရောက်စီမံ ထားသော ဆွမ်းကို ကျေးဇူးတော်ရှင် မဟာစည်ဆရာတော် အမှူးရှိသော သံဃာတော် များကို ရှိသေစွာဆက်ကပ်ကြ၏။

ဆွမ်းပြီးသော် ခရီးဆက်ခဲ့ရာ၊ ကလေးမြို့ရိပ်သာသို့ ညနေ ၃-နာရီတွင် ချောမောစွာ ရောက်ရှိကြသည်၊ ညဘက်တွင် မြို့မြောက်ဘက် ဘုရင့်နောင်လမ်း ဓမ္မာရုံကျောင်းအုတ်တိုက် ဓမ္မာရုံကြီး တွင် ပြည့်ကြပ်နေသော ပရိသတ်များကို ကျေးဇူးတော်ရှင် မဟာစည်ဆရာတော် ဘုရားကြီးက "ရှစ်ဖြာမဂ္ဂင် နိဗ္ဗာန်ဝင် တရားတော်"ကို ၂-ည ဟောကြားတော်မူသည်။ ၂-ညလုံးပင် သရက်အောင်မင်္ဂလာ အရှင်စန္ဒာဝရက ရွှေထွက်တရား ဟောကြားတော် မူ၏။ ၅-မိုင် ၆-မိုင်ကွာ ကျေးရွာများမှ တောင်သူဦးကြီး မိသားစုများက တရားနာ လာကြရန် ကားအကြို-အပို့ကို တရားပွဲဖြစ်မြောက်ရေးအဖွဲ့မှ စီစဉ်ပေးကြသည်မှာ အလွန် ကျေးဇူးများပါသည်။

## ကလေးမြို့မှ ကလေးဝသို့

တပေါင်းလဆန်း ၁-ရက်နေ့ နံနက်ပိုင်းတွင် ၂၄-မိုင်ဝေးသော ကလေးဝမြို့မှ သာသနာ့ရိပ်သာ ဆရာတော် ကြီးမှူးပြီး ဦးမြရင်၊ ဦးစံရ၊ ဦးအောင်သန်း စသည့်

လူကြီးများ ကား ၃ စီးဖြင့် ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားအား လာရောက်ကြိုဆိုကြသည်။ ၁၆-မိုင် ခရီးပေါက်သော် သစ်ပင်များ ထူထပ်စွာရှိသော တောကြီးအတွင်း၌ ကျောက်မီးသွေးတူး ကာယ ဉာဏ အလုပ်သမားများနေထိုင်ရာ သစ်ခြောက်စခန်းသို့ ရောက်သည်၊ တသက်တွင်တခါ မိမိတို့နေရာဌာနသို့ အလွန် ရောက်ခဲသော ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားအား အားပါးတရ ဖူးတွေ့ကြရန် စောင့်မျှော်နေသော မိသားစုများ ၃၀၀-ကျော်ကို တွေ့ရ၍ အံ့ဩမိသည်။

## ကျောက်မီးသွေးဌာန တရားပွဲ

ကားလမ်းနားရှိ ကျယ်ပြန့်သော တောင်ကုန်းမြင့်ကလေး၌ စေတီငယ်တဆူနှင့် အာရုံခံတန်ဆောင်းတခုရှိသည်၊ ပြင်ဆင်ထားသော ဇရပ်၊ နေရာသို့ တာဝန်ခံလူကြီးများက ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားအား ပင့်ဆောင်သွားကြပါသည်၊ တောကြီးထဲ၌ဖြစ်သော်လည်း အစိုးရကျောက်မီးသွေးတွင်းတူး အလုပ်သမားများနေထိုင်ရာသွပ်မိုးပျဉ်ကာ အိမ်တန်းလျားများစွာတို့၌ နေထိုင်ကြသော အလုပ်သမား မိသားစုများကို ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားက ''ကောင်းခြင်းလေးဖြာ တရားတော်'' ကို တနာရီကြာ ချီးမြှင့် ဟောကြားတော်မူသည်။

ဂ-မိုင်ဝေးသော ကလေးဝမြို့မှ ယောဂီဟောင်းများ မြို့ခံ လူကြီးများတို့က ကား ၇-စီးဖြင့် ဤစခန်းတွင် လာရောက်ကြိုဆိုနေကြလည်၊ မြို့အဝင် ကားဖြေးညှင်းစွာသွားပြီး အမျိုးသမီးများက ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီး၏ သီလဂုဏ် သမာဓိဂုဏ်ပုဒ်များစွာကို အသံချဲ့စက်မြင့် ညီညာစွာ ရွတ်ဆိုလိုက်ပို့ကြသည်။ ချင်းတွင်းမြစ်နှင့် မဝေးသော ကလေးဝမြို့ ရွှေမုဋ္ဌောကျောင်းသို့ နေ့ဆွမ်းအမီ ဆိုက်ရောက်ကြသည်။

ပုဆိုးတပတ်ကျော်ကျော် ကျွန်းတိုင်လုံးရှည်များဖြင့် ဆောက်လုပ်ထားသော နှစ်ထပ်ကျွန်းသစ်သား ကျောင်းကြီးအပေါ်ထပ်၌ ကြိုဆိုနေကြသော မြို့မိမြို့ဖများ ပြည့်နှက်နေကြ၍ ရောက်ရောက်ချင်း ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားက ''ကြိုဆိုရေးတရား'' ကို ချီးမြှင့်ဟောကြားတော်မူသည်။

ညဘက်တွင်လည်း ''ရှစ်ဖြာမဂ္ဂင် နိဗ္ဗာန်ဝင် တရားတော်'' ကို ၂-ည ဟောကြားတော်မူသည်။ ၂-ညလုံး အရှင်စန္ဒာဝရကလည်း ရှေ့ထွက်တရားဟော၏။ ကျောင်းကြီးမဆန့်၍ ပရိသတ်များ မြေကွက်လပ် တရားထိုင်နာနေကြသည်ကို တွေ့ရသည်။

လဆန်း ၂-ရက်နေ့လည်တွင် ရှင်ပြုအလှူကြီး၌ ''အနုမောဒနာတရား'' ကို ကျေးဇူးရှင် ဆရာတော်ဘုရားက ဟောကြားတော်မူသည်။

## ကလေးဝတောကျောင်း ဩဝါဒခံပွဲ

ညနေတွင် မြို့အစွန် တောရကျောင်းဒကာများ ယောဂီဟောင်းများလာပင့်ကြ၍ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရား ကြွတော်မူပြီး မွေ့ရုံ၌ ဖူးမြော်ရန် စောင့်ဆိုင်းနေကြသော ပရိသတ်များအား ''အပါယ်ဘေးငြိမ်းခွင့် ဉာဏ်အဆင့် အသင့်ရောက်ပါစေ တရားတော်'' ကို ဟောကြားတော်မူသည်။

## ယာယီအိမ်ကျောင်းမှာ နားခဲ့ရ

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရား ဆိတ်ငြိမ်ချမ်းသာစွာ သီတင်းသုံး အနားယူရန် ဦးမြရင် ဒေါ်နီတို့တိုက်ကို စံကျောင်းတော်အဖြစ် လှူဒါန်းထား၍အရာရာ မှာ အဆင်ပြေပါသည်။

## ကလေးဝမှ တမူးသို့

လဆန်း ၃- ရက်နေ့ နံနက် ၅-နာရီတွင် ၉၂- မိုင်ဝေးသော အိုန္ဒိယပြည်နယ်စပ် တမူးမြို့သို့ ဒကာများပင့်ထား၍ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရား ကြွတော်မူသည်။

## ကျီကုန်းအရုဏ်ဆွမ်း

ကလေးဝရိပ်သာ ဆရာတော်နှင့် ဦးမြရင်တို့ပါ တမူးမြို့သို့ လိုက်ပို့ကြသည် ဖြစ်၍ ကလေးဝမြို့မှ နံနက်စောစော ကား ၂-စင်းဖြင့်ထွက်ခဲ့ရာ ကျီကုန်းစခန်းသို့ ၆နာရီ တွင် ဆိုက်ရောက်သည်၊ ၎င်းစခန်းတွင် နေထိုင်ကြသော ရွာခံလူကြီးများက ကြိုတင် စီမံထားသော အရုဏ်ဆွမ်းကို ကျေးဇူးတော်ရှင် မဟာစည်ဆရာတော် အမှူးပြုပြီး နောက်ပါသံဃာတော်များ လူပုဂ္ဂိုလ် ၂၀-ကျော်တို့အား ဆက်ကပ်ကျွေးမွေးကြသည်။

ကလေးမြို့ ကလေးဝမြို့နှင့် တမူးမြို့များမှ ဒကာများ စီစဉ်ထားချက်အရ ကျေးဇူးတော်ရှင် ဆရာတော်ဘုရားစီးရန် မာဇဒါဂျစ်အသစ်ဖြင့်၎င်း၊ နောက်ပါသံဃာ တော်များစီးရန် ဂျစ်တစင်းဖြင့်၎င်း၊ လိုက်ပို့ကြသော ပုဂ္ဂိုလ်များစီးရန် ကုန်းလမ်း ပို့ဆောင်ရေးသုံးတန်ကားဖြင့်၎င်း၊ ကလေးမြို့မှ ကြိုဘင်လာရောက် စောင့်ကြိုနေသော ကားများပေါ်သို့ ပြောင်းစီးကြပြီး ခရီးစထွက်ခဲ့ရာ ၆၇-မိုင်ဝေးလော ဘုတ်ကံရွာသို့ နေ့ ၁၁-နာရီတွင် ဆိုက်ရောက်ကြသည်။

## ဘုတ်ကံနေ့ဆွမ်းတရားပွဲ

ဒကာများကြိုတင် စီစဉ်ထားသည့်အတိုင်း ဘုတ်ကံ ရွာသူရွာသားများနှင့်တကွ ပတ်ဝန်းကျင် ၄-၅-မိုင်ဝေးသော ကျေးရွာများမှ တောင်သူဦးကြီးမိသားစု ၃၀၀ ကျော်တို့က ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားအား ဆွမ်းကပ်ကြသည်မှာ စည်ကားလှပါ၏။ မိမိတို့နေရာသို့ တသက်တခါ ကျေးဇူးတော်ရှင် ဆရာတော်ဘုရား ကြွရောက်တော်မူသောကြောင့် ဆွမ်းအလှူတွင်မက တရားဓမ္မပါ သနားငဲ့ညှာသော အားဖြင့် ချီးမြှင့်တော်မူပါရန် တာဝန်ခံ လူကြီးများက လျှောက်ထား ကြသဖြင့် ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးသည် အစီအစဉ်မရှိသော်လည်း လက်ခံတော်မူပြီး အလွန်တောကျသော ကျေးရွာသူရွာသားများကို "ကောင်းခြင်းလေးဖြာ တရားတော်" ကို နေ့လည် ၂-နာရီတွင် တနာရီကြာဟောကြားတော်မူ၏။

## တမူးမြို့ ကြိုဆိုပူဇော်ပွဲ

ထို့နောက် တမူးမြို့သို့ ဆက်လက်တွက်ခွါခဲ့ရာ ညနေ ၄-နာရီတွင် ဆိုက်ရောက်သည်၊ လမ်းခရီးတလျှောက်လုံး မြေပြန့်သာများပြီး ဝါးတောကြီးများ သစ်တောကြီး များ အိမ်ခြေနည်းသော ရွာကလေးများသာ တွေ့ရသည်၊ ဘုတ်ကံရွာမှ တမူးမြို့အထိ ကားလမ်း၏ အနောက်ဖက်တွင် အိန္ဒိယနယ်မြေဖြစ်ပြီး ညို့မှိုင်းမှိုင်း တောတောင်ကြီး များကို လှမ်းမျှော်တွေ့ရသည်၊ အရှေ့ဖက်တွင် ဗမာပြည်နယ်မြေဖြစ်၍ စပါးစိုက်ကွင်း များတွေ့ရသည်။ တမူးမြို့အဝင်တွင် မုခ်ဦးပြာသာဒ်လုပ်ပြီး သောဖက်တွင် မဏ္ဍပ်တခု ဆောက်လုပ်ထားသည်ကို တွေ့ရသည်။

မြို့လုံးကျွတ်ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားအား ကြိုဆိုပင့်ဆောင် တရားပွဲကျင်းပရေးအဖွဲ့ သံဃာတော်များ ဥက္ကဋ္ဌ ဦးပေါ်ညွန့်၊ အတွင်းရေးမှူး ဦးလှကြိုင်၊ အမှုဆောင်လူကြီး ဦးတင်ကြည်၊ ဦးဘမြင့် စသည့် မြို့မျက်နှာဖုံးလူကြီးများ၊ မြို့သူ မြို့သားများ ပရိသတ်တထောင်ကျော်တို့က လက်အုပ်ချီပြီး ကြိုဆိုနေကြသည်။ လူကြီး များက ကျေးဇူးတော်ရှင် ဆရာတော်ဘုရားအား ဤနေရာ၌ ပရိသတ်များ ဖူးမြော် ကန်တော့ရန် လျှောက်ထားကြပြီး မဏ္ဍပ်ရှိရာသို့ ပင့်ဆောင်သွားကြသည်၊ မြေကြီး ပေါ်တွင် ထိုင်ကန်တော့နေကြသော ပရိသတ်များအား ကျေးဇူးတော်ရှင် ဆရာတော် ဘုရားကြီးက "ကြိုဆိုရေးတရား" ကို ချီးမြှင့်ဟောကြားတော် မူသည်။

ထိုနောက် ဆရာတော်ဘုရားစီးသော ကားနောက်မှ မြို့သူ မြို့သားများတို့သည် ကျေးဇူးတော်ရှင် ဆရာတော်ဘုရား၏ သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ်ပုဒ်တို့ကို ညီညာ

စွာ ရွတ်ဆိုပြီး ခြေလျင် လိုက်ပို့ကြသည်၊ တည်းခို သီတင်းသုံးရန် မြို့အစွန် ရွှေကျင်ဂိုဏ်းချုပ် မြို့မကျောင်းကြီးသို့ နေမဝင်မီ ဆိုက်ရောက်သည်။ ညဘက်တွင် ကျောင်းကြီးပေါ်၌ ပြည့်ကြပ်နေသော ပရိသတ်များအား ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားက ''ရှစ်ဖြာ မဂ္ဂင် နိဗ္ဗာန်ဝင် တရားတော်''ကို တည ဟောကြားတော်မူသည်။

ဒုတိယ ညတွင် မြို့လယ်ရှိ ဦးတစ်ကြည် ရေခဲစက်နှင့် နေအိမ်မဏ္ဍပ်၌ ဆက်လက်ပြီး ဟောကြားတော်မူသည်။ ၂-ညလုံးပင် အရှင်စန္ဒာဝရက ရွှေထွက် တရားဟော၏။ အိန္ဒိယပြည်နယ်စပ် ဗမာကျေးရွာမှ ဗုဒ္ဓဘာသာများ, ပတ်ဝန်းကျင် တောကြို တောင်ကြား ကျေးရွာများမှ ပရိသတ်များ, တရားနာ လာကြသည်မှာ ကျယ်ဝန်းသော မဏ္ဍပ် ပြည့်ရုံတွင်မက လျှံထွက်၍ မြေကွက်လပ်များတွင် ထိုင်နာကြသည်အထိ ဖြစ်ပါသည်၊ တရားပွဲပြီးက အိမ်မပြန်ကြပဲ အချို့ မဏ္ဍပ်မှာပဲ အိပ်ကြသည်။

## မိုးရေးရောက် မဟာစည် ယောဂီရဲ့ အလှူပွဲ

လဆန်း ၄-ရက်နေ့ နံနက်ပိုင်းတွင် စာရေးသူတို့သည် တည်းခိုရာ ကျောင်းမှ ကားလမ်းမအတိုင်း ဖြေးဖြေး လမ်းလျှောက်ထွက်ခဲ့ရာ ၆-ဖာလုံခန့် အရောက်တွင် (လ-ဝ-က) ရုံးခန်းရောက်ပြီး အကူအညီ တောင်းခံခြင်းကြောင့် လူဝင်မှုကြီးကြပ်ရေးမှူး ဦးသိန်းဖေ၏ ရှေ့ဆောင်လမ်းပြ၍ တဖာလုံခန့် လမ်းလျှောက်ပြန်သော် ဗမာပြည်ဘက် အဖြူရောင် ဆေးသုတ်ထားပြီး၊ အိန္ဒိပြည်ဘက်အနက်ရောင်ဆေး သုတ်ထားသော မဟူရာ ချောင်း သံတံတားကို ဖြတ်ကျော်ပြီး အိန္ဒိယပြည် နယ်မြေဖွံ့ဖြိုးရေးရွာသို့ ဗဟုသုတအလို့ငှါ ရောက်ခဲ့ကြပါသည်။

၎င်းရွာနေ ရန်ကုန်မြို့သူ သာသနာ့ရိပ်သာ၌ လှန်ခဲ့သော အနှစ် ၂၀-က တရားအားထုတ်ခဲ့ဘူးသူ ယောဂီဟောင်း **ဒေါ်မြစိန်** အမျိုးသမီးကြီးသည် နှစ်ပေါင်းများစွာ ကွဲကွာခဲ့သော ဆရာသမားကို ပြန်တွေ့ရ၍ ဝမ်းမြောက် ဝမ်းသာ ဖြစ်ပြီး သားကြီးကို တမူးမြို့-မြို့မကျောင်း၌ ရဟန်းခံ‌ စေပြီး လှူဘွယ်ဝတ္ထု ပစ္စည်းများစွာကို ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားအား ဆက်ကပ် လှူဒါန်းသည်။

## အပြန်ဖက်ယာ ရေရှင်ဆွမ်း တရားပွဲ

လဆန်း ၅-ရက်နေ့ နံနက် ၇-နာရီတွင် လာခဲ့စဉ်က စီးလာသော ကားများဖြင့် တမူးမြို့မှ ပြန်လည် ထွက်ခွာခဲ့ရာ ဘုတ်ကုံရွာသို့ ဒုတိယအကြိမ် ပြန်ရောက်စဉ် ဒကာများ

ပင့်၍ ကျေးဇူးတော်ရှင် ဆရာတော်ဘုရားက ကျောင်းကြီးပေါ်၌ အဖူးအမြော် ခံတော်မူသည်။

တောအထပ်ထပ် သွားရပြီး ကြိုးကြား ကြိုးကြား ရွာကလေး တဲကလေးများသာ တွေ့ရှိ ဖြတ်သန်းခဲ့ရသော ၉၂-မိုင်ရှည် ခရီးလမ်းမှာ နာမည်ကြီး (၁) စေဘားရေရှင်၊ (၂) ဖက်ယားရေရှင်၊ (၃) ကျွန်းတောရေရှင်ဆိုသည့် စခန်းသုံးခု ရှိသည်၊ ကလေးမြို့ အကောက်ခွန်အရာရှိ ဦးခင်တင့်-ဒေါ်မြင့်မြင့်ဝေတို့ ဦးစီးပြီး အဖွဲ့သားတို့က ဖက်ယားရေရှင် စခန်းတွင် ကြိုတင် လာရောက် ချက်ပြုတ်ထားသော ဆွမ်းကို ဘုဉ်းပေးရ၏၊ ဖက်မိုး ဝါးတရံကာ အဆောက်အဦးငယ်သို့ ၁၀-နာရီတွင် ဆိုက်ရောက်သည်၊ လူသူမနီး တောကြီးထဲ၌ ပူပူနွေးနွေး ဆွမ်းပွဲ, အချိုပွဲများကို မျက်နှာချိုချိုသာသာရှိသော အဖွဲ့သူ အဖွဲ့သားတို့က ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရား အမှူးရှိသော သံဃာတော်များ လိုက်ပို့ကြသော ပုဂ္ဂိုလ်များတို့ကို ရိုရိုသေသေ ဆက်ကပ်လှူဒါန်း ကျွေးမွေးကြသည်ကို မေ့လို့မရနိုင်အောင် ကျေးဇူးများ ပါသည်၊ ကျေးဇူးရှင် ဆရာတော်ဘုရားလည်း "ဆွမ်း ကာလဒါန ၅-မျိုး အနုမောဒနာတရား"ကို ချီးမြှင့်တော်မူသည်။

ၾငင်းမှ ခရီး ဆက်လက် ထွက်ခွါခဲ့ရာ ကလေးမြို့သို့ တလမ်း၊ ကလေးဝမြို့သို့ တလမ်း၊ လမ်းခွဲရှိရာ ကျီကုန်းစခန်းသို့ ဒုတိယအကြိမ် ပြန်ရောက်သည်၊ ၎င်းနေရာ၌လည်း တောနေ တောင်သား ဒကာများက ကျေးဇူးတော်ရှင် ဆရာတော်ဘုရားအား ပင့်၍ ဖူးတွေ့ ကန်တော့ကြပြန်သည်။ လေကြောင်းဖြင့် မန္တလေး ပြန်ကြွရန် အစီအစဉ်ရှိ၍ ကလေးဝမြို့သို့ မသွားတော့ပဲ လေဆိပ်ရှိရာ ကလေးမြို့သို့ ထွက်ခဲ့ရာ၊ မွန်းလွဲ ၂-နာရီတွင် ပြေပြစ်စွာ ဒုတိယအကြိမ် ကလေးမြို့ သာသနာ့ရိပ်သာသို့ ပြန်ရောက်သည်။

## ကလေးမြို့ တရား ၂-ည

ညဘက်၌ ရိပ်သာနှင့် အုတ်တံတိုင်းခြား ရွှေဘုံသာစေတီရှိ မြို့၏ကျက်သရေဆောင် ခမ်းနားကျယ်ဝန်းလှသော အုတ်တိုက် ဓမ္မာရုံကြီးတွင် ကြည်လင်ရွှင်လန်း တရားနာ ပရိသတ် ပြည့်ဝှန်းလှသော ကလေးမြို့နှင့်တကွ နယ်သူ နယ်သားများကို ဒုတိယအကြိမ် ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီးက "သီလဝန္တ-သုဘဝန္တသုတ် တရားတော်"ကို ၂-ည ဟောကြားတော်မူသည်။ မဟာစည် နယ်လှည့် ကမ္မဋ္ဌာနာစရိယ ဓမ္မကထိက၊ သရက်အောင်မင်္ဂလာ အရှင်စန္ဒာဝရကလည်း ၂-ညလုံးပင် ရွှေဘွက်တရားကို ဟောကြားပါသည်။

## ကံလေးမြို့ရိပ်သာ နှုတ်ဆက်တရားပွဲ

လဆန်း ၆-ရက်နေ့ တနာရီတွင် ကြိုဆို ပင့်ဆောင် တရားပွဲဖြစ်မြောက်ရေး အဖွဲ့သူ-အဖွဲ့သားများနှင့် ရိပ်သာ ဒကာ-ဒကာမ ယောဂီဟောင်းတို့သည် ရိပ်သာဓမ္မာရုံ၌ ကျေးဇူးတော်ရှင် ဆရာတော်ဘုရားအား နှုတ်ဆက် ကန်တော့ကြသည်။ ဆရာတော်ဘုရားလည်း တနာရီခန့် "သတိပဋ္ဌာန် ဝိပဿနာ တရားတော်"ကို ချီးမြှင့် ဟောကြားတော်မူသည်။

## မန်းရတနာပုံရိပ်သာ တရားပွဲ

လဆန်း ၇-ရက်နေ့ ၁၂-နာရီခွဲတွင် လေကြောင်းဖြင့် ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီးသည်မန္တလေးမြို့သို့ ပြန်လည် ထွက်ခွါခဲ့ရာမန္တလေး တနာရီ ၄၅-မိနစ်၌ ဆိုက်ရောက်တော်မူသည်၊ စိန်ပန်းရပ် မဟာစည် သာသနာ့ရိပ်သာ ရတနာပုံ ဝိပဿနာ အသင်း အတွင်းရေးမှူးများ ဖြစ်ကြသော ဦးခင်မောင်၊ ဦးအောင်ကိုး၊ အမှုဆောင်လူကြီး ဦးစိန်ဝင်းတို့က ကြိုဆို ပင့်ဆောင်ကြသည်။ လဆန်း ၈-ရက် ဥပုသ်နေ့ တနာရီတွင် ရိပ်သာဓမ္မာရုံကြီး၌ ဥပုသ်သည်များ, ယောဂီသစ်-ဟောင်းတို့ကို ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားက "ဓမ္မဒါယာဒသုတ် တရားတော်"ကို ဟောကြားတော်မူသည်။

**မဟာစည်ရွှေလမင်း၏ ငွေကြယ်တပည့်တသင်းတို့ ဒေသနာခရီး ကဏ္ဍ**

## ရန်ကုန် သာသနာ့ရိပ်သာ - ဟိတေသီဓမ္မာရုံဝယ်

# စနေနေ့တိုင်း တရားပွဲကျင်းပတယ်

## (ရန်ကင်း-ဒေါ်ခင်အိ)

ရန်ကုန်မြို့၊ ကုက္ကိုင်း ဟာမစ်တိတ်လမ်း၊ သာသနာ့ရိပ်သာတွင်း တလလျှင် ၄-သီတင်း တရားပွဲများ ထာဝစဉ်ရှိသော်လည်း အချို့မအားလပ်၍ သွားရောက်မနာကြားနိုင်ကြပါ၊ အစိုးရ အမှုထမ်းများမှာလည်း တရားဟောသည့် ဥပုသ်နေ့နှင့် အစိုးရဂေဇက်ဝင် ရုံးပိတ်ရက်နှင့် တိုက်ဆိုင်မှုက နည်းပါးလှပါ၏၊ ရုံးပိတ်ရက်နှင့် တိုက်ဆိုင်မှသာလျှင် တရားနာယူနိုင်ခွင့် ရကြပါသည်။

အရိယာနွယ်ဝင် သူတော်စင်များ ဖြစ်နိုင်ရန်မှာလည်း....

၁။ သူတော်ကောင်းထံ ချဉ်းကပ်ခြင်း၊

၂။ တရားနာယူခြင်း၊

၃။ မှန်ကန်သောနှလုံးသွင်းရှိခြင်း၊

၄။ မဂ်ဖိုလ်ရရန် နည်းမှန် လမ်းမှန်သော အကျင့်ကို ကျင့်ခြင်း-ဟူသော အချက် ၄-ချက်နှင့် ပြည့်စုံစွာ ကျင့်သုံးပွားများမှသာ အရိယာဖြစ်မှာ သေချာသည်ဆိုတာ ကျေးဇူးရှင် ဆရာသမားများ၏ ဟောပြောပြသ ဆိုဆုံးမချက်များကို နာကြားသိမှတ်ကြရပါသည်။

ဤသို့နာကြားရသည့်အခါ ဟိတေသီ အကျိုးဆောင်များသည် မိမိတို့ရိပ်သာသို့ တရားနာရန် မကြွရောက်နိုင်သော သက်ကြီး သက်ငယ် ပုဂ္ဂိုလ်များအား တရားပွဲများ ကျင်းပပေးနိုင်ရန် သဒ္ဓါဆန္ဒများ ဖြစ်ပေါ်လာကြပါသည်။

နောက်တခုကလည်း ဟိတေသီအဖွဲ့ဝင် သူတော်စင်များ၏ ကိုယ်အား ဉာဏ်အား စေတနာသဒ္ဓါတရားဖြင့် အခြေခံပြီး ဖြစ်ပေါ်လာသော ဟိတေသီ ဓမ္မာရုံကြီးတွင်လည်း

ကုသိုလ်ရှင်များ ကုသိုလ်တရားတွေ ထပ်မံတိုးပွားနေအောင် စနေနေ့ညတိုင်း တရားပွဲများ ကျင်းပနိုင်ခွင့် ရရှိလျှင် ကောင်းမှာပဲဟု အကြံများ ဖြစ်ပေါ်လာပါသည်။ (ရာဇဂြိုဟ်ပြည်မှာ ဘုရားလက်ထက်တော်က သွားရင်း လာရင်း ရောင်းဝယ်ရင်းနှင့် ဘုရားဖူး တရားနာ အားထုတ်ကြလို့ အရိယာတွေ ဖြစ်သွားကြဖုံကို ဆင်ခြင်အောက်မေ့ သတိရပြီး မိမိတို့လည်း အားလပ်ချိန် စနေနေ့ညတိုင်း တရားအားထုတ်ခြင်း တရားနာခြင်း ပြုနိုင်လျှင် ထိုကဲ့သို့ ဖြစ်နိုင်မှာပဲဟု ဆင်ခြင်မိပါသည်) အကြံဖြစ်ပေါ်လာသော်လည်း အထမြောက်ဖို့ရန် အခြေအနေက တော်တော်နှင့် မပေးခဲ့ပါ၊ အကျိုးဆောင်များ ကလည်း မလျော့သော ဇွဲလုံ့လဖြင့် ကြိုးစားလာခဲ့ရာ ၁၉၇၆-ခုနှစ် မတ်လကုန် လောက်တွင် အကြံထမြောက် အောင်မြင်ခဲ့ပါသည်။

ထိုအခါ ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးထံ လျှောက်ထားရန် သွားကြသောအခါ ခရီးထွက်ခိုက်နှင့် ကြုံကြိုက်နေပါသဖြင့် ကျေးဇူးရှင် ဆရာတော် ဦးသုဇာတထံတွင် ဟိတေသီဓမ္မာရုံကြီးတွင် စနေနေ့ညတိုင်း တရားပွဲများ ကျင်းပခွင့် ပြုပါရန် ခွင့်တောင်း လျှောက်ထားခဲ့ပါသည်။

ကျေးဇူးရှင်ဆရာတော် ဦးသုဇာတ အရှင်သူမြတ်သည် ကြည်ကြည်ဖြူဖြူ ခွင့်ပြု တော်မူလိုက်ပါသည်၊ ထို့ကြောင့် ၁၉၇၆-ခု၊ ဧပြီလ ၃-ရက်နေ့ စနေနေ့ညတွင် ကမ္မဋ္ဌာနစရိယ မဟာစည်ဓမ္မကထိက ဟံလင်းဆရာတော် ဦးဝိဇယ က ဟိတေသီ၏ ပဌမဆုံး တရားပွဲကို ဟောကြားချီးမြှင့်တော်မူပါသည်။

ထို့နောက် ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး ခရီးမှ ပြန်လည်ကြွရောက် တော်မူလာသောအခါ လျှောက်ထားတော့လည်း ဆရာတော်ဘုရားကြီးက ဝမ်းမြောက် ဝမ်းသာစွာပင် ခွင့်ပြုတော်မူပါသည်၊ ထို့နောက်ဆက်ကာ ဟိတေသီတရားပွဲ ထာဝစဉ် ဖြစ်မြောက်ရေးအတွက် မဟာစည်နယ်လှည့် ကမ္မဋ္ဌာနာစရိယ ဓမ္မကထိက ညောင်ကန် အရှင်ဣန္ဒက အရှင်မြတ်ကလည်း ရိပ်သာတွင်းရှိ သိဘင်းသုံးဖော် ယောဂီဟောင်း ရဟန်းတော်များအားအား စနေနေ့ညတိုင်း အလှည့်ကျ တရားဟောကြားတော်မူကြရန် ကြောင်းကျိုးပြ တောင်းပန်လျှောက်ထားပြီး အစီအစဉ်များ ပြုလုပ်ပေးပါသည်၊ ထို့ကြောင့် ရန်ကုန်သာသနာ့ရိပ်သာ နာယကဆရာတော်များနှင့် ဓမ္မကထိကများပါ ချီးမြှင့်တော်မူကြပါသော ဟိတေသီ စနေနေ့ည တရားပွဲအဖြစ် ထွန်းသစ်လာရပါသည်။

တရားပွဲ ဖြစ်မြောက်အောင်မြင်ပြန်တော့လည်း တရားနာပရိသတ်များ ချမ်းချမ်း သာသာ တရားနာနိုင်ကြရန် တရားနာသွားလာရေး နိဗ္ဗာန်ကူးတို့ မော်တော်ယာဉ် များကို စီမံဆော်ဩရပြန်ပါသည်၊ သည်တော့လည်း မော်တော်ယာဉ် အလှူ့ဒကာများ

ကလည်း အသီးသီး ပေါ်ပေါက်လာကြပါတော့သည်၊ အစပိုင်းက ပေါ်ထွက်ခဲ့ကြသော ကားအလှူရှင်များကို ဖော်ပြရပါလျှင်....

၁။ ဒေါ်နှင်းအေး၊ ၂။ ဦးတင်မောင် + ဒေါ်ကြည်ကြည်၊ ၃။ ဟိတေသီ အကျိုးဆောင်- ဦးအေးမောင် + ဒေါ်မြသွေး၊ ၄။ ဒေါ်ငွေကြည်၊ ၅။ ဟိတေသီ အကျိုးဆောင်- ဒေါ်ခင်အိတ်ပိုင် ဖြစ်ကြပါသည်။

တရားနာသူတော်စင် အပေါင်းတို့ကလည်း ဝမ်းမြောက်ဝမ်းသာဖြစ်လျက် မိမိတို့ လိုလားတောင့်တနေသော သူတော်ကောင်းတရားကို နာကြားကျင့်ပွားကြရပါသည်-ဟု ကောင်းချီးနုမော် သာဓုခေါ်ကြပါသည်၊ ထိုမျှသာမကသေးပါ၊ ဖော်ပြပါ စေတနာရှင် များကြောင့် မိမိတို့လွယ်လွယ်ကူကူ တရားနာကြားနိုင်ကြသလို အခြားတရားနာများလဲ နာကြားနိုင်ကြပါစေရန် စေတနာသန်ကြပြန်သဖြင့် သဒ္ဓါပွားများ ကားအလှူကုသိုလ် တွင် ပါဝင်လှူဒါန်းကြပြန်ပါသည်၊ တဆင့်စကား တဆင့်နားဖြင့် တရားနာလည်း ဖိတ်ခေါ်ကြပါသည်၊ ထို့ကြောင့် ကားတစီးမှ နှစ်စီး သုံးစီးသည် တိုးပွားကာ တရားနာ နိုင်ကြပါသည်။

ထိုမှတဆင့်တက်၍ တရားဆောင်ပုဒ် အလှူရှင်ပေါ်ပေါက်ခြင်း၊ ဓမ္မပူဇာ ဒကာ ပေါ်ပေါက်ခြင်း၊ ဝါဦးပူဇော်ပွဲ ဆင်နွှဲနိုင်ခြင်း စသည်များပါ တိုးတက်လာကြောင်းကို ဝမ်းမြောက်စရာအဖြစ် ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးအား အများကိုယ်စား ဟိတေသီ ဦးအေးမောင်က ၁၂၁-ကြိမ်မြောက် ပူဇော်ပွဲတွင် ဤသို့ လျှောက်ထားခဲ့ ပါသည်။

## ၁၃၄၀-ခုနှစ် ဝါဆိုလဆန်း(၁၁)ရက် (၁၅၊ ၇၊ ၇၈) စနေနေ့ည ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီးအား ဟိတေသီ စနေပတ် တရားနာပရိသတ်များ သုံးကြိမ်မြောက် (ဝါဦးပူဇော်ပွဲ) လျှောက်ထားချက်

ရိုသေလေးမြတ်စွာ လျှောက်ထားအပ်ပါသည် အရှင်ဘုရား။

တပည့်တော်တို့ ဟိတေသီ ဓမ္မာရုံတွင် စနေနေ့ ညတိုင်း ကျင်းပပြုလုပ်ခဲ့သော တရားပွဲသို့ လာရောက် တရားနာယူခွင့် ရရှိကြသော ဆရာတော်ဘုရားကြီး၏ တပည့် ဒကာ ဒကာမများတို့နှင့် ယောဂီဧဟာင်းအပေါင်းတို့က ယခု ဝါဆိုဦး ပူဇော် ကန်တော့ ပွဲတွင် ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီးနှင့်တကွ အလှည့်ကျ တရား

ခုမှ ဟောကြားချီးမြှောက်တော်မူကြသော ဓမ္မကထိက ဆရာတော်များအား အာစရိယပူဇာအဖြစ် ဝါဦးကာလ အခါသမယတွင် မင်္ဂလာတရားတော်နှင့်အညီ ပူဇော်ခြင်း အမှုပြုကြမည်ဖြစ်ပါသည် အရှင်ဘုရား။

ဤသို့ ပူဇော်ခြင်းမပြုမီ ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီး ကိုယ်တော်တိုင် ကြွရောက် ချီးမြှောက်သော အခါကာလ သမယနှင့် ကြုံကြိုက်လာစဉ်တွင် တပည့် ဒကာ ဒကာမတို့နှင့်တကွ တရားနာ ပရိသတ်အပေါင်းတို့ သဒ္ဓါတိုးပွားအကျိုးများစေရန်၎င်း၊ ဆရာတော်ဘုရားကြီးနှင့်တကွ နာယကဆရာတော်များ၊ ဓမ္မကထိက ဆရာတော်များပါ ဝမ်းမြောက် ကြည်နူးခြင်း ဖြစ်ပွားစေရန် ရည်သန်၍ တပည့်တော်သည် အများ၏ကိုယ်စား ဟိတေသီ စနေပတ်(ည) တရားပွဲ အောင်မြင်ထမြောက်မှု, တိုးတက်ပြန့်ပွားလာမှုများကို လျှောက်ထား ပန်ကြားခွင့် ပြုတော်မူပါ အရှင်ဘုရား။

ဘုရားတပည့်တော်တို့သည် ယခု ဟိတေသီ ဓမ္မာရုံကြီး၌ စနေနေ့ညတိုင်း ဟောကြားတော်မူသည့် တရားပွဲများမှာ ၁၉၇၆-ခုနှစ် ဧပြီလဆန်း(၃)ရက် စနေနေ့ ညမှ စတင်၍ တရား နာကြားခဲ့ရပါသည်ဘုရား။ ယနေ့ည တရားပွဲအပါအဝင် ဆိုပါလျှင် (၁၂၁)ကြိမ်တိတိ အောင်မြင်စွာ စနေနေ့တိုင်း မပျက် မကွက် ဆောင်ရွက် ပေးနိုင်ခဲ့ပါသည်ဘုရား။

ဤစနေည တရားပွဲများတွင် ဝိပဿနာ တရားများ ဟောကြား ချီးမြှင့်တော်မူကြသော ဓမ္မကထိက အရှင်မြတ်များမှာ–

| | |
|---|---|
| (၁) ဆရာတော် ဦးသုဇာတ | (၂) ရွှေရေးဆောင်ဆရာတော် |
| (၃) ဆရာတော် ဦးကုဏ္ဍလ | (၄) ဆရာတော် ဦးသံဝရ |
| (၅) ဆရာတော် ဦးဇဝန | (၆) ဦးသုမန |
| (၇) ဦးဝိစာရိန္ဒ | (၈) ဦးသူရိယ |
| (၉) ဦးနိပုန | (၁၀) ညောင်ကန် အရှင်ဋ္ဌန္တက |
| (၁၁) ဦးကစ္စာယန | (၁၂) (ရွှေဘို) ဦးသောဘန |
| (၁၃) ဦးသုန္ဒရ | (၁၄) ဦးခေမာနန္ဒ |
| (၁၅) ဦးပညာစာရ | (၁၆) ဟံလင်းကြီး ဆရာတော် |
| (၁၇) ဦးနရပတိ | (၁၈) ရှင်ဥတ္တမကျော် |

စသည့် ဆရာတော်များ ဖြစ်ကြပါသည် အရှင်ဘုရား။

နယ်မဟာစည် ရိပ်သာခွဲမှ ကမ္မဋ္ဌာနာစရိယ ဆရာတော်ဘုရားများကလည်း ရန်ကုန်မြို့ ဆရာတော်ဘုရားထံမှောက် (ရန်ကုန်မြို့-သာသနာ့ရိပ်သာ)သို့ ရောက်ရှိလာသည့်အခါ စနေပတ် တရားပွဲနှင့် ကြုံကြိုက်ပါက တရားဓမ္မများ ဟောကြား ချီးမြှောက်တော်မူကြပါသည်ဘုရား။

တရားနာ ကြွရောက်လာကြသော ရပ်ကွက်အသီးသီးတို့မှာ-

(၁) ရန်ကင်းအလယ်ပိုင်း (တိုက် ၁၂-လုံးတန်း) (၂) ရန်ကင်းအနောက်ပိုင်း

(၃) ရန်ကင်းမြောက်ပိုင်း (၄) ရန်ကုန်အလယ်ပိုင်း (ပန်းဘဲတန်းရပ်ကွက်)

(၅) သုဝဏ္ဏမြို့ (၆) မြောက်ဥက္ကလာပမြို့တို့ ဖြစ်ပါသည်ဘုရား။

**မော်တော်ယဉ်ဖြင့်သာ ကြိုပို့ကာ**

တရားနာယူရန် လိုက်ပါကြသော တရားနာ ပရိသတ်အပေါင်း လွယ်လွယ်ကူကူ ချမ်းချမ်းသာသာ လာရောက်နိုင်ကြစေရန် မော်တော်ယဉ်များဖြင့် ဖိတ်ခေါ်ခြင်း ကြိုဆိုခြင်း ပြန်ပို့ခြင်း စသည့် အမှုများကိုပါ ဆောင်ရွက်ပေးရပါသည် အရှင်ဘုရား။ ရန်ကင်းအလယ်ပိုင်းမှ ဒေါ်ခင်အိ၊ ရန်ကင်း မြောက်ပိုင်းမှ ဦးစံလှ၊ ရန်ကင်း အနောက်ပိုင်းမှ ဦးလှထွန်း၊ သုဝဏ္ဏမြို့မှ ဦးလှခင်မောင်၊ ဦးသောင်းရွှေ၊ ဦးကျင်၊ ဒေါ်မေမေတင်၊ ရန်ကုန်အလယ်ပိုင်းမှ ဦးညွန့်အောင်၊ မြောက်ဥက္ကလာပမှ ဒေါ်စန်း၊ ဒေါ်အုန်းမြ တို့ကရင်း ဦးဆောင်ကြပါသည်ဘုရား။

ဤသို့ ရပ်ကွက်လိုက် အကျိုးဆောင်များက နှိုးဆော် ဖိတ်ကြား ကြိုဆိုခြင်းများကြောင့် စနေနေ့ ညတိုင်းလိုလို တရားနာ ပရိသတ်များ (၃၀၀) ပတ်ဝန်းကျင်ခန့် အမြဲရှိနေပါသည်ဘုရား၊ အခြားရပ်ကွက်များမှ တရားနာယူလိုကြသူများ ကားတစီးစာ လာကြမည်ဆိုပါက လက်ရှိ ရပ်ကွက် အကျိုးဆောင်များက မော်တော်ယာဉ် စရိတ်ကို စုပေါင်း၍ လှူဒါန်းကြရန်ကိုပါ အစီအစဉ် ပြုလုပ်ထားပါသည် ဘုရား။

စနေပတ်တရားပွဲမှ အစပြု၍ ကျယ်ပြန့် တိုးတက်လာသော တရားပွဲများလည်း ရှိနေပါသည် ဘုရား၊ ၁၉၇၆-ခုနှစ် ဒီဇင်ဘာလတွင် ရန်ကင်းမြို့ ရန်ကင်းခန်းမဆောင်၌ မဟာစည် ဓမ္မသဘင်ကို (ပထမအကြိမ်)အဖြစ် စတင် ဆင်နွှဲ ကျင်းပနိုင်ခဲ့ပါသည်ဘုရား။ နှစ်စဉ် နှစ်တိုင်းလည်း ကျင်းပနိုင်ခဲ့ပါသည်ဘုရား။ ဤသို့ အလားတူစွာပင် သုဝဏ္ဏမြို့မှ

တရားနာ ပရိသတ် စေတနာရှင်များကလည်း ယခုနှစ် ဝါကျွတ်သည့် အခါကာလတွင် (မဟာစည် ဓမ္မသဘင်) ကျင်းပနိုင်ရေး အစီအစဉ်များ ရှိနေကြောင်းကိုလည်း သိရှိရပါသည်ဘုရား။

## တိုးတက်ပွားလာ စေဘနာ

စနေပတ် တရားနာ ပရိသတ်များသည် သာသနာ့ရိပ်သာအတွင်း ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်မှ ဦးဆောင်ပြုလုပ်သော ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ ဆရာတော်ဘုရားကြီး၏ မွေးနေ့ ပူဇော်ပွဲ ဘုံကထိန်လျာသင်္ကန်းဆက်ကပ်ပွဲ ဆရာတော်ဘုရားကြီး၏ ဩဝါဒခံယူ ပူဇော်ပွဲများတွင်လည်း အခါအားလျော်စွာ မိမိတို့ စွမ်းဆောင်နိုင်သလောက် လှူဒါန်း ကုသိုလ် ပါဝင်ကြသည့်အပြင် ဟိတေသီ အဖွဲ့သို့ဝင်ကာ ယောဂီများ၏ဆွမ်း, ကွမ်း ပြည့်စုံ လုံလောက်စွာ ကျွေးမွေးနိုင်ရေးများကိုပါ အကူအညီပေး ကုသိုလ်ယူကြပါသည်ဘုရား။

ယခုလို စနေနေ့တိုင်း တရားပွဲတွင်လည်း (၁၂၁)ကြိမ်မြောက် တရားပွဲမှ အစပြု၍ တရား ခြီးမြှင့် ဟောကြားသော ဓမ္မကထိကများကိုလည်း အပတ်စဉ် နဝကမ္မ အလှူတော်ငွေမှ ဖြစ်ပေါ်လာသော ပစ္စည်းလေးပါးတို့ဖြင့် လှူဒါန်းခြင်း၊ အဖျော်ယမကာ လှူဒါန်းကြသည့် ကုသိုလ်ရှင်များ ပေါ်ပေါက်လာခြင်း တရားဆောင်ဒ်များ ရိုက်နှိပ်၍ ဓမ္မဒါန ပြုကြသည့် ကုသိုလ်ရှင်များ ပေါ်ပေါက်လာခြင်း စသည့် ကုသိုလ်တရားများကို တိုးတက် ပွားများလာသည်ကို တွေ့မြင်ရပါသည်ဘုရား။

## အားထုတ်ကြပြီ ဒိုယောဂီ

စနေပတ် တရားပွဲသို့ ကြွရောက်ကြသူများသည် တရားနာယူရုံ သက်သက်မျှ မဟုတ်ပါပဲ ရောက်လျှင် ရောက်ခြင်း ပရိသတ်စုံသလောက်တွင် မြတ်စွာဘုရားနှင့် ပဉ္စဝဂ္ဂီငါးပါး သက်တော်ထင်ရှား ရှိသည့်အလား အာရုံထားလျက် (ရှစ်ပါးသီလ ခံယူဆောက်တည်ကြခြင်း) ဝိပဿနာ တရားများကို မိနစ် (၂၀)ခန့် ပွားများ အားထုတ်ခြင်း စသည်များကို ဖြည့်စွက်ဆောင်ရွက်ကြရာတွင် သဒ္ဓါတရား ပွားများလာကြသော ပါရမီရှင်တို့က အချိန်ပြည့် တရားအားထုတ်လိုစိတ်များ ဖြစ်ပွားလာကာ—

(၁) ရန်ကင်းမြို့ ၂၁၅/၃၂-မှ ဒေါ်ညွန့်၊ (၂) ရန်ကင်းမြို့ ၂၅၅/၁၃-မှ ဒေါ်တင်ညွန့်၊ (၃) ရန်ကင်းမြို့ ၂၁၄/၁၉-မှ မသန်းသန်းကြည်၊ (၄) ရန်ကင်းမြို့မှ

သီသီဆွေ၊ မသန်းသန်းရီ၊ တောင်ဥက္ကလာပမှ ဦးစံရွှေအောင်တို့ တရားအားထုတ်ကြပါသည်။ အဆိုပါ ယောဂီများမှ ဒေါ်ညွန့်၊ ဒေါ်တင်ညွန့်၊ မသန်းသန်းကြည်နှင့် သီသီဆွေတို့မှာ ဉာဏ်စဉ်တရား နာရသည်အထိ ကြိုးစား အားထုတ် နိုင်ကြပါသည်။ ယခု ရိပ်သာအတွင်း၌ပင် ကံဘဲ့မှ ဒေါ်သွယ်၊ ဒေါ်ခင်ပု၊ ဒေါ်အေး စသည့် ပုဂ္ဂိုလ်များ တရားအားထုတ်လျက် ရှိနေကြပါသည်ဘုရား။

## ဝါဆိုဦး ပူဇော်ကန်တော့ပွဲ

စနေပတ် တရားနာ ပရိသတ် ဓမ္မမိတ်ဆွေများသည် မိမိတို့အား ဘဝသံသရာမှ လွတ်မြောက်ရေးကို မြော်တွေးလျက် ဆင်းရဲခပ်သိမ်း ငြိမ်းရာ မြတ်နိဗ္ဗာန်ကို ရောက်ရာရောက်ကြောင်း အကျင့်လမ်းမှန် တရားကို ဟောပြော ပြသ ဆိုဆုံးမလျက် ရှိကြပါသော ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီးနှင့်တကွ ဓမ္မကထိက ဆရာတော်ဘုရားများ၏ ကျေးဇူးတရား ပေးဆပ်ရန် ရည်ရွယ်လျက် ဤဝါဆိုဦးကာလ အခါမြတ်၌ ဟိတေသီ စနေပတ် တရားနာ ပရိသတ်များသည် စုပေါင်းကြလျက် ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီးအား ဝါဆိုသင်္ကန်း(တစုံ)နှင့် နာယက ဆရာတော်များ ဓမ္မကထိကဆရာတော်များအား ဝတ္ထုငွေ (၅ဝ)ကျပ်စီမှ ပေါ်ပေါက်လတ့်သော ပစ္စည်းလေးပါးကိုင်း၊ လှူဒါန်းကြသည့်အပြင် ဆရာတော်ဘုရားကြီး၏ မွေးနေ့ ပူဇော်ပွဲတွင် ဆွမ်းတော်ကြီး ဆက်ကပ် လှူဒါန်းရန် ကိတ်မုန့်ကြီး(၁ဝ)ပေါင်ကို လှူဒါန်းမည် ဖြစ်ပါသည်ဘုရား။

သို့ဖြစ်ပါ၍ စနေပတ် တရားနာပရိသတ် ဓမ္မမိတ်ဆွေများ၏ကိုယ်စား တပည့်တော်လျှောက်ထားပြီးသော စနေ တရားပွဲနှင့် စပ်သမျှ (ဒါနကုသိုလ်, သီလကုသိုလ်, ဘာဝနာကုသိုလ်) ဝေယျာဝစ္စကုသိုလ် အစုစုတို့ဖြင့် ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးနှင့်တကွ ဓမ္မကထိက ဆရာတော်ဘုရားများအား တပည့်တော်တို့ အားလုံးက ဝါဆိုဦး ပူဇော်ပွဲအဖြစ် ပူဇော်ခြင်းအမှု ပြုကြပါမည် ကျေးဇူးတော်ရှင် အရှင်သူမြတ်ကြီး ဘုရား။

နိဂုံးချုပ်တင်ပြလိုသည်မှာ ဟိတေသီ၏ စနေနေ့ညတိုင်းသည် ဘယ်မျှ သာယာကြည်နူးဖွယ်ကောင်းပါသလဲဆိုလျှင် ညောင်ကန် အရှင်ဣန္ဒက၏ ဤဆောင်ပုဒ်ကဗျာကို ဖတ်ရှုကြည့်ကြပါတော့ဟု တင်ပြလိုက်ပါရစေတော့လား ဓမ္မမိတ်ဆွေအများတို့။

## ဟိတေသီနှင့် စနေနေ့ည

၁။ ရန်ကုန် နဂရ-သာသနာ့ရိပ်သာ၊
ဟိတေသီက-ဓမ္မသာလာ။
စနေနေ့ညတိုင်း-မဆိုင်းကြွပါ၊
တရားပွဲ-အားခဲအတူနာ။

၂။ ခုနစ်နာရီစု- ဝတ်ပြုစုံစွာ၊
ဝတ်ပြုပြီးငြား-တရားထိုင်တာ။
ခုနစ်နာရီခွဲ-ဟောပွဲကြားနာ၊
တရားပြီး-ကားစီး အိမ်ပြန်လာ။

၃။ သဒ္ဓါတိုးပွါး-တရားဝင်သော်၊
တလ-နှစ်လ-ကျင့်ရမှာနော်။
ဟိတေသီသင်း-ထမင်းကျွေးခေါ်၊
အခမဲ့-ကြွခဲ့နိဗ္ဗာန်ဆော်။

# မဟာစည်
# ပုစ္ဆာအဖြေရတနာကျမ်း

### မဟာစည်ဆရာတော်ဘုရား ဖြေတော်မူသော

## ဒဂုန်-ဦးထွန်းမြင့်၏ နာနာဘာဝ ဝိနာဘာဝ

မဟာစည် ဆရာတော်ဘုရားထံသို့

၁၉-၄-၆၉။

ရှိသေစွာလျှောက်ထားပါသည် ဘုရား။

ယခုပေးပို့ဆက်ကပ်သော ဆောင်းပါးစာကို ကြည့်ရှုသုံးသပ်ပြီး ဝေဘန်ပေးတော်မူပါရန် ရှိသေစွာ လျှောက်ထားပါသည် ဘုရား။

ရှေးဆရာတော်ကြီးများ၏ အနက်ပြန်ဆိုချက်ကို ဆန့်ကျင်ရေးသားသကဲ့သို့ ဖြစ်နေ၍ ဆရာတော်ထံတင်ပြပြီး ဝေဘန်ချက်တောင်းရခြင်း ဖြစ်ပါသည် ဘုရား။

ဦးထွန်းမြင့်
လက်ထောက်စာတည်း
ဘာသာပြန်နှင့် စာအုပ်ထုတ်ဝေရေးဌာန
ရန်ကုန် တက္ကသိုလ်။

# နာနာဘာဝ ဝိနာဘာဝ

## ဒဂုန်-ဦးထွန်းမြင့် ရေးသည်။

တနေ့တွင် ဆရာဦးဝန်(မင်းသုဝဏ်)က ကျွန်တော့်အား နာနာဘာဝ ဝိနာဘာဝ အဓိပ္ပါယ်ကို မေးသည်။ ဆရာဦးဝန်က မေးခြင်းဖြစ်သောကြောင့် နာနာဘာဝ ဝိနာဘာဝဟု အများခေါ်နေကြသော တစ္ဆေသရဲ ဥစ္စာစောင့် စသည်တို့ကို မေးခြင်းမဟုတ်ကြောင်း၊ နာနာဘာဝ ဝိနာဘာဝကို သေကွဲကွဲခြင်း၊ ရှင်ကွဲကွဲခြင်းဟု ဆိုရာ၌ ဘယ်စကားက သေကွဲကွဲခြင်းဖြစ်၍ ဘယ်စကားက ရှင်ကွဲကွဲခြင်းဖြစ်ကြောင်းကို မေးလိုရင်းဖြစ်ကြောင်း ချက်ချင်း နားလည်ပါသည်။

သာမန်အားဖြင့် ရှင်ကွဲကွဲခြင်းကို နာနာဘာဝ၊ သေကွဲကွဲခြင်းကို ဝိနာဘာဝ ခေါ်သည်ဟု မှတ်ထင်ထားသော်လည်း ဘယ်မှာပါသည်၊ ဘယ်မှာ တွေ့ဘူးသည်ကို ရုတ်တရက် စဉ်းစားမရသောကြောင့် ကျွန်တော်ချက်ချင်း မဖြေနိုင်ဖြစ်နေသည်။ နဂိုက သိနေသည်ဟု ထင်သော်လည်း ယခုအဖြေပေးရန် စဉ်းစားလိုက်သည့်အခါကျမှ ဘယ်စကားက သေကွဲကွဲခြင်း၊ ဘယ်စကားက ရှင်ကွဲကွဲခြင်းဖြစ်သည်ဟု ပြတ်ပြတ်သားသား မသိဖြစ်နေသည်။ ပါဠိသက်ဝေါဟာရ အဘိဓာန်တွင် နာနာဘာဝနှင့် ဝိနာဘာဝကို ဘယ်လိုအနက် ပေးလိုက်မိသည်ကိုလည်း သတိမရ ဖြစ်နေသည်။

စိတ်ထဲကမူ နာနာဘာဝကို ရှင်ကွဲကွဲခြင်း ဝိနာဘာဝကို သေကွဲကွဲခြင်းဟု ထင်နေသည်၊ သို့ရာတွင် သေပြီးနောက် တစ္ဆေသရဲ ဥစ္စာစောင့် ဖြစ်နေသူတို့ကို နာနာဘာဝဟု ခေါ်ကြသည်ကို တွေးမိသောအခါ သေကွဲကွဲခြင်းကို နာနာဘာဝ ခေါ်လေသလားဟု သံသယဖြစ်မိပြန်သည်။ နာနာဘာဝ ဝိနာဘာဝဟူသော စကားနှစ်ခုတွင် နာနာ၊ ဝိနာဟူသော ရှေ့ပိုင်းသာ မတူပဲ ဘာဝဟူသော နောက်ပိုင်းမှာ အတူတူဖြစ်သည်။ ယေဘုယျသဘောကို ပြောရလျှင် နာနာမှာ အသီးသီးဟု အဓိပ္ပါယ်ရ၍ ဝိနာကား ကင်း၍ဟုအဓိပ္ပါယ်ရသည်၊သို့ဖြစ်၍နာနာဘာဝကိုအသီးသီးဖြစ်ခြင်းဝိနာဘာဝကို ကင်း၍ဖြစ်ခြင်းဟု တိုက်ရိုက်အနက် ပြန်နိုင်သည်။ ဤအနက်တွင်လည်း သေ(ကွဲ)ရှင်(ကွဲ) ဟူသောအဓိပ္ပါယ် တိုက်ရိုက်မပါသဖြင့် ဘယ်စကားက သေကွဲ၊ ဘယ်စကားက ရှင်ကွဲဟု ခွဲခြားဖို့ခက်နေသည်။ အဆင်သင့်ရှိနေသော ပါဠိမြန်မာအဘိဓာန်များကို ကြည့်သောအခါ အဘိဓာန်တစောင်က နာနာဘာဝကို အသီးသီး ဖြစ်ခြင်း ဇာတိအားဖြင့်

အထူးထူးအပြားပြားဖြစ်ခြင်း၊ အရပ်တပါးသို့ ပြောင်းသွားသဖြင့် ကွေကွင်းရခြင်း၊ ဝိနာဘာဝကို ကင်း၍ဖြစ်ခြင်း၊ သေသောအားဖြင့် ကွေကွင်းရခြင်းဟု အနက်ပေး၍၊ အဘိဓာန်တစောင်က နာနာဘာဝကို အထူးထူးဖြစ်ခြင်း၊ သေကွဲကွဲခြင်း၊ ဝိနာဘာဝကို ကွေကွင်းခြင်းဟု အနက်ပေးထားသည်ကို တွေ့ရသည်။

သို့ဖြစ်၍ နာနာဘာဝနှင့် ဝိနာဘာဝကို ကွဲကွဲပြားပြား ခွဲခြားနိုင်ရန်အတွက် လက်လှမ်းမှီသမျှ ရှာဖွေလေ့လာကြည့်သောအခါ ယောအတွင်းဝန် ဦးဘိုးလှိုင်ရေးသား ပြုစုသည့် အလင်္ကာနိသျ (၁၀၉) တွင်–

> ''သေကွဲရှင်ကွဲ ဝိနာဘာဝ နာနာဘာဝ နှစ်မျိုးတွင် တမျိုးမျိုးနှင့် ကွဲကြခြင်းသည် ဝိပ္ပယောဂ သိင်္ဂါရ ရသမည်၏။''

ဟု တွေ့ရသဖြင့် မိမိထင်မှတ်ထားသည့်အတိုင်း နာနာဘာဝက ရှင်ကွဲကွဲခြင်း၊ ဝိနာဘာဝက သေကွဲကွဲခြင်းဟု ခွဲခြားလာနိုင်သည်။ သို့ရာတွင် အထောက်အထား တခုတည်း အားမရသောကြောင့် ဆက်လက်ရှာဖွေသောအခါ ဇိနတ္ထပကာသနီ (၆၆၂) တွင်–

> ''ချစ်ခင်စုံမက် နှစ်သက်အပ်ကုန်သော မိဘဆွေရင်း သားချင်းဖြစ်ကုန်သောသူတို့နှင့် အတူမနေ သေလွန်သဖြင့် ကွဲပြားရခြင်းတည်းဟူသော နာနာဘာဝ၊ ဒေသတပါး ဝေးကွာရခြင်းတည်းဟူသော ဝိနာဘာဝ''

ဟူ၍ တွေ့ရပြန်သည်။ အလင်္ကာနိသျ၏ စကားမှာ နာနာဘာဝကို ရှင်ကွဲကွဲခြင်း ဝိနာဘာဝကို သေကွဲကွဲခြင်းဟု ဆိုရာရောက်သည်၊ ဤဇိနတ္ထတွင်ကား ပြောင်းပြန် ဖြစ်နေသည်။ ဇိနတ္ထတွင် ပါသော စကားမှာ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံခါနီးတွင် ရှင်အာနန္ဒာအား မိန့်ကြားတော်မူသည့် စကားအဓိပ္ပါယ်ဖြစ်၍ ထိုစကားကို မာလာလင်္ကာရတွင် ရှာကြည့်သောအခါ စာမျက်နှာ (၂၉၂) ၌–

> ''နာနာဘာဝဟု ဆိုအပ်သော သေသဖြင့် ကွဲရခြင်း၊ ဝိနာဘာဝ ဟုဆိုအပ်သော ရှင်သဖြင့် ကွဲရခြင်းသည် ရှိ၏။''

ဟူ၍ပင် တွေ့ရသည်။ ထိုကျမ်းတို့ထက် ရှေးကျသော တထာဂတဥဒါနဒီပနီ(ဒု-၃၇၁) တွင်ကား

> 'အလုံးစုံသော လျှင် ဖြစ်ကုန်သော ချစ်နှစ်လိုအပ်ကုန်သော သူတို့နှင့် အထူးထူးဖြစ်၍ ကွေကွင်းရခြင်း၊ သေသဖြင့် ကွေကွင်းရခြင်း၊ တပါးအပြားဖြင့် ကွေကွင်းရခြင်းသည် ရှိ၏။''

ဟူ၍ တွေ့ရလေသည်။ ဤတွင် ဝိနာဘာဝကို သေသဖြင့် ကွေကွင်းရခြင်း (သေကွဲကွဲခြင်း) ဟု အဓိပ္ပါယ်ပေးသော်လည်း နာနာဘာဝကို ရှင်ကွဲကွဲခြင်းဟု မဆို၊ အထူးထူးဖြစ်၍ ကွေကွင်းရခြင်းဟုသာ အဓိပ္ပါယ်ပြန်ထားသည်ကို တွေ့ရသည်။

ဤစကားများမှာ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူခါနီးတွင် ရှင်အာနန္ဒာငိုကြွေးနေသဖြင့် မြတ်စွာဘုရား မိန့်ကြားတော်မူသော "သဗ္ဗေဟေဝ ပိယေဟိ မနာပေဟိ နာနာဘာဝေါ ဝိနာဘာဝေါ အညထာဘာဝေါ" ဟူသော (သုတ်မဟာဝါ၊ မဟာပရိနိဗ္ဗာနသုတ်) စကားကို မြန်မာပြန်ဆိုသော စကားများဖြစ်သည်။ ပါဠိတော်တွင် ပါသော နာနာဘာဝကို ဇိနတ္ထက သေကွဲ၊ထိုထက်ရှေးကျသည့်မာလာလင်္ကာရ(၁၁၆၀-ခု)ကလည်း သေကွဲဟု အဓိပ္ပါယ်ပြန်၍၊ ထိုထက်ရှေးကျသော တထာဂတဥဒါနဒီပနီ (၁၁၃၄-ခု)က အထူးထူးဖြစ်၍ ကွေကွင်းခြင်းဟု အဓိပ္ပါယ်ပြန်သည်။ ဝိနာဘာဝကို ဇိနတ္ထနှင့် မာလာလင်္ကာရက ရှင်ကွဲ၊ တထာဂတ ဥဒါနက သေကွဲဟု အဓိပ္ပါယ်ပြန်သည်၊ ထိုပါဠိကို နေရင်းဆရာတော် (၁၀၉၇-ခု) က

> "နာနာဘာဝေါစ၊ ပဋိသန္ဓေအားဖြင့် ထူးသောဖြစ်ခြင်း သည်လည်း။ ဟောတိ၊ ၏။ ဝိနာဘာဝေါစ၊ သေသောအားဖြင့် ကင်း၍ ဖြစ်ခြင်းသည်လည်း။ ဟောတိ၊ ၏။ အညထာဘာဝေါစ၊ ဘဝအားဖြင့် တပါးသော အပြားဖြင့် ဖြစ်ခြင်းသည်လည်း။ ဟောတိ၊ ၏။ ဟူ၍ သုတ်သီလက္ခန်ပါဠိတော် နိသျသစ် (၁၇၉) တွင် အနက်ပြန်တော်မူသည်။ ဤ၌ နာနာဘာဝကို ပဋိသန္ဓေအားဖြင့် ထူးသောဖြစ်ခြင်းဟု အနက်ပေးထားသဖြင့်သေကွဲ ကွဲခြင်းဟု အဓိပ္ပါယ်ကောက်ရမည်ကဲ့သို့ ဖြစ်နေသည်။ သို့ဖြစ်လျှင် နာနာဘာဝကလည်း သေကွဲ ကွဲခြင်း၊ ဝိနာဘာဝကလည်း သေကွဲ ကွဲခြင်းဟု ဆိုသကဲ့သို့ဖြစ်နေသည်။ နောက်ထပ်ဆင့်လာသည့် အညထာဘာဝလည်း သေကွဲ ကွဲခြင်း အဓိပ္ပါယ်ပင် ဖြစ်သည်။

မြန်မာဘာသာ ပြန်ဆိုရေးသားသော ကျမ်းများတွင် အမျိုးမျိုးဖြစ်နေသဖြင့် ပါဠိဘာသာဖြင့် အဓိပ္ပါယ်ပြန်သော အဋ္ဌကထာ၊ ဋီကာတို့ကို လှမ်းရပြန်သည်။ မဟာပရိနိဗ္ဗာနသုတ်လာ အထက်ပါစကားကို အဋ္ဌကထာ (၁၅၄)က

> "ပိယေဟိ မနာပေဟီတိ....ဇာတိယာ နာနာဘာဝေါ၊ မရဏေန ဝိနာဘာဝေါ၊ ဘဝေန အညထာဘာဝေါ"

ဟု အဓိပ္ပါယ်ပြန်ထားသည်။ ဇာတိယာ နာနာဘာဝေါ - ဟူသော အဋ္ဌကထာကို ထောက်၍ နိသျဆရာတော်က နာနာဘာဝကို "ပဋိသန္ဓေအားဖြင့် ထူးသောဖြစ်ခြင်း"

ဟု အနက်ပြန်ခြင်းဖြစ်သည်။ မရဏေန ဝိနာဘာဝေါ-ကိုထောက်၍ ဝိနာဘာဝကို "သေသောအားဖြင့် ကင်း၍ဖြစ်ခြင်း"ဟု အနက်ပြန်ခြင်းဖြစ်သည်။ ဘဝေန အညထာ ဘာဝေါ-ကိုထောက်၍ အညထာဘာဝကို "ဘဝအားဖြင့် တပါးသော အပြားဖြင့် ဖြစ်ခြင်း" ဟု အနက်ပြန်ခြင်း ဖြစ်သည်။

တဖန်-ဇာတိယာ နာနာဘာဝေါ-ဟူသော အဋ္ဌကထာကို ဋီကာက-

"ဇာတိယာတိ ဇာတိအနုရူပဂ မနေန၊ နာနာဘာဝေါတိ ဝိသုံဘာဝေါ အသမ္ဗန္ဓ ဘာဝေါ" ဟု ဖွင့်သည်။

ပဋိသန္ဓေကို အစဉ်လျှောက်သောအားဖြင့် အသီးအခြားဖြစ်ခြင်း၊ မဆက်စပ် ခြင်းဟု ဆိုလိုပေသည်။ မရဏေန ဝိနာဘာဝေါ-ကို ဋီကာက-

"မရဏေန ဝိနာဘာဝေါတိ စုတိယာ တေနတ္တဘာဝေန အပုနရာဂတ္တနတော ဝိပ္ပယောဂေါ"ဟု ဖွင့်သည်။

သေခြင်းဖြင့် ထိုခန္ဓာကိုယ် အတ္တဘောဖြင့် တဖန် ပြန်မလာတော့သည့်အတွက် ကင်းကွာသွားခြင်းဟု ဆိုလိုပေသည်။

အဋ္ဌကထာ၊ ဋီကာတို့၏ အဓိပ္ပါယ်ပြန်ဆိုချက်ကို ထောက်လျှင် နာနာဘာဝကို ပဋိသန္ဓေအားဖြင့် တသီးတခြားဖြစ်ခြင်းဟုဆိုသဖြင့် သေကွဲကွဲခြင်းဟု အဓိပ္ပါယ်ကောက်ရ လိမ့်မည်၊ ရှင်ကွဲကွဲခြင်းဟူသော အဓိပ္ပါယ်မျိုး မဟုတ်ပေ။ မြတ်စွာဘုရား၏ စကားကို သေသေချာချာလေ့လာကြည့်လျှင်လည်း နာနာဘာဝဟူသောစကားဖြင့် အများနားလည် နေကြသည့် ရှင်ကွဲကွဲခြင်းကို ရည်ညွှန်းသည်ဟု မယူဆနိုင်ပေ၊ ယခုဘဝတွင် တယောက် တခြားစီ အရပ်တပါး ကွဲကွာနေခြင်းကို ရှင်ကွဲကွဲခြင်းဟု အများနားလည်ထားကြသည်။

မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူခါနီးတွင် ရှင်အာနန္ဒာ ငိုကြွေးနေကြောင်း မြတ်စွာဘုရား သိတော်မူသောအခါ- "အာနန္ဒာ-သောကမဖြစ်နှင့်၊ ပရိဒေဝ မဖြစ်နှင့်၊ ခပ်သိမ်းသော ချစ်ခင်အပ်သော၊ မြတ်နိုးအပ်သောသူတို့နှင့် နာနာဘာဝ ကွဲ ကွဲရမည် ဝိနာဘာဝကွဲ ကွဲရမည်၊ အညထာဘာဝကွဲ ကွဲရမည်ဟု၍ ရှေးမဆွကပင် ငါဘုရား ဟော ကြားထားသည် မဟုတ်လော"ဟု မိန့်တော်မူသည်။ ထိုအချိန်သို့မရောက်မီ လွန်ခဲ့သော သုံးလခန့်က အာယုသင်္ခါရ လွှတ်တော်မူပြီးစကလည်း ဤအတိုင်းပင် မိန့်ကြားတော်မူခဲ့ သေးသည်။ ရှင်သာရိပုတ္တရာ ပရိနိဗ္ဗာန်စံသဖြင့် ရှင်အာနန္ဒာ ပူဆွေးသောကဖြစ်သော အခါကလည်း ဤအတိုင်းပင် ချစ်ခင်အပ် မြတ်နိုးအပ်သောသူတို့နှင့် နာနာဘာဝ၊ ဝိနာ ဘာဝ၊ အညထာဘာဝဖြစ်ရမည်ဟု ရှေးမဆွကပင် ငါဘုရားဟောကြားထားသည် မဟုတ် လောဟု မိန့်ကြားတော်မူခဲ့သေးသည်။

ရှေးမဆွကပင် ငါဘုရားဟောကြားထားသည် မဟုတ်လော-ဟူသောစကားအရ မြတ်စွာဘုရားသည် ဤစကားကို အဘယ်အခါက ဟောကြားခဲ့သနည်းဟု စစ်လျောက် ကြည့်သောအခါ မြတ်စွာဘုရားသည် တခါက ရဟန်းတို့အား ပဂ္ဂိုလ်တိုင်း အမြဲမပြတ် ဆင်ခြင်နေရမည့် တရား ငါးမျိုးကို ဟောကြားခဲ့သည်။ အဓိပ္ပါယ် အကျဉ်းမှာ ဤသို့ ဖြစ်သည်။

"ငါသည် အိုခြင်းသဘောရှိ၏၊ အိုခြင်းကို မလွန်ဆန်နိုင်ဟူ၍ မိန်းမဖြစ်စေ၊ ယောကျ်ားဖြစ်စေ၊ လူဖြစ်စေ၊ ရဟန်းဖြစ်စေ မပြတ်ဆင်ခြင်အပ်၏၊ ငါသည် နာခြင်း သဘောရှိ၏၊ နာခြင်းကို မလွန်ဆန်နိုင်၊ ငါသည် သေခြင်းသဘောရှိ၏၊ သေခြင်းကို မလွန် ဆန်နိုင်၊ ငါသည် ခပ်သိမ်းသော ချစ်ခင်မြတ်နိုးအပ်သောသူတို့နှင့် နာနာဘာဝကွဲဟူသော ကွေကွင်း ကွဲကွာရခြင်း သဘောရှိ၏၊ **နာနာဘာဝ ဝိနာဘာဝကွဲခြင်းကို မလွန်ဆန်နိုင်၊** ငါသည် ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိ၏။...." ဟု မပြတ်ဆင်ခြင်အပ်၏။ ဤစကားသည် အဘိဏှသုတ်ဟူသောအမည်ဖြင့် အင်္ဂုတ္တိုရ်ပါဠိတော်တွင် ရှိသည်ကို တွေ့ရသည်။

ရှေးမဆွကပင် ငါဘုရားဟောကြားထားသည် မဟုတ်လော-ဟု မိန့်ကြားတော်မူခြင်းမှာ ဤအဘိဏှသုတ်ကို ရည်ညွှန်း၍ မိန့်တော်မူခြင်း ဖြစ်သည်ဟု ယူဆနိုင်သည်။ ဤအဘိဏှသုတ် သဘောအဓိပ္ပါယ်ကို ဉာဏ်မှီသမျှ စဉ်းစားကြည့်လျှင်-ငါသည် အိုခြင်း (ဇရာ) သဘောရှိ၏၊ အိုခြင်း (ဇရာ)ကို မလွန်ဆန်နိုင်ဆိုသောစကားမှာ ခြွင်းချက်မရှိ မှန်သောစကားဖြစ်သည်၊ နာခြင်း (ဗျာဓိ)သဘောရှိ၏၊ ဗျာဓိကို မလွန်ဆန်နိုင်ဆိုသော စကားမှာလည်း **ဆေးဆက်ခြင်း၊ ဆောင်းဆိုးခြင်းလည်း ရောဂါတမျိုးဖြစ်သည်ဟု ဆိုနိုင်သောကြောင့်** ခြွင်းချက်မရှိမှန်သော စကားပင်ဖြစ်သည်၊ သေခြင်း (မရဏ)ကို မလွန်ဆန် နိုင်ဆိုသောစကားမှာ အထူးပြောရန် မလိုပေ။ **ချစ်ခင်မြတ်နိုးအပ်သော သူတို့နှင့် နာနာဘာဝ ဝိနာဘာဝ ကွဲရခြင်းကို မလွန်ဆန်နိုင်ဆိုရာ၌** နာနာဘာဝကို ရှင်ကွဲကွဲခြင်း၊ ဝိနာဘာဝကို သေကွဲကွဲခြင်းဟုအဓိပ္ပါယ်ယူလျှင် ချစ်သောသူတို့နှင့် ရှင်ကွဲကွဲရခြင်း သေကွဲ ကွဲရခြင်းကို မလွန်ဆန်နိုင်ဟု ဆိုရာရောက်သည်။ ဤတွင် သေကွဲကွဲရခြင်းကို မလွန်ဆန် နိုင်ဆိုသောစကားကို အထူးစဉ်းစားရန်မလို၊ ရှင်ကွဲကွဲရခြင်းကို မလွန်ဆန်နိုင်ဆိုသော အချက်ကိုကား စဉ်းစားစရာရှိသည်။

ရှင်ကွဲကွဲရခြင်း ဟူသောစကားကို အများနားလည်ထားသည့်အတိုင်း ယခုဘဝတွင် အသက်ရှင်လျက် အရပ်တပါးစီကွဲကွာနေရခြင်းဟု အနက်ယူ၍ နာနာဘာဝကို ရှင်ကွဲကွဲ ခြင်းဟု အဓိပ္ပါယ်ယူလျှင် လူတိုင်းလူတိုင်းသည် ချစ်သောသူနှင့် မုချအရပ်တပါးစီ ရောက်

ကာ ရှင်ကွဲကွဲရသည်၊ ဤသို့ ချစ်သောသူတို့နှင့် ရှင်ကွဲကွဲရသည့်အဖြစ်ကို မည်သူမှ မလွန်ဆန်နိုင်၊ မိန်းမတိုင်း၊ ယောကျ်ားတိုင်း၊ လူတိုင်း၊ ရဟန်းတိုင်း မုချတွေ့ကြုံရမည်ဟု ဆိုရလိမ့်မည်၊ ဤသို့ကား မဟုတ်ချေ၊ ချစ်သောသူတို့နှင့် ရှင်ကွဲ မကွဲသောသူတွေ လောက၌ များစွာရှိလေသည်။

အဘိဏှသုတ်၌ပင် အဆိုပါစကားကို ထပ်ဆင့်ချဲ့ထွင် ဟောကြားရာ၌-

‘‘ငါတယောက်တည်းသာလျှင် ချစ်ခင်အပ် မြတ်နိုးအပ်သော အရာအားလုံးတို့နှင့် နာနာဘာဝကွဲကွဲရသည်၊ ဝိနာဘာဝကွဲကွဲရသည်မဟုတ်၊ ဤဘဝသို့လာခြင်း၊ အခြားဘုံဘဝသို့သွားခြင်း၊ စုတေခြင်း၊ ပဋိသန္ဓေနေခြင်းရှိသည့်သတ္တဝါမှန်သမျှ အားလုံးတို့သည် ချစ်ခင်အပ်မြတ်နိုးအပ်သောသူတို့နှင့် နာနာဘာဝဖြစ်ရသည်၊ ဝိနာဘာဝဖြစ်ရသည်ဟု ဆင်ခြင်၏’’ဟု သတ္တဝါအားလုံးပင် ချစ်သောသူတို့နှင့် နာနာဘာဝကွဲ ဝိနာဘာဝကွဲ ကွဲရသည်ဟူ၍ ပါရှိသည်၊ မြတ်စွာဘုရား၏စကားသည် ခြွင်းချက်မရှိ မှန်ရမည်၊ နာနာဘာဝကို ယခုဘဝတွင် တရပ်စီ ကွဲကွာနေခြင်း ဟူသော ရှင်ကွဲ ကွဲခြင်းဟု အဓိပ္ပါယ်ယူလျှင် ယင်းသို့ ရှင်ကွဲ မကွဲသူများလည်း ရှိသောကြောင့် ခြွင်းချက်မရှိ မှန်သည်ဟု ဆိုဖို့ခက်လေသည်။

သို့ဖြစ်လျှင် နာနာဘာဝဆိုသောစကား၏ အနက်အဓိပ္ပါယ်ကို စဉ်းစားဖို့လိုလာလေသည်။ ဇာတိယာ နာနာဘာဝေါ-ဆိုသော အဋ္ဌကထာစကားအရ ချစ်ခင်သူနှစ်ယောက်တွင် တယောက်ယောက်က သေလွန်ပြီး နောက်ဘဝတွင် နတ်ဖြစ်သွားလျှင် လူနှင့်နတ် ဇာတ်ချင်းမတူတော့ချေ၊ ယင်းကို နာနာဘာဝဆိုသည်ဟု ယူဆနိုင်သည်။ တစ္ဆေ သရဲ ဥစ္စာစောင့်တို့ကို နာနာဘာဝဟု ခေါ်ခြင်းမှာ ဤအဓိပ္ပါယ်ပင် ဖြစ်လိမ့်မည်ဟု ဆိုနိုင်သည်။ သေပြီးနောက် တိရစ္ဆာန်ဖြစ်သွားလျှင်လည်း လူနှင့်တိရစ္ဆာန် ဇာတ်ချင်းမတူသဖြင့် နာနာဘာဝဟုပင် ဆိုရသည်။ သေပြီးနောက် လူပြန်ဖြစ်စေကာမူ ဒီဘဝဆင်းရဲသားက နောင်ဘဝတွင် မင်းမျိုးဖြစ်လျှင် ဆင်းရဲသားမျိုးနှင့် မင်းမျိုး ဇာတ်ချင်းမတူသဖြင့် နာနာဘာဝဟုပင် ဆိုရလိမ့်မည်၊ ဤကား ပဋိသန္ဓေအားဖြင့် တခြားစီဖြစ်ခြင်းပင်ဖြစ်သည်။ အကယ်၍ ချစ်ခင်သူနှစ်ယောက်တွင် တယောက်ကသေပြီး ဟိုဘဝတွင် လူပြန်ဖြစ်၍ ဘဝဇာတ်ချင်း (လူဟူသောဘဝချင်း) တူလျက် ဆင်းရဲသားမျိုး၌ပင် ဖြစ်၍ အမျိုးဇာတ်ချင်းလည်း တူသော်လည်း ပထမဘဝက သေပြီး နောက်ဘဝမှာဖြစ်သော ဆင်းရဲသားဖြစ်၍ ဟိုဘဝက ချစ်ခင်သူနှင့် မဆိုင်တော့ချေ။ ယင်းသို့ဖြစ်သည်ကို ဝိနာဘာဝဟု ဆိုနိုင်သည်၊ ဤကား သေခြင်းအားဖြင့် တခြားစီ ဖြစ်ခြင်းပင်ဖြစ်သည်။

သတ္တဝါတို့သည် ဘယ်လောက်ပင် ချစ်ခင်ကြသော်လည်း ချစ်ခင်သူများနှင့် တနေ့နေ့တွင် ပဋိသန္ဓေဘဝဇာတ်ကို အကြောင်းပြု၍ တကွဲတပြားစီ ဖြစ်ကြရသည်၊ (ဤစကား၌ ယခုဘဝနှင့် နောင်ဘဝသာမဟုတ်ပဲ နောင်ဘဝသံသရာ၌ တယောက်ကလူ တယောက်က နတ် စသည်ဖြင့် ပဋိသန္ဓေဇာတ်အားဖြင့် တကွဲတပြားစီ ဖြစ်ရခြင်းသည်လည်း ပါဝင်နိုင်သည်) သေခြင်းကို အကြောင်းပြု၍ တကွဲတပြားစီ ဖြစ်ကြရသည်။ ဤစကားတွင် ဘဝသံသရာတခွင်၌ ဘဝတူဖြစ်ရစေကာမူ တယောက်ယောက်က သေလွန်သဖြင့် ကွဲကွာခြင်းလည်း ပါဝင်နိုင်သည်) ဤသို့ ဘဝဇာတ်ကို အကြောင်းပြု၍ တကွဲတပြားစီ ဖြစ်ရသည့် နာနာဘာဝသဘော၊ သေခြင်းကိုအကြောင်းပြု၍ တကွဲတပြားစီ ဖြစ်ရသည့် ဝိနာဘာဝသဘောကို မည်သူမှ မလွန်ဆန်နိုင်ဟု ယူလျှင် ခြွင်းချက်မရှိ မှန်နိုင်သည်။

နာနာဘာဝ, ဝိနာဘာဝ, အညထာဘာဝ ဆိုသောစကားများမှာ ချစ်ခင်သူတို့နှင့် ကွေကွင်းကွဲကွာရခြင်း ဟူသော အဓိပ္ပါယ်တမျိုးတည်းကိုပင် ရှုထောင့်အမျိုးမျိုးမှ ကြည့်ပြီး ပြောဆိုသော အဓိပ္ပါယ်ဟု ပရိယာယ်စကားများ ဖြစ်သည်ဟုယူလျှင် ရလိမ့်မည်ဟု သဘောရသည်၊ သတ္တဝါမှန်သမျှသည် ကိုယ့်ကံကိုယ်ထမ်းပြီး ကိုယ့်လမ်း ကိုယ်သွားရမည်သာ ဖြစ်သဖြင့် ချစ်ခင်သောသူတို့နှင့် တကွဲတပြားစီဖြစ်ကာ ကွေကွင်း ကွဲကွာကြရမည်သာ ဖြစ်သည်၊ ပဋိသန္ဓေ (ဘဝဇာတ်)အားဖြင့်လည်း တကွဲတပြားစီ ဖြစ်ကြရမည်၊ (နာနာဘာဝ)၊ သေခြင်းအားဖြင့်လည်း တကွဲတပြားစီ ဖြစ်ကြရမည်၊ (ဝိနာဘာဝ)၊ တယောက် တဘာဝဖြစ်ကာ ဘဝအားဖြင့်လည်း တကွဲတပြားစီ ဖြစ်ကြရမည်၊ (အညထာဘာဝ)ဟု ဆိုလိုသည်။

သို့ဖြစ်၍ နာနာဘာဝကို ဇာတ်အားဖြင့် ကွဲကွာရခြင်း၊ ဝိနာဘာဝကို သေကွဲကွဲခြင်း၊ အညထာဘာဝကို ဘဝအားဖြင့် ကွဲကွာရခြင်းဟု အနက်ပြန်လျှင် သင့်လျော်မည်ဟု သဘောရသည်။

**ဒဂုန်-ဦးထွန်းမြင့်**

၁၃၃၁-ခု၊ ကဆုန်လဆန်း ၂-ရက်(၁၇-၄-၆၉)။

# မဟာစည်ဆရာတော်၏ အမြင်

**ဒကာ ဦးထွန်းမြင့်-**

ဦးထွန်းမြင့်၏ဆောင်းပါးကို (၂၀-၄-၆၉)နေ့က ရသည်။ ဝေဘန်ရန် တောင်းပန်သောကြောင့် မိမိ၏သဘောဉာဏ် သက်ဝင်သည့်အားလျော်စွာ ဝေဘန်၍အကြံပေးလိုက်သည်။

ဆောင်းပါး၌ (၁) နာနာဘာဝ၊ (၂) ဝိနာဘာဝ၊ (၃) အညထာဘာဝ-ဟူသော ပါဠိ ၃ပုဒ်၏ အနက်အဓိပ္ပါယ်ကို တိတိကျကျ ဖော်ပြထားပေသည်။ ထိုတွင် အမှတ်(၂) ပုဒ်နှင့် အမှတ်(၃)ပုဒ်တို့၏ အနက်အဓိပ္ပါယ်များမှာ အကွဲအပြား မရှိသောကြောင့် အကျယ်စိစစ်ဝေဘန်ရန်မလိုပါ။ အမှတ်(၁) နာနာဘာဝ၏ အနက်အဓိပ္ပါယ်မှာမူ ရှေးဆရာအချို့တို့၏ အနက်နှင့် ကွဲပြားလျက်ရှိသောကြောင့် ယင်းကိုသာ စိစစ်ဝေဘန်ရန် လိုပါသည်။

ဦးထွန်းမြင့်၏ ဆောင်းပါး၌ (၁) နာနာဘာဝ ပဋိသန္ဓေ (ဘဝဇာတ်)အားဖြင့် တကွဲတပြားစီဖြစ်ခြင်းဟု အနက်အဓိပ္ပါယ် ပြန်ဆိုထားခြင်းသည်၊ ဇာတိယာ နာနာဘာဝေါ ဟု ဖွင့်ပြထားသော အဋ္ဌကထာနှင့် ညီညွတ်သည်ဟု ယူဘွယ် ရှိပါပေ၏။ သို့ရာတွင် ထိုသို့အနက် အဓိပ္ပါယ်ကို ယူပါမူ သေပြီးသည့်နောက်မှ ကွဲခြင်းကိုသာ ပြရာရောက်၏၊ မသေခင်ကွဲနိုင်သည်ကိုကား မပြနိုင်။ ထိုသို့ဖြစ်လျှင် ချစ်ခင်တပ်စွဲခြင်းကို ပယ်နိုင်အောင် ဆင်ခြင်ဖို့ ဟောသော အဘိဏှသုတ်သည် ရှင်ကွဲကွဲသူတို့အတွက် အထောက်အပံ့မရနိုင်ပဲ ရှိလေရာ၏။ ထို့ပြင် နာနာဘာဝသည် သေပြီးမှကွဲခြင်းဖြစ်သောကြောင့် ပါဠိ၌ ဝိနာဘာဝေါ နာနာဘာဝေါ ဟု သေဖြစ်အစဉ်ဖြင့် ဟောသင့်သကဲ့သို့လည်းရှိ၏။ ထို့ပြင် နာနာဘာဝနှင့် အညထာဘာဝသည် ရောရှက်လျက်လည်းရှိ၏။

အချို့သော ရှေးဆရာတို့ကမူ နာနာဘာဝကို 'ရှင်ကွဲကွဲခြင်း ဟု ပြန်ဆိုထားကြကြောင်း ယင်းဆောင်းပါး၌ပင် ဖေါ်ပြထားပေသည်။ ထိုအလိုအားဖြင့် စီးပွားရေးကြောင့်ဖြစ်စေ၊ စိတ်သဘောကွဲပြားခြင်းကြောင့်ဖြစ်စေ၊ ဘေးဒဏ် တမျိုးမျိုးကြောင့်

ဖြစ်စေ၊ ဇာတ်အယူ စသည်ကြောင့်ဖြစ်စေ ချစ်အပ်သော သူတို့နှင့် မသေမီမှာပင် ကွဲပြားနိုင်သည်ကို ဆင်ခြင်ထားခြင်းဖြင့် ချစ်ခင်တပ်စွဲမှုလျော့ပါး၍ မသေမီ ကွဲပြားခြင်းကိုလည်း သည်းခံနိုင်ဘွယ်ရာ အကြောင်းရှိပေသည်၊ သို့ဖြစ်၍ နာနာဘာဝကို ရှင်ကွဲဟု ပြန်ဆိုခြင်းက ပို၍လေးနက်ကျယ်ပြန့်သည်ဟု ထင်မိ၏။

သို့သော် ထိုသို့ပြန်ဆိုခြင်းမှာ ခိုင်လုံသော အထောက်အထားရှိဖို့ လိုပါသည်။ ထိုသို့သော အထောက်အထားကို ရှာသော်-

နာနာဘာဝေါတိ သရီရေန နာနာဒေသဘာဝေါ၊ ဝိပ္ပဝါသောတိ အတ္တော။ ဝိနာဘာဝေါတိ မရဏေန ဝိယုဇ္ဇနံ။ အညထာဘာဝေါတိ ဘဝန္တရရူပဂမနေနအညကာရပတ္တိ။ ဟူသော ဝိမတိဝိနောဒနီဋီကာ (ဒုတိယတွဲ နှာ ၂၆၆)ကို တွေ့ရ၏။

နာနာဘာဝဟူသည်မှာ ကိုယ်အားဖြင့် အသီးအခြားအရပ်၌ဖြစ်ခြင်း (တည်ခြင်း) တည်း။ ကွေကွင်းကွဲကွာခြင်း ဤကား ဆိုလိုသောအနက်။ ဝိနာဘာဝ ဟူသည်မှာ သေသဖြင့် မယှဉ်ခြင်း ကွဲကွာခြင်းတည်း။ အညထာဘာဝ ဟူသည်မှာ ဘဝတပါးသို့ ရောက်သဖြင့် အခြားတပါးသော အခြင်းအရာသို့ ရောက်ခြင်းတည်း။ (ယင်း၏ မြန်မာပြန်)

အထက်ပါဋီကာ၌ **နာနာဘာဝ**ပုဒ်ဖြင့် သေပြီးမှ ဘဝအသစ်ဖြစ်ခြင်းကို မဆိုလို၊ မသေမီပင် အရပ်ဘပါးသို့ ရောက်လျက် ကွေကွင်း ကွဲကွာခြင်းကို ဆိုလိုကြောင်း ထင်ရှား၏၊ သို့ဖြစ်၍ နာနာဘာဝကို ရှင်ကွဲကွဲခြင်းဟု အနက်ပြန်ကြသော ရှေးဆရာတို့သည် ဤဋီကာကိုလည်း မှီ၍ အဓိပ္ပါယတ္ထအားဖြင့် ပြန်ဆိုကြဟန် ရှိပေသည်။

သို့ရာတွင် ယင်းဋီကာကိုလည်း ဇာတိယာနာနာဘာဝေါ-ဟု ဖွင့်သောအဋ္ဌကထာနှင့် နှီးနှောဖို့လိုပါသေးသည်။ ဤအဋ္ဌကထာအဖွင့်၌ ဇာတိယာ-အရ ပဋိသန္ဓေယူကား မျှ ဘဝအသစ်၌ ဖြစ်ကာမျှဖြင့် အသီးအခြားဖြစ်ခြင်း ကွဲပြားခြင်းကို အဋ္ဌကထာဆရာ ဆိုလိုပါမူ ဖေါ်ပြပါ ဝိမတိဋီကာအဖွင့်သည် ဤအဋ္ဌကထာနှင့် မညီဟု ဆိုရပေလိမ့်မည်။

သို့သော် ထိုအဋ္ဌကထာ အာဘောဂကို ယင်း၏အဖွင့်ဋီကာ၌ ဇာတိယာတိ ဇာတိအနုရူပဂမနေန။ နာနာဘာဝေါ ဝိသုံဘာဝေါ အသမ္ဗန္ဓဘာဝေါ (ဒီ၊ ဋီ၊ ၂၊ ၁၆၃) ဟု ဖွင့်ပြထား၏။ အကယ်၍ ဘဝအသစ်၌ ဖြစ်ကာမျှဖြင့် ကွဲပြားခြင်းကို ဆိုလိုပါမူ ဇာတိယာကို ဤဋီကာ၌ ဇာတိအနုရူပဂမနေန ဇာတိအားလျော်စွာသွားခြင်းဖြစ်ခြင်းဖြင့်ဟု မဖွင့်ပြတန်လေရာ။ စင်စစ်သော်ကား ဇာတိအားလျော်စွာ သွားခြင်းဖြစ်ခြင်းဖြင့်ဟု ဖွင့်ပြခြင်းသည် အဋ္ဌကထာ၌ ဇာတိယာဖြင့် ဇာတိမျှဖြင့် ကွဲပြားခြင်းကို

ဆိုလိုသည်မဟုတ်၊ ဇာတိအားလျော်စွာ သွားခြင်းဖြစ်ခြင်းအားဖြင့် ကွဲပြားခြင်းကိုသာ ဆိုလိုသည်ဟု သိစေ၏။ ဇာတိအားလျော်စွာ သွားခြင်းဟူသည်မှာ အဘယ်နည်းဟု ဆင်ခြင်လျှင် တွေ့ဆုံခြင်း ကွဲခြင်းနှင့်ဆိုင်သော ကာမရူပ ပဋိသန္ဓေအားဖြင့် ဖြစ်ပြီးသောသူအား ယင်းသို့ ဖြစ်ပြီးသည့် အချိန်မှစ၍ မသေမီအတွင်း တွေ့ကြုံသွားရခြင်းဟူသမျှကို ဆိုလိုသည်ဟု ယူသင့်၏။ ချစ်သူတို့နှင့် တွေ့ဆုံပေါင်းသင်းရခြင်းလည်း ပါမည်၊ ကွဲပြားရခြင်းလည်းပါမည်၊ ထိုတွင် ဤ၌ကား ကွဲပြားခြင်းကို ပြသောအရာ ဖြစ်သောကြောင့် အကြောင်းတစုံတရာကြောင့် တနည်းနည်းဖြင့် ကွဲပြားခြင်းကိုသာ ယူရာ၏။ ဇာတိရှိသူတို့မှာ ချစ်သူတို့နှင့်တွေ့ဆုံ၍ တနည်းနည်းဖြင့် ကွဲပြားကြမည်မှာ မလွဲသာ မရှောင်သာသော အချက်ဖြစ်သည်၊ အချို့နှင့် အသက်ရှင်စဉ်မှာပင် ကွဲရမည်။ အချို့နှင့်မူ သေသောအခါ ကွဲရမည်။ ထိုတွင် သေ၍ကွဲခြင်းကို ဝိနာဘာဝေါ-ဖြင့် ပြလတ္တံ့ ဖြစ်သောကြောင့် မသေမီအသက်ရှင်စဉ်မှာပင် ဇာတိပဋိသန္ဓေအားလျော်စွာ အကြောင်းတမျိုးမျိုးကြောင့် ကွဲခြင်းကို နာနာဘာဝေါ-ဖြင့် ပြသည်ဟု ယူသင့်၏။ ဤသို့ယူလျှင် ပါဠိနှင့် အဋ္ဌကထာ၊ အဋ္ဌကထာနှင့် ဒီဃနိကာယ်ဋီကာ၊ ယင်းဋီကာနှင့် ဝိမတိဋီကာ ဤကျမ်းအားလုံး မကွဲပြား မဆန့်ကျင်ပဲ တညီတည်းဖြစ်ခြင်း၊ နာနာဘာဝကို ရှင်ကွဲဟု ပြန်ဆိုသော ရှေးဆရာတို့၏ အဆိုနှင့်လည်း ညီညွတ်ခြင်း၊ မသေမီတုခြင်းပါ သိမ်းယူနိုင်သောကြောင့် အနက်အဓိပ္ပါယ်သာ၍ကျယ်ပြန့်လေးနက်ခြင်းဟူသော အကျိုးများလည်း ရှိပါသည်။

## အပိုအလွန်များကို ဖေါ်ပြခြင်း

"ထို့ပြင် ဦးထွန်းမြင့်၏ ဆောင်းပါး စာမျက်နှာ ၅၉၊ ကြောင်းရေ ၁၁-၌ "နာနာဘာဝ ဝိနာဘာဝ ကွဲပြားခြင်းကို မလွန်ဆန်နိုင်" ဟုပြဆိုထားသောစကားများမှာ အပိုပင်ဖြစ်သည်။ ပါဠိ၌ ဇရာ အနတိတော၊ ဗျာဓိ အနတိတော၊ မရဏံ အနတိတော-ဟု ရှိသော်လည်း နာနာဘာဝံ ဝိနာဘာဝံ အနတိတော-ဟူ၍ကား မရှိပါ။ ထို့ကြောင့် ယင်းစကားပိုကိုပင် အရင်းခံပြု၍ ဝေဘန်စီစစ်သော နှာ၅၉၊ ကြောင်းရေ ၂၇-မှစ၍ နှာ ၆၀-ကြောင်းရေ ၁၃-အထိ စကားလည်း အပိုပင်ဖြစ်သည်။

ထို့ပြင် နှာ ၂၉-၌ ဘဝတိုင်းမှာပင် သတ္တဝါတိုင်း ဗျာဓိကို မလွန်နိုင်ဟူသော အနက်ကိုယူကာ နာနာဘာဝကိုလည်း မလွန်နိုင်ဟူသော အနက်ကို ယူစေလိုသဖြင့် "ချေဆတ်ခြင်း၊ ချောင်းဆိုးခြင်းလည်း ရောဂါတမျိုးဖြစ်သည်" ဟု ဖော်ပြခြင်းသည်လည်း အကျိုးမရှိပါ။ အကြောင်းမူကား တာဝတိံသာစသောနတ်များနှင့် ဗြဟ္မာတို့မှာ

ဆိုနုတ်ဘဝ ပြဟ္မာဘဝတို့၌ ဗျာဓိမရှိသောကြောင့်ပင် ဖြစ်သည်။ ထို့ကြောင့် နာခြင်း သဘောရှိသည်၊ နာခြင်းကို မလွန်ဆန်နိုင်ဟူသော ဒေသနာကို ယထာလာဘ ယေဘုယျ ဟူ၍သာ ယူသင့်သည်။ သံသရာ၌ ကျင်လည်နေလျှင် ပစ္စုပ္ပန်ဘဝ၌ ဗျာဓိမဖြစ်နိုင် သော်လည်း နောင်ဘဝတို့၌ ဖြစ်နိုင်သည်ကို ဆိုလိုသည်ဟုရင်း၊ အနာဂါမ် နတ် ပြဟ္မာ တို့မှာမူ ယေဘုယျနည်း ဘူတပုဗ္ဗဂတိက နည်းအရဖြင့် ဆိုသည်ဟူ၍ရင်း ယူသင့်၏၊ ထို့ကြောင့် နာနာဘာဝပုဒ်၌ ရှင်ကွဲဟု အနက်ပြန်ရာတွင် အချို့ပုဂ္ဂိုလ်တို့မှာ ရှင်ကွဲမရှိ ခြင်းဖြင့် စောဒနာဘွယ် သံသယဖြစ်ဘွယ်မရှိပါ၊ ထို့ပြင် နာနာဘာဝေါ ဝိနာဘာဝေါ ဟူရာ၌ အကွဲ ၂ မျိုးကို ဟောထားသောကြောင့် နာနာဘာဝ-ရှင်ကွဲ မရှိငြားသော်လည်း ဝိနာဘာဝ သေကွဲမှာ မုချရှိသည်ပင်၊ ထို့ကြောင့် ဤ စတုတ္ထ ပစ္စဝေက္ခိတဗ္ဗဌာနမှ လွတ်သည်ဟူ၍လည်း မရှိနိုင်ပါ။

ထိုပြင် ဆောင်းပါး၌ လူသေ၍ တစ္ဆေဖြစ်သွားသည်ကို **နာနာဘာဝဖြစ်သည်ဟု** ဆိုသင့်ကြောင်း ပြဆိုထားသည်ကိုလည်း တွေ့ရ၏။ ထိုပြဆိုချက်သည်းမသင့်။ အကြောင်း မူကား ဒီဃနိကာယ်ဋီကာ၌ တတ္ထာပိ မနုဿော ဒေဝေါ ဟောတီတိ အာဒိနာပိ ယောဇေ တဗ္ဗော-(ဒီ-ဋီ ၂၊ ၁၆၃) ဟူသောစကားရပ်ဖြင့် လူက နတ်ဖြစ်ခြင်း၊ တိရစ္ဆာန်ဖြစ်ခြင်း၊ ပြိတ္တာဖြစ်ခြင်းများကို အညထာဘာဝေါ-ပုဒ်၏ အရအဖြစ်ဖြင့် ပြဆိုထားသောကြောင့် ပင်။ ထို၌ တစ္ဆေဟူသည်မှာ နတ်အညံ့စားသော်ရင်း၊ ပြိတ္တာသော်ရင်း၊ ဖြစ်သင့်၏။ ထို့ကြောင့် လူကသေ၍ တစ္ဆေဖြစ်ခြင်းကို နာနာဘာဝ ဖြစ်သွားသည်ဟု မဆိုသင့်။ မြန်မာတို့က **တစ္ဆေကို နာနာဘာဝဟုခေါ်သည်မှာ** အမျိုးမျိုးအထွေထွေ ဖန်ဆင်းပြတတ် သောကြောင့်သာလျှင် ဖြစ်ရာ၏။

နိဂုံးချုပ်အားဖြင့် ဇာတိယာ နာနာဘာဝေါ ဟူသော အဋ္ဌကထာ၊ ဇာတိယာတိ ဇာတိအနုရူပဂမနေန၊ နာနာဘာဝေါ ဝိသံဘာဝေါ အသမ္ဗန္ဓဘာဝေါ-ဟူသော ယင်း၏ အဖွင့်ဋီကာ၊ နာနာဘာဝေါတိ သရီရေန နာနာဒေသဘာဝေါ၊ ဝိပ္ပဝါသောတိ အတ္ထော- ဟူသော ဝိမတိဝိနောဒနီဋီကာတို့နှင့်ရင်း၊ ရှင်ကွဲကွဲခြင်းဟု အဓိပ္ပါယ်ပြန်ဆိုသည့် အချို့ သော ရှေးဆရာတို့၏ အဆိုနှင့်ရင်း၊ ညီညွတ်စေရန် နာနာဘာဝေါ- ပုဒ်ကိုဖြစ်ခြင်း- ပဋိသန္ဓေအားဖြင့်၊ ဝါ၊ ဖြစ်မိသော ပဋိသန္ဓေအားလျော်စွာ သွားခြင်း-ဖြစ်ခြင်းအားဖြင့် အသီးအခြားဖြစ်ခြင်း၊ အကြောင်းတမျိုးမျိုးကြောင့် ရှင်ကွဲကွဲခြင်း-ဟု အနက်ပြန်ဆို ခြင်းက ပို၍ လေးနက်ကျယ်ပြန့်ပါသည်။

အထက်ပါအတိုင်း **နာနာဘာဝ**ကို ရှင်ကွဲဟုပြန်လျှင် ကံအားလျော်စွာ ဘဝ **အသစ်၌ဖြစ်ခြင်းဖြင့်** ကွဲပြားခြင်း ကြွင်းကျန်ရာသည် မဟုတ်လောဟု မေးဖွယ်ရှိပါသေး ၏။ ကျန်သည်ဟု မဆိုသင့်ပါ၊ **နာနာဘာဝေါ** ဝိနာဘာဝေါ-ဟု ၂-ပုဒ်မျှ ဟောသော ဒေသနာ၌ ဝိနာဘာဝ-အရတွင် အတွင်းဝင်သွားသည်ဟူ၍သာ ယူသင့်ပါသည်။ **အညထာ** ဘာဝေါနှင့်တကွ ၃-ပုဒ်ဟောရာ၌မူ ယင်းအညထာဘာဝ၌ အတွင်းဝင်သည်ဟူ၍ ယူဆ သင့်ပါသည်။

အယူကွဲလျှင် **အငြင်းအခုံ**ဖြစ်လျက် ဘေးသင့်စေတတ်သည်ကိုလည်း သတိပြုစေ လို၏။

**(အရှင်သောဘန)**
မဟာစည်ဆရာတော်
သာသနာ့ရိပ်သာ–ရန်ကုန်။

၁၃၃၁-ခုနှစ်၊ ကဆုန်လပြည့်ကျော် (၃)ရက် စနေနေ့
(၃၊ ၅၊ ၆၉)

# သာဌေယျပြဿနာ မဟာစည်အဖြေရတနာ

**အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဦးဉာဏုတ္တရ၏ မေးခွန်းလွှာ**

သာသနာ့ရိပ်သာ နိမ္မိတာ

မဟာသတိပဋ္ဌာန်အဖွဲ့ ပုရောဂါမိ

အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော်သို့

ဆရာတော်၊ အောက်ပါ အဋ္ဌကထာပါဠ်နှင့် ဋီကာပါဠ်တို့၏ နိဿယနက်နှင့် အဓိပ္ပါယ်များကို ရလိုကြောင်း လျှောက်အပ်ပါသည်။

သာဌေယျဉှိ အဘူတဂုဏဒဿနံတော အဘူတဘဏ္ဍဂုဏဒဿနသမံ ကတွာ ‘‘ကေရာဋိယ’’န္တိ ဝုစ္စတိ။ (မ၊ ၄၊ ၁။ ၁၅၆)

ကေရာဋိကံ ဝုစ္စတိ သာဌေယျံ။ သဌာနံ ဂုဏဝါဏိဇကာနံ ကမ္မံ သာဌေယျန္တိ အာဟ။ ‘‘သာဌေယျဉှိ’’ တိ အာဒိ။ (မ၊ ဋီ၊ ၁။ ၂၅၃)

ဦးဉာဏုတ္တရ

ကမ္ဘာအေး

၁၃၃၁-ခုနှစ် ကဆုန်လဆန်း(၅)ရက်။

# အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော်၏ ဖြေကြားချက်

**အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဦးဉာဏုတ္တရသို့**

နေ့စွဲ၊ ၁၃၃၁-ခု ကဆုန်လဆန်း (၅)ရက် (၂၀-၄-၆၅)

သာဒ္ဓေယျဥ္စ အစချီသော မ၊ ၄၅ ၁-၀ါကျနှင့် ယင်း၏ အဖွင့် ဋီ-၀ါကျတို့၌ မိမိ သဘောညာဏ်သက်သည့်အတိုင်း ဖော်ပြလိုက်ပါသည်။

အဋ္ဌကထာ ဆရာသည် သိက္ခိတ ကေရာဋိကာ-ဟု ဆိုပြီးလျှင် ယင်းစကားကို နိပ္ဖန္နထာမဂတသာဒ္ဓေယျာ-ဟု ထပ်၍ ဖွင့်ပြပြန်၏။ ယင်းသို့ ပြရာ၌ သာဒ္ဓေယျကို အဘယ်သို့သော ရည်ရွယ်ချက်အရအားဖြင့် ကေရာဋိယ-ဟု ဆိုသင့်ပါသနည်းဟု မေးရန်ရှိသောကြောင့် သာဒ္ဓေယျဥ္စ-စသည်ကို မိန့်ဆိုလေသည်။

ယင်း၏ အနက်ကား....ဟိ၊ မှန်၏။ ၀ါ၊ အကြောင်းကား။ သာဒ္ဓေယံ၊ ကောက်ကျစ်စဉ်းလဲမှုကို။ အဘူတဂုဏဒဿနတော၊ မဟုတ်သော-မရှိသောဂုဏ်ကိုပြခြင်းကြောင့်။ အဘူတဘဏ္ဍဂုဏဒဿနသမံ၊ ရောင်းကုန်ပစ္စည်း၏ မဟုတ်သော-မရှိသော ဂုဏ်ကိုပြသည်နှင့် တူသည်ကို။ ကတွာ၊ ပြု၍။ ၀ါ၊ နှလုံးသွင်းခြင်းကိုပြု၍။ (ဤအရာ၌ အဘူတဂုဏဒဿနသမန္တိ ကတွာ-ဟုရှိလျှင် သာ၍ ချောမောရာ၏။) ကေရာဋိယန္တိ၊ ဟူ၍။ ဝုစ္စတိ၊ ၏။

(ကောက်ကျစ်စဉ်းလဲသူ၏အမှု-ကောက်ကျစ်စဉ်းလဲမှု-သာဒ္ဓေယျသည် မိမိ၌ မရှိသော မဟုတ်သော ဂုဏ်ကို ဖော်ပြခြင်းဖြစ်သောကြောင့် ရောင်းကုန်ပစ္စည်း၏ မရှိသော မဟုတ်သော ဂုဏ်ကို ဖော်ပြကာ လှည့်စား၍ ရောင်းခြင်းနှင့် တူသည်ဟု နှလုံးသွင်း ယူဆပြီးလျှင် ယင်းသာဒ္ဓေယျကို ကေရာဋိယ-ဟု ခေါ်ဆိုအပ်သည်-ဟု ဆိုလို၏။ ထိုအလိုအားဖြင့် ကေရာဋိယသည် ရောင်းကုန်ပစ္စည်း၏ မရှိသော မဟုတ်သော ဂုဏ်ကို လိမ်လည်၍ ဖော်ပြခြင်း၏ အမည်ဖြစ်သည်။ သာဒ္ဓေယျသည် မိမိ၌ မရှိသော ဂုဏ်ကို လိမ်လည်၍ ဖော်ပြခြင်း၏ အမည်ဖြစ်သည်။ သဒိသူပစာဟု ယူသင့်၏။)

ဋီကာ၏ အနက်ကား....သာဒေယျံ၊ ကို။ ကေရာဋိကံ၊ ပ-ဟူ၍။ ဝုစ္စတိ၊ ၏။ (ဟိ၊ မှန်။ ဝါ၊ အကြောင်းကား။ သဌာနံ ဟိ-ဟု ဟိနှင့် တကွ ရှိသင့်၏။) သဌာနံ၊ ကောက်ကျစ်စဉ်းလဲကုန်သော။ ဂုဏဝါဏိဇကာနံ၊ ဂုဏ်ကို ရောင်းသော ကုန်သည်တို့၏။ ကမ္မံ၊ အမှုသည်။ သာဒေယျံ၊ မည်၏။ ဣတိ၊ ကြောင့်။ သာဒေယျဥ္စိတိအာဒိ၊ ကို။ အာဟ၊ ၏။

(ဤဋီကာ အလိုအားဖြင့်လည်း ပစ္စည်း၏ မဟုတ်မမှန်သော ဂုဏ်ကို လိမ်လည် ဖော်ပြ၍ ရောင်းသော ကုန်သည်တို့ကို ကေရာဋိက ခေါ်သည်၊ ယင်းတို့ ကောက်ကျစ်မှုကို ကေရာဋိယ ခေါ်သည်။ ထို့အတူပင် မိမိ၌ မရှိသော မဟုတ်မမှန်သောဂုဏ်ကို လိမ်လည် ဖော်ပြသော သူတို့သည် ဂုဏ်ကို လိမ်လည်၍ ရောင်းရာရောက်သောကြောင့် သဌဂုဏဝါဏိဇကမည်သည်၊ ယင်းတို့၏ လိမ်လည် ဖော်ပြမှုသည် ကုန်သည်တို့၏ လိမ်လည် ဖော်ပြမှုနှင့် တူသောကြောင့် ယင်း သာဒေယျကိုပင် ကေရာဋိယ-ဟု သဒိသူပစာအားဖြင့် ဆိုအပ်သည်။ ထို့ကြောင့် သာဒေယျဥ္စ-စသည်ကို အဋ္ဌကထာဆရာ မိန့်ဆိုလေသည်ဟု ဆိုလို၏။ ဤဋီကာပါဠိ၌လည်း ကေရာဋိယံ ဝုစ္စတိ သာဒေယျံ သဌဂုဏဝါဏိဇကာနံ ကမ္မန္တိ ကတွာတိ အာဟ သာဒေယျဥ္စိတိအာဒိ-ဟု တဝါကျတည်း ရှိလျှင် သာ၍ ချောမောရာ၏။)

ကမ္မံ၊ တည်း။ ဣတိ ကတွာ၊ ဤသို့ ဝစနတ္ထပြု၍။ သာဒေယျံ၊ ကို။ ကေရာဋိယံ၊ ဟူ၍။ ဝုစ္စတိ၊ ၏။ ဣတိ၊ ကြောင့်။ သာဒေယျဥ္စိတိအာဒိ၊ ကို။ အာဟ၊ ၏-ဟု တဝါကျ တည်း အနက်သင့်ပါသည်။)

**အရှင်သောဘန မဟာစည်ဆရာတော်**

**မှတ်ချက်။** ။ ဤမေးခွန်းရှင် အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဦးဥာဏုတ္တရ အရှင်မြတ်သည် ဘ၀ နတ်ထံ ပြန်လွန်တော်မူခဲ့လေပြီတကား။

၁၃၃၇-ခု၊ နှောင်းတန်ခူး လဆန်း (၁၂)ရက်

**ဒေါက်တာသန်းနောင်-မိသားစု ရှင်ပြု ရဟန်းခံ အလှူတော် မင်္ဂလာ၌**

ရန်ကုန်မြို့၊ သာသနာ့ရိပ်သာ

**အဂ္ဂမဟာပဏ္ဍိတ ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး ဟောကြားတော်မူသော**

# စက် ၄-ပါး အနုမောဒနာ-တရားတော်

## အလှူတော် မင်္ဂလာ ဘိတ်ကြားစာ

ကွယ်လွန်သူ ကျေးဇူးရှင် မိဘနှစ်ပါးနှင့် အစ်ကိုကြီးအား ရည်စူး၍ သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ရန် နိဗ္ဗာန်သို့ လျင်မြန်စွာ မျက်မှောက် ပြုပါရစေခြင်း အကျိုးငှါ ဟသ်ာတမြို့ ဗိုလ်ချုပ်လမ်း အမှတ်(၇)နေ ဒေါ်မြလေးနှင့် အစ်ကို အစ်မများက အထူးထူးသော ဒါန ဒါတဗ္ဗဝတ္ထု အစုစုတို့ကို ရေစက်သွန်းချ လှူဒါန်းကြပြီးလျှင် မောင်, သား, တူ, မြေးများ ဖြစ်ကြသော ဦးသန်းနောင်၊ ဦးအောင်စိန်နှင့် ဦးဝင်းဆွေ၊ ဦးတင်ထွန်းစိုး၊ ဦးသက်တင်၊ ဦးအောင်သန်း၊ ဦးအုန်းမြင့်၊ ဦးစံ၊ ဦးဝင်း၊ ဦးစောရန်အောင်တို့အား ဥပသမ္ပဒ ကံဆောင် ရဟန်းဘောင်သို့ရင်း၊ မောင်စိုးစိုးအောင်၊ မောင်စောဦး၊ မောင်တင်အောင်မိုး၊ မောင်အောင်ကြင်၊ မောင်မြတ်လင်း၊ မောင်သက်ဌေး၊ မောင်အောင်သာထွန်း၊ မောင်ကျော်စွာ၊ မောင်ချမ်းသာ၊ မောင်မိုးသူ၊ မောင်လွင်အေး၊ မောင်စံသာထွန်း တို့အား မြင့်မြတ်သော ရှင်သာမဏေ ဘဝသို့ ချီးမြှောက်တဲ့ ဗုဒ္ဓသာသနာ့ အမွေခံယူသော ပဗ္ဗဇ္ဇမင်္ဂလာနှင့် ဥပသမ္ပဒမင်္ဂလာ ဆင်ယင်ကျင်းပမည်ဖြစ်ပါ၍ အထက်ပါ အစီအစဉ်အတိုင်း အလှူမင်္ဂလာပွဲသို့ ကြွရောက် ချီးမြှင့်ပါရန် လေးမြတ်စွာ ဘိတ်ကြားအပ်ပါသည်။

## ဒီက အစီအစဉ်က

အလှူတော်မင်္ဂလာနေ့က ၁၃၃၇-ခုနှစ်၊ တန်ခူးလဆန်း(၁၂)ရက်၊ (ကနေ့) ပဗ္ဗဇ္ဇမင်္ဂလာနှင့် ဥပသမ္ပဒမင်္ဂလာ၊ နံနက်(၇)နာရီခွဲ၊ ဆံချ, ရှင်သာမဏေပြု။

"ဒါက မနေ့က ကတည်းက ရှင်သာမဏေပြုပြီးပါပြီ၊ ရဟန်းလောင်းတွေကတော့ (ကနေ့ပဲ)"။

နံနက်(၇)နာရီ၊ ရဟန်းခံ သိမ်ဝင်ပြီးလျှင် ပင့်သံဃာ(၂၅)ပါးတို့အား လှူဘွယ်များ ဆက်ကပ်ပြီး အဂ္ဂမဟာပဏ္ဍိတ မဟာစည် ဆရာတော်ဘုရားကြီးက အနုမောဒနာတရားဟောကြား၍ ရေစက်သွန်းချပါမည်။

"အနုမောဒနာ တရားကတော့ ကျယ်ကျယ်ပြန့်ပြန့် ဟောဖို့မလိုပါဘူး၊ ဒါက နေ့လည်ကျမှ ဦးဝိစိတ္တက တရားအကျယ် (အရှည်)ကြီး ဟောဦးမှာပဲ။

**ဘောဇနဒါန**....နံနက် (၁၀-နာရီမှ ၁၂-နာရီ) သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်၍၊ ယောဂီများနှင့် ဧည့်သည်တော်များအား ကျွေးမွေး ဧည့်ခံပါမည်။

**ဓမ္မဒါန**....မွန်းလွဲ (၂) နာရီ၊ မင်းကွန်းတောင်ရိုး ဓမ္မနာဒတိုက် ကျေးဇူးရှင် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဦးဝိစိတ္တသာရာဘိဝံသ,က တရားတော်များ ဟောကြားဆုံးမတော်မူပါမည်-တဲ့။

"အဲဒီကျမှပဲ အနုမောဒနာတရား ကျယ်ကျယ်ပြန့်ပြန့် နာရမယ်။

**အဖျော်ယမကာ**... စတုဒိသာဖြင့် ဧည့်ခံပါမည်၊ (ကြွလာတဲ့ ပရိသတ်တွေကို)။

**အလှူမင်္ဂလာဌာန**-မဟာစည် သာသနာ့ရိပ်သာ၊ အမှတ် (၁၆)၊ ဟာမစ်တိတ်လမ်း၊ ရန်ကုန်မြို့။

"အခုတော့ စာထဲပါတဲ့အတိုင်း အနုမောဒနာနဲ့နဲ့တော့ ဟောရသေးတာပေါ့။ လှူဘွယ်ဝတ္ထုက သင်္ကန်းတစုံ၊ မျက်နှာသုတ်ပုဝါ၊ လွယ်အိတ်၊ ယပ်၊ (ခုနက ဝတ္ထုငွေ) **စသည်ဖြင့်** စုံလို့ပါပဲ။

## စက်ဆိုတာ

စတ္တာရိမာနိ ဘိက္ခဝေ စက္ကာနိ၊ ယေဟိ သမန္နာဂတာနံ ဒေဝမနုဿာနံ စတုစက္ကံ ဝတ္တတိ၊ ယေဟိ သမန္နာဂတာ ဒေဝမနုဿာ နံ စိရဿေဝ မဟန္တတ္တံ ဝေပုလ္လတ္တံ ပါပုဏန္တိ ဘောဂေသု။

ဘိက္ခဝေ၊ ရဟန်းတို့။ ဣမာနိ စက္ကာနိ၊ ဤပြည့်စုံကြောင်းဖြစ်သော စက်တို့သည်။ **စတ္တာရိ**၊ လေးပါးတို့ပေတည်း။

စက္က= စက်ဆိုတာ၊ အဝန်းအဝိုင်း၊ ဝန်းဝိုင်းနေတဲ့ဟာကို စက်၊ အဝိုင်းတွေပေါ့လေ။ လောကမှာတော့ စက်ဆိုလို့ရှိယင် အလိုလိုသွားနေတဲ့ ယန္တရားလို့ ဒီလိုနားလည်ကြတယ်။ ဒီဟာကတော့ အဝန်းအဝိုင်းပါပဲ၊ စက္က=အဝန်းအဝိုင်းတဲ့။ သို့သော်လည်း **အလိုလိုသွားနေတဲ့ ယန္တရားစက်တွေမှာလည်း** အဝိုင်းတွေက ပါတာပဲ၊ သူကလဲ မပါလို့

မဖြစ်ဘူး၊ ဘီးတွေက အဝိုင်းတွေနှင့် လည်ရတာ၊ အဲဒီ အဝန်းအဝိုင်း စက်လေးခု ရှိတယ်။

ယေဟိ၊ယင်းလေးပါးသော သမ္ပတ္တိစက်တို့နှင့်။ သမန္နာဂတာနံ၊ပြည့်စုံကုန်သော။ ဒေဝမနုဿာနံ၊ နတ်လူတို့အား။ စတုစက္ကံ၊ လေးပါးသောစက်ဝိုင်းသည်။ ဝတ္တတိ၊ တဖန်ပြန်လျက် လည်နေ၏။

အဲ-စက်လေးပါးနှင့် ပြည့်စုံလို့ရှိယင်၊ အဲဒီစက်လေးပါးဆိုတာ တခုပြီးတခု အစဉ် အတိုင်းလည်နေတာကိုး၊သူကလည်နေတာ။စက်လေးပါးနှင့် ပြည့်စုံတဲ့ပုဂ္ဂိုလ်တွေမှာ လူဖြစ် ဖြစ် နတ်ဖြစ်ဖြစ် အဲဒီစက်လေးပါးတွေ ပြန်ပြီးတော့ လည်နေတာပဲ။ တပတ်ပြီးတပတ်၊ တပတ်ပြီးတပတ် ပြန်လည်နေတယ်၊ သမ္ပတ္တိစက် ပြည့်စုံကြောင်းဖြစ်တဲ့ တရားတွေပေါ့။ ဒါပါပဲ၊ ပြည့်စုံကြောင်း ဖြစ်တဲ့တရားတွေ တမျိုးပြီးတမျိုး ဆက်သွယ်ပြီးတော့ လည် နေတယ်။

ယေဟိ၊ ယင်းသမ္ပတ္တိစက်တို့နှင့်။ သမန္နာဂတာ၊ ပြည့်စုံကုန်သော။ ဒေဝမနုဿာ၊ နတ်လူတို့သည်။ ဘောဂေသု၊ အသုံးအဆောင် စီးပွားဥစ္စာရတနာတို့၌။ န စိရဿေဝ၊ မကြာမြင့်မီပင်လျှင်။ မဟန္တတ္တံ၊ ကြီးကျယ်သည်၏အဖြစ်သို့။ ဝေပုလ္လတ္တံ၊ ပြန့်ပြော သည်၏အဖြစ်သို့။ ပါပုဏန္တိ၊ ရောက်လေ့ကုန်၏။

အဲဒီသမ္ပတ္တိစက်နှင့်ပြည့်စုံတဲ့ ပုဂ္ဂိုလ်တွေမှာ အသုံးအဆောင်ဖြစ်တဲ့ စီးပွားဥစ္စာ ရတနာတွေ စည်းစိမ်ချမ်းသာတွေ၊ အရာရာမှာ ကြီးကျယ်ခြင်း၊ ပြည့်စုံခြင်းရောက်သွား တယ်တဲ့၊ မကြာခင်မှာလဲ ရောက်သွားတယ်။

## စက်လေးပါး သရုပ်

ကတမာနိ စတ္တာရိ၊ အဘယ်လေးပါးတို့နည်းဟူမူကား။ ပဋိရူပ ဒေသဝါသော သပ္ပုရိသာ ဝဿယော၊ အတ္တသမ္မာပဏိဓိ ပုဗ္ဗေစ ကတပုညတာ။

၁။ ပဋိရူပ ဒေသဝါသော - သင့်တင့်လျောက်ပတ်သော အရပ်၌ နေရတာက စက်တပါး၊ စက်ဝိုင်းရဲ့အစိတ်အပိုင်းကလေး တခုပါပဲ။

၂။ သပ္ပုရိသာဝဿယော-သူတော်ကောင်းကို မှီဝဲရတာကလဲ စက်တပါး။

၃။ အတ္တသမ္မာပဏိဓိ-မိမိကိုယ်ကို ကောင်းစွာ ဆောက်တည်ထားတာကလည်း စက်တပါး။

၄။ ပုဗ္ဗေ စ ကတပုညတာ-ရှေးဘဝ ရှေးကာလ၌ ပြုခဲ့ဘူးသော ကောင်းမှု ရှိတာကလည်း စက်တပါး၊ အဲဒီ စက်လေးပါးပဲ။

ဒီစက်လေးပါးနှင့် ပြည့်စုံတဲ့ပုဂ္ဂိုလ်တွေမှာ ဒီစက်တွေ ထပ်ကာ ထပ်ကာ လည်နေတယ်၊ ဒီစက်လေးပါးနှင့် ပြည့်စုံတဲ့ပုဂ္ဂိုလ်တွေဟာ စီးပွားဥစ္စာ ရတနာတွေနဲ့ ကြီးကျယ်ခြင်း၊ မြင့်မြတ်ခြင်းသို့ မကြာခင် ရောက်တာပဲ၊ စီးပွားချမ်းသာတွေနဲ့ ကြီးပွားချမ်းသာနေရတယ်လို့ ဆိုလိုပါတယ်။

## ၁။ ပဋိရူပ ဒေသဝါသစက်ဆိုတာ

ဝ။ အဲဒီ စက်လေးပါးထဲက၊ ပထမဆုံးက-ပဋိရူပဒေသဝါသ-သင့်တင့် လျောက်ပတ်သောအရပ်၌ နေရခြင်းတဲ့။

လောကဘက်ကလည်း၊ 'ပဋိရူပဒေသ - သင့်တင့် လျောက်ပတ်သောအရပ်၊ တရားဘက်က နေကြည့်ယင်လဲ၊ ပဋိရူပဒေသ-သင့်တင့် လျောက်ပတ်သော အရပ်၊ အရေးကြီးတာပဲ။

လောကဘက်က သင့်တင့်လျောက်ပတ်တဲ့အရပ်ဆိုတာ ဘေးအန္တရာယ်တွေကင်းလို့ စီးပွားဥစ္စာရတနာတွေ လွယ်လွယ်ကူကူနဲ့ ရနိုင်တယ်၊ ကြီးပွားနိုင်တယ်၊ ချမ်းသာနိုင်တယ်ဆိုတဲ့ နေရာဌာနပဲ၊ အဲဒီလိုနေရာ နေရတယ်၊ တောကြိုတောင်ကြား အစွန်အဖျားတို့ အဲဒီလိုအရပ်တွေ ရှိတယ်၊ အဲဒီ အရပ်တွေကတော့ စီးပွားဥစ္စာ ရတနာတွေ ရဖို့ရာ မလွယ်ဘူး။

အဲဒီမှာ ပေါတဲ့ပစ္စည်းတွေလဲပေါ၊ ရပါရဲ့၊ သူက ကောင်းကောင်းမွန်မွန်တွေလဲ မဟုတ်ဘူး၊ အသုံးအဆောင်တွေ၊ ပေါတဲ့ပစ္စည်းတွေလဲ ရှိတတ်ပါရဲ့၊ ဒါပေမယ်လို့ ပစ္စည်းကောင်းတွေ ကောင်းသထက် ကောင်းတာတွေကတော့ အစွန်အဖျားကျတဲ့နေရာမှာ တယ်မရှိဘူး၊ အဲဒီနေရာယူလာဖို့ရာကလည်း မလွယ်ဘူး၊ ဝေးတာနဲ့ အဆက်အသွယ်ကလဲ မရှိပဲနဲ့ နေရတတ်တယ်။ တချို့တချို့ ရချင်ပါတယ်ဆိုယင်၊ အဲဒီလို အစွန်အဖျားကျတဲ့နေရာတွေမှာ ရဖို့ခက်တယ်။ အဲဒီက လူတွေဟာ ဘယ်မှလဲမရောက်ဖူးဘူး၊ သူ့ကိုနေရာတွင် သူတို့နေနေကြတာပဲ။ ဒိပြင်အရပ်ကအကြောင်းတွေလဲ ဘာမှမသိကြဘူး၊ အဲ-သူတို့က တောကြိုတောကြားမှာ နေနေကြတယ်၊ မြို့တို့၊ သာယာစည်ကားတဲ့ ရွာတို့ဆိုတာ သူတို့ မရောက်ဖူးဘူး။ အစွန်အဖျားတွင် နေနေကြတာ၊ ဘာမှ အကောင်းအမွန်တွေကို မသိကြဘူး။

အခုခေတ်ကာလတော့ဖြင့် ခေတ်အားလျော်စွာ တိုးတက်မှုက ရှိတာနဲ့နေရာတကာမှာ အကောင်းအမွန်တွေက ပြန့်ပြီးတော့သွားတယ်၊ အရပ်တိုင်း အရပ်တိုင်း သွားရေးလာရေးတွေကလည်း လွယ်ကူတယ်၊ လမ်းပန်းတွေကလည်း သာယာတယ်၊ သွားလို့

လာလို့လွယ်ကူတော့၊ အစွန်အဖျားကျတဲ့နေရာတောင် သိပ်မရှိတော့ပါဘူး၊ နဲနဲတော့ ရှိပါသေးတယ်၊ အဲဒီလို အစွန်အဖျားကျတဲ့နေရာမှာနေယင် ကြီးပွားသင့်သလောက် မကြီးပွားဘူး။

လောကမှာ အသက်မွေးဝမ်းကျောင်း ပညာအကြီးအကျယ် တတ်သိနားလည် နေပေမယ်လို့၊ အစွန်အဖျားကျတဲ့နေရာမှာ ကြီးကြီးကျယ်ကျယ်အလုပ်လုပ်လို့မဖြစ်ဘူး။ စီးပွားဥစ္စာရတနာတွေဖြစ်ထွန်းအောင် လုပ်နိုင်တဲ့ အရည်အချင်းရှိတဲ့ ပုဂ္ဂိုလ်ပေမယ်လို့၊ အစွန်အဖျားကျတဲ့ နေရာမှာသွားနေယင် သိပ်ကြီးကြီးကျယ်ကျယ် မလုပ်နိုင်ဘူး၊တော်ရုံပဲ၊ အဲဒီအရပ်မှာရှိတဲ့ ပုဂ္ဂိုလ်တွေထက်တော့ သူကသာမှာပေါ့၊ အရည်အချင်းရှိတဲ့ ပုဂ္ဂိုလ် ဟာ သူများထက်သာဖို့တော့ရှိပါတယ်၊ ဒါပေမဲ့ သာယာစည်ကားတဲ့မြို့ကြီးများ နိုင်ငံ များက အခြေအနေနဲ့ စာကြည့်ယင်တော့ အသေးအဖွဲလေးဖြစ်ပြီးတော့ နေတယ်။

ဒါကြောင့် လောကဘက်ကလဲ ပဋိရူပဒေသဝါသ- သင့်တင့်လျောက်ပတ်သော အရပ်မှာ နေဖို့ကအရေးကြီးတယ်၊ သင့်တင့်လျောက်ပတ်သောအရပ်၊ သာယာစည်ကား တဲ့အရပ် ရွာဖြစ်ဖြစ် မြို့ဖြစ်ဖြစ် အထူးအားဖြင့်တော့ မြို့တွေပေါ့။

မြို့မှာလဲ မြို့ကလေးထက် မြို့ကြီးက ဘေးအန္တရာယ်လဲကင်းတယ်၊ စီးပွား ဥစ္စာရတနာတွေလည်းရအောင် အလုပ်လုပ်မယ်ဆိုယင်ဖြင့် လွယ်လွယ်နဲ့ ရနိုင်တယ်ဆိုယင် အဲဒီလို ဌာနတွေ၊ နိုင်ငံအနေအားဖြင့်လည်း ဖွံ့ဖြိုးကြီးပွားစေနိုင်တဲ့ နိုင်ငံတွေပေါ့လေ။ အဲဒီလိုနိုင်ငံတွေကတော့ ကမ္ဘာမှာ ဒီပြင်နိုင်ငံတွေနှင့် စာကြည့်ယင် နတ်ပြည်လိုဖြစ်နေ တာပဲ၊ အင်မတန်ကောင်းပါတယ်။

အဲဒီလိုနေရာမှာနေယင် ကြီးပွားချမ်းသာနိုင်တယ်၊ ဒါကြောင့် ပဋိရူပဒေသဝါသ သင့်တင့် လျောက်ပတ်သောအရပ်၌ နေရခြင်းဟာ အရေးကြီးတယ်။ ဒါ စက်ဘခုပဲ၊ သင့်တင့်လျောက်ပတ်သော အရပ်နေတော့ စီးပွားဥစ္စာရတနာတွေလည်းဖြစ်၊ ကိုယ်အလို ရှိအပ်တဲ့အကျိုးတွေလည်း ဆောင်ရွက်နိုင်တယ်၊ အဲဒါက လောကဘက်က ပဋိရူပဒေသ ဝါသပဲ။

**တရားဘက်က** ပဋိရူပဒေသဝါသကတော့ ဘုရားတရားသံဃာရတနာသုံးပါးမှီခိုရတဲ့ နေရာ ဘုရားကတော့ ပရိနိဗ္ဗာန်စံသွားတော့မရှိဘူး။ ဒါပေမယ်လို့ ဘုရားကိုရည်စူးပြီး တော့ တည်ဆောက်ထားတဲ့ ဥဒ္ဒိဿစေတီဆိုတာ ရှိတယ်၊ ဆင်းတုတော်တွေဘာတွေပေါ့ လေ။ ပရိဘောဂ စေတီဆိုတာရှိတယ်၊ ဘုရားအသုံးဆောင်တွေ ထည့်ထားတဲ့နေရာတွေ ပေါ့လေ၊ ဓာတုစေတီ- ဓာတ်တော်တွေ၊ အဲဒီဟာတွေရှိတယ်၊ အဲဒီလို ဘုရားပရိနိဗ္ဗာန် စံသွားသော်လည်း ဘုရားအနေနဲ့ အာရုံပြုပြီးတော့ ကိုးကွယ်ဖို့ရာ အရိုအသေပြုဖို့ရာ

စေတီတော်တွေ ထင်ရှားနေတဲ့နေရာတဲ့။ စေတီတော်ဆိုတာ ကြည်ညိုဘွယ်ရှိတဲ့ စေတီတော်တွေပေါ့လေ။ ဓာတ်တော်တွေ ဘာတွေ သေသေချာချာ ရှိမနေတဲ့ စေတီတော်တွေ အဲဒါတွေက အရေးကြီးတယ်။ ဆင်းတုတော်ဆိုယင်တော့လဲ၊ ဓာတ်တော်မပါပေမဲ့ ဆင်းတုတော် သက်သက်လဲပဲ ဘုရားပုံတော် အာရုံပြုလို့ ရနေတာပါပဲ၊ အဲဒီလို သာသနာထွန်းကားတဲ့ အရပ်မှာနေလို့ရှိယင်၊ ဘုရားကိုလဲ ပူဇော်ရ၊ တရားကိုလဲ နာရ၊ သံဃာတော်ဆိုတာလဲ တွေ့ကြုံရ လှူရ တန်းရ၊ အရိုအသေပြုရ၊ ကုသိုလ်တွေပွားတယ်၊ အဲဒီလို အရပ်မှာ နေတာဟာ ပဋိရူပ ဒေသဝါသပဲ၊ သင့်တင့်လျောက်ပတ်သော အရပ် နေလို့ တရား နာရတယ်၊ ဘုရား တရား သံဃာတွေနဲ့ နီးစပ်ရတယ်၊ ကုသိုလ်ကောင်းမှုတွေ ပွားများရတယ်၊ ဒါ သင့်တင့်လျောက်ပတ်သော အရပ်မှာနေလို့ ဖြစ်ပေါ်လာတဲ့ အကျိုးတွေပဲ။

## သူတော်ကောင်း အမှီရတယ်ဆိုတာ

၂။ သပ္ပုရိသာ ဝဿယော- သူတော်ကောင်းကို မှီခိုရခြင်းတဲ့၊ ဒါက အရေးကြီးတယ်၊ ရှေးဦးစွာ မိဘသူတော်ကောင်းဟာ အရေးအကြီးဆုံးပဲ။ မိဘက ဗုဒ္ဓသာသနာဝင် ဖြစ်လို့ ဘုရားတရားတော်တွေ သိသင့်သလောက် သိထားယင် သားသမီးတွေအား အဲဒီ ဗုဒ္ဓမြတ်စွာဘုရား ဟောထားတဲ့ တရားတော်တွေနဲ့ စပ်ပြီးတော့ အသိအလိမ္မာတွေ ပေးရတယ်၊ သားသမီးကလေးတွေ ငယ်ငယ်ကတည်းက စကားပီ နားလည် ဖြစ်ကတည်းက အဲဒီအရွယ်ကစပြီး အသိအလိမ်မာတွေ ပေးရတယ်။

အဲဒီ သားသမီးတွေဟာ မိဘတည်းဟူသော သူတော်ကောင်းကို မှီဝဲရလို့ ဘုရား တရား သံဃာနှင့်စပ်ပြီးတော့ ကုသိုလ်ကောင်းမှုတွေ ပွားရတယ်၊ မိဘက သူတော်ကောင်းဖြစ်နေလို့ သီလနှင့်ပြည့်စုံတဲ့ သားသမီးတွေလဲ သီလနှင့်စုံရတယ်။

မိဘက သူတော်ကောင်းဖြစ်လို့ စေတနာသဒ္ဓါတရားလဲကောင်း နေတော့ လှူဒါန်းပေးကမ်းမှု ဒါနတွေ ပြုတယ်၊ အဲဒီလိုပြုရာမှာ သားသမီးတွေလဲ ရောပြီး ပြုရတယ်၊ ကုသိုလ်တွေ ပွားတာပဲ။

မိဘက သူတော်ကောင်းတရားတွေ ကျင့်ကြံအားထုတ်ကြတယ် ဆိုယင်၊ သားသမီးများကလည်း လိုက်ပြီး အားထုတ်ကြတယ်၊ အင်မတန် ကျေးဇူးများပါတယ်၊ မိဘသူတော်ကောင်း မှီဝဲရတာ အကျိုးများပါတယ်၊မိဘသူတော်ကောင်းအပြင် လူပုဂ္ဂိုလ် သူတော်ကောင်း ရှိတယ်၊ ရဟန်းသူတော်ကောင်းရှိတယ်၊ အဲဒီ ပုဂ္ဂိုလ်တွေ မှီဝဲရတယ်၊ သူတော်ကောင်းဆိုတာ မိမိကိုယ်တိုင်လဲ ကောင်းသောအကျင့်ကို ကျင့်တယ်၊ သူများ

တွေကိုလဲ ကောင်းသော အကျင့် ကျင့်ဖို့ရာ ဟောပြောတယ်၊ တိုက်တွန်းတယ်၊ မကောင်းသော အကျင့်ကိုတော့ ကိုယ်တိုင်လဲမကျင့်ဘူး၊ သူများလဲ မတိုက်တွန်းဘူး။ သူများတွေ မကောင်းမှုပြုယင် သူက တတ်လဲ တတ်နိုင်လို့ရှိယင်တော့ တားမြစ်တယ်၊ တားလဲ တားမြစ်ရတယ်၊ ဆရာနှင့်တပည့်ဆိုယင် အရင်းအချာ ဒကာ ဒကာမတို့ ဘာတို့ဆိုယင်လဲ တားမြစ်ရတာပဲ၊ မဆိုင်တဲ့ ပုဂ္ဂိုလ်တွေတော့ သွားပြောလို့မဖြစ်ဘူး၊ သွားပြောယင် နားထောင်မှာလဲ မဟုတ်ဘူး။

အဲ သပ္ပုရိသာဝဿယ-သူတော်ကောင်းဖြစ်တဲ့ မိဘမှီဝဲရခြင်း၊ ကလျာဏမိတ္တဖြစ်တဲ့ မိတ်ဆွေ မှီဝဲရခြင်း၊ ဆရာသမား မှီဝဲရခြင်း၊ အဲဒါ အကြောင်းပြုပြီးတော့ ဆရာသမားနှင့်စပ်ပြီး ဗဟုသုတတွေပွားရတယ်၊ ကုသိုလ်ကောင်းမှုတွေ ပွားရတယ်၊ ဒါကြောင့် သပ္ပုရိသာဝဿယ-သူတော်ကောင်း မှီဝဲရတာဟာ အရေးကြီးတယ်၊ မိဘသူတော်ကောင်းမှ စပြီးတော့ အကုန်လုံး အရေးကြီးတာပဲ။

## အတ္တသမ္မာပဏိဓိ စက်ဆိုတာ

၃။ အတ္တသမ္မာပဏိဓိ-မိမိကိုယ်ကို ကောင်းစွာ ဆောက်တည်ထားရမယ်၊ ဒါကလဲ အရေးကြီးတယ်၊ သူတော်ကောင်းက ညွှန်ကြားပေးမယ်လို့ ကိုယ်က လိုက်နာဦးမှကိုး၊ မိဖတွေက သား, သမီးတွေ ကောင်းစေချင်လို့ ညွှန်ကြားပေမယ့် သား, သမီးတွေက မလိုက်နာယင် နေရာမကျဘူး။

အခု ကျောင်းပိတ်ထားတဲ့ အခါဆိုလို့ ရှိယင် မိဖတွေ, ဆွေမျိုးတွေက သား, သမီးတွေ ကောင်းစေချင်လို့ သင်္ကန်းဝတ်ပေး၊ တရား အားထုတ်ဖို့ရာ ကျောင်းပို့ပေးတယ်။ ဒါပေမယ်လို့ အချို့ သား, သမီးတွေက နေရာမကျတာလဲ ရှိတယ်။ အချိုးကျတဲ့ သား, သမီးတွေ ကျတော့လဲ မိဖတွေ ရည်ရွယ်ချက်အတိုင်း ကောင်းပါတယ်။ ကျောင်းရောက်လာလို့ရှိယင်၊ ဆရာသမားတွေ ဆုံးမတဲ့အတိုင်း ကောင်းကောင်းမွန်မွန် နေကြ၊ ကျင့်ကြံ အားထုတ်ကြတယ်၊ ဝမ်းသာစရာပါပဲ၊ ဘေးက မြင်ရတာနဲ့လဲ ဝမ်းသာစရာကောင်းတယ်၊ ရွတ်ဘတ်နေတာတွေ ကြားရတော့လဲ သိပ်ဝမ်းသာစရာတွေ ကောင်းတယ်၊ နံနက် စောစောကြီး ရွတ်ဘတ် သရဇ္ဈာယ်လို့၊ ဘုရားရှိခိုးလို့၊ မေတ္တာဘာဝနာတွေ ပွားများလို့ ကိုရင်တွေ အားထုတ်ကြတယ်။ တချို့က ကလေးတွေ၊ အငယ်လေးတွေပဲ၊ အိမ်မှာ နေလို့ရှိယင် ဒီကလေးတွေ နံနက် စောစော ဘယ်ထကြမှာတုန်း၊ သူဟာ အိပ်နေတဲ့ အချိန်ပဲ၊ ၆-နာရီကျော် ၇-နာရီမှ ထ,ကြတာ၊ ထ,ထ,ချင်းလဲ အိမ်မှာဆိုယင် စားဖို့ရာတွေ တောင်းကြတာပဲ။

ဟော....ဒီမှာဆိုယင် အိပ်ယာက နိုးတဲ့အခါ စားစရာလဲ မကျွေးနိုင်ဘူး၊ မျက်နှာသစ်ပြီး ရေလေး ဘာလေး သောက်ယင်၊ ဒါ-ရှိတာပဲ၊ အဲဒါပြီးတာနဲ့ ဆရာသမားညွှန်ကြားတဲ့အတိုင်း ဘုရားဝတ်တက်၊ ရွတ်ဘတ်သရဇ္ဈာယ်၊ မေတ္တာဘာဝနာတွေ ပွားများ၊ တရားအားထုတ်ကြတယ်။ ထူးထူးခြားခြား တရားတွေ မတွေ့ရစေကာမူ၊ အင်မတန်အဖိုးတန်တဲ့ ကုသိုလ်တွေ ပွားသွားတာပဲ၊ အဲဒါ မိဖတွေ ညွှန်ကြားသဖြင့် သား, သမီးတွေ အတ္တသမ္မာပဏိဓိ-မိမိ ကိုယ်ကို ကောင်းစွာ ထားနိုင်တာပဲ၊ အဲဒီထဲမှာ အုတ်ကြားမြက်ပေါက် ဆိုတာလို နေရာမကျတဲ့ တချို့ ကလေးတွေကလဲ ပါလာသေးတယ်။ အများထဲမှာဆိုတော့ နဲနဲပါးပါး ပါရမှာပဲ၊ အဲဒါတွေကို ဆရာသမားတွေက အထူးဂရုစိုက်ရတယ်။ ကိုယ်တော်တွေ အသီးသီး ကိုယ်နဲ့ နီးစပ်ရာ ကိုရင်တွေကြည့်ပြီး ဆုံးမရပါတယ်။ ကိုယ့်ကျောင်းမှာနေတာ မဟုတ်ပေမယ်လို့ ဒီရိပ်သာထဲက ကိုရင်တွေ ဆိုလို့ရှိယင် ဟိုနားဒီနား သွားနေကြရမှာ သူတို့ ဘာလုပ်တာတုန်းဆိုတာ အခြေအနေကြည့်ရမယ်။ မတော်တာတွေလုပ်ယင် တားမြစ်ပေးမှ နေရာကြမယ်။ အဲဒါ အရေးကြီးတယ်။ မတော်တာတွေလဲ အချို့ ပုဂ္ဂိုလ်က လုပ်တာပဲ၊ မိဖစကားလဲ နားမထောင်၊ ဆရာ့စကားလဲ နားမထောင်ဆိုတာ ရှိတယ်။ အဲဒါ အတ္တသမာပဏိဓိ-ပျက်နေတာပဲ။

အခုဟာကတော့ အတ္တသမ္မာပဏိဓိ-မိမိကိုယ်ကို ကောင်းစွာဆောက်တည်နိုင်ယင် ကောင်းစွာ ထားနိုင်တယ်။ မိဖတွေ သွန်သင်တဲ့အတိုင်း သရဏဂုံတွေ ရွတ်ဘတ်-ဆိုလို့ ဘုရား, တရား, သံဃာ ရတနာ သုံးပါးတွေ အရိုအသေပြုလို့၊ ငါးပါးသီလတွေ ဆောက်တည် ကျင့်သုံးလို့၊ အပြောအဆို အနေအထိုင်မှ စပြီးတော့ အချိုးကျကျ နေသွားတဲ့ သား, သမီးတွေဟာ မိဖ, ဆရာ အမှီပြုပြီး အတ္တသမ္မာပဏိဓိ- မိမိကိုယ်ကို ကောင်းစွာ ထားနိုင်တာပဲ၊ ရဟန်းဆရာတွေ ညွှန်ကြား ဆုံးမတဲ့အတိုင်း လိုက်နာပြီးတော့ ကျင့်သုံးတာလဲ အတ္တသမ္မာပဏိဓိ-မိမိကိုယ်ကို ကောင်းစွာ ထားနိုင်တာပဲ၊ မိမိကိုယ်ကို ကောင်းစွာ ထားနိုင်လို့ရှိယင် အဲဒါ ကုသိုလ် ကောင်းမှုတွေ ပွားတာပဲ။

## ပုဗ္ဗေစ ကတပုညတာ စက်ဆိုတာ

၄။ အဲဒါ ပုဗ္ဗေစ ကတပုညတာ ဖြစ်တယ်။ အဲဒီ မိမိကိုယ်ကို ကောင်းစွာထားပြီးတော့ သရဏဂုံ သီလတွေ ရှိရှိသေသေ ဆောက်တည်ကျင့်သုံး၊ ဘုရားရှိခိုး၊ ဘုရားဝတ်တက်၊ စာပေကျမ်းဂန်တွေ ရွတ်ဘတ်သရဇ္ဈာယ်၊ ဘာဝနာ အလုပ်ကို ပွားများ၊ အဲ-လူ့လောကမှာ ဆိုလို့ရှိယင် ပေးလှူသင့်တဲ့ ပစ္စည်း၊ ပေးလှူနိုင်တဲ့ ပစ္စည်းကို ပေးလှူ၊ ဒါနကုသိုလ်တွေ ပွားများ၊ အဲ့ဒါတွေ ဖြစ်ရမယ်။ အဲဒီဟာ ကုသိုလ်တရားတွေပဲ၊ အဲဒီ

ကုသိုလ် တရားတွေဟာ ပြုပြီးတဲ့ အချိန်က စပြီး ပုဗ္ဗေ ကတပုညတာ ဖြစ်တော့တာပဲ၊ ပြုပြီးတဲ့ နောက်ကာလမှာ ရှေးကာလက, အယင်ရက်က, အယင်လက, အယင်နှစ်က ပြုခဲ့တာ ဖြစ်တဲ့အတွက်။ ဟော....ပုဗ္ဗေ ကတပုညတာ-ရှေး၌ ရှေးဘဝ ရှေးကာလ၌ ပြုခဲ့ပြီးသော ကောင်းမှု ရှိခြင်းပဲ။

ရှေးဘဝ ရှေးကာလက ပြုခဲ့ဘူးတဲ့ ကောင်းမှုရှိမှ ကောင်းမှုကိုပြုထားမှ ကောင်းကျိုးဆိုတာ ရတာ၊ အခု ငယ်ငယ်ရွယ်ရွယ် ကလေးတွေများဆိုယင် ငယ်ငယ်ရွယ်ရွယ် ကနေပြီးတော့ အသိအလိမ္မာတွေကို မိဖတွေက သင်ကြားပေးရတယ်၊ ပညာတွေ တတ်မြောက်အောင် သင်ရတယ်။ အဲဒီလို ပညာတွေ ရှိရှိသေသေ ကောင်းကောင်းမွန်မွန် သင်ပြီးတော့ ခလေးတွေဟာ တတ်သိသင့်တဲ့ ပညာတွေတတ်လို့၊ လောကဘက်ကနေ ဘွဲ့ထူး ဂုဏ်ထူးတွေ ရပြီးတော့ နောင်တချိန်ကျယင် သူတို့ဟာ စီးပွား ဥစ္စာ ရတနာတွေနဲ့ ပြည့်စုံတဲ့ လူကြီး လူကောင်းတွေ ဖြစ်တာပဲ။ ရပ်ရွာအကျိုးဆောင်နိုင်တဲ့ ရှေ့ဆောင်ပုဂ္ဂိုလ်ကြီးတွေ ဖြစ်တယ်။ မြို့၏ အကျိုးကို ဆောင်နိုင်တဲ့ ရှေ့ဆောင်ပုဂ္ဂိုလ်ကြီးတွေ ဖြစ်တယ်။ နိုင်ငံ၏ အကျိုးကို ဆောင်နိုင်တဲ့ ပုဂ္ဂိုလ်ကြီးတွေ ဖြစ်တယ်။

သာသနာတော်ဝင်ပြီး ရဟန်းပြုတယ်ဆိုယင်ဖြင့် သာသနာ့ရှေ့ဆောင် ပုဂ္ဂိုလ်ကြီးတွေလဲ ဖြစ်နိုင်တယ်။ အဲဒါ-ပုဗ္ဗေ ကတပုညတာ နယ်ကနေပြီးတော့ သင်ကြားလေ့လာတဲ့ ကောင်းမှုကြောင့် ဒီဘဝတွင် အကျိုးရတာပဲ၊ ဒီထက် ရှေ့ကျတဲ့ ဘဝတွေကနေ ပြုခဲ့တဲ့ ဒါန, သီလ, ကုသိုလ်ကောင်းမှုတွေကြောင့် ဆိုတာကတော့ ပဋိသန္ဓေကတည်းက စပြီးတော့ ကောင်းကျိုးတွေ ပေးလာတယ်။

အဲဒါကတော့ သံသရာဘဝထဲမှာ ကိုလေသာ မကင်းသေးယင်တော့ ဘဝဆိုတာ ထပ်ကာ ထပ်ကာ ဖြစ်ရမှာပဲ၊ အကြောင်းကောင်းလို့ရှိယင် ကောင်းတဲ့ဘဝတွေ ဖြစ်ရမယ်။ ကုသိုလ်ကောင်းမှု အကြောင်းကောင်းရှိတဲ့ ပုဂ္ဂိုလ်တွေ ပဋိသန္ဓေ ကတည်းက စပြီးတော့ ကောင်းကျိုးတွေ ရလာတာမို့၊ ချမ်းသာပြည့်စုံတဲ့ မိဖတွေဝမ်းမှာ ဖြစ်တယ်၊ မိဖတွေကလည်း ချမ်းသာလို့ ပဋိသန္ဓေ နေကတည်းက ချမ်းချမ်းသာသာပဲ။

ကုသိုလ်ကောင်းမှု မပြည့်စုံတဲ့ ပုဂ္ဂိုလ်တွေကျတော့ မိဘတွေကလည်း ဆင်းရဲလို့ စားဝတ်နေရေးနဲ့ ပြေးရ လွှားရ သွားရ လာရ မိဘတွေကလည်း ဆင်းဆင်းရဲရဲနှင့် လုပ်ရ ကိုင်ရ၊ နေရာထိုင်ခင်းကလည်း ကောင်းကောင်းမွန်မွန်မရှိတော့ တော်စွာလျော်စွာ အိပ်နေရ၊ စားစရာကလည်း ကောင်းကောင်းမရှိတော့ တော်ရုံလျော်ရုံ စားရသောက်ရ၊ ဝတ်စရာကလည်း ကောင်းကောင်းမရှိ၊ တော်ရုံလျော်ရုံနဲ့ ဝတ်ပြီးတော့ နေရတယ်၊ သားသမီးတွေကလည်း ဘယ်ချမ်းသာမတုန်း၊ ပဋိသန္ဓေကတည်းက စပြီးတော့ မချမ်း

သာလှဘူး၊ မွေးဖွားပြီးတော့လဲ သူတို့ကို ကောင်းကောင်းမွန်မွန် မပြုစုနိုင်ဘူး၊ အဲဒီလို ဆင်းရဲသွားတာပဲ။ အဲဒါဟာ ပုဗ္ဗေစ ကတပုညတာ လိုနေလို့ပါပဲ။

ပုဗ္ဗေစကတပုညတာ– ရှေးကပြုတဲ့ကောင်းမှုရှိတယ်ဆိုတဲ့ အဲဒီလိုပုဂ္ဂိုလ်တွေက ပဋိသန္ဓေကတည်းက ချမ်းသာကြွယ်ဝတဲ့ မိဘတွေဝမ်းထဲမှာဖြစ်ပြီးတော့ ပဋိသန္ဓေကတည်းက ချမ်းချမ်းသာသာ ဖြစ်ပြီးလာခဲ့တယ်၊ မွေးလာတော့လဲ ချမ်းချမ်းသာသာနဲ့ပဲ ကြီးပြင်းလာရတယ်။ တသက်လုံး ချမ်းချမ်းသာသာနဲ့ပဲ နေထိုင်ပြီးတော့ သွားရတယ်၊ ဒါကြောင့် ပုဗ္ဗေစ ကတပုညတာ စက်နှင့် ပြည့်စုံဖို့ အရေးကြီးတယ်။

## ရှင်ပြုရဟန်းခံတယ်ဆိုတာ ပုဗ္ဗေစကတပုညတာပဲ

အခု-ရှင်ပြုရဟန်းခံတယ်ဆိုတာ ပုဗ္ဗေစကတပုညတာပဲ၊ ကုသိုလ်ကောင်းမှုတွေ အသစ်ပြုတာပေါ့လေ၊ အခုအနေကတော့ အသစ်လို့ဆိုရမယ်၊ ဒါပေမယ့်လို နောင်တချိန်ကျယင်တော့ ပုဗ္ဗေစကတပုညတာပဲ့၊ ရှေးဘဝက ပြုခဲ့တဲ့ ကုသိုလ် ကောင်းမှုဆိုတာ ဒါတွေပဲ။

ပဗ္ဗဇ္ဇမင်္ဂလာ ဥပသမ္ပဒမင်္ဂလာ အကြောင်းပြုပြီးတော့ လှူရတန်းရတယ်၊ သံဃာတွေ မွန်မြတ်သော ဆွမ်းခဲဘွယ် ဘောဇဉ်တွေ ကျွေး၊ လူပရိသတ်တွေ ကြွလာတဲ့ ပုဂ္ဂိုလ်တွေလဲကျွေးမွေး လှူဒါန်းလို့၊ အထူးလှူဘွယ်တွေ၊ သင်္ကန်းစသည်တွေ လှူဒါန်းပြီးကုသိုလ်ကောင်းမှုတွေ ပွားရတယ်။

အဲဒါတွေဟာ မနက်ပိုင်းက လှူဒါန်းထားလို့ ညနေပိုင်းဆိုယင် ပုဗ္ဗေစကတပုညတာဖြစ်နေပါပြီ၊ ရှေးကပြုခဲ့တဲ့ ကုသိုလ်ကောင်းမှုပဲ၊ သူက အကျိုးပေးမယ်ဆိုယင် ပေးနိုင်တယ်။ နက်ဖန်ခါဆိုတော့ ပြောစရာမလိုဘူး။ နောက်လတို့ နောက်နှစ်တို့ အဲဒီအခါတွေကျတော့ ယခုကောင်းမှုတွေကို ရှေးကပြုခဲ့တဲ့ ကုသိုလ်ကောင်းမှုလို့ ဆိုရတာပဲ။ ဒီကုသိုလ်ကောင်းမှုတွေ ပြုထားတဲ့ပုဂ္ဂိုလ်ဟာ နောင်ကာလမှာ ကြီးပွားချမ်းသာတာပဲ၊ နောက်ဘဝ နောက်ကာလတွေမှာ ကြီးပွားချမ်းသာပြီး သွားမယ်၊ အဲဒါ ပုဗ္ဗေစကတပုညတာစက်ရဲ့ အစွမ်းပဲ။

## စက်လေးပါး ကောင်းကျိုးဆက်လည်ပုံ

အဲဒီလို ပုဗ္ဗေစကတပုညတာရှိလို့ သင့်တင့်လျောက်ပတ်သော အရပ်မှာ ဖြစ်တာ၊ "မဂ်ဖိုလ်နိဗ္ဗာန် ရပါလို၏" လို့ ဆုတောင်းထားတဲ့ ပုဂ္ဂိုလ်တွေကို မဂ်ဖိုလ်နိဗ္ဗာန်ရနိုင်တဲ့ ဘဝ ပို့ပေးတာပဲ။ ဗုဒ္ဓသာသနာဝင်ပုဂ္ဂိုလ်တွေ မိဘတွေဝမ်းမှာ ပဋိသန္ဓေနေပြီးတော့ မွေး

လာတယ်၊ ငယ်ငယ်ကတည်းက စပြီးတော့ ဘုရား, တရား, သံဃာတွေကို ရိုသေလေး စားလာတယ်၊ သိတတ်တဲ့အရွယ်ရောက်တော့ မိဘတွေအားပေးကူညီချက်အရ တိုက်တွန်း နှိုးဆော်ပေးချက်အရ အားဖြင့် ကုသိုလ်ကောင်းမှုတွေ ပွားရတယ်။ ဒါနကုသိုလ်ပွား ရတယ်၊ သီလကုသိုလ်ပွားရတယ်၊ဘာဝနာအလုပ်တွေလဲ အားသုတ်ရတယ်၊ အရေးကြီး တာက ဘာဝနာအလုပ်ပဲ၊ သူက သိပ်အရေးကြီးတာ၊ ဒါန,သီလကတော့ အရပ်တိုင်း အရပ်တိုင်း ထိုက်သည့်အားလျော်စွာ ရှိကြပါတယ်။

ဘာဝနာကတော့ မိဘတွေက ဘာဝနာအလုပ်ကို အားထုတ်ထားယင်၊ သား သမီးတွေမှာ ဘာဝနာအလုပ်လုပ်ဖို့ရာ အင်မတန်လွယ်တယ်၊ အားလဲထုတ်ဖြစ်တာပဲ၊ ဒီလိုမိဘတွေအားမထုတ်ပဲနဲ့ သားသမီးကစပြီး အားထုတ်တာလဲ တချို့တော့ရှိပါတယ်၊ အဲဒါက မလွယ်ဘူး၊ အဲဒီလို ဘုရား, တရား, သံဃာတွေသိပြီးတော့ ကျင့်သုံးအားထုတ် နိုင်တဲ့အရပ်ဌာနမှာ ပို့ပေးတာဟာ ပုဗ္ဗေစကတပုညတာ ရှေးကပြုတဲ့ ကုသိုလ်ကောင်းမှုက ပို့ပေးတာတဲ့။

ပဋိရူပဒေသဝါသ- သင့်တင့်လျောက်ပတ်သောအရပ် နေရတယ်။ ပဋိသန္ဓေနေ ကတည်းက သင့်တင့်လျောက်ပယ်တဲ့ မိဘရဲ့ဝမ်းထဲမှာ ပဋိသန္ဓေနေလာရတယ်၊ သပ္ပုရိ သာဝဿယလဲ ရရှိပြီး မိဘသူတော်ကောင်း, ဆရာသမား သူတော်ကောင်း တွေနဲ့လဲ မှီရတယ်။

အဲဒါမှီပြီးတော့ အတ္တသမ္မာပဏိဓိ-မိမိကိုယ်လဲ ကောင်းစွာထားနိုင်တယ်။ ရှေးက ကုသိုလ်ကောင်းမှု အလေ့အလာရှိတဲ့ ပုဂ္ဂိုလ်ဟာ ကုသိုလ်ကောင်းမှုတွေ ကျင့်သုံးဖို့ရာ မခဲ ယဉ်းဘူး၊ လွယ်ကူတယ်။

ရှေးဘဝတွေကတည်းက အကျင့်ပျက်လာတဲ့ ပုဂ္ဂိုလ်တွေကတော့ အခုမှ မိဘတွေ က ဆုံးမလို့လဲ နားမထောင်၊ ဆရာသမားတွေက ဆုံးမလို့လဲ နားမထောင်၊ ကိုးလိုးကန့် လန့်တွေ ယခုအခါဖြစ်လာကြတယ်၊ အဲဒီလို လူတွေကို ရှေးဘဝက ကုသိုလ်ကောင်းမှု နည်းခဲ့တဲ့ ပုဂ္ဂိုလ်တွေလို့ ဆိုရမှာပဲ။

## ရှင်ရာဟုလာ-ဆိုတဲ့ ဘုရားသားတော်ဟာ

ရှေးကကုသိုလ်ကောင်းမှု အလေ့အလာများတဲ့ ပုဂ္ဂိုလ်တွေကတော့ ဘာမှမဆုံး မရပါဘူး၊ လွယ်လွယ်ကူကူပဲ၊ မြတ်စွာဘုရား လက်ထက်တုန်းကဆိုယင် ရှင်ရာဟုလာ ဆိုတဲ့ ဘုရားသားတော်ဟာ ဆိုဆုံးမလွယ်တယ်လို့ စကားရှိတယ်တဲ့၊ နှစ်ခါမပြောရဘူး၊

ပြောစရာရှိယင် တခါပဲပြောရတယ်၊ ပြောစရာလဲမရှိပါဘူး၊ သူကအခြေအနေကြည့်ပြီးတော့ ကောင်းတဲ့အနေအထိုင်နဲ့ နေထိုင်နေတာပဲ၊ အပြစ်ကင်းအောင် နေနေတာပဲ။

မနက်တိုင်း မနက်တိုင်း သဲပုံတပုံ ပုံလိုက်သေးတယ်တဲ့၊ သဲတလုံးတလုံးလျှင် ဩဝါဒ တခုအနေနဲ့ သဲပုံထဲမှာရှိတဲ့ သဲလုံးတွေလောက် များပြားတဲ့ ဩဝါဒအဆုံးအမတွေကို ဆရာ့အထံမှ ရပါစေလို့ ဒီလိုရည်ရွယ်ပြီးတော့ သဲတွေကို ပုံလိုက်သေးတယ်ဆိုတာကိုး။

အဲဒါ ရှေးကကုသိုလ်ကောင်းမှုတွေ လေ့လာလို့ ကုသိုလ်ကောင်းမှုတွေနှင့် ရင်းနှီးပြီးတော့ အတ္တသမ္မာပဏိဓိ၊ မိမိကိုယ်ကို ကောင်းစွာထားနိုင်တာပဲ၊ ပုဗ္ဗေစကတပုညတာဖြစ်အောင် စက်တွေက ဒီလိုလည်နေတာ၊ အရဟတ္တမဂ်ဖိုလ် တရားထူးမရသေးယင် ဒီလိုလည်နေတာပဲ၊ နောက်ဆုံးအရဟတ္တမဂ် အရဟတ္တဖိုလ် ရောက်သွားယင်တော့ မလွယ်ဘူး၊ အဲဒီမရောက်သေးယင်တော့ သောတာပန်မှာလဲ ဘဝတွေဖြစ်သေးတာပါပဲ၊ သကဒါဂါမ်မှာလဲ ဖြစ်တာပဲ၊ အနာဂါမ်ကတော့ဖြင့် ဗြဟ္မာ့ပြည်ပဲ ဖြစ်စရာရှိတော့တယ်၊ ဒါလဲ ဖြစ်တော့ ဖြစ်သေးတာပဲ။

အဲ-အတ္တသမ္မာပဏိဓိ-မိမိကိုယ်ကို ကောင်းစွာထားတဲ့အတွက်၊ ပုဗ္ဗေစ ကတပုညတာ-ရှေးကပြုဘူးတဲ့ ကုသိုလ်ကောင်းမှုနဲ့ ပြည့်စုံတဲ့ စက်ရောက်သွားတယ်၊ ဒီဘဝက ကောင်းမှုရှိတဲ့အတွက် ဘဝပြောင်းလို့ရှိယင် သင့်တင့်လျောက်ပတ်သော အရပ်မှာ ဖြစ်ရတယ်။

တချို့မှာ ကုသိုလ်က ကောင်းကျိုးတော့ ပေးချင်ပါရဲ့၊ ဒါပေမယ့် အကုသိုလ်တွေကလည်းရှိနေယင် အဲဒီ အကုသိုလ်တွေက ဝင်နှောင့်ယှက်တာနဲ့ ကောင်းတဲ့အရပ်မနေရပဲ၊ မသင့်လျော်တဲ့အရပ် သွားပြီးတော့ မိဘတွေလဲ တော်ရုံသင့်ရုံ မိဘတွေဆီကမွေးပြီးတော့ ဒီလိုနေလာရတယ်၊ အဲဒါ အကုသိုလ်တွေက ဝင်နှောင့်ယှက်လို့ မသင့်တော်ရာ ဖြစ်ရတာပါပဲ၊ ဒါပေမယ်လို့ သူ့ကုသိုလ်ကရှိနေတော့၊ တဖြည်းဖြည်းကြီးလာတဲ့အခါကျတော့ သင့်တင့်လျောက်ပတ်သောအရပ် ရောက်လာတာပဲ၊ သင့်တင့်လျောက်ပတ်သောအရပ် ရောက်ပြီးတော့ သူတော်ကောင်းမှီဝဲရတယ်၊ ဆရာကောင်း သမားကောင်းနဲ့တွေ့ရတယ်၊ တရားတွေလဲ ကျင့်သုံးနိုင်တယ်၊ အတ္တသမ္မာပဏိဓိအထိ- အကုန်လုံး ပြည့်စုံသွားတာပဲ။

ဒါကြောင့် အဲဒီစက်လေးပါးဟာ ပြည့်စုံလို့ရှိယင်၊ စက်တပါးကတပါး ကူးစက်ပြီးတော့ စက်လေးပါး တပတ်ပြန်လည်နေတယ်၊ တပတ်ပြီးတပတ်၊ တပတ်ပြီးတပတ်၊ သံသရာမှာ လည်နေတယ်၊ ရဟန္တာ မဖြစ်သေးမချင်း ဒီသမ္ပတ္တိစက်တွေ လည်နေတယ်။

သမ္ဗုတ္တိစက်လည်နေယင်၊ ဘဝတိုင်း ဘဝတိုင်း—

ဘောဂေသု၊ စီးပွားဥစ္စာ ရတနာတို့၌။ မဟန္တတ္တံ ဝေပုလ္လတ္တံ၊ ကြီးကျယ် ပြန့်ပြောခြင်း ရောက်သည်တဲ့။

ခဲခဲယဉ်းယဉ်း အားမထုတ်ရပဲနဲ့ ချမ်းချမ်းသာသာ လွယ်လွယ်ကူကူနဲ့ပဲ၊ စီးပွား ဥစ္စာ ရတနာတွေ ပြည့်စုံပြီးသွားတော့တယ်။

## ဒီနေ့ ရှင်ပြုရဟန်းခံဟာ သမ္ဗုတ္တိစက် ၄-ပါးနဲ့ဆိုင်တယ်

အခု ဒီနေ့ ရှင်သာမဏေပြု ရဟန်းပြု၊ ရှင်သာမဏေ ရဟန်းပြုတာကို အကြောင်းပြု ပြီးတော့ လှူဒါန်းတဲ့ ကုသိုလ်တွေဟာ အဲဒီသမ္ဗုတ္တိစက်လေးပါးနဲ့ဆိုင်တာပဲ၊ သမ္ဗုတ္တိစက် လေးပါးနဲ့ ရှေးကပြည့်စုံခဲ့လို့ အထူးအားဖြင့် ပုဗ္ဗေစ ကတပုညတာ စက်ရှိခဲ့လို့ ယခုအခါ သင့်တင့်လျောက်ပတ်သောအရပ်မှာ နေကြရတာပဲ၊ ယခုတဖန် သင့်တင့်လျောက်ပတ် သောအရပ် နေရလို့၊ မိဘ ဆရာသမား သူတော်ကောင်းတွေ မှီဝဲရလို့၊ သူတော်ကောင်း တရားတွေ နာကြားရတယ်။

ရှင်ပြုဖို့ ရဟန်းပြုဖို့ ရှင်ကျင့်ဝတ်တွေ ရဟန်းကျင့်ဝတ်တွေ သီလ သမာဓိ ပညာ တွေကျင့်ဖို့ စိတ်ကူးဖြစ်ရတယ်။

အဲဒါ-လူကြီးမိဘ ဘိုးဘွားတွေ အရီးအဒေါ်တွေ အဲဒါတွေကလဲပဲ ညွှန်ကြား ပေးရတယ်၊ ကုသိုလ်ကောင်းမှုတွေပွားများဖို့ ညွှန်ကြားပေးရတယ်၊ ရှေးကကောင်းမှုရှိခဲ့ လို့၊ အဲဒီညွှန်ကြားတဲ့အတိုင်းလဲပဲ ရှင်သာမဏေပြုပြီးတော့ ကျင့်ရတယ်၊ ရဟန်းပြုပြီးတော့ လဲ ကျင့်ရတယ်၊ ဒီလို ရှင်ပြုရဟန်းပြုရာမှာ ဒါနကုသိုလ်တွေ ပွါးရတယ်၊ ရှင်သာမဏေ မပြုနိုင်တဲ့ပုဂ္ဂိုလ်တွေက အဲဒီကုသိုလ်တွေပွါးပြီးတော့ ပုဗ္ဗေစ ကတပုညတာစက် တပတ် ပြန်လည်လာပြန်တယ်၊ အရဟတ္တမဂ် အရဟတ္တဖိုလ် မရသေးမချင်းဟာ ဒီလိုလည်နေ မှာပဲ၊ ကောင်းတဲ့စက်တွေက တပတ်ပြီးတပတ် ပြန်လည်နေတယ်၊ မိမိတို့ အလိုရှိအပ်တဲ့ လောကီ ကောင်းကျိုးချမ်းသာတွေနဲ့ အစဉ်တစိုက် ပြည့်စုံပြီးတော့ သွားလိမ့်မယ်။ နောက်ဆုံး ဆင်းရဲခပ်သိမ်းငြိမ်းတဲ့ နိဗ္ဗာန်လဲ ရောက်ပြီးသွားမယ်တဲ့။

ဒါကြောင့် အဲဒီနိဗ္ဗာန်ရဖို့ရာ အနေအားဖြင့် ကုသိုလ်ကောင်းမှုတွေ ပြုရမှာပဲ၊ ဒီကနေ့ သံဃာတွေအား မွန်မြတ်သောဆွမ်းကို လှူဒါန်းခြင်း၊ ပြီးတော့ ကြွရောက်လာ သော ကလျာဏမိတ္တတွေအား မွန်မြတ်သော စားဖွယ်သောက်ဖွယ်တို့ဖြင့် လှူဒါန်းခြင်း၊ အထူးပင့်ဖိတ်အပ်တဲ့ ၂၅-ပါးသော အရှင်မြတ်တွေအား သင်္ကန်းစသည်တို့ကို လှူဒါန်း ခြင်း၊ အဲဒီကုသိုလ်ကောင်းမှုတွေက ဆုမတောင်းလို့ ကောင်းကျိုးတွေ ပေးသွားမှာပါပဲ၊

ဆုတောင်းလို့ရှိယင် မိမိတို့အလိုရှိအပ်တဲ့ ကောင်းကျိုးတွေ တိတိကျကျ ပြည့်ပြည့်စုံစုံ အကျိုးပေးသွားလိမ့်မယ်။ ဒါပေမယ်ဘို့ အကောင်းဆုံးကတော့ ဆင်းရဲခပ်သိမ်းငြိမ်းတဲ့ နိဗ္ဗာန်ဟာ အကောင်းဆုံးပဲ။

## အကောင်းဆုံး ဆုတောင်း

ဒါကြောင့်–"ယနေ့ ပဗ္ဗဇ္ဇမင်္ဂလာ ဥပသမ္ပဒမင်္ဂလာ အကြောင်းပြုပြီး ပြုတဲ့ ကုသိုလ်ကောင်းမှုဟူသမျှကြောင့်၊ ဆင်းရဲခပ်သိမ်းငြိမ်းတဲ့ နိဗ္ဗာန်ချမ်းသာကို လျင်မြန်စွာ မျက်မှောက်ပြုရပါလို၏၊ ဆင်းရဲခပ်သိမ်းငြိမ်းတဲ့နိဗ္ဗာန် လျင်မြန်စွာ မျက်မှောက်ပြုရပါလို၏"လို့ ပဓာနအားဖြင့် ဒီလိုဆုတောင်းပြီးတော့ ရေစက်ချ အမျှပေးဝေရမယ်။

မိမိတို့အလိုရှိအပ်တဲ့ လောကီလောကုတ္တရာ ကောင်းကျိုးချမ်းသာ မင်္ဂလာအပေါင်းတို့နှင့် ပြည့်စုံကြပါစေ။

## ရေစက်ချ

ကဲ....ရေစက်ချမယ်၊ လိုက်ဆိုကြ၊

အရှင်ဘုရားတို့ တပည့်တော်တို့သည် မြတ်စွာဘုရား၏ သာသနာတော်ရှည်စွာ တည်တံ့ခြင်း ထွန်းကားခြင်း ကြီးပွါးခြင်း စည်ပင်ခြင်းအကျိုးငှါလည်း၊ တပည့်တော်တို့သည် သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်၍ နိဗ္ဗာန်ကို လျင်မြန်စွာ မျက်မှောက်ပြုပါရခြင်း အကျိုးငှါလည်း၊ မြတ်စွာဘုရား၏သာသနာတော်၌ ရှင်သာမဏေအဖြစ်ဖြင့် ဝင်ရောက်၍ သာသနံဓမ္မ–သာသနာ့အမွေတို့ကို ကျင့်သုံးရယူခြင်းငှါ အလိုရှိကြသော–

၁၇–ပါးသော ရှင်လောင်းတို့ကိုလည်း၊ ၁၀–ပါးသော ရဟန်းလောင်းတို့ကိုလည်း၊ သက်နီး သပိတ်စသော ပရိက္ခရာတို့နှင့်တကွ၊ သံဃာတော်ထံ၌ အပ်နှင်းလျှောက်ထား၍၊ မြတ်စွာဘုရား၏သာသနာတော်၌ မြင့်မြတ်သော ရှင်သာမဏေအဖြစ် ရဟန်းအဖြစ်ကို ရောက်စေလျက်၊ ပဗ္ဗဇ္ဇမင်္ဂလာကံ ဥပသမ္ပဒမင်္ဂလာကံ ဆောင်ကြပါကုန်၏။

ဤပဗ္ဗဇ္ဇမင်္ဂလာကံ ဥပသမ္ပဒမင်္ဂလာကံကို ဆောင်ခြင်းဖြင့်၊ မြတ်စွာဘုရား၏သာသနာတော်ကို ချီးမြှောက်ပါကုန်၏၊ ပူဇော်ပါကုန်၏။ ဤပဗ္ဗဇ္ဇမင်္ဂလာကံ ဥပသမ္ပဒမင်္ဂလာကံကို အကြောင်းရင်းပြု၍ သံဃာတော်အား မွန်မြတ်သော ဆွမ်းခဲဘွယ် ဘောဇဉ်တို့ကို ရိုသေစွာ ဆက်ကပ် လှူဒါန်း ကျွေးမွေး လှူဒါန်းကြပါကုန်၏။ ယောဂီအပေါင်း သူတော်ကောင်းတို့ အားလည်း၊ ကြွရောက်လာသော ကလျာဏ မိတ္တ မိတ်ဆွေအပေါင်း သူတော်ကောင်းတို့ အားလည်း မွန်မြတ်သော စားဖွယ် သောက်ဖွယ်တို့ဖြင့် ကျွေးမွေး လှူဒါန်းပါကုန်၏။ ထိုမှ

တပါး ဥပသမ္ပဒကံ ဆောင်တော်မူကြသော အထူးအားဖြင့် ပင့်ဖိတ် လျှောက်ထားအပ်သော သီလ အစရှိသော ဂုဏ်ကျေးဇူးတို့နှင့် ပြည့်စုံတော်မူကြသော ၂၅-ပါးသော အရှင်မြတ်တို့အား သင်္ကန်းတစုံစီ, မျက်နှာသုတ်ပုဝါ, လွယ်အိတ်, ယပ်တို့ကိုင်၊ ဝတ္ထု ငွေတို့မှ ဖြစ်ပေါ်လတံ့သော ရဟန်းတို့အား အပ်စပ်သော လိုရာရာ ပစ္စည်းတို့ကိုင်၊ အသီးအသီး ပိုင်းခြား၍ ရေစက်သွန်းချ၍ လှူဒါန်းပါကုန်၏။ ဝတ္ထု ငွေကိုကို အရှင်ဘုရားတို့၏ ကပ္ပိယကာရက အထံ၌ အပ်၍ထားပါကုန်အံ့၊ အလိုရှိသောအခါ အလိုရှိသောပစ္စည်းကို ကပ္ပိယ အထံမှ တောင်းယူ၍ သုံးဆောင်တော်မူကြပါ။

## ဆုတောင်း

အရှင်ဘုရားတို့ ဤကောင်းမှု အပေါင်းသည် အာသဝေါဘရား ၄-ပါးတို့၏ ကုန်ရာ ကုန်ကြောင်းဖြစ်သော မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ကို ရွက်ဆောင်ပါစေသတည်း။

ဤကောင်းမှုကြောင့် အကျွန်ုပ်တို့သည် ဘေးအန္တရာယ် ဟူသမျှတို့မှ အခါခပ်သိမ်း ကင်းလွတ်ကြ၍ အသက်ရှည်ခြင်း၊ အနာကင်းခြင်း၊ ကျန်းမာခြင်း၊ ချမ်းသာများခြင်း အစရှိသော လိုလား တောင့်တအပ်သော လောကီလောကုတ္တရာ ကောင်းကျိုးချမ်းသာ မင်္ဂလာအပေါင်းတို့နှင့် အခါခပ်သိမ်း ပြည့်စုံကြ၍ ဆင်းရဲခပ်သိမ်းတို့၏ ငြိမ်းရာဖြစ်သော နိဗ္ဗာန် ချမ်းသာမြတ်သို့ လျင်မြန်စွာ ရောက်ရပါလိုကုန်၏ အရှင်ဘုရား။

## အမျှဝေ

ဤကောင်းမှု ကုသိုလ် အပေါင်းတို့၏ အဖို့ဘာဂသို့ အမိအဖ ဆရာသမားတို့အားငှင်၊ အဆွေ အမျိုးတို့အားငှင်၊ ဤအရပ်၌ ရောက်ရှိနေသော ပရိသတ်အပေါင်းအားငှင်၊ အကျွန်ုပ်တို့၏ အသီးသီးသော အိမ်စောင့်နတ်, မြို့စောင့်နတ်, သာသနာတော်စောင့်နတ် ဤရိပ်သာစောင့်နတ်, လောကကို စောင့်ရှောက်သောနတ်, သိကြားမင်း, ယမမင်း အစရှိသော နတ်အပေါင်းတို့အားငှင်၊ ရှေးဦးစွာ အထူးသဖြင့် အမျှပေးဝေပါကုန်၏။ အလုံးစုံသော သတ္တဝါ အပေါင်းတို့အားလည်း အမျှပေးဝေပါကုန်၏။

အလုံးစုံသော သတ္တဝါ အပေါင်းတို့သည် အမျှရကြ၍ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။

အမျှ-အမျှ-အမျှ-ယူတော်မူကြပါကုန်လော့။

(သာဓု-သာဓု-သာဓု)

ပတ္တမြား မဟာဓမ္မသာလာ ဓမ္မာရုံကြီး ရေစက်ချ

# မဟာစည် အနုမောဒနာ တရားတော်ကြီး

**တည်ရာဌာန** .... သာသနာ့ရိပ်သာ၊ သာသနာ့ရိပ်သာလမ်း၊ ရွှေဂုံတိုင်စာတိုက်၊ ကုက္ကိုင်း၊ ရန်ကုန်မြို့။

**အလှူရှင်** .... ဦးအောင်ခင်+ဒေါ်ကြွေ မိသားစု၊ မြန်အောင် ပတ္တမြား သွေးဆေး ပိုင်ရှင်၊ မဟာဗန္ဓုလလမ်းနှင့် ၁၄-လမ်းဒေါင့်၊ ရန်ကုန်မြို့။

**ဟောကြားသည့်နေ့စွဲ** ....၁၃၃၄-ခု၊ တန်ဆောင်မုန်းလ။

**အချိန်** .... နံနက် ၉-နာရီ။

### အဂ္ဂမဟာပဏ္ဍိတ ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး

### ဟောကြားတော်မူသော

## ပဲခူးမြို့ မဟာဓမ္မသာလာ ဓမ္မာရုံကြီး

# အနုမောဒနာတရားတော်

**ဆုပေးတော်မူပုံ**။ ဦးအောင်ခင်+ဒေါ်ကြွေတို့၏ မဟာဓမ္မသာလာ ဓမ္မာရုံဇရပ်ကြီး ကိုငှင်း၊ စက်ရေတွင်းကိုငှင်း၊ ရေစက်ချလှူဒါန်းပွဲ အခမ်းအနားဌါ အညီအညွတ်လာ ရောက်ကြ၍ ဘုရားရတနာ, တရားရတနာ, သံဃာ ရတနာ တည်းဟူသော ရတနာ မြတ်သုံးပါးတို့ကို ရိုသေမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ ကြရသော ပဏာမ ကုသိုလ်ကံစေတနာတို့၏ အစွမ်းအာနုဘော်တို့ကြောင့် ဘေးရန် အန္တရာယ် ဟူသမျှတို့မှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းကြ၍ အသက်ရှည်ခြင်း အနာကင်း ခြင်း ကျန်းမာခြင်း ချမ်းသာများခြင်းအစရှိသော အလိုရှိအပ်တောင့်တအပ်သော လောကီ လောကုတ္တရာ ကောင်းကျိုးချမ်းသာ မင်္ဂလာအပေါင်းတို့နှင့် ပြည့်စုံကြပါစေ။

## နိဒါန်း

ယခုအချိန်ကစပြီးတော့ စက်ရေတွင်း အခြံအရံများနှင့်အတူတကွ မဟာဓမ္မသာ လာ ဓမ္မာရုံဇရပ်ကြီးရဲ့ ရေစက်ချ လှူဒါန်းခြင်း၏ အကြောင်း အနုမောဒနာ တရား ဟောကြားရန်ဖြစ်တယ်၊ ဒီ အနုမောဒနာတရားကို မူလက ၉-နာရီလောက် ပြီးအောင် မှန်းထားပါဘယ်၊ အခုတော့ ၈-နာရီခွဲခါနီးသောကြောင့် ညှော်ခံဖို့က ၉-နာရီမှအစ မပြုပဲ ၁၀-နာရီမှ အစပြုနိုင်မယ်ထင်ပါရဲ့၊ ဒီလိုဆို နဲနဲအချိန်ရပါတယ်။

ဒီဓမ္မာရုံဇရပ်ကြီး စပြီးဖြစ်ပေါ်လာတဲ့အကြောင်းကို စပြီး ဘုန်းကြီးက ပြောရ မယ်၊ ဒီဓမ္မာရုံဇရပ်ကြီး ဘာ့ကြောင့်ဖြစ်ရသလဲဆိုယင် **သာသနာ့ရိပ်သာ** နှစ်ပတ်လည် ပူဇော်ပွဲအတွက် ကန်တော့ယင်း ဘုရားများကိုလဲဖူးယင်း ရှမ်းပြည်ကလာကြတဲ့ ပရိသတ် တွေအတွက် တည်းခိုရန် နေရာလိုနေသောကြောင့်ပါပဲ၊ အဲဒီလိုလာတဲ့အခါမှာ ဒီရိပ်သာ က ကမ္မဋ္ဌာန်းဌာနဖြစ်တဲ့အတွက် ကမ္မဋ္ဌာန်းကျောင်းတွေမှာ ယောဂီတွေက ပြည့်နေ

တယ်၊ ကမ္ဘဋ္ဌာန်းကျောင်းဆိုတော့လဲ ခပ်ကျဉ်းကျဉ်းပဲ၊ ဒါကြောင့် သူတို့လဲ နေလောက်အောင် နေရာမပေးနိုင်ဘူး၊ ဓမ္မာရုံကြီးတို့ ပိဋကတ်တိုက်တို့ကို ပေးတော့လဲ သူတို့က မနေချင်ကြဘူး။ အဲဒီလို အကြောင်းတွေကြောင့် ဒီနေရာမှာ အဲဒီလို အရေးကြီးတဲ့ ညွှန့်သည့် အာဂန္တုတွေ တည်းခိုဖို့ရာ ဇရပ်ကြီးတဆောင်လဲ ရှိသင့်တယ်လို့ စဉ်းစားမိပါတယ်။

အဲ....နောက်တခုကတော့ နွေရာသီ ကျောင်းပိတ်ရက်အတွင်း အထူးအားဖြင့် သင်္ကြန်ရက်အတွင်း အဲဒီအခါကာလမှာ ဒီသာသနာ့ရိပ်သာ၌ ယောဂီက အလွန်များပါတယ်၊ နေလောက်တာက ကျပ်ကျပ်ဘည်းတည်းနဲ့မှ ယောဂီ နှစ်ရာလောက်သာ နေလောက်တယ်၊ အဲဒီအခါတွေကျတော့ ငါးရာ ခြောက်ရာကျော်လဲ ရှိပါတယ်၊ (လွန်ခဲ့တဲ့ လေးငါးနှစ်က အခြေအနေကို ပြောပါသည်၊ ယခု ၁၃၃၇-ခုနှစ်မှာမူ ၁၃၀၀-ကျော်ရှိပါသည်) နောက်ပြီးတော့ မိုးရာသီ ဝါတွင်းမှာ သီလဆောက်တည်ပြီး တရားအားထုတ်တဲ့ ယောဂီတွေလဲ ကျပ်ကျပ်တည်းတည်း ခဲခဲယဉ်းယဉ်းနဲ့ နေကြရပါတယ်၊ ဒီလိုနေကြရတာတွေကို နှစ်တိုင်း နှစ်တိုင်း တွေ့နေကြရပါတယ်၊ ဒါကြောင့် အဲဒီလို သင်္ကြန်တွင်းနဲ့ မိုးတွင်း ဝါတွင်းများမှာလဲ ယောဂီတွေ ချမ်းချမ်းသာသာနဲ့ သီလဆောက်တည်ပြီး တရားအားထုတ်ဖို့ နေရာတခုတော့ လိုဘာပဲလို့ ဘုန်းကြီးလဲစဉ်းစားမိတယ်၊ သက်ဆိုင်ရာ ဒကာ ဒကာမတွေ့, ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့က လူကြီးတွေကလဲ အဲဒီလိုပဲ စဉ်းစားမိကြပါတယ်၊ အဲဒါနဲ့ မနှစ်ကတော့ ဘုန်းကြီးကပဲစပြီးတော့ နှိုးဆော်ခဲ့ပါတယ်။

## အများချမ်းသာဖို့ နှိုးဆော်ရတယ်

နှိုးဆော်တယ်ဆိုတော့ ဘုန်းကြီးဟို့က ဘုန်းကြီးတို့အတွက် မဟုတ်ပါဘူး။ ရဟန်းတော်များအတွက်လဲ မဟုတ်ပါဘူး။ ဒကာ ဒကာမတွေ ချမ်းချမ်းသာသာ နေရေးအတွက်ပါပဲ။ ဒီလိုဇရပ်ကြီးတခု ရှိသင့်တယ်လို့ ဆိုပြီးတော့ နှိုးဆော်ပေးရပါတယ်၊ အဲဒီ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ လူကြီးတွေကလဲပဲ အဲဒီဇရပ်ကြီးတခု ဆောက်ဖို့ရာ ကြံစည်အားထုတ်ကြပါတယ်။

## သဒ္ဓါတရားဆင့်ဆင့်ပွားတဲ့ ဓမ္မာရုံဇရပ်ကြီးရဲ့ အလှူရှင်ဒေါ်ကြွေ

အဲဒီလို အားထုတ်နေကြရာမှာ ဒီဇရပ်ကြီးရဲ့ အလှူအမ ဒေါ်ကြွေက ဒီဇရပ်ကြီးဆောက်လို့ရှိယင်ဖြင့် သူ့မှာရှိတဲ့ ပစ္စည်းတွေ အဆောက်အဦး သစ်သားတွေ အဆင်သင့်ရှိတဲ့အကြောင်းကို ပြောကြားပါတယ်၊ နောက်တော့ ဒီဇရပ်ကြီးထဲ ထည့်သွင်းဖို့

အဆောက်အဦးကြီးတခု ရှိနေတယ်ဆိုတာလဲ သူက ပြောကြားပါတယ်၊ အဲဒါတွေ ပြောကြားပြီးတော့ သူလဲကြောင့်ကြစိုက်ယင်းနဲ့ နောက်တော့ သူ့မှာ သဒ္ဓါတရားတွေက တဆင့်တဆင့် တိုးတက်လာဟန်တူပါတယ်၊ အဲဒီလို တနေ့ပြီးတနေ့ တိုးတက်လာလိုက်တာ နောက်ဆုံးကျတော့ ဒီမဟာဓမ္မသာလာ ဓမ္မာရုံဇရပ်ကြီးကို သူကပဲ အားလုံး တာဝန်ယူပြီး ဆောက်မယ်လို့ ပြောဆိုဝန်ခံလာပါတယ်၊ အဲဒီကနောက်လဲ တဖြေးဖြေးနဲ့ သဒ္ဓါတရားတွေ တိုးတက်လာတာ ယခုတွေ့မြင်နေရတဲ့ ဓမ္မာရုံကြီးအဖြစ် ရောက်သွားတာပါပဲ၊ မူလအစတုန်းကတော့ သာမန်ဇရပ်ကြီး ဖြစ်ရုံမျှပါပဲ၊ သိပ်အကောင်းကြီး မဟုတ်ပါဘူး၊ ဘုန်းကြီးစဉ်းစားနေတုန်းကဆိုယင် နေဖြစ်ရုံလောက်ပါပဲ၊ စဉ်းစားခဲ့ပါတယ်။

## ဓမ္မာရုံဆောက်ယင်း အနိစ္စရောက်ခဲ့ရသူ ဒေါ်ကြွေ

ဒေါ်ကြွေရဲ့ သဒ္ဓါတရားတွေ တိုးတိုးလာပုံကတော့ ပထမစပြီး တာဝန်ယူတုန်းက သစ်သားတိုင်လောက် ဆောက်ဖို့ပါပဲ၊ နောက်တော့ သဒ္ဓါတရားတွေ တိုးတက်လာတာနဲ့ သစ်သားနှင့်ဖြင့် ကြာရှည်စွာမခံဘူး၊ ကွန်ကရစ်တိုင်မှ ဖြစ်မယ်ဆိုပြီးတော့ ပစ္စည်းကလဲ ရှာလို့ အဆင်သင့်ရတာနဲ့ ဒေါ်ကြွေက တခါတည်း ကွန်ကရစ်တိုင်တွေနဲ့ လုပ်ပါတယ်၊ အကြီးအကျယ်ပါပဲ၊ဘုန်းကြီးမျှော်မှန်းထားတာနဲ့ အများကြီးကွာခြားပါတယ်၊အင်မတန် ကြောင့်ကြပြု အလွန်အားစိုက်ပြီးတော့ အဆောက်အဦးကြီးကို စီမံပြုလုပ်နေပါတယ်၊ အဲဒီလိုပြုလုပ်နေယင်း သူ့ရဲ့ရှေးကံအကြောင်းလို့ပဲ ဆိုရမှာပေါ့လေ၊ အဆောက်အဦးအစ ပြု ဆောက်ချိန်ကစပြီး တလကျော်လောက်မှာပဲ ထင်ပါတယ်၊ အဲဒီအခါမှာ အနိစ္စ ရောက်ပြီး သွားရှာပါတယ်။

## ဒကာမကြီး ဒေါ်ကြွေ အနိစ္စရောက်သော် ဒကာကြီး ဦးအောင်ခင်က ဆက်လုပ်တယ်

ဒေါ်ကြွေ အနိစ္စ ရောက်သွားတဲ့နောက် ဒီက ဒါယကာကြီး ဦးအောင်ခင်က ဆက်လက်ပြီး စီမံပြုလုပ်တယ်၊ အစတုန်းကတော့ ဒေါ်ကြွေက ကြောင့်ကြစိုက်နေတာနဲ့ ဒကာကြီး ဦးအောင်ခင်က အိမ်မှာပဲထိုင်ပြီးတော့ သက်သက်သာသာနဲ့ စီမံနေခဲ့ပါတယ်၊ ဒကာမကြီး ဒေါ်ကြွေက ကွယ်လွန်သွားတဲ့အခါကာလကျတော့ ဒကာကြီးက ဒေါ်ကြွေရဲ့ ညီမ-အစ်မတွေနဲ့ တိုင်ပင်ပြီးတော့ သူကိုယ်တိုင်စီမံပြီး ဒီအဆောက်အဦးကြီးကို ဆက်လက် ဆောက်လုပ်ကြတယ်။

## ရှစ်လနဲ့ပြီးတာ အံ့သြစရာပဲ

ဆောက်တဲ့ ကာလကတော့ စပြီးဆောက်သည်က အခုအထိဆိုလို့ရှိယင် (၈)လ ရှိပြီလို့ ဆိုပါတယ်၊ (၈)လနဲ့ အဆောက်အဦကြီး ပြီးတာဟာ အင်မတန် အံ့သြစရာ ကောင်းပါတယ်။

အဲဒီ ပထမဆုံးစပြီးတော့ တာဝန်ခံခဲ့တဲ့ ဒေါ်ကြွေရဲ့ စေတနာ၊ ဆက်လက်ပြီး တော့ ကြောင့်ကြစိုက်ကြတဲ့ ဦးအောင်ခင်တို့ အားလုံး မိသားစုတွေ ဆိုရမှာပေါ့လေ၊ အဲဒီက ပုဂ္ဂိုလ်တွေရဲ့ စေတနာတွေအားလျော်စွာ အင်မတန်ကြီးကျယ်တဲ့ ဒီအဆောက် အဦကြီးဟာ နတ်မျှား ဖန်ဆင်းသလိုပါပဲ၊ အစက ဒီနေရာမှာ ဘာမှရှိတာမဟုတ်ဘူး၊ အဲဒီလို ဘာမှမရှိတဲ့ မြေပြင်မှာ ဒီအဆောက်အဦကြီး အင်မတန် တင့်တင့်တယ်တယ် ဖြစ်ပြီးတော့ လာပါတယ်။

## ကုသိုလ်ရဲ့အကျိုးကျေးဇူးကြီးကြောင်း ဖော်ပြတာဟာ အနုမောဒနာပဲ

ပြီးတော့ ဒီလိုအဆောက်အဦကြီးကို ဆောက်လုပ်ပြီးလှူဒါန်းတာ အကျိုးကျေးဇူး များကြောင်းကို ဒကာ-ဒကာမတွေ သိကြပြီးသားပါပဲ၊ ဒါပေမယ်လို့ အခုလို ရေစက် သွန်းချ လှူဒါန်းတဲ့အခါမှာ အကျိုးကျေးဇူးလဲ ဖော်သင့်သမျှ ဖော်ပြီးတော့ ပြောရ မယ်၊ အဲဒီလို ဖော်ပြတာကို အနုမောဒနာတရားလို့ ဆိုတာပါပဲ၊ မိမိတို့ပြုတဲ့ ကုသိုလ် ကောင်းမှု အကျိုးရှိတဲ့အကြောင်း သိသည်ထက် သိပြီး ဝမ်းမြောက်ဝမ်းသာဖြစ်ဖို့ပါပဲ၊ ဝမ်းမြောက်ဝမ်းသာ ဖြစ်ပြီးတော့ စေတနာတွေ ထက်သန်လာနိုင်တယ်၊ စေတနာ ထက်သန်သလောက် အကျိုးပေးလဲ ထက်သန်တယ်။

## အရှင်သာရိပုတ္တရာရဲ့ဒါနထက် မြတ်စွာဘုရားရဲ့ဒါနက သာပြီးအကျိုးကြီးနိုင်တယ်

အလှူဒါန၏ အကျိုးကိုသိတဲ့ ပုဂ္ဂိုလ်နဲ့ မသိတဲ့ပုဂ္ဂိုလ် လှူဒါန်းတဲ့နေရာမှာ သိတဲ့ ပုဂ္ဂိုလ်ရဲ့ ဒါနကုသိုလ်က ပိုပြီးတော့ အကျိုးကြီးတယ်၊ သိတဲ့ပုဂ္ဂိုလ်ချင်း တူတောင်မှ အကျိုးပေးပုံကို ပိုပြီးသိနားလည်တဲ့ ပုဂ္ဂိုလ်ရဲ့ ဒါနကုသိုလ်က သာပြီးတော့ အကျိုး ကြီးတယ်။

ဥပမာအားဖြင့် ပြရမယ်ဆိုယင် အရှင်သာရိပုတ္တရာက လှူတဲ့ဒါနနဲ့ မြတ်စွာဘုရား က လှူတဲ့ဒါနနဲ့ အကျိုးပေးမယ်လို့ဆိုလို့ရှိယင် မြတ်စွာဘုရား၏ဒါနက သာပြီး အကျိုး ကြီးနိုင်ပါတယ်၊ ဒါပေမဲ့ အရှင်သာရိပုတ္တရာလဲ ရဟန္တာပဲ၊ မြတ်စွာဘုရားလဲ ကိလေသာ ကုန်ခန်းတဲ့ ရဟန္တာပဲ၊ ဘုရား ရဟန္တာ ပြုလုပ်တဲ့အမှုဟာ အကျိုးမပေးတတ်ပါဘူး၊

အကျိုးပေးတတ်တဲ့ သဘောချိုး မရှိပါဘူး၊ အကယ်၍ အကျိုးပေးမယ် ဆိုလို့ရှိယင်တဲ့၊ ဒါက ပရိကပ္ပစကားပါပဲ၊ မဖြစ်နိုင်တာကို ဖြစ်နိုင်သကဲ့သို့ ကြံဆပြောတဲ့ စကားပါပဲ၊ မြတ်စွာဘုရားက လှူဒါန်းတဲ့ အလှူဒါနဟာ ပိုပြီး အကျိုးကြီးပါတယ်တဲ့၊ ဘာကြောင့်တုန်း ဆိုလို့ရှိယင်၊ ဒါနအကျိုးကို မြတ်စွာဘုရားက အပြည့်အစုံသိရှိလို့ပါပဲတဲ့၊ အရှင်သာရိပုတ္တရာလဲ ဒါန၏အကျိုးကို သိပါတယ်၊ ဒါပေမယ်လို့ မြတ်စွာဘုရားသိသလောက်တော့ မကျယ်ပြန့်ဘူးပေါ့၊ အဲဒါကြောင့် ဒါန၏ အကျိုးအာနိသင်ကို များများ သိလေလေ၊ အကျိုးပေးမှာ များများထက်သန်လေလေ ဖြစ်ပါတယ်၊ အဲဒါကို အကြောင်းပြုပြီးတော့ အနုမောဒနာတရားကို ဟောရတယ်။

## မြတ်စွာဘုရားက အဆောက်အဦဒါနကို ချီးကျူးထားပါတယ်

မြတ်စွာဘုရားက အဆောက်အဦ အလှူဒါနကို အင်မတန် ချီးကျူးထားပါတယ်၊ အဲဒါကြောင့် အနုမောဒနာ တရားကြီးကိုလဲ မဟာစည်ကျောင်းတော် ရေစက်ချပွဲတုန်းက ဟောပြီးပါပြီ၊ အခုတော့ အကျဉ်းချုပ် ဟောရမှာပဲ။

**ဝေလာမ**ဆိုတဲ့ ပုဏ္ဏားသူဌေးကြီး၏ အလှူဒါနဟာ ကုဋေပေါင်း များစွာကို စွန့်လှူတဲ့ အကြီးအကျယ် အလှူကြီးပါပဲ၊ အဲဒီ ကုဋေပေါင်းများစွာကို စွန့်ပြီးလှူဒါန်းတဲ့ ဝေလာမပုဏ္ဏား၏ အလှူဒါနဟာ သောတာပန်ပုဂ္ဂိုလ်တပါး ကျွေးမွေး လှူဒါန်းတာလောက် အကျိုးမကြီးပါဘူး၊ သောတာပန်ပုဂ္ဂိုလ်တပါး ကျွေးမွေးလှူဒါန်းတာက အဲဒီ ဝေလာမ အလှူထက် အကျိုးကြီးတယ်။

သောတာပန် တရာကို လှူတာထက် သကဒါဂါမ် တပါးလှူတာက အကျိုးကြီးတယ်။

သကဒါဂါမ် တရာကို လှူတာထက်-အနာဂါမ် တပါး လှူတာက အကျိုးကြီးတယ်။

အနာဂါမ်တရာကို လှူတာထက် ရဟန္တာတပါး လှူတာက ပိုပြီးအကျိုးကြီးတယ်။

ရဟန္တာတရာကို လှူတာထက် ပစ္စေကဗုဒ္ဓါ တပါး လှူတာက ပိုပြီးအကျိုးကြီးတယ်။

ပစ္စေကဗုဒ္ဓါ တရာကို လှူတာထက် သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားကို ဆွမ်းကပ်လှူတာက ပိုပြီး အကျိုးကြီးတယ်။

မြတ်စွာဘုရား တပါးတည်းအား ဆွမ်းကပ်လှူတာထက် ဘုရား အမှူးရှိသော သံဃာတော်ကို လှူတာက ပိုပြီးအကျိုးကြီးတယ်။

အဲဒီလို ပုဂ္ဂလိက အလှူတွေ တဆင့်ထက် တဆင့်ပိုပြီး အကျိုးကြီးပုံကို ဟော တော်မူပါတယ်။

အဲဒါဟာ ဆွမ်းအလှူဒါန အဆင့်ဆင့် အကျိုးကြီးပုံပါပဲ။

ဘုရား အမှူးရှိသော သံဃာအား ဆွမ်းလှူတာထက် သံဃာကို ရည်စူးပြီးတော့ ကျောင်းအဆောက်အဦ လှူတာက ပိုပြီး အကျိုးကြီးတယ်တဲ့။

အဲဒီ ကျောင်းက ဘယ်လောက်ကြီးရမလဲ ဆိုတော့ ကျောင်းရဲ့ ပမာဏက သံဃာ တပါး နေလောက်ရုံပါပဲ၊ တပါးနေလောက်ရုံ လေးပင်တိုင် ကျောင်းကလေးဆိုယင် ခုတင်ကပြောတဲ့ ဝေလာမဒါနကြီးမှ စပြီး အဆင့်ဆင့် တက်လာတဲ့ အလှူဒါနတွေနှင့် တကွ ဘုရားအမှူးရှိသော သံဃာအားလှူတဲ့ အလှူဒါနဘိုင်အောင် အဲဒီ ဆွမ်းအလှူ ဒါနတွေထက် ပိုပြီး အကျိုးကြီးပါတယ်တဲ့။ အဲဒါ မြတ်စွာဘုရားက ဝိဟာရဒါနဆိုတဲ့ အဆောက်အဦ အလှူဒါနကို ချီးမွမ်းထားပုံတခုပါပဲ။

ဝိဟာရဒါနံ သံဃဿ၊ အဂ္ဂံ ဗုဒ္ဓေန ဝဏ္ဏိတံ။

သံဃဿ၊ သံဃာတော်အား။ ဝိဟာရဒါနံ၊ ကျောင်းအလှူကို၊ အဂ္ဂံ၊ အမြတ်ဆုံး ဟူ၍။ ဗုဒ္ဓေန၊ မြတ်စွာဘုရားသည်။ ဝဏ္ဏိတံ၊ ချီးမွမ်းတော်မူအပ်၏တဲ့။ ဒါနထဲမှာ သံဃာ လှူတဲ့ ဝိဟာရဒါန အမြတ်ဆုံး ဖြစ်တယ်လို့ ပြဆိုတော်မူပါတယ်။

## ဒိဗ္ဗမှာရုံကြီးကို လှူရာမှာ

အခု လှူတဲ့ ဓမ္မာရုံကြီး အလှူကတော့ သံဃာသက်သက် လှူတာတော့ မဟုတ် ပါဘူး၊ သံဃာသက်သက် လှူယင် သံဃိက အဆောက်အဦကြီးဖြစ်တော့ လူတွေ မပြောနဲ့ သံဃာတွေတောင် သုံးဆောင်ရဘာ တာဝန်လေးပါတယ်။ ဒါကြောင့် ဒိဗ္ဗမှာရုံ ကြီး လှူရာမှာ သံဃာတွေလဲ ပါပါတယ်၊ လူတွေလဲ ပါတယ်၊ ဧည့်သည် အာဂန္တုတွေလဲ ပါတယ်၊ ရေစက်ချထဲမှာ ဖော်ပြထားပါတယ်။ အဲဒါတွေ အကုန်လုံး ချမ်းချမ်းသာသာနဲ့ သုံးဆောင်ဖို့ လှူဒါန်းတယ်ဆိုဘာ ဖော်ပြထားပါတယ်။ အဲဒါ သံဃာအား လှူတာလဲ ဖြစ်ပါတယ်၊ ယောဂီ ပုဂ္ဂိုလ်တွေအား လှူတာလဲ ဖြစ်ပါတယ်။ ဧည့်သည် အာဂန္တုတွေ အား လှူတာလဲ ဖြစ်ပါတယ်။ ဧည့်သည် အာဂန္တုတွေ ဆိုရာမှာလဲ သူတော်ကောင်း ဧည့်သည်တွေလို့ ဖော်ပြထားပါတယ်။ တွေ့ကရ ဧည့်သည်တွေ မဟုတ်ပါဘူး၊ သူတော် ကောင်းကိုမှ ဒီအဆောက်အဦးက လက်ခံနိုင်မည်၊ သာသနာ့ရိပ်သာ အနေနဲ့လဲ သူတော် ကောင်းကိုမှ လက်ခံနိုင်မည်။ သူတော်ကောင်း မဟုတ်တဲ့ သူတွေကိုတော့ လက်မခံ နိုင်ဘူး။

ဒီမှာ နောက်တခု ဟောပြထားတာကတော့ "ကေသံ ဒိဝါစ ရတ္တောစ၊ သဒါ ပုညံ ပဝဍ္ဎတိ"တဲ့။

နတ်သားတဦးက....ကေသံ၊ အဘယ် ပုဂ္ဂိုလ်တို့အား။ ဒိဝါစ၊ နေ့၌ရင်း။ ရတ္တောစ၊ ညဉ့်၌ရင်း။ သဒါ၊ အခါခပ်သိမ်း။ ပုညံ၊ ကုသိုလ်ကောင်းမှုသည်။ ပဝဍ္ဎတိ၊ တိုးပွား ပါသနည်း။

ဘယ်ပုဂ္ဂိုလ်မှာ နေ့ရော ညပါ အခါခပ်သိမ်း ကုသိုလ် ပွားပါသလဲလို့ မေးလျှောက်တယ်။

အဲဒီ အမေးကို မြတ်စွာဘုရားက ဒီလို ဖြေကြားတော်မူပါတယ်။

အာရာမရောပါ ဝနရောပါ၊ ယေ ဇနာ သေတုကာရကာ။
ပပဉ္စ ဥဒပါနဉ္စ၊ ယေ ဒဒန္တိ ဥပဿယံ။
တေသံ ဒိဝါစ ရတ္တောစ၊ သဒါ ပုညံ ပဝဍ္ဎတိ။
ဓမ္မဋ္ဌာ သီလသမ္ပန္နာ၊ တေဇနာ သဂ္ဂဂါမိနော-တဲ့။

အာရာမရောပါစ၊ အရာမ်ဥယျာဉ်ကို စိုက်ပျိုး၍ လှူကြသော သူတို့သည်ရင်း၊ (အရာမ်ဥယျာဉ် စိုက်ပျိုးလှူတဲ့ ပုဂ္ဂိုလ်တွေတဲ့၊ ကိုယ့်ဥယျာဉ်နဲ့ကိုယ် သုံးစွဲဖို့ ဥယျာဉ်လုပ်ထားတာ ပြောတာမဟုတ်ဘူး။ အဲဒီလို ကိုယ့်အတွက် လုပ်တာကတော့ သူ့စီးပွားရေး သူလုပ်တာပဲ၊ ကုသိုလ်မဖြစ်ပါဘူး၊ ယခု ပြောတာက အရာမ်ဥယျာဉ်စိုက်ပြီး လှူဒါန်းတာကို ပြောတာပါ)။ ဝနရောပါစ၊ သစ်ပင်ကို စိုက်ပျိုး၍ လှူဒါန်းကြသော သူတို့သည်ရင်း။

(သစ်ပင်စိုက်ပျိုးပြီးတော့ လှူဒါန်းခြင်းတဲ့၊ အဆောက်အဦတွေ မဆောက်နိုင်ယင်တောင် သစ်ပင်တပင် စိုက်လိုက်ယင်လဲ ဒါ အဆောက်အဦ အလှူပဲ၊ မြတ်စွာဘုရား သာသနာတော်မှာ "ရုက္ခမူလ သေနာသနံ နိဿာယ ပဗ္ဗဇ္ဇာ"ဆိုတာ ရဟန်းပြုပြီးစ ရဟန်းဖြစ်ပြီးစကတည်းက မြတ်စွာဘုရားက နေထိုင်ဖို့ရာ ရဟန်းသစ်ကို နေရာပေးတော်မူတယ်။ ရုက္ခ မူလ သေနာသနံ၊ သစ်ပင်ရင်းတည်းဟူသော ကျောင်းကို။ နိဿာယ၊ အမှီပြု၍။ ပဗ္ဗဇ္ဇာ၊ ရှင်ရဟန်း အဖြစ်သည်။ ဟောတိ၊ ဖြစ်တယ်တဲ့။ ရှင်ရဟန်းအဖြစ်ဆိုတာ သစ်ပင်ရင်းတည်းဟူသော ကျောင်းကို အမှီပြုပြီး နေရတယ်၊ ဒါဟာ အရင်းခံပဲ၊ အဆောက်အဦ မရှိယင် သစ်ပင်အောက်မှာနေ၊ သစ်ပင်ဟာ ကျောင်းပဲ၊ အဲဒါကြောင့် အရိပ်ရတဲ့ သစ်ပင် စိုက်ပြီးတော့ လှူလို့ရှိယင် လမ်းတို့ ဘာတို့ပေါ့လေ၊ လမ်းမဟုတ်လဲ ဒီပြင်နေရာ လူတွေ ဘာတွေ တည်းခိုဖို့ရာ အဆင်သင့်တဲ့ နေရာမှာ သစ်ပင်တပင် စိုက်လိုက်ယင် အဲဒါဟာ

အဆောက်အဦတခုကို လှူဒါန်းသည် မည်တာပဲ၊ ဒါကြောင့် အဲဒီလို သစ်ပင်စိုက်မျိုးပြီးတော့ လှူဒါန်းတဲ့ ပုဂ္ဂိုလ်တဲ့)။

ယေဇနာ-အကြင်ပုဂ္ဂိုလ်တို့သည်။ သေတုကာရကာ၊ အသွားအလာ ခက်ခဲသော အရပ်၌ တံတားကို ဆောက်လုပ်၍ လှူဒါန်းကြကုန်၏။ တေစ၊ ထိုသူတို့သည်ရင်း။

(အင်း-အသွားအလာ ခက်ခဲတဲ့ အရပ်ဆိုတာ ချောင်းတွေ မြောင်းတွေ အဲဒီလို နေရာတွေပါပဲ၊ ဖြတ်ကျော်သွားဖို့ရာ ခက်ခဲတဲ့အတွက် တချို့က ဝါးလုံးကလေးတွေ ထိုးထားတယ်၊ ဒါလဲ တံတားပါပဲ။ သစ်သားတချောင်းထဲ ခင်းထားတာလဲ တံတားပဲ၊ နှစ်ချောင်းလောက် ခင်းထားတာလဲ တံတားပဲ၊ တချို့နေရာမှာ သစ်ပင်လုံးကြီးတွေ ခင်းထားတာလဲ ရှိတယ်၊ အဲဒါလဲ တံတားပါပဲ၊ ကျကျနန ကောင်းကောင်းမွန်မွန် လုပ်ထားတဲ့ တံတားဆိုယင်တော့ ပြောစရာမရှိပါဘူး)။

ပပဥ္စ၊ ရေအိုးစင်ကိုရင်း။ ဥဒပါနဥ္စ၊ ရေတွင်းကိုရင်း။ ယေ၊အကြင်ပုဂ္ဂိုလ်တို့သည်။ ဒဒန္တိ၊ ပေးလှူကြကုန်၏။ တေစ၊ ထိုသူတို့သည်ရင်း။

အဲ-ရေရှားတဲ့အရပ်မှာ ရေအိုးစင်ဟာ အရေးကြီးတယ်၊ ရေရှားတဲ့ အထက်အရပ်မှာ ပိုအရေးကြီးတာပေါ့။ ဒီအောက်အရပ်မှာလဲ နွေရာသီကျတော့ အရေးကြီးတာပါပဲ၊ ခရီးသွားတဲ့ပုဂ္ဂိုလ်တွေ ရေသောက်စရာမရှိတဲ့ နေရာမှာဆိုယင် အရေးကြီးတာချည်းပါပဲ၊ အဲ့-ရေအိုးစင်တည်ပြီးတော့ လှူဒါန်းခြင်း၊ ရေတွင်းရေကန်တူးပြီးတော့ လှူဒါန်းခြင်းတဲ့။

ယခု ဒီမဟာဓမ္မသာလာ ဓမ္မာရုံဇရပ်ကြီး ဆောက်လုပ် လှူဒါန်းရာမှာတော့ ဓမ္မာရုံဇရပ်ကြီးတွင် မကဘူး၊ စက်ရေတွင်းရောပါတယ်။ ဒီသာသနာ့ရိပ်သာမှာ ပရိသတ်များတဲ့အချိန် ရေရှားတဲ့အချိန်ကျယင် ရေအတွက် ဒုက္ခရောက်တာပဲ၊ ဒီမှာ နှစ်တိုင်းနှစ်တိုင်း ရေအတွက် ဒုက္ခရောက်နေတယ်။

**အ**ထူးအားဖြင့်တော့ နွေရာသီမှာ ပရိသတ်တွေကများပြီဆိုယင် ရေကလဲ အများကြီးလိုလာတယ် ပူတဲ့အိုက်တဲ့ အခါကြီးဆိုတော့ ရေကလဲချိုးမှဖြစ်တယ်၊ မချိုးလို့ရှိယင် နေရာမကျဘူး၊ ယောဂီတွေ တချို့တရားလာအားထုတ်ကြတယ်၊ ရေမရှိတာနဲ့ ရေမချိုးရတဲ့အတွက် မနေနိုင်လို့ ပြန်သွားကြတာလဲရှိတယ်။

အဲဒီအခါကျလို့ရှိယင် ရေကရှားတဲ့အပြင် တခါတရံ ရေပိုက်က အဆင်မပြေလို့ ရေမလာတဲ့အခါလဲ ရှိတယ်။ အဲဒီလို ရေအတွက် ဒုက္ခရောက်တာတွေဟာ တနှစ် တနှစ်အတွင်း အကြိမ်ပေါင်း တော်တော်များများ တွေ့ရတတ်ပါတယ်။

အခု ဒီမှာ **ဦးအောင်ခင် + ဒေါ်** ကြွေတို့က ပိုက်ရေတွင်းတူးပြီး လှူတာဟာ အင်မတန် အဆင်ပြေပါတယ်၊ အယင်ကလဲ ဒီမှာ ပိုက်ရေတွင်းဆိုတာ တူးဘူးတယ်။

ရေကောင်းကောင်းမရလို့ လက်လျှော့နေရတယ်၊ အခု ဒီတခါတော့ ရေကောင်းကောင်း ရပါတယ်၊ လှူဒါန်းတဲ့ ဒကာ-ဒကာမတွေရဲ့ စေတနာအလျောက်လဲ ဖြစ်တယ်လို့လဲ ဆိုဘွယ်ရှိပါတယ်၊ နောက်ပြီး ပိုက်ရေတွင်းဖြစ်တဲ့အတွက် တော်တော်စိတ်ချရပါတယ်၊ ရေမလာတဲ့အခါတွေ ရေရှားတဲ့အခါတွေမှာ ဒီပိုက်ရေတွင်းကတင်ပြီး စောစောကတည်းက ရေလှောင်ထားယင် ရေအတွက် ချမ်းသာသွားမှာ သေချာပါတယ်၊ ယခု ဒီမှာ ပိုက်ရေတွင်းလှူတာက ရေတွင်းမဟုတ်ဘူး၊ ရေတင်စရာစက်ရော အားလုံးအပြည့်အစုံပဲ၊ ဒါတွေကလဲ အင်မတန်အရေးကြီးတဲ့ အလှူဒါန ဝတ္ထုတွေပါပဲ)။

ယေ၊ အကြင်ပုဂ္ဂိုလ်တို့သည်။ သေတုကာရကာ၊ တံတားကို ဆောက်လုပ်လှူဒါန်းကြကုန်၏။ ပပဥ္စ၊ ရေအိုးစင်ကိုလည်းကောင်း။ ဥဒပါနဥ္စ၊ ရေတွင်းကိုလည်းကောင်း။ ဥပဿယဉ္စ၊ နေထိုင်စရာ အဆောက်အဦကိုလည်းကောင်း။ ဒဒန္တိ၊ပေးလှူကြကုန်၏။တေသံ၊ထိုသို့ အမြဲတမ်းထာဝရတည်သော အဆောက်အဦတို့ကို လှူဒါန်းကြသော ဒကာ ဒကာမတို့အား။ ဒိဝါစ၊ နေ့၌လည်းကောင်း။ ရတ္တောစ၊ ညဉ့်၌လည်းကောင်း။ သဒါ၊ အခါခပ်သိမ်း။ ပုညံ၊ ကုသိုလ်ကောင်းမှုသည်။ ပဝဍ္ဎတိ၊ တိုးပွါးနေတော့၏။

အဲဒီပုဂ္ဂိုလ်တွေမှာလေ၊ နေ့ရော ညဉ့်ပါ အခါခပ်သိမ်း ကုသိုလ်ကောင်းမှုတွေ ပွါးနေပါတယ်တဲ့။

ဒီနေရာမှာ စောဒကတက်မဲ့ ပုဂ္ဂိုလ်တွေက ရှိသေးတယ်၊ ဒီလိုဟာတွေ တချို့က စကားကျကောက်ပြီး အပြစ်တင်တတ်တယ်၊ ဒီလိုကုသိုလ်လုပ်ထားလို့ရှိယင် နေ့ရောညရော အမြဲတန်း ကုသိုလ်တွေ ပွါးနေတယ်ဆိုတာဟာ အိပ်ပျော်နေတဲ့အခါလဲ ပွါးနေပါသေးသလားလို့ မေးစရာရှိတာပေါ့၊ နိုးနေတဲ့အခါလဲ လောကီကိစ္စတွေ လုပ်ကိုင်နေတာ ရှိရဦးမှာပေါ့၊ အဲဒီလိုအခါတွေ ပွါးပါသေးသလားလို့ မေးစရာရှိပါတယ်။

အဲဒါကို အဋ္ဌကထာက ဖြေရှင်းထားပါတယ်၊ အဲဒီ ကုသိုလ်ကောင်းမှုတွေကို သတိရတိုင်း သတိရတိုင်း ပွါးပါတယ်တဲ့။ အာရုံပြုအောက်မေ့တိုင်း အောက်မေ့တိုင်း ကုသိုလ်အသစ်အသစ် ပွါးတာပါပဲ၊ ဒါပေမယ်လို့ ထာဝရမတည်တဲ့ ဝတ္ထုပစ္စည်းတွေ လှူဒါန်းတာကတော့ နောင်ကျတော့ စဉ်းစားဖို့ရာ သိပ်ပြီးတော့ အားမရှိဘူး၊ အားရဘွယ်မဖြစ်ဘူး။

ဥပမာ ဆွမ်းဆိုလို့ရှိယင် ဆွမ်းကျွေးတဲ့နေ့လောက်ပဲ ဆွမ်းအာနိသင်က ထင်ရှားတယ်၊ နောက်ရက်တွေကျတော့ နောက်လှူတဲ့ဆွမ်းကို မှီနေတယ်၊ ဒါကြောင့် အယင်ရက်များကလှူခဲ့တဲ့ ဆွမ်းကို ဆင်ခြင်ရတာက သိပ်ပြီးတော့ အားရခြင်းမဖြစ်ဘူး၊ တက်ကြွခြင်း မဖြစ်ဘူး။

အဆောက်အဦ လျှုဒါန်းထားတာကတော့ အဆောက်အဦက အမြဲတမ်းရှိနေတယ်၊ အမြဲတန်းရှိနေတော့ စဉ်းစားတိုင်း စဉ်းစားတိုင်း မိမိတို့အဆောက်အဦကလဲရှိ၊ အဲဒီအဆောက်အဦမှာ သုံးစွဲနေတဲ့ပုဂ္ဂိုလ်တွေကလဲရှိ၊ အင်မတန် ဝမ်းသာစရာ အားရစရာ ရှိနေတယ်။

## ကျောင်းဒကာ အနာထပိဏ်ရဲ့ ဥဒါန်း

အနာထပိဏ်သူဌေးကြီးဟာ နောက်ဆုံး အသက်တမ်းကုန်လို့ စုတေသွားတဲ့အခါ တုသိတာနတ်ပြည် ရောက်သွားတယ်၊ နတ်ပြည်ရောက်တဲ့ အခါကာလကျတော့ သူ့ ဇေတဝန်ကျောင်းတော်ကြီးနှင့် စပ်ပြီးတော့ ဥဒါန်းကျူးတယ်။

ဣဒံ ဟိတံ ဇေတဝနံ၊ ဣသိသံဃနိသေဝိတံ။
အာဝုတ္ထံ ဓမ္မရာဇေန၊ ပီတိသဉ္ဇနနံ မမ။

ဣဒံ၊ ဤဇေတဝန်ကျောင်းတော်ကြီးသည်။ ဣသိသံဃနိသေဝိတံ၊ ရဟန်းအပေါင်းတို့ မှီဝဲသုံးဆောင်အပ်သည်တဲ့။

(ဣသိ-ဆိုတာ ရသေ့လို့လဲ အနက်ပြန်ဆိုရတဲ့နေရာရှိတယ်၊ ဟိုတုန်းကတော့ ဣသိနှင့်ဘိက္ခု အတူတူပဲ သုံးဟန်တူပါရဲ့၊ ဒီနေရာမှာတော့ ရသေ့လို့ပြန်ဆိုလို့ မသင့်ဘူး၊ ဒါကတော့ ရသေ့မဟုတ်ဘူး၊ ရဟန်းတွေပါပဲ၊ ဒါကြောင့်မို့ ရဟန်းအပေါင်းတို့ မှီဝဲသုံးဆောင်အပ်သည်-လို့ အနက်ပြန်ဆိုလိုက်ရတယ်။

အရှင်သာရိပုတ္တရာ အစရှိသော မြတ်စွာဘုရား၏ တပည့်သားဖြစ်တဲ့ ရဟန္တာပုဂ္ဂိုလ်တွေရော၊ အနာဂါမ်တွေရော၊ သကဒါဂါမ်တွေရော၊ သောတာပန်ပုဂ္ဂိုလ်တွေရော၊ ကလျာဏ ပုထုဇဉ်ပုဂ္ဂိုလ်တွေရော၊ အဲဒီရဟန်းအပေါင်းတွေ မှီဝဲနေပါတယ်-တဲ့)။

အာဝုတ္ထံ ဓမ္မရာဇေန၊ တရားမင်း ဖြစ်တော်မူသော မြတ်စွာဘုရားလည်း ဘိတင်း သုံးနေတော်မူပါတယ်-တဲ့။

ဣဒံဇေတဝနံ၊ ဤဇေတဝန် ကျောင်းတော်ကြီးသည်။ မမ၊ အကျွန်ုပ်၏။ မမ၊ ကျောင်းဒါယကာဖြစ်သော အကျွန်ုပ်၏။ ပီတိသဉ္ဇနနံ၊ ဝမ်းမြောက်အားရခြင်း ပီတိကို ဖြစ်စေတတ်ပါပေတယ်-တဲ့။

အဲဒါကို စဉ်းစားတိုင်း စဉ်းစားတိုင်း ဒို့ဝမ်းမြောက်ဝမ်းသာ ပီတိဖြစ်တယ်။ လူ့ပြည်တုန်းကလဲ ဝမ်းမြောက်ဝမ်းသာဖြစ်ပြီးတော့ ပီတိတွေ ဖြစ်သွားခဲ့တာပဲ၊ လူ့ပြည်က စုတေပြီး နတ်ပြည်ရောက်သွားတဲ့အခါကျတော့လဲ သူ့မှာ စဉ်းစားတိုင်း စဉ်းစားတိုင်း

ဝမ်းမြောက်ဝမ်းသာတွေ ဖြစ်နေတာကို ပီတိသဥ္စနန်၊ နတ်ဖြစ်တော့လဲ ဝမ်းမြောက် ဝမ်းသာတွေ ဖြစ်စေပါတယ်တဲ့။

အဲဒါကြောင့် လှူဒါန်းတဲ့ ဒါနဝတ္ထုက ရှိပြီးနေတော့ ဝမ်းမြောက်ရတယ်၊ ဒါနဝတ္ထုကို သုံးဆောင်မှီဝဲတဲ့ ပုဂ္ဂိုလ်တွေကို အကြောင်းပြုပြီးတော့လဲ ဝမ်းမြောက် ရတယ်။

## မဟာဓမ္မသာလာဆိုတာ

အခု ဒီမဟာဓမ္မသာလာ ဓမ္မာရုံဇရပ်ကြီးတဲ့၊ ဓမ္မသာလာ-ဆိုတာ ဓမ္မာရုံပါပဲ ဓမ္မဇရပ်-တဲ့၊ သာလာ ဆိုတာက ဇရပ်လို့လဲ အနက်ပြန်နိုင်ပါတယ်၊ အဆောက်အဦ သာမည-ကိုသာလာလို့ ခေါ်ရပါတယ်၊ ဓမ္မာရုံ-လို့လဲ ပြန်နိုင်ပါတယ်၊ အဲဒါကြောင့် ဓမ္မ သာလာ-ဆိုတာ အထူးဝိသေသအားဖြင့် ဓမ္မာရုံလို့ အဓိပ္ပါယ်ရှိပါတယ်၊ ဓမ္မာရုံ-ကို ပါဠိ လို ရေးပါဆိုယင် ဒီလိုရေးရတာပဲ၊ ဒိပြင်နည်းနဲ့ရေးချင်ယင် ပါဠိတော်များ ပြဆိုထား တဲ့ ဥပဋ္ဌာနသာလာ-လို့လဲ ဆိုနိုင်ပါတယ်၊ ဟိုတုန်းကတော့ မြတ်စွာဘုရားသို့ ဆည်းကပ် ခစားရာလို့ ဆိုလိုတာပါပဲ၊ ဓမ္မာရမ္မဏ-ဓမ္မာရုံဆိုတာကတော့ အာရုံ ၆-ပါးထဲက အာရုံ တပါးပဲ၊ အဲဒီဓမ္မာရမ္မဏဆိုတဲ့ အာရုံတော့မဟုတ်ဘူး၊ ဒီအဆောက်အဦဓမ္မာရုံကိုတော့ ဓမ္မသာလာလို့ ရေးရတယ်၊ အဲဒီလိုမဟုတ်ယင်လဲ ဥပဋ္ဌာနသာလာလို့ ရေးရတယ်၊ ဓမ္မ- တရားနှင့်ပတ်သက်သော၊ သာလာ-အဆောက်အဦတဲ့၊ အဲဒါကို ဗမာလိုကတော့ ဓမ္မာရုံ- လို့ပဲ ခေါ်နေကြတယ်။ သာလာ-ဆိုတာက ဇရပ်လို့ဆိုပေမဲ့ ဇရပ်ချည်းလဲ မဟုတ်ဘူး။

ဝေသာလီပြည်မှာ မြတ်စွာဘုရားသီတင်းသုံးတဲ့ ကျောင်းတော်ကြီးလဲ ကူဋာဂါရ သာလာ-လို့ခေါ်တယ်၊ အထွတ်အချွန်တပ်တားတဲ့ ကျောင်း၊ ပြာသာဒ်ကျောင်းလို့ ပြန်ဆိုရ တယ်၊ ဒါကြောင့် ဓမ္မသာလာကို တရားဇရပ်ဆိုယင်လဲ အမှန်၊ တရားကျောင်း-ဆိုယင်လဲ အမှန်ပဲ၊ အဲဒီတော့ ဓမ္မသာလာ- တရားကျောင်းဆိုတာ ဓမ္မာရုံပါပဲ။

ဇရပ်ဟာ အကြီးကြီးဖြစ်မှာမို့ မဟာ-ဆိုတဲ့ဂုဏ်နှင့်တကွ ဘွဲ့အန္တရာယ် ကင်း အောင် ဒီနေရာမှာ ပရိတ်ရွတ်ကတည်းက မဟာဓမ္မသာလာ-ဆိုပြီး စောစောကတည်းက အမည်ပေးထားတယ်၊ ဒါကြောင့် ''မဟာဓမ္မသာလာ ဇရပ်ကြီး၊ မဟာဓမ္မသာလာ ဓမ္မာရုံကြီး'' လို့ ခေါ်ဝေါ်လာခဲ့ပါတယ်။

## စဉ်းစားတိုင်း စဉ်စားတိုင်း ဝမ်းမြောက်ဝမ်းသာ ဖြစ်ရမယ်

အဲဒီတော့ ဒီမဟာဓမ္မသာလာ ဓမ္မာရုံဇရပ်ကြီးကို တာဝန်ခံပြီး အစပြုဆောက်သွား တဲ့ ကွယ်လွန်သွားလေသူ ဒေါ်ကြွေဟာလဲ ကုသိုလ်ကောင်းမှုတွေရဲ့အစွမ်းကြောင့် နတ်ပြည်

ရောက်ပြီးတော့ ယခုနေအခါ နတ်ပြည်က ဝမ်းမြောက်ဝမ်းသာ ဖြစ်နေမှာပါပဲ၊ အခု နေမှာ လူအဖြစ်နဲ့ရှိနေမယ်ဆိုယင် သိပ်ပြီးဝမ်းသာမှာပေါ့၊ ဆွေမျိုးတွေကရော အားလုံးပဲ သိပ်ပြီးဝမ်းသာကြမှာပဲ၊ ဘုန်းကြီးတွေရော ယောဂီတွေရော သိပ်ပြီးဝမ်းသာကြရမယ်၊ အခုနေ အစုံအလင်ရှိနေမယ်ဆိုယင် ဝမ်းသာစရာသိပ်ကောင်းတာပဲ။

အနာထပိဏ်သူဌေးကြီးက ''ပီတိ သဥ္စနန်မမ''ဆိုသလိုပဲ ဒေါ်ကြေကလဲ နတ်ပြည် လောကကနေပြီးတော့ ဒီအဆောက်အဦကြီးကို စောစောထဲက လုပ်ဆောင်နေတာ မြင်ရ ယင်လဲ ဝမ်းသာမှာပါပဲ၊ အခု ဒီနေ့အခမ်းအနားနဲ့ ရေစက်ချလှူဒါန်းနေတာကို မြင် ရပြီးတော့လဲ ဝမ်းသာနေမှာပဲ၊ အင်မတန်ဝမ်းသာစရာပါပဲ။

ဒီဓမ္မာရုံဇရပ်ကြီးဟာ ဒီသာသနာ့ရိပ်သာအတွက် အင်မတန် အကျိုးများတဲ့ အလှူဝတ္ထုကြီး ဖြစ်တဲ့အတွက် သက်ဆိုင်ရာဖြစ်တဲ့ ဓမ္မာရုံဒကာကြီး ဦးအောင်ခင် အစ ရှိသော ညီအစ်ကိုမောင်နှမ သား သမီးတခု အားလုံးဟာ ဒီအဆောက်အဦကြီးကို အာရုံပြုပြီးတော့ ဝမ်းမြောက် ဝမ်းသာတွေ နေ့စဉ်လိုပဲ ဖြစ်နေရမှာပဲ၊ တနေ့ တနေ့မှာ အကြိမ်ပေါင်းများစွာ ဖြစ်ရမယ်၊ စဉ်းစားတိုင်း စဉ်းစားတိုင်း ဝမ်းမြောက် ဝမ်းသာတွေ ဖြစ်ရလိမ့်မယ်၊ အဲဒီလို ဖြစ်တိုင်းဖြစ်တိုင်း ကုသိုလ်ကောင်းမှုတွေ ပွားနေတာပဲ။

တေသံ ဒိဝါ စ ရတ္တော စ၊ သဒါ ပုညံ ပဝဍ္ဎတိ။

တေသံ၊ ထိုထာဝရနိဗဒ္ဓ အလှူဝတ္ထုကို လှူဒါန်းကြသော အမျိုးသားကောင်း အမျိုးကောင်း သမီးတို့အား။ ဒိဝါစ၊ နေ့၌၎င်း။ ရတ္တော စ၊ ညဉ့်၌၎င်း။ သဒါ၊ အခါ ခပ်သိမ်း။ ပုညံ၊ ကုသိုလ်ကောင်းမှုသည်။ ပဝဍ္ဎတိ၊ တိုးပွားလေတော့၏။

## တရားကျင့်သူ သီလရှိသူ နတ်ပြည်ရောက်နိုင်တယ်

နောက်ပြီးတော့ ကေ ဇနာ သဂ္ဂဂါမိနော-တဲ့၊ ဘယ်လို ပုဂ္ဂိုလ်တွေဟာ နတ်ပြည် ရောက်သလဲလို့ နောက်တချက် မေးထားပါတယ်။ အဲဒီ အမေးကို

ဓမ္မဋ္ဌာ သီလသမ္ပန္နာ၊ တေ ဇနာ သဂ္ဂဂါမိနော။

တေ ဇနာ၊ ထိုအဆောက်အဦကို လှူဒါန်းကြသော အမျိုးကောင်း သားသမီး တို့သည်။ ဓမ္မဋ္ဌာ၊ တရားအကျင့်၌ တည်ကြကုန်သည်။ သီလသမ္ပန္နာ၊ ကိုယ်ကျင့်သီလနှင့် ပြည့်စုံကုန်သည်ဖြစ်၍။ သဂ္ဂဂါမိနော၊ နတ်ပြည်သို့လွှား ရောက်ကြလေကုန်၏။

အဲဒီလို အဆောက်အဦတွေ လှူဒါန်းတဲ့ ပုဂ္ဂိုလ်တွေက အဆောက်အဦ လှူဒါန်း တဲ့အတွက် ဒိပြင် ကိုယ်ကျင့်တရားတွေလဲ ပြည့်စုံနေဟာဖဲ၊ ဒီလိုပုဂ္ဂိုလ်တွေမှာ ဆယ်ပါး

သော သုစရိုက် ကိုယ်ကျင့်တရားတွေ ပြည့်စုံနေတယ်။ သီလလဲ ပြည့်စုံနေတာပဲ၊ အဲဒီလို ပြည့်စုံနေတဲ့အတွက် ဒီလို ကောင်းမှုရှင် ပုဂ္ဂိုလ်တွေဟာ ''သဂ္ဂဂါမိနော-နတ်ပြည်လား ကြရတယ်''တဲ့၊ နတ်ပြည်ရောက်တာကတော့ သေချာပါတယ်၊ မဂ်ဖိုလ်တရားထူး မရနဲ့ဦးတော့ ကုသိုလ်ကောင်းမှု သက်သက်နဲ့ပဲ နတ်ပြည်ရောက်နိုင်ပါတယ်တဲ့။

## ဘုရားဟော ဒေသနာအရ နတ်ပြည်ရောက်နေမည့် ဒေါ်ကြွေ

ကွယ်လွန်သွားတဲ့ ဒေါ်ကြွေမှာတော့ ဒီကုသိုလ်ကောင်းမှုနဲ့ ပြည့်စုံတဲ့ပြင် ဝိပဿနာ တရားတွေလဲ ကျကျနန အားထုတ်ပါတယ်၊ ဒါကြောင့် သူအားထုတ်သွားတဲ့ တရား၏ အစွမ်းနဲ့ပဲ သူအလိုရှိရာ လူ့ဘဝဖြစ်စေ, နတ်ဘဝ ဖြစ်စေ သုဂတိမှာ ဖြစ်ဖို့ရာ လုံလုံလောက်လောက် ပြည့်စုံနေပါတယ်။

အခုနေ အခါကာလမှာ လူ့လောက ဆိုတာကတော့ သာယာဘွယ် မရှိပါဘူး။ အသက်တမ်းကလဲ တိုတယ်၊ အနာရောဂါတွေလဲ များတယ်၊ နေရေး ထိုင်ရေးတွေကလဲ သိပ်ပြီးတော့ အဆင်မပြေဘူး။ လူ့အသက်ဟာ ရှည်လှမှ (၇၀)ကျော် (၈၀)ကျော်လောက်ပဲ၊ (၆၀)ကျော် (၇၁)လောက်ဆိုယင်ပဲ အိုမင်းသွားတာနဲ့ တယ်နေရာမကျတော့ပါဘူး။ ဒီတော့ လူ့လောကမှာ သာသာယာယာ နေဖို့အချိန်က နဲနဲပဲ ရှိတယ်၊ သိပ်မများဘူး၊ ဒါကြောင့် ကုသိုလ်ပြည့်စုံနေတဲ့သူဟာ ယခုနေအခါ လူ့ဘဝမှာ ပြန်ဖြစ်ဖို့ကတော့ နဲပါတယ်။

နတ်ပြည်လောကမှာတော့ အသက်ရှည်ပါတယ်။ အောက်ဆုံး စတုမဟာရာဇ်နတ်ပြည်တောင်မှ လူတို့၏ နှစ်ဖြင့် ဆိုလို့ရှိယင်ဖြင့် အနှစ်(၉)သန်း အသက်ရှည်တယ်-လို့ ဆိုထားပါတယ်။ တာဝတိံသာဆိုယင် နှစ်ပေါင်း သုံးကုဋေနဲ့ ၆-သန်း (၃၆)သန်း အသက်ရှည်တယ်၊ အသက်ရှည်သလောက် အဆင်းလှခြင်း၊ ခွန်အားကြီးခြင်း၊ ဉာဏ်ပညာကြီးခြင်း အစရှိသော နတ်ချမ်းသာတွေကလဲ ပြည့်စုံနေတာပဲ၊ အဲဒီက အထက်က နတ်ပြည်တွေမှာ ပိုပိုပြီးတော့ အသက်ရှည်တာပဲ။

ဒါကြောင့် ကွယ်လွန်သွားတဲ့ ဒေါ်ကြွေဟာလဲ နတ်ပြည်လောကမှာ ဖြစ်နေတယ် ဆိုတာ ယုံကြည်ရပါတယ်။ (တေ့ဇနာ သဂ္ဂ ဂါမိနော)ဆိုတဲ့ ဒေသနာအရ စိတ်ချရပါတယ်၊ သူကျင့်သုံး အားထုတ်တဲ့ ကိုယ်ကျင့်တရားအရဖြင့်လဲ လုံလုံလောက်လောက် အားကိုးရပါတယ်။

## နောက်တပ်ရနိုင်သေးတဲ့ ကျောင်းလှူရကျိုး

နောက်ပြီးတော့ ဒီလို အဆောက်အဦ လှူဒါန်းတဲ့အတွက် ဘာတွေ အကျိုးတွေ ရနိုင်သေးသလဲလို့ ဆိုယင် ကျောင်းအဆောက်အဦမှာနေတဲ့ ပုဂ္ဂိုလ်တွေရဲ့ (သီတံ ဥဏှံ ပဋိဟန္တိ) အအေးကို ပယ်ဖျောက်မြင်း၊ အပူကို ပယ်ဖျောက်ခြင်း စသည်ဖြင့် ဘေးရန် အန္တရာယ်တွေကို ပယ်နိုင်တဲ့အတွက် ကျောင်းအလှူရှင်မှာလဲ ဘေးအန္တရာယ် ကင်းခြင်း စသော အကျိုးတွေကို ရနိုင်ပါတယ်။

(လေဏတ္ထဉ္စ-သုခတ္ထဉ္စ၊ ဈာယိတုဉ္စ ဝိပဿိတုံ) လေဏတ္ထဉ္စ၊ ကိန်းအောင်း၍နေခြင်း အကျိုးငှာဍင်း။ သုခတ္ထဉ္စ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်း အကျိုးကိုငင်း။ ဈာယိတုဉ္စ၊ သမထစျာန် ဝင်လာခြင်း အကျိုးငှာငင်း။ ဝိပဿိတုဉ္စ၊ ဝိပဿနာရှုရန် အကျိုးငှာငင်း။ ဟောတိ၊ ဖြစ်ပါတယ်တဲ့။

ယခုဒီမှာ ဆောက်ထားတဲ့ ကမ္ဗဋ္ဌာန်းကျောင်းတွေဟာ ငယ်ယင်လဲ ငယ်တဲ့ အလျောက် ကြီးယင်လဲ ကြီးတဲ့အလျောက် နှစ်ယောက်နေလောက်ယင် နှစ်ယောက် အတွက်၊ လေးယောက်နေလောက်ယင် လေးယောက်အတွက်၊ ဆယ်ယောက်စသည် နေလောက်ယင် ဆယ်ယောက် စသည်အတွက် အကျိုးများသွားတာပဲ၊ ဘာမှ တရား အားမထုတ်ပဲနဲ့ အလွတ်နေတဲ့ အချိန်မှာလဲ လဲလျောင်းပြီးတော့ အိပ်နေချင်လဲ နေဖို့ အသုံးကျ ကျေးဇူးများတယ်။ ကိုယ်ချမ်းသာ စိတ်ချမ်းသာဖြစ်ဖို့ အသုံးကျ ကျေးဇူး များတယ်၊ တရား နှလုံးသွင်း အားထုတ်နေတာကတော့ အထူး ပြောစရာမလိုဘူး။

ဒီသာသနာ့ရိပ်သာမှာ တရားကိုတော့ အားထုတ်ရတယ်၊ ဒီမှာနေတဲ့ ပုဂ္ဂိုလ်တွေ အကုန်လုံး အားထုတ်ရတာချည်းပဲ၊ သမာဓိ သမထအလုပ် အားထုတ်တဲ့ ပုဂ္ဂိုလ်ဆိုယင် သမထစျာန်ဝင်စားဖို့ အသုံးကျတယ်၊ အဲဒီ သမထနိမိတ် အာရုံကို ရှုပြီးနေဖို့ အသုံးကျ တယ်၊ ဝိပဿနာရှုနေတဲ့ ပုဂ္ဂိုလ်ဆိုယင် ဝိပဿနာရှုဖို့ အသုံးကျတယ်။

အပြင်ဘက်မှာဆိုတော့ မြင်စရာ အမျိုးမျိုးတွေကို မြင်ရတာလဲတကြောင်း, ပူခြင်း ဘေး အစရှိသော ဘေးအန္တရာယ်တွေ ရှိနေတာကလဲတကြောင်း အဲဒီလို အန္တရာယ် အကြောင်းတွေကလဲ အများကြီး ရှိနေတယ်၊ ဒါကြောင့် သမာဓိဟာ ကောင်းကောင်း မဖြစ်နိုင်ဘူး၊ သမာဓိ မဖြစ်ယင် ဉာဏ်လဲ ကောင်းကောင်း မဖြစ်နိုင်ဘူး၊ ကျောင်းခန်းထဲ မှာဝင်ပြီး တရားနှလုံးသွင်း အားထုတ်လို့ရှိယင်တော့ အချမ်း အပူ အစရှိသော ဘေး အန္တရာယ်တွေလဲ ကင်းတယ်၊ နောက်ပြီးတော့ အာရုံ အမျိုးမျိုးတွေကိုလဲ မမြင်မကြား ရပဲ တိတ်ဆိတ်ပြီးနေတော့ ချမ်းချမ်းသာသာနဲ့ အားထုတ်နိုင်တယ်၊ သမာဓိရလွယ်တယ်၊

သမာဓိရသလောက် ဝိပဿနာဉာဏ်တွေလဲ ဖြစ်ပွားသွားနိုင်တယ်၊ အဲဒီလို ဖြစ်ပွားသွားတော့ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရခြင်းအကြောင်း ဖြစ်တာပေါ့။

ဒါကြောင့်–အဆောက်အဦ လှူဒါန်းတဲ့ ဒကာ ဒကာမတွေကလဲ အဲဒီလို ဘေးအန္တရာယ် ကင်းခြင်းတည်းဟူသော အကျိုး၊ သမာဓိရခြင်းတည်းဟူသော အကျိုး၊ ဝိပဿနာဉာဏ် ဖြစ်ပွားခြင်းတည်းဟူသော အကျိုး၊ ဝိပဿနာဉာဏ် ပြည့်စုံပြီး မိမိလိုအပ်တဲ့ အရိယာမဂ်ဉာဏ် ဖိုလ်ဉာဏ် အဆင်သင့်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ခြင်းတည်းဟူသော အကျိုး၊ အဲဒီလို အကျိုးတွေကိုလဲ ရသွားနိုင်ပါတယ်တဲ့။

## ကျောင်းအလှူရှင် နန္ဒိယသူကြွယ်

အထူးအားဖြင့် မြတ်စွာဘုရား လက်ထက်တော် ကာလတုန်းက နန္ဒိယ-ဆိုတဲ့ ဒကာတယောက်ဟာ ဗာရာဏသီမြို့ ဣသိပတန မိဂဒါဝုန်-လို့ခေါ်တဲ့ တောကျောင်းတိုက်မှာ ကျောင်းဆောက်ပြီးတော့ လှူဒါန်းတယ်၊ အဲဒီကျောင်းရာဟာ ခုထက်ထိ အမှတ်အသား ရှိပါသေးတယ်၊ အဲဒီ ကျောင်းဆောက်ပြီး လှူဒါန်းတဲ့အခါမှာ ရေစက်ချလိုက်တဲ့ အချိန်ကတည်းက နတ်ပြည်မှာ နတ်ဘုံဗိမာန်တွေ ပေါက်ခနတယ်တဲ့။

တနေ့သော အခါကာလ ရှင်မဟာမောဂ္ဂလာန်က နတ်ပြည်ကြွသွားတယ်၊ နတ်ပြည်ကြွသွားတဲ့အခါမှာ ဘုံဗိမာန်ကြီး အထူးတွေ့ရတာကိုး၊ အယင်က မရှိသေးဘူး၊ ဒီနေရာမှာ အခု ဘုံဗိမာန်အသစ်ကို တွေ့ရတယ်၊ အဲဒါကို သူ့ဉာဏ်နဲ့ စဉ်းစားကြည့်လိုက်ယင်လဲ ဘယ်ကုသိုလ်ကြောင့် ဘယ်သူ့အတွက် ဖြစ်ပေါ်လာတယ်ဆိုတာ ထင်ရှားသိနိုင်ပါတယ်၊ ဒါပေမဲ့ သက်သေခံရအောင်လို့ သူက အဲဒီဘုံဗိမာန်ရောက်သွားတဲ့အခါ အဲဒီဘုံဗိမာန်ပေါ်က ထွက်ပြီး ကန်တော့ကြတဲ့ နတ်သမီးတွေကို မေးတယ်။

"ဒီ ဗိမာန်ဟာ ဘယ်သူ့အတွက် ဖြစ်ပေါ်လာတာလဲ၊ ဘယ်သူ့ဗိမာန်လဲ"လို့ မေးတော်မူတယ်။ ဒီတော့–

"ဗာရာဏသီပြည်မှာ အရှင်နန္ဒိယ-ဆိုတဲ့ သူကြွယ်ရှိပါတယ်ဘုရား၊ အဲဒီ အရှင်နန္ဒိယက ဘုရားအမှူးရှိသော သံဃာတော်အား ကျောင်းဆောက်ပြီးတော့လှူဒါန်းပါတယ်၊ အဲဒီကျောင်းကို ရေစက်ချပြီး လှူဒါန်းတဲ့အချိန်ကတည်းက ဒီဗိမာန်ကြီး ပေါက်နေပါတယ်၊ တပည့်တော်မတို့လဲ အဲဒီ ရှင်နန္ဒိယလာတဲ့အခါကျတော့ ပြုစုဖို့ စောင့်ရှောက်ဖို့ လုပ်ကျွေးဖို့ရာ ဒီမှာရောက်နေကြရပါတယ်၊ တနေ့သော်သာခိုးနိုး တနေ့သော်လာနိုးနိုးနဲ့ တပည့်တော်မတို့ မြှော်လင့်နေကြရပါတယ်-ဆိုတဲ့အကြောင်း အရှင်နန္ဒိယအား ပြောကြားစေချင်ပါတယ်"လို့တောင် နတ်သမီးတွေက မှာလိုက်ကြပါသေးတယ်။

### ဘုရားဟော ဂါထာ ၂-ပုဒ်

အဲဒီအကြောင်းနဲ့စပ်ပြီး မြတ်စွာဘုရားဟောထားတဲ့ ဂါထာ ၂-ပုဒ်ကို ဓမ္မပဒမှာ သံဃာယနာတင်ထားတယ်။

စိရပ္ပဝါသိံ ပုရိသံ၊ ဒူရတော သောတ္ထိ မာဂတံ။
ဉာတိမိတ္တာ သုဟဇ္ဇာ စ၊ အဘိနန္ဒန္တိ အာဂတံ။
တထေဝ ကတပုညမ္ပိ၊ အသ္မာ လောကာ ပရံ ဂတံ။
ပုညာနိ ပဋိဂ္ဂဏှန္တိ၊ ပိယံ ဉာတိံဝ အာဂတံ-တဲ့။

စိရပ္ပဝါသိံ၊ ရှည်မြင့်စွာကွဲကွာနေပြီး၍။ ဒူရတော၊ ဝေးသောအရပ်မှ။ သောတ္ထိံ၊ ချမ်းသာစွာ။ အာဂတံ၊ ပြန်လည်ဆိုက်ရောက်၍လာသော။ ပုရိသံ၊ ယောကျ်ားပုဂ္ဂိုလ်ကို။ (လောကမှာ အကြောင်းကိစ္စအားလျော်စွာ ဝေးတဲ့အရပ်များ သွားပြီးတော့ နေကြရတာတွေရှိတယ်၊ တချို့ကလဲ ပညာသင် သွားကြရတယ်၊ တချို့က စီးပွါးဥစ္စာ အရှာ သွားကြရတယ်၊ တချို့က အစိုးရလုပ်ငန်းနဲ့ သွားကြရတယ်၊ ခုနေခါကာလဆိုယင်တော့ တကမ္ဘာလုံး အနှံ့အပြား သွားလာနေကြရတယ်၊ ဟိုနိုင်ငံက ဒီနိုင်ငံရောက်၊ သူ့ကိစ္စ လူ့ကိစ္စတွေနဲ့ သွားပြီးနေကြရတယ်၊ နှစ်ပေါင်းများစွာ ကြာတဲ့အခါ အဲဒီပုဂ္ဂိုလ်ဟာ ဘေးအန္တရာယ်မရှိပဲနဲ့ ပညာနှင့်ပြည့်စုံလို့ စီးပွါးဥစ္စာနှင့် ပြည့်စုံလို့ လုပ်ငန်းဆောင်တာ အောင်မြင်လို့ ပြန်လာတယ်၊ အဲဒီလို ပြန်လာတဲ့အခါကာလကျတော့ ဆွေမျိုးတွေ မိတ်သင်္ဂဟတွေက ကြိုဆိုကြတယ်)။

အာဂတံ၊ ဝေးသောအရပ်မှ ပြန်၍လာသော။ ပုရိသံ၊ ယောကျ်ားပုဂ္ဂိုလ်ကို။ ဉာတိမိတ္တာစ၊ ဆွေမျိုးမိတ်ဆွေတို့သည်၎င်း။ သုဟဇ္ဇာစ၊ ချစ်ကျွမ်းဝင်သော ရင်းနှီးသော သူတို့သည်၎င်း။ အာဂတံ၊ ပြန်၍လာသော ဆွေမျိုးမိတ်ဆွေဖြစ်သောသူကို။ အဘိနန္ဒန္တိ၊ ဝမ်းမြောက်ဝမ်းသာနဲ့ လက်ခံကြိုဆိုကြကုန်၏။

(အဲဒါကတော့ ၄လောကဥပမာ အင်မတန် ထင်ရှားပါတယ်၊ တရပ်တကျေး အရပ်ဝေးမှ ပြန်လာတော့မယ်ဆိုယင် ပြန်လာမည့်အကြောင်း စာလေးဘာလေးရကတည်းက အတော်ပဲ ဝမ်းသာနေကြပြီ၊ သားများပြန်လာမယ်ဆိုယင် မိခင်တွေက သိပ်ဝမ်းသာကြတာပေါ့၊ အိမ်သူတွေအိမ်သားတွေဆိုယင်လဲ အများကြီးဝမ်းသာကြတယ်၊ ညီအစ်ကို မောင်နှမတွေလဲ ဝမ်းသာတာပဲ၊ ရင်းနှီးတဲ့ ပုဂ္ဂိုလ်မိတ်ဆွေတွေလဲ ဝမ်းသာတာပါပဲ၊ အဲဒါဟာ သတင်းကြားရကတည်းက ဝမ်းသာတာဖဲ၊ ပြန်လာတဲ့ အခါကာလကျတော့ သွားပြီးကြိုဆိုကြတယ်၊ လေယာဉ်ပျံနဲ့ ပြန်လာမယ်ဆိုယင် လေယာဉ်ဆိပ်သွားကြိုကြတယ်၊

သင်္ဘောနဲ့လာမယ်ဆိုယင် သင်္ဘောဆိုပ်သွားပြီး ကြိုဆိုကြတယ်၊ ရထားနဲ့ လာမယ်ဆိုယင် ရထားဆိပ်သွားပြီး ကြိုဆိုကြတယ်၊ တသိုက်တမြိုက်ကြီး ဝမ်းမြောက်ဝမ်းသာနဲ့ ညွှေ့ခံကြိုဆိုကြတယ်)။

တထေဝ ကတပုညမ္ပိ၊ အသ္မာ လောကာ ပရံဂတံ။

တထေဝ၊ ထို့အတူပင်။ ကတပုညမ္ပိ၊ ပြုအပ်သောကောင်းမှုရှိသော ပုဂ္ဂိုလ်ကိုလဲ။

(အရေးကြီးတာက ကောင်းမှုရှိဖို့ပဲ၊ သံသရာစခန်း ခရီးသွားနေကြရတဲ့ သူတွေဟာလဲ သံသရာစခန်းမှာ တဦးနဲ့တဦး ခွဲခွါပြီးသွားနေကြရတယ်၊ အဲဒီလိုခွဲခွါနေရတာက ဘဝပြောင်းတဲ့အခါမှာ ကုသိုလ်ကောင်းမှုပြည့်စုံဖို့ အရေးကြီးပါတယ်။

ကတပုညမ္ပိ၊ ပြုအပ်သောကောင်းမှုရှိသော ပုဂ္ဂိုလ်လဲ။

ပြုအပ်သောကောင်းမှုဆိုတာ အကျဉ်းချုပ်အားဖြင့် ဒါန, သီလ, ဘာဝနာ ဒါပါပဲ၊ အကျယ်ချဲ့ယင်တော့ ကုသိုလ်တွေ အများကြီးရှိပါတယ်၊ ဒါနကလဲ သင်္ကန်းအလှူတို့ ဆွမ်းအလှူတို့ ကျောင်းအလှူတို့ ဆေးပစ္စည်းအလှူတို့ အဲဒီလို အလှူလေးမျိုးရှိပါတယ်။

## ဆွမ်းအလှူလဲပါတယ်

ယနေ့ရေစက်ချတဲ့အလှူကတော့ အစုံပါပဲ၊ ဆွမ်းအလှူဆိုယင် မနက်က စောစောတုန်းက သံဃာတွေရော ယောဂီတွေရော ရောက်လာတဲ့ ပုဂ္ဂိုလ်တွေရော မွန်မြတ်တဲ့ မုန့်ဟင်းခါးဆွမ်း တကြိမ်လှူပြီးသွားပြီ၊ နေ့ကျတော့လဲ သံဃာတွေရော ယောဂီတွေရော လူပုဂ္ဂိုလ်တွေရော မွန်မြတ်တဲ့ ဆွမ်းခဲဘွယ်တွေ တခါလှူအုံးမယ်၊ နောက်ပြီးတော့ ဖိတ်မန္တကပြုလို့ ရောက်လာတဲ့ ပုဂ္ဂိုလ်တွေရော၊ မဖိတ်မံပဲရောက်လာတဲ့ မိတ်ဆွေသင်္ဂဟတွေရော၊ အဲဒီပုဂ္ဂိုလ်တွေလဲ ဒီဇရပ်ကြီးပေါ်မှာ မုန့်-မုန့်ခဲဘွယ် ဘောဇဉ်တွေနဲ့ ညွှေ့ခံဖို့ရာ လှူဒါန်းဖို့ရာလဲ ရှိနေတာပဲ၊ အဲဒီတော့ ဆွမ်းအလှူဒါနတွေလဲပါတယ်။

## သင်္ကန်းအလှူလဲ ပါတယ်

သင်္ကန်းအလှူလဲပါတယ်၊ ဟော-သံဃာတွေလှူဖို့ရာ၊ သံဃာက ဘယ်နှစ်ပါးတုန်းဆိုတော့ ၆၀-ပါးတဲ့၊ ၆၀-ပါးဆိုတော့ နည်းတာမဟုတ်ဘူး၊ ယခုနေအခါမှာ သင်္ကန်းကလဲ ရကရခဲ့ပါဘိနဲ့၊ တစုံ တစုံလှူချင်တာတောင် သိပ်မလွယ်ဘူး၊ အဲ-ယခု ၆၀-ပါး အတွက် သင်္ကန်းက ၆၀-စုံလှူတယ်၊ ဒါကြောင့် သင်္ကန်းလှူတဲ့ဒါနလဲ ပါတယ်။

## ကျောင်းအလှူကို အထူးပြောဖွယ်တောင်မရှိဘူး

ကျောင်းအလှူဒါနကတော့ အထူးပြောစရာမလိုပါဘူး၊ ဒီကျောင်းအလှူအတွက် ယခုပဲ ရေစက်ချရမယ်၊ အင်း....ဓမ္မာရုံကြီး မြင်ရတာကိုက အင်မတန် ဝမ်းမြောက်ဝမ်းသာစရာကောင်းပါတယ်၊ လှူရတဲ့ ဒကာ ဒကာမတွေမပြောနဲ့ဦး၊ မလှူရတဲ့ပုဂ္ဂိုလ်တွေတောင်မှ ဒို့လဲ ဒီလိုလှူချင်ပါဘိတော့တယ်လို့ စိတ်ကူးပြီး ဝမ်းမြောက် ဝမ်းသာ အင်မတန်ဖြစ်ပါတယ်၊ ပီတိတွေ အများကြီးဖြစ်တယ်။

## စက်နှင့် ပိုက်ရေတွင်းအလှူလဲ ပါတယ်

နောက်ပြီးတော့ အထူးအားဖြင့် ဒီမှာပိုက်ရေတွင်းတဲ့၊ ဒါကလဲ လှူရခဲ့ပါတယ်၊ ဒီပိုက်ရေတွင်းက လှူရခဲတယ်၊ အဲ့ပိုက်ရေတွင်းက အင်မတန်လဲ ကျေးဇူးများပါတယ်၊ ရေတွင်းတင်မကဘူး၊ ရေကိုစုတ်တင်ဖို့ရာ စက်တွေရော သူ့ဆိုင်ရာကိရိယာတွေရော အစုံပဲ၊ အဆောက်အဦတွေရော အခြံအရံတွေနဲ့တကွ ရေစက်ချစာတန်းထဲမှာလဲ အပြည့်အစုံ အကုန်လုံးထည့်ထားပါတယ်။

## ဆေးအလှူ

နောက်ပြီးတော့ ဆေးပစ္စည်းတဲ့၊ အဲဒီဆေးလဲပါတယ်၊ ဆေးလှူဖို့ရာတွေကတော့ သံဃာတွေတွင်မကဘူး၊ ယောဂီတွေရော လှူဖို့ဆိုတယ်၊ ဒါကြောင့် ဆေးပစ္စည်းတွေကတော့ အများကြီးပဲ၊ သူကလဲ အရေးကြီးတာပဲ၊ ဝယ်ယင် အင်မတန် ဈေးကြီးပါတယ်။

## ပစ္စည်းလေးပါးအလှူ

အဲဒီလို ဒါနဖက်က ဆွမ်းအလှူဒါန၊ ကျောင်းအလှူဒါန၊ သင်္ကန်းအလှူဒါန၊ ဆေးပစ္စည်းအလှူဒါန၊ လေးခုလုံးအစုံပဲ၊ သီလကလဲပဲ အခု ဓမ္မာရုံဇရပ် ဒကာ ဒကာမတွေက သီလပြည့်စုံနေတာ ကြာပါပြီ။

## သီလနှင့်ဘာဝနာချီးမွမ်းဖို့

တရားတွေကလဲ အားထုတ်ထားလို့ ဘာဝနာဖက်ကလည်း ပြည့်စုံနေပါပြီ၊ အခုအချိန်ကတော့ ဒါနဝတ္ထုတွေ ချီးမွမ်းပြောနေရလို့ သီလဘာဝနာတွေကို ချီးမွမ်းပြောဆိုဖို့ အခွင့်မရဘူး၊ သီလတွေကို ချီးမွမ်းမယ်ဆိုယင်လဲ ချီးမွမ်းစရာတွေ အများကြီးပဲ၊

ဘာဝနာတွေကို ချီးမွမ်းမယ်ဆိုယင်လဲ တရားအားထုတ်ကျင့်ကြံထားတာတွေ အများကြီး ရှိပါတယ်၊ နောက်ပြီးတော့ ကုသိုလ်ကောင်းမှုပြုဘူးတဲ့ ပုဂ္ဂိုလ် ပြုဘူးတဲ့ ကောင်းမှုရှိတဲ့ ပုဂ္ဂိုလ်ဆိုတာ ယခု ရေစက်ချလှူနေဆဲ ဒီလိုပုဂ္ဂိုလ်တွေပါပဲ)။

တထေဝ၊ ထို့အတူပင်လျှင်။ ကတပုညမ္ပိ၊ ပြုအပ်ပြီးသော ကောင်းမှုရှိသော ပုဂ္ဂိုလ်ကိုလဲ။ ဝါ၊ ကောင်းမှုရှိသည်ဖြစ်၍။ အသ္မာလောကာ၊ ဤလူ့ပြည်လောကမှ။ ပရံဂတံ၊ တမလွန်လောကသို့ သွားရောက်ပြီးသောပုဂ္ဂိုလ်ကို။

## ကုသိုလ်တွေ အများကြီးရှိတဲ့ ဒေါ်ကြွေ

အဲ- လူ့ပြည်လောကကနေပြီး အကြောင်းအားလျော်စွာ အသက်ဟမ်းစေ့လို့ ဖြစ်စေ၊ ဒီပြင်အခြားအကြောင်းကြောင့်ဖြစ်စေ၊ ကွယ်လွန်သွားတဲ့အခါမှာတဲ့။

အခု ဓမ္မာရုံဇရပ်အမဆိုယင် ဆောက်ပြီးတော့ ကုသိုလ်တွေပွါးနေယင်း ကုသိုလ် ဇောတွေဖြစ်ပြီးတော့နေယင်း ကွယ်လွန်ပြီးသွားခဲ့တယ်၊ ဒါကြောင့် သူဟာ ကုသိုလ် ကောင်းမှုအာရုံတွေနဲ့ပဲ နောက်ဆုံးအချိန်ဖြစ်သွားမှာပါပဲ၊ အဲဒါဟာ အငံမတန်ထင်ရှား ပါတယ်၊ နေ့စဉ် နေ့တိုင်း ဆောက်လုပ်ရာကိုလာတယ်၊ လာတာမှ ခဏတဖြုတ်မဟုတ်ဘူး၊ တနေ့လုံးလာပြီး စီမံညွှန်ကြားနေတာ၊ စိတ်ပါလက်ပါဆောင်ရွက်နေတာ၊ အဲဒီ အဆောက် အဦအတွက် ရစရာပစ္စည်းတွေကို စုံစမ်းပြီးတော့ ရမည့်နေရာတွေကို ကိုယ်တိုင် တခါတည်း ပဲ သွားရောက်ပြီးဆောင်ရွက်နေတာပဲ၊ မနေမနား တကယ့်ကိုအားထုတ်နေတာပဲ၊ အလွန် ပင် အံ့သြစရာကောင်းပါတယ်၊ အဲဒီတော့ ကုသိုလ်ကောင်းမှုတွေ အများကြီးရှိတဲ့ပုဂ္ဂိုလ် ပါပဲ။

အသ္မာလောကာ၊ ဤလောကမှ စုတေသွားလို့ ခုနစ်လရှိသွားပြီ၊ ဒီနေ့မနက်ဖြန် ခါဆိုယင် ခုနစ်လပြည့်ပြီ၊ ဒီကနေ့လဲ ခုနစ်လပြည့်မြောက်တဲ့နေ့ရက်ပါပဲ။

အသ္မာ လောကာ၊ ဤလူ့ပြည်လောကမှ။ ပရံဂတံ၊ တမလွန်လောကသို့ ပြောင်း သွားလေသည်ရှိသော်။ ဝါ၊ ပြောင်းသွားလေသော ကောင်းမှုရှင်ကို။ ပုညာနိ၊ မိမိပြု ထားသော ကောင်းမှုကုသိုလ်တို့သည်။ ပဋိဂ္ဂဏှန္တိ၊ လက်ခံကြိုဆိုကြကုန်၏။

(ပြုထားတဲ့ ကုသိုလ်ကောင်းမှုတွေက ကြိုဆိုကြတယ်တဲ့၊ မိတ်ဆွေတွေ ဆွေမျိုး တွေကမှ မေ့ချင်မေ့နေမယ်၊ ကုသိုလ်ကောင်းမှုကတော့ မမေ့ပါဘူး၊ သူကတော့ မေ့တယ်လို့

မရှိဘူး၊ ဆွေမျိုးတွေ မိတ်ဆွေတွေကမှ ဒီကနေ့အရေးကြီးလို့ သွားစရာကလေး ရှိနေလို့ စသည်ဖြင့် မကြိုနိုင်ပဲ ရှိချင်ယင်ရှိနေယင် ရှိနေနိုင်ပါတယ်။

အဲ-ကုသိုလ်ကောင်းမှုကတော့ အဲဒီလိုမရှိပါဘူး၊ ဒိပြင်ကိစ္စက ဘာမှမရှိဘူး၊ သူကတော့ ကုသိုလ်ကောင်းမှုရှင်ကို ကြိုဆိုပြီးတော့ ကောင်းကျိုးတွေပေးရန် အသင့်ရှိနေတာပဲ၊ ဒါဟာ သူ့အလုပ်ပဲ၊ သူ့အလုပ်ကတော့ အင်မတန် တိတိကျကျ အကျိုးပေးတတ်တဲ့ သဘောပါပဲ)။

တထေဝ ကတပုညမ္ပိ၊ အသ္မာ လောကာ ပရံ ဂတံ။
ပုညာနိ ပဋိဂ္ဂဏှန္တိ၊ ပိယဉာတိဝ အာဂတံ။

ဘာနဲ့တူတုန်းဆိုတော့ ရှေးကပြခဲ့ပြီး ဥပမာကိုထပ်ပြီး ဟောလိုက်သေးတယ်။ အာဂတံ၊ အရပ်ဝေးမှပြန်၍လာသော။ ပိယံ၊ ချစ်အပ်သောသူကို။ ဉာတိ၊ အဆွေအမျိုးတို့သည်။ ပဋိဂ္ဂဏှန္တိဣဝ၊ ဝမ်းမြောက်ဝမ်းသာနဲ့ ကြိုဆိုကုန်သကဲ့သို့ပင်တည်းတဲ့။

ချစ်ခင်အပ်တဲ့ပုဂ္ဂိုလ် ပညာသင်ကြားပြီး၍ဖြစ်စေ၊ စီးပွါးဥစ္စာရှာမှီးပြီး၍ဖြစ်စေ၊ ကိစ္စဆောင်ရွက်ပြီးလို့ဖြစ်စေ၊ ဘေးရန်အန္တရာယ်ကင်းစွာနဲ့၊ ကျန်းကျန်းမာမာ ချမ်းချမ်းသာသာနဲ့ ဆိုက်ရောက်လာလို့ရှိယင်၊ ရင်းနှီးတဲ့ပုဂ္ဂိုလ်တွေ ဆွေမျိုးတွေက တသိုက်တဝန်းကြီး သိုက်သိုက်ဝန်းဝန်းနဲ့ ကြိုဆိုကြသလိုပဲ၊ မိမိတို့ပြုထားတဲ့ ဒါနကုသိုလ်တွေ သီလကုသိုလ်တွေ ဘာဝနာကုသိုလ်တွေက ကြိုဆိုနေကြပါတယ်တဲ့။

## ဒကာကြီး ဦးနန္ဒိယ

အဲဒီကျောင်းဒကာ ရှင်နန္ဒိယဆိုတဲ့ လူနာမည်ကတော့ ဘုန်းကြီးနာမည်တွေနဲ့တူနေတာဘဲ၊ ယခုရှမ်းပြည်မှာလဲ ဒီလိုနာမည်တွေ ရှိပါတယ်၊ ဗမာတွေအနေနဲ့တော့ ဒကာကြီး ဦးနန္ဒိယလို့ဆိုရမှာပေါ့၊ အဲဒီဦးနန္ဒိယဆိုတဲ့ ဒကာကြီးက ကျောင်းဆောက်ပြီး လှူဒါန်းရေစက်ချကာ ရှိသေးတယ်၊ သူ့ကုသိုလ်ကောင်းမှုတွေကို နတ်ပြည်မှာ ဘုံဗိမာန်စသည်ကို ဖြစ်စေပြီး ကြိုဆိုနေကြတယ်၊ စောစောကထဲက ဘုံဗိမာန်တွေ ပေါက်လို့ နေတာပဲ၊ နောက်ဆုံး အသက်အတိုင်း နေပြီးတော့ စုတေသွားတဲ့အခါ အဲဒီ ဘုံဗိမာန် ရောက်သွားတာပဲ။

## ရေစက်ချ စကားဦး

ကုသိုလ်ကောင်းမှုတွေဆိုတာ အင်မတန် အားကိုးရပါတယ်၊ အားကိုးရတဲ့ ကုသိုလ်ကောင်းမှုတွေကို အခု ဒီက မဟာဓမ္မသာလာ ဓမ္မာရုံဇရပ်ကြီးရဲ့ ဒါယကာများ ဖြစ်ကြတဲ့

ဦးအောင်ခင် အစရှိသော ကျောင်းဒကာ ကျောင်းအမ ပုဂ္ဂိုလ်တွေက ဒီနေ့ ရေစက်ချလှူဒါန်းကြတယ်၊ နောင်အခါ ပြန်လည်လို့ စဉ်းစားလို့ရှိယင် မှတ်လောက် သားလောက်အင်မတန် ဝမ်းမြောက်ဝမ်းသာစရာဖြစ်တဲ့ အလှူဒါနကြီးပါပဲ၊ အဲဒီ လှူတာနဲ့ ပတ်သက်ပြီး မှတ်လဲ မှတ်သားရအောင်လို့ ဘုန်းကြီးက လှူသမျှတွေ အကုန်လုံး မှတ်တမ်းထဲ ပါဝင်အောင် စာနဲ့ပဲ ရေစက်ချပါမယ်၊ တိတိကျကျလဲ ဖြစ်အောင်လို့ပါပဲ၊ အဲဒီမှာ ပါဠိ ရေစက်ချကတော့ တော်တော်ကြာ ဘုန်းကြီးတပါးထဲ ရွတ်သွားပါမယ်၊ အဲဒါဟာ ကျောင်း, ဇရပ်, ဓမ္မာရုံ ဒကာ ဒကာမတွေရဲ့ ကိုယ်စားပါပဲ။

မြန်မာဘာသာ ရေစက်ချကိုတော့ ဒီမဟာဓမ္မသာလာ ဓမ္မာရုံဇရပ်ကြီး လှူတဲ့ ဦးအောင်ခင်နှင့်တကွ အိမ်သားစုတွေ အကုန်လိုက်ဆိုပြီး ရေစက်ချရမယ်၊ ယခု ဘုန်းကြီးက ပါဠိရေစက်ချကို အလှူ့ဒကာ ဒကာမတွေကိုယ်စား ရွတ်ဆိုသွားမယ်၊ အလှူ့ဒကာ ဒကာမတွေက စိတ်နဲ့ အာရုံပြုကြပါ။

ရန်ကုန်မြို့၊ မဟာဗန္ဓုလလမ်းနှင့် ၁၄-လမ်းထောင့်

ပတ္တမြားဆေးတိုက်၊ ဦးအောင်ခင် + ဒေါ်ကြွေတို့၏

# မဟာဓမ္မသာလာ ဓမ္မာရုံဇရပ်ကြီး

## (ပါဠိ) ရေစက်ချစာတမ်း

မယံ ဘန္တေ သံသာရဝဋ္ဋဒုက္ခတော မောစနတ္ထာယ နိဗ္ဗာနဿ သစ္ဆိကရဏတ္ထာယ အနေကသတသဟဿကဟာပဏေဟိ ဣမဉ္စ မဟာဓမ္မသာလံ သန္နာနကောဋ္ဌကာဒိပရိဝါရံ ဧကဉ္စ ပဏ္ဏာလိဥဒပါနံ သပေါက္ခရဏီ-သယန္တ-ယန္တသာလံ ကာရာပယိမှာ၊ ကာရေတွာ ဣဒါနိ ဣမံ အတိသောဘိတံ မဟာဓမ္မသာလံ ဒဿနီယံ ပါသာဒိကံ မနောရမံ သန္နာန-ကောဋ္ဌကာဒိပရိဝါရံ တဉ္စ ပဏ္ဏာလိဥဒပါနံ သပေါက္ခရဏီ-သယန္တ-ယန္တသာလံ ဂဟဋ္ဌ-ပဗ္ဗဇိတယောဂါဝစရေဟိ စေဝ အာဂန္တုကသာဓုဇနေဟိ စ ယထာသုခံ ပရိဘုဉ္ဇိတုံ မဟာစည် ထေရုပ္ပမုခဿ ယောဂါဝစရဂဏဿ ဒက္ခိဏောဒကံ ဩသိဉ္စိယ သက္ကစ္စံ ဒေမ၊ ဝိသေသတော ပန ဣမိဿံ မဟာဓမ္မသာလာယံ ဗုဒ္ဓစေတိယဂဗ္ဘေ အတိပါသာဒိကံ ဗုဒ္ဓပဋိမံ ပတိဋ္ဌာပေတွာ ပူဇေမ ဒေဝမနုဿာနံ ဝန္ဒနာမာနနပူ-ဇနတ္ထာယ၊ တဉ္စ ဗုဒ္ဓစေတိယဂဗ္ဘံ ဖလိကာဒီဟိ ဝိစိတြ ဒဿနီယံ ပါသာဒိကံ မနောရမံ ဗုဒ္ဓဿ ဘဂဝတော ဒေမ ပူဇေမ။ အထောပိ ဧတေသံ ရက္ခဏ ဂေါပနတ္ထာယ မဟာစည် ထေရောဝါဒ ပဋိဂ္ဂါဟကဿ ဗုဒ္ဓသာသနာနုဂ္ဂဟသမဂ္ဂဿ စ တောနိ နိယျာတေမ။ ဣမမေဝ ဒက္ခိဏောဒက-ပါတန မဟာဒါနသဘံ ပဋိစ္စ ဘိက္ခုသံဃဿ စ ယောဂိနဉ္စ ကလျာဏမိတ္တာနဉ္စ ပဏိတာနိ နာနာခါဒနိယ ဘောဇနိယ ဝိဓသသပါနာနိ သက္ကစ္စံဒေမ။ ဣဒံ နော ပုညံ အာသဝက္ခယာဝဟံ ဟောတု။

## မြန်မာပြန် ရေစက်ချစာတမ်း

ကဲ–ပါဠိလို ရေစက်ချကတော့ ပြီးပါပြီ၊ မြန်မာပြန် ရေစက်ချကို ဘုန်းကြီးက တိုင်ပေးမယ်၊ အလှူဒကာ အလှူအမများက အားလုံး လိုက်ဆိုကြပါ။

သံဃာတော် အရှင်မြတ်တို့ဘုရား၊ [ရန်ကုန်မြို့၊ ပတ္တမြားဆေးတိုက် ဦးအောင်ခင်+ ဒေါ်ကြွေ၊ (အစ်မ) ဒေါ်ခင်ရွှေ၊ (ညီမ) ဒေါ်အေးကြည်၊ (မောင်) ဦးတင့်စိန်၊ (သမီး) မရီရီခင်၊ (သား) မောင်သန်းအောင်-ဟူသော] ဘုရား တပည့်တော်တို့သည် သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ပါရခြင်း, နိဗ္ဗာန်ကို လျင်မြန်စွာ မျက်မှောက်ပြုပါရ ခြင်း အကျိုးငှာ ရည်သန် တောင့်တ၍ တသိန်းမက များစွာသော ကျပ်ငွေတို့ဖြင့် ရေချိုးရုံစသော အခြံအရံနှင့် တကွသော ဤမဟာဓမ္မသာလာ ဓမ္မာရုံဇရပ်ကြီးကိုရင်း, ရေလှောင်ကန်, ရေစုတ်စက်, စက်ရုံတို့နှင့် တကွသော ပိုက်ရေတွင်းကိုရင်း၊ ပြုလုပ် တည်ဆောက် စေကြပါကုန်၏၊ ပြုလုပ် တည်ဆောက်စေကြပြီးလျှင် ယခုအခါ၌ ရေချိုးရုံ စသော အခြံအရံနှင့် တကွသော ရှုချင်စဖွယ်, စိတ်ကြည်နူးဖွယ်, နှလုံးမွေ့လျော်ဖွယ် အလွန်တင့်တယ်သော ဤမဟာဓမ္မသာလာ ဓမ္မာရုံ ဇရပ်ကြီးကိုရင်း၊ ရေလှောင်ကန်, ရေစုတ်စက်, စက်ရုံနှင့်တကွသော ထိုပိုက်ရေတွင်းကိုရင်း၊ ရဟန်း, ရှင်, လူ, ယောဂီ အပေါင်းတို့သည်ရင်း၊ ဩွသည် အာဂန္တု သူတော်ကောင်းတို့သည်ရင်း၊ ချမ်းသာသည့် အလျောက် သုံးဆောင်ရန် အလို့ငှါ မဟာစည် ဆရာတော် အမှူးရှိသော ယောဂီအပေါင်း အား မြတ်သော အလှူရေစက်ကို သွန်းချ၍ ရိုသေစွာ လှူဒါန်းပါကုန်၏ အရှင်ဘုရား။ အထူးအားဖြင့်မူ ဤမဟာဓမ္မသာလာ ဓမ္မာရုံ ဇရပ်ကြီးဝယ် မြတ်စွာဘုရား၏ ဥဒ္ဒိဿစေတီ တော် ကိန်းအောင်းစရာ ဘုရားခန်း၌ အလွန် ကြည်ညိုဖွယ်ကောင်းသော မြတ်စွာဘုရား၏ ကိုယ်တော်စား ရုပ်ပွား ဆင်းတု စေတီတော်ကို နတ်လူအများတို့ ရှိခိုးခြင်း, မြတ်နိုး ခြင်း, ပူဇော်ခြင်း အကျိုးငှာ တည်ထားကာ ကိုးကွယ် ပူဇော်ကြပါကုန်၏ အရှင်ဘုရား။ ဖလ်မှန် စသည်တို့ဖြင့် ဆန်းကြယ်စွာသော ရှုချင်စဖွယ်, စိတ်ကြည်နူးဖွယ်, နှလုံးမွေ့လျော် ဖွယ် ကောင်းသော ထိုဘုရားခန်းကိုလည်း ဣဿရိယ အစရှိသော ၆-ပါးသော ဘုန်းတော် အရဟံ အစရှိသော ၉-ပါးသော ဂုဏ်တော်တို့နှင့် ပြည့်စုံတော်မူသော ဗုဒ္ဓမြတ်စွာဘုရား အား လှူဒါန်း ပူဇော်ကြပါကုန်၏ အရှင်ဘုရား။ ထိုမှတပါးလည်း ဤမဟာဓမ္မသာလာ ဓမ္မာရုံ ဇရပ်ကြီး ပိုက်ရေတွင်း စသည်တို့ကို လုံခြုံအောင် စောင့်ရှောက် ထိန်းသိမ်းရန် အလို့ငှာ မဟာစည် ဆရာတော်၏ ဩဝါဒခံဖြစ်သော ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့အားလည်း ထိုအဆောက်အအုံတို့ကို အပ်နှင်းပါကုန်၏ အရှင်ဘုရား။ ဤမဟာဓမ္မသာလာ ဓမ္မာရုံ

ဇရပ်ကြီးနှင့် ပိုက်ရေတွင်းတို့ကို ရေစက်ချလှူဒါန်းသော အလှူဒါနပွဲကြီးကို အကြောင်းပြု၍ ရဟန်းအပေါင်း သံဃာတော်အားရင်း၊ ယောဂီတို့အားရင်း၊ ကြွရောက် လာကြသော ကလျာဏ မိတ္တ မိတ်ဆွေအပေါင်း သူတော်ကောင်းတို့အားရင်း၊ အမျိုးမျိုးသော အမွှန် အမြတ် ခဲဘွယ် ဘောဇဉ် သောက်ဖွယ်အထူးတို့ကို ရိုသေစွာ လှူဒါန်း ကျွေးမွေးပါကုန်၏ အရှင်ဘုရား။

မဟာဓမ္မသာလာ ဓမ္မာရုံ ဇရပ်ကြီးကို ရေစက်သွန်းချ၍ လှူဒါန်းခြင်း၊ ရေစုတ်စက် ရေလှောင်ကန် စသည်တို့နှင့်တကွ ပိုက်ရေတွင်းကို ရေစက်ချလှူဒါန်းခြင်း, သံဃာတော် များ, ယောဂီများနှင့် လူပရိသတ်တို့အား ကျွေးမွေးလှူဒါန်းခြင်း စသော အကျွန်ုပ်တို့၏ ဤကောင်းမှု အပေါင်းသည် အာသဝေါတရား လေးပါးတို့၏ ကုန်ရာ ကုန်ကြောင့်း ဖြစ်သော မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ကို ရွက်ဆောင်ပါစေသတည်း။

ဤကောင်းမှု အပေါင်းကြောင့် အကျွန်ုပ်တို့သည် ဘေးရန် အန္တရာယ် ဟူသမျှတို့မှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းကြ၍ အသက်ရှည်ခြင်း, အနာကင်းခြင်း, ကျန်းမာခြင်း, ချမ်းသာများခြင်း, ဉာဏ်ပညာကြီးခြင်း, သူတော်ကောင်းတို့နှင့် ပေါင်းသင်းရခြင်း, သူတော်ကောင်းတရားကို အလေးပြု၍ ပွားများ အားထုတ်နိုင်ခြင်း အစရှိသော လိုလား တောင့်တအပ်သော လောကီ လောကုတ္တရာ ကောင်းကျိုးချမ်းသာ မင်္ဂလာအပေါင်းတို့နှင့် အခါခပ်သိမ်း ပြည့်စုံကြ၍ ဆင်းရဲ ခပ်သိမ်းတို့၏ ငြိမ်းရာ နိဗ္ဗာန်ချမ်းသာမြတ်သို့ လျင်မြန် စွာ ရောက်ရပါလိုကုန်၏ အရှင်ဘုရား။

ဤမဟာဓမ္မသာလာ ဓမ္မာရုံဇရပ်ကြီးနှင့် ပိုက်ရေတွင်း စသည်တို့ကို ရေစက်သွန်းချ လှူဒါန်းရသော ဤကောင်းမှု အပေါင်း၏ အဖို့ဘာဂကို လွန်ခဲ့သော (၇)လမြောက်၌ ကွယ်လွန်လေသော ဤဓမ္မာရုံ ဇရပ်ကြီး စသည်တို့၏ အလှူ့အမဖြစ်သော ဒေါ်ကြွေအား ရှေးဦးစွာ အထူးသဖြင့် အမျှပေးဝေပါကုန်၏၊ အလှူ့အမ ဒေါ်ကြွေသည် ယခု ကျွန်ုပ်တို့ ပြုသော ဤကောင်းမှု အပေါင်းကြောင့် နတ်တို့၏ မျက်စိဖြင့် မြင်နိုင်၍ နတ်တို့၏ နားဖြင့် ကြားနိုင်၍ ဝမ်းမြောက်ဝမ်းသာ သာဓုအနုမောဒနာ ခေါ်နိုင်၍ နတ်ပြည်လောက၌ အသစ်ထပ်မံ၍ ဖြစ်ပေါ်လာသော နက်စည်းစိမ်တို့ကို အတိုင်းထက်အလွန်ရရှိ၍ သုံးဆောင် ခံစားရပါစေသတည်း။ ထိုမှတပါး အမိအဖတို့အားရင်း........အမျှပေးဝေပါကုန်၏။

(၁၀၊ ၁၂၊ ၇၂)

ရန်ကုန်မြို့ သာသနာ့ရိပ်သာ နာယကအဖွဲ့ဝင် ကမ္မဋ္ဌာနာစရိယ

ဆရာတော် အရှင်သုဇာတ မဟာထေရ်မြတ် ဟောကြားတော်မူသော

# ရုပ်နာမ်ကြောင်းကျိုး ရှုသိရိုးတရားတော်

ဒီကနေ့တော့ နာမ်ရုပ်ရယ်၊ ကြောင်းကျိုးရယ်၊ ဒီနှစ်ခုကို ပြောရမယ်။ နာမ် ဆိုတာက အာရုံဆီကိုသွားပြီးတော့ ကြည့်တတ်တာကို ခေါ်တယ်။ ဖောက်ပြန်နေတဲ့ သဘော အစဉ်ပြောင်းလဲနေတဲ့ သဘောကိုတော့ ရုပ်လို့ခေါ်တယ်။

ဒို့မျက်စိနဲ့ အဆင်းဟာ ဆုံတိုင်းဆုံတိုင်း အစဉ်ကလေးတွေ ပြောင်းလဲသလား၊ မပြောင်းလဲဘူးလား။

(ပြောင်းလဲပါတယ် ဘုရား)။

မျက်စိကြည့်တာကို ဘာခေါ်တယ်၊

(ရုပ်လို့ခေါ်ပါတယ် ဘုရား)။

အဆင်းတွေကိုကော ဘာခေါ်တယ်၊

(ရုပ်လို့ပဲ ခေါ်ပါတယ် ဘုရား)။

အဲဒီရုပ် နှစ်ခု ဆုံကြတဲ့အခါ မြင်သိကလေးက ဖြတ်ကနဲဆို ပေါ်မလာဘူးလား၊

(ပေါ်လာပါတယ် ဘုရား)။

အဲဒီ မြင်သိကလေးက အဆင်းဆီကို ညွတ်တဲ့သဘော မရှိဘူးလား၊

(ရှိပါတယ် ဘုရား)။

အဆင်းကို လှမ်းကြည့်လိုက်သလို မကြည့်ဘူးလား၊

(ကြည့်ပါတယ် ဘုရား)။

ဒီလိုဆိုယင် လှမ်းကြည့်လိုက်တဲ့ဟာကို ဘာလို့ခေါ်ရမှာတုန်း၊

(နာမ်လို့ ခေါ်ရပါတယ် ဘုရား)။

ဒါဖြင့်ယင် မြင်လိုက်တဲ့အခါမှာ ဘာတွေပေါ်တယ်၊

(ရုပ်နဲ့နာမ်တွေပဲ ပေါ်ပါတယ် ဘုရား)။

အဲဒီတော့ ဒီမှာ မျက်စိနဲ့အဆင်းတွေက ရုပ်တရား၊ မြင်တာကလေးက နာမ်တရားပဲ။ ဒီလိုမြင်တဲ့အခါမှာ ရုပ်နဲ့နာမ်က လွဲလို့ ဘာမျှ မရှိဘူး။

ရုပ်နဲ့နာမ်မှတပါး မြင်လိုက်တဲ့အခါမှာ ယောကျ်ားရယ် မိန်းမရယ်လို့ ရှိရဲ့လား။ (မရှိပါ ဘုရား)။

မြင်လိုက်တဲ့သဘော ကလေးပဲရှိတယ်တဲ့၊ မျက်စိကလဲကြည့်တဲ့သဘော၊ အဆင်းကလဲ ထင်တဲ့သဘော ဒီနှစ်ခုတွေ့ဆုံခိုက်ကလေးမှာ မြင်သိပေါ်တယ်။ အကြောင်းက ရုပ်တရား၊ အကျိုးက နာမ်တရားပဲ။

ရှေ့ကို တဆင့်တက်လိုက်ကြဦးစို့။

ဘာ ဖြစ်လို့ ကြည့်ကြတာလဲ၊

(ကြည့်ချင်လို့ ကြည့်ပါတယ် ဘုရား)။

ရုပ်က ကြည့်ချင်တာလား၊ နာမ်က ကြည့်ချင်တာလား၊

(နာမ်ကကြည့်ချင်တာပါ ဘုရား)။

ဒီနာမ်က ကြည့်ချင်တော့ ရုပ်က ဘာလုပ်ရတုန်း၊

(မျက်စိလှန်ခေါင်းကိုမော့ပြီး ကြည့်ပါတယ် ဘုရား)။

အဲဒီတော့ ကြည့်ချင်တာက ဘာတရားလဲ၊

(နာမ်တရားပါဘုရား)။

အကြောင်းက နာမ်တရား၊ ကြည့်တာက အကျိုးဖြစ်တဲ့ ရုပ်တရား။

ဒီကြောင်းကျိုးနာမ်ရုပ်တရားဟာ စာအုပ်ထဲမှာလား၊ ကြည့်ခိုက်မှာ ဖြစ်တာလား၊

(ကြည့်ခိုက်မှာ ဖြစ်တာပါ ဘုရား)။

အဲဒါကို စာအုပ်ထဲမှာ လိုက်ပီးတော့ရှာယင်တွေ့ပါ့မလား၊

(မတွေ့ပါ ဘုရား)။

အဲဒါကြောင့် ကြည့်ချင်တာက အကြောင်းနာမ်တရား၊ ကြည့်တာက အကျိုး ရုပ်တရား။

ကြည့်လိုက်တော့ ဘာဖြစ်သလဲ၊

(မြင်ပါတယ် ဘုရား)။

အေး....မြင်တဲ့နေရာမှာ မျက်စိရယ်, အဆင်းရယ်, အလင်းရောင်ရယ်၊ ဒီသုံးခု ဆုံမိကြတဲ့အခါမှာ မြင်တယ်။ ဒါကြောင့် ဒီသုံးခုက အကြောင်း ရုပ်တရား၊ မြင်တာက အကျိုး နာမ်တရား။

ရူပါရုံနဲ့ စက္ခုဝတ္ထု-အဆင်းနဲ့ မျက်စိဆုံခိုက် ကလေးမှာ ဖြစ်ပေါ်လာတာပဲ။

အဲဒီတော့ ဒို ဒီဟာကလေးကိုပဲ ပြန်ပြီးတော့စစ်ဆေး ကြည့်ကြအုံးစို့၊ အကြောင်း ဆိုတဲ့ ဥစ္စာက ရုပ်နဲ့နာမ်ပဲ။ ခုတင်က ကြည့်ချင်တာက နာမ်အကြောင်းတရားပဲ။ ကြည့်တာက ရုပ်အကျိုးတရားပဲလို့ အဲဒီလို ၂-မျိုး မရှိဘူးလား၊

(ရှိပါတယ် ဘုရား)။

ကြည့်ချင်တဲ့ နာမ်အကြောင်း တရားကြောင့် ရုပ်တရားက မကြည့်ရပေဘူးလား။

(ကြည့်ရပါတယ် ဘုရား)။

ကြည့်တာက ရုပ်အကျိုးတရားလို့ မှတ်ထားလိုက်ပါ။

ကြည့်လိုက်တော့ ဘာဖြစ်လာတယ်၊

(မြင်ပါတယ် ဘုရား)။

အေး....ဒီမှာတော့ ကြည့်တာက ရုပ်အကြောင်းတရား၊ ကြည့်လို့မြင်တာက နာမ်အကျိုးတရားလို့ ဒီလိုမှတ်ထားကြ။

(အဲဒီတော့ ဘာနဲ့ ဘာပဲရှိသလဲ၊)

(အကြောင်းရုပ်နဲ့ အကျိုးနာမ်ပဲ ရှိပါတယ် ဘုရား)။

အကြောင်းထဲမှာလဲ ရုပ်နဲ့နာမ်ပဲ။ အကျိုးထဲမှာလဲ ရုပ်နဲ့နာမ်ပဲ ရှိတယ်။

ရုပ်နာမ်ကလွဲယင် ဒိပြင် ယောကျ်ား မိန်းမရယ်လို့ ရှိရဲ့လား၊

(မရှိပါ ဘုရား)။

အဲဒါကလေးကို တခါပြန်ကြည့်လိုက်အုန်း၊

မျက်စိကြည့်တာက မိန်းကလေးလား၊ ယောကျ်ားလေးလား၊ နတ်လား၊ လူလား၊ ကြည့်တဲ့ သဘောပဲလား၊

(ကြည့်တဲ့သဘောပါ ဘုရား)။

အဆင်းတွေကကော မိန်းကလေးလား, ယောကျ်ားလေးလား၊ အဆင်းသဘောပဲလား၊

(အဆင်းတွေကလဲ အဆင်းသဘောပါပဲ ဘုရား)။

ဒီနှစ်ခုဆုံမိယင် မြင်သိတဲ့သဘောတခု၊ မြင်ခံစားတဲ့သဘောတခု၊ မြင်မှတ်သား ဆိုတဲ့သဘောတခု၊ ကြောင့်ကြစိုက်ကြည့်ဆိုတဲ့ သဘောတခု-လို့ ဘယ်နှစ်ခုတုန်း၊

(လေးခုပါ ဘုရား)။

ဒီတော့ မြင်ခံစားက ဝေဒနာက္ခန္ဓာ။ မြင်မှတ်သားက သညာက္ခန္ဓာ။ ကြောင့်ကြစိုက်ကြည့်မှုက သင်္ခါရက္ခန္ဓာ။ မြင်သိသဘောက ဝိညာဏက္ခန္ဓာ-လို့ ခန္ဓာ ၄-ပါး။ ဒါက နာမ် ခန္ဓာ ၄-ပါးတဲ့။

ပေါင်းလိုက်တော့ ခန္ဓာ ဘယ်နှစ်ပါးလဲ)၊

(ခန္ဓာ ၅-ပါးပါ ဘုရား)။

အဲဒီ ခန္ဓာ ၅-ပါးထဲမှာ ရုပ်ခန္ဓာက အကြောင်း၊ နာမ်ခန္ဓာက အကျိုးတရားပဲ။

အဲဒီတော့ နာမ်ခန္ဓာဘက်ကို ကြည့်လိုက်ယင် မြင်သိဆိုတာရော, မြင်ခံစားဆိုတာရော,မြင်မှတ်သားဆိုတာရော, ကြောင့်ကြ စိုက်ကြည့်ဆိုတာရော သူတို့ဟာ အမှန်အမှား ကလေးတွေလား၊ သဘောပဲလား။

(သဘောပါပဲ ဘုရား)။

ခံစားတဲ့သဘော၊ မှတ်သားတဲ့သဘော၊ ကြောင့်ကြစိုက်တဲ့သဘော၊ မြင်သိဆိုတဲ့ သဘောရယ်လို့ သဘောပဲ ရှိတယ်။

အဲဒီသဘောတရားသက်သက်မျှကို မိန်းမရယ် ယောကျ်ားရယ် သတ္တဝါရယ် အမှန်အမှားရယ်လို့ ပြောလို့ရရဲ့လား၊

(မရပါဘုရား)။

ဒီလိုဆိုယင် ဘာပဲရှိတယ်၊

(သဘောပဲ ရှိပါတယ် ဘုရား)။

အဲဒီလို အသိဘက်က ကြည့်လိုက်တော့လဲ သဘောပဲရှိတယ်၊ ရုပ်ဘက်ကကြည့်လိုက်တော့လဲ သဘောပဲရှိတယ်၊ သဘောကလွဲလို့ ဘာမှ မရှိဘူးတဲ့။

ဒီတော့ မြင်လိုက်တဲ့အခါမှာ ပုဂ္ဂိုလ် သတ္တဝါက မြင်တာလား၊ ဆုံခိုက်ကလေးမှာ ဖြစ်ပေါ်လာတာလား၊

(ဆုံခိုက်ကလေးမှာ ဖြစ်ပေါ်လာတာပါ ဘုရား)။

အဲဒီမှာ တခါ စစ်ဆေးကြည့်လိုက်အုံး။

မျက်စိ, အဆင်း, အလင်း-ဒီသုံးခုက အကြောင်းတရား၊ မြင်ခံစား မြင်မှတ်သား ကြောင့်ကြစိုက်ကြည့်မှုနှင့် မြင်သိဆိုတာကလေးက အကျိုးတရား။ ဒီတော့ ခန္ဓာ၅-ပါး ဖြစ်ပေါ်ရာမှာ ရူပက္ခန္ဓာက အကြောင်းတရား၊ နာမ်ခန္ဓာ လေးပါးက အကျိုးတရား ဖြစ်တယ်။

ဒီမှာ နာမ်ခန္ဓာ-လို့ ပြောလိုက်တော့ ဘယ်သူတွေ ပါသွားသလဲ၊

(ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ-ဆိုတဲ့ ခန္ဓာလေးပါး ပါသွားပါတယ် ဘုရား)။

အဆင်းထဲကြည့်လိုက်တော့ ဘာရှိတယ်၊

(သဘောပဲ ရှိပါတယ်ဘုရား)။

မပျက်မစီး အမြဲတည်နေတဲ့ အတ္တကောင်ဆိုတာ ရှိသလား၊

(မရှိပါဘုရား)။

မျက်စိကြည်တာကလဲ အမြဲတမ်း တည်ရှိနေရဲ့လား၊

(မတည်ရှိပါဘုရား)။

အဆင်းတွေကလဲ အမြဲတည်ရှိနေရဲ့လား၊

(မတည်ရှိပါဘုရား)။

ဆုံမိတဲ့ အခိုက်လေးမှာသာ ဖြစ်ပေါ်လာတဲ့ သဘောရှိတယ်၊ တိုက်ဆိုင်ပြီးယင် ချုပ်သွားတယ်။ ပျက်သွားတယ်။ တိုက်ဆိုင်လိုက်တဲ့ အခိုက်မှာသာ ဖြစ်ပေါ်လာတာပဲ။ ဒီ မြင်သိကလေးဟာ ဘယ်ကထွက်လာသလဲ၊ ကိုယ်ထဲတနေရာရာကမျာ း ထွက်လာတာလား၊ ဆုံခိုက်ကလေးမှာ ဖြစ်ပေါ်လာတာလားဆိုတာ သဘောပေါက်ကြရမယ်။

တနေရာရာက ထွက်လာတယ်လို့ကင်နေယင် မှန်သလား၊ မှားသလား၊

(မှားပါတယ်ဘုရား)။

တနေရာရာမှာစိတ်ကလေးဟာ အမြဲတည်ရှိနေတယ်လို့ ထင်နေယင်ဲ့သဿတဒိဋ္ဌိ-လို့ ခေါ်တယ်။ ဒို့ပြန်ပြီးတော့ကြည့်လိုက်စမ်း၊ မျက်စိကြည်တာကလဲ သဘောပဲ၊

ဒီသဘောဆိုတာကလဲ အမြဲတမ်း တည်ရှိနေသလား၊ ဆုံခိုက်လေးမှာ ဖြစ်တာလား၊

(ဆုံခိုက်ကလေးမှာ ဖြစ်တာပါဘုရား)။

## အတ္တဝါဒီ တိတ္ထိတို့ရဲ့ အတ္တ

အဲဒီ သဘောဆိုတာကို သဘောမှန်း သိကြလို့ရှိယင်၊ အတ္တဆိုတာကလေးကို တခါ စစ်ကြအုံးစို့။

အတ္တဆိုတာ အတ္တဝါဒီ တိတ္ထိတို့ရဲ့ အလိုအားဖြင့် မပျက်မစီး အမြဲတမ်းတည်ရှိနေ တာကို အတ္တ-လို့ခေါ်တယ်။ ဒီအတ္တကလေးကို ဘယ်လိုသတ်လို့မှမရဘူး။ ဖုံးနဲ့ကြဲလို့လဲ ဒီအတ္တကိုထိအောင်ကြဲလို့မရဘူး။ အခုပေါ်နေတဲ့ အနုမြူဗုံးကလဲ ဒီအတ္တကို မထိနိုင်ဘူး-တဲ့။ အတ္တဟာ ဘယ်လိုလုပ်လို့မှ မပျက်စီးဘူး။ ဓားနဲ့ခုတ်လို့လဲ မပျက်စီးဘူး။ မြေကြီး ထဲကို မြှုပ်ထားလို့လဲ မရဘူး။ ရေထဲမှာနှစ်သတ်လို့လဲ မသေဘူး။ အဲဒီလို အတ္တဝါဒီတွေက ယူဆကြတယ်။

## ဗုဒ္ဓဝါဒီ ယောဂီတို့ရဲ့ ကြောင်းကျိုးသာဝ

အဲဒီတော့ ဒီမြင်လိုက်ရတဲ့အခိုက်ကလေးမှာ ကြည့်လိုက်ကြစမ်း၊ မျက်စိကြည်မှသာ မြင်သိဖြစ်တယ်။ မကြည်ယင် မြင်သိမဖြစ်ဘူး။ မျက်စိကလဲ ဘယ်လိုပဲကြည်နေနေ မျက်စိ ရှေ့မှာ အဆင်းမရှိယင်လဲ မမြင်နိုင်ဘူး။

မျက်စိလဲကြည်တယ်၊ အဆင်းလဲရှိပါတယ် ဆိုအုံးတော့ မှောင်မိုက်ထဲမှာဆိုယင် မြင်သိဖြစ်ပါ့မလား။

(မဖြစ်ပါဘုရား)။

ဒီတော့ မြင်သိဖြစ်ခြင်းရဲ့အကြောင်းက ဘယ်နှစ်ခုရှိသလဲလို့ဆိုယင် မျက်စိကြည်တာ ရယ်၊ အဆင်းရယ်၊ အလင်းရောင်ရယ်-ဆိုတဲ့ ဒီသုံးခုထဲမှာ နှလုံးသွင်းဆင်ခြင်မှုကိုလဲ ထည့်လိုက်အုံး၊ ပေါင်းလိုက်တော့ လေးခုရှိတယ်။ နှလုံးသွင်းမှုဆိုတာက စာလိုပြန်တော့ ပဉ္စဒွါရာဝဇ္ဇန်းကိုပြောတာ။ ပဉ္စဆိုတာက ၅-ခု၊ ဒွါရက အပေါက်၊ အာဝဇ္ဇန်းက ဆင်ခြင်တာ။ မျက်စိပေါက်က အဆင်းလာယင် ဆင်ခြင်တယ်။ နားပေါက်က အသံလာယင် ဆင်ခြင်တယ်။ နှာခေါင်းပေါက်က အနံ့လာယင် ဆင်ခြင်တယ်။ လျှာပေါက်က အရသာ လာယင် ဆင်ခြင်တယ်။သွေးသားစိုပြေနေတဲ့ ကိုယ်ပေါက်က အတွေ့အထိလာယင် ဆင်ခြင် တယ်။

ဆင်ခြင်တာ ဘယ်နှစ်ခုလဲ၊

(၅-ခုပါဘုရား)။

အေး-အဲဒါကို ပဉ္စဒွါရာဝဇ္ဇန်း-နှလုံးသွင်းမှု-လို့ခေါ်တယ်။

အဲဒီနှလုံးသွင်းဆင်ခြင်မှုကိုလဲ ထည့်လိုက်တော့ ဘယ်နှစ်ခုရှိတုန်း၊

(လေးခုပါဘုရား)။

ဒါကြောင့် မြင်သိဖြစ်ခြင်းရဲ့အကြောင်းဟာ လေးခုရှိတယ်လို့ မှတ်ထားကြရမယ်။ ဒီအကြောင်းလေးပါးကလဲ အမြဲတမ်း တည်ရှိနေတာ မဟုတ်ဘူး။ ဆုံမိခိုက်ကလေးမှာ ဖြစ်တာပဲ။ ဖြစ်ပြီးတော့လဲ ပျက်သွားတာပဲ။

ပျက်သွားတယ်ဆိုတာဟာ တည်မြဲလို့လား၊ မတည်မြဲလို့လား၊

(မတည်မြဲလို့ပါဘုရား)။

ဒီလိုမတည်မြဲ မခိုင်ခန့်တာကို အတ္တ-လို့ခေါ်ရမလား၊ အနတ္တ-လို့ခေါ်ရမလား၊

(အနတ္တ-လို့ ခေါ်ရပါမယ် ဘုရား)။

ဒါကြောင့် မိမိ၏မျက်စိကြည်တာကို အနတ္တ-လို့မှတ်၊ အဆင်းတွေကလဲ အနတ္တ၊ အလင်းရောင်တွေကလဲ အနတ္တ၊ ဆင်ခြင်တာကလေးကလဲ အနတ္တပဲ။ ဆင်ခြင်တဲ့နောက်က

ဖြစ်ပေါ်လာတဲ့ မြင်သိကလေးကလဲ အနတ္တပဲ။ မြင်ခံစားကလဲ အနတ္တ၊ မြင်မှတ်သား ကလဲ အနတ္တ၊ ကြောင့်ကြစိုက်ကြည့်တာတွေကလဲ အနတ္တပဲ။

ဘယ်နေရာကိုပဲ ကြည့်လိုက် ကြည့်လိုက် အတ္တရှိရဲ့လား၊

(မရှိပါဘုရား)။

အဲဒီတော့ မျက်စိပေါက်ကကြည့်လိုက်တော့ ဘာတွေဖြစ်လာတယ်၊

(အနတ္တတွေ ဖြစ်ပါတယ်ဘုရား)

နာမ်ဘက်ကြည့်လိုက်လဲ အနတ္တပဲ၊ ရုပ်ဘက်ကကြည့်လိုက်လဲ အနတ္တပဲ၊ အတ္တဆိုတာ ဘယ်နေရာမှ မရှိဘူး။ ယုန်မှာ ချိုမရှိတာလိုပါပဲ။ ဒါကြောင့် ဒို့ရဲ့ သုံးလောကထွဋ်ထား သဗ္ဗညုဘုရားရှင်က "ရူပံ ဘိက္ခဝေ အနတ္တာ" စသည်ဖြင့် ခန္ဓာငါးပါးလုံးကို အနတ္တ-လို့ အနတ္တ လက္ခဏသုတ်မှာ ဟောတော်မူပါတယ်။

အဲဒီမှာ မျက်စိနဲ့ အဆင်းကိုကြည့်လိုက်တော့ အတ္တဆိုတာကို တွေ့ရရဲ့လား၊

(မတွေ့ရပါဘုရား)။

အတ္တကိုမတွေ့ရတော့ ဘာလို့ခေါ်တယ်၊

(အနတ္တလို့ ခေါ်ရပါတယ်ဘုရား)။

မျက်စိနဲ့အဆင်း တွေ့ဆုံခိုက်မှာ အနတ္တသာဖြစ်ယင် နားနဲ့အသံ တွေ့ဆုံခိုက်မှာ ကော ဘာဖြစ်မလဲ၊

(အနတ္တပဲ ဖြစ်ပါမယ်ဘုရား)။

နားကြည်တာကလေးကလဲ အမြဲဏမ်း တည်ရှိရဲ့လား၊

(မတည်ရှိပါဘုရား)။

အသံကလေးတွေက နားကို လာပြီးတိုက်တော့ ဒီနားက ဒီ အသံကလေးတွေကို မပြတ်တမ်း တစီစီမြည်နေအောင် သူလက်ခံထားနိုင်ရဲ့လား၊

(မထားနိုင်ပါဘုရား)။

ဖြစ်ပြီးတော့ သူလဲ ဘာဖြစ်သွားတုန်း၊

(ပျက်သွားပါတယ် ဘုရား)။

ခုခေတ် သိပ္ပံဆရာတွေ ဟိုတလောတုန်းက အသံလွှင့်တယ်၊ သိပ္ပံမှူးတင်-တဲ့။ အယင်က လူထုသိပ္ပံထဲမှာ ရေးသားထားတဲ့စာကို ဘုန်းကြီးတွေ့ရဘူးတယ်။ ကိုယ်ထဲမှာ ရှိတဲ့ (ဆဲလ်) ရုပ်တရားလေးတွေဟာ တစက္ကန့်မှာ တကုဋေဖြစ်ပြီး တကုဋေပျက်တယ်-တဲ့။ ခု တနေ့ကပဲ သိပ္ပံမှူးတင်က ပြောတယ်။ တစက္ကန့်မှာ ၅-ကုဋေဖြစ်ပြီး ၅-ကုဋေ ပျက်နေပါတယ်-တဲ့။ သိပ္ပံ ကိရိယာတွေက ကောင်းလာတော့ သူတို့ရဲ့ တွက်ချက်မှုတွေကလဲ

တိုးတက်လာတယ်။ သူတို့ လူကိုယ်တိုင် တွက်နိုင်တာ မဟုတ်ဘူး။ ကွန်ပျူတာကနေပြီးတော့ တွက်ချက်ပေးတယ်-တဲ့။

## ဗုဒ္ဓအမြင်နှင့် သိပ္ပံအမြင်

ဒို မြတ်စွာဘုရား ပွင့်တော်မူတာဟာ လွန်ခဲ့တဲ့နှစ်ပေါင်း ၂၅၆၃-ခုနှစ်က ပွင့်တော်မူခဲ့တယ်။ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူပြီးတဲ့နောက် ၂၅၁၈-နှစ် ရှိသွားပြီ၊ အဲဒီလောက်တုန်းက "နိဒါနဝဂ္ဂ အသုတဝါသုတ်မှာ ကေသိ" ဟိ အစ္ဆရက္ခဏေ အနေကာနိ စိတ္တကောဋိသတသဟဿာနိ ဥပ္ပဇ္ဇန္တိ-လို့ (သံ-၅-၂-၉၂ မှာ) ဆိုထားတယ်။

လက်ဖျစ်တတီးအတွင်း စိတ်ပေါင်း ကုဋေတသိန်းကျော် ဖြစ်တယ်တဲ့။ ရုပ်တသက်ကို စိတ်က ၁၇-ချက် ဖြစ်ပြီးတော့ ပျက်တယ်ဆိုယင် ကုဋေတသိန်းကို ၁၇-နှင့် စားလိုက်တော့ ခန္ဓာ ကိုယ်ထဲမှာ ရှိတဲ့ ရုပ်တရားတွေဟာ တစက္ကန့် လက်ဖျစ်တတီးခန့်မှာ ကုဋေပေါင်း ၅၈၈၂-ကုဋေ သန်းပေါင်းဆိုယင် သုံးသန်း ငါးသိန်း နှစ်သောင်း ကိုးထောင်လေးရာ ဆယ့်တစ်ခန့်ဖြစ်ပြီးတော့ ပျက်တယ်။ အဲဒီဘောက်ကို ငါးထောင်ပဲ ထားလိုက်ပါဦးတော့ သူတို့ သိပ္ပံကိရိယာတွေ လိုက်လို့မှီပြီလား၊

(မမှီသေးပါ ဘုရား)။

ဒါပေမဲ့လို့ သူတို့ဟာ ဟိုတုန်းကတော့ မြဲတယ်လို့ ထင်နေကြတာ အခုတော့ တစက္ကန့်(ဆဲလ်) ရုပ်ကလာပ်တွေဟာ ငါးကုဋေဖြစ်ပြီး ပျက်နေကြတယ်လို့ ပြောနေကြပြီး။ အဲဒီနေရာမှာ(ဆဲလ်)ဆိုတာက အနုမြူခေါ်တဲ့အက်တမ်တွေကိုစုတော့မော်လီကျူးဖြစ်တယ်၊ မော်လီကျူးတွေ စုမိတော့ (ဆဲလ်)ဖြစ်တယ်တဲ့။ (ဆဲလ်)ပေါင်း လေးရာ ဘေးချင်းထိထားပါက တလက်မခန့် ရှိမယ်တဲ့။

လွန်ခဲ့တဲ့ နှစ်ပေါင်းတရာ ဟိုဘက်လောက်ကဆိုယင် (အက်တမ်) ကလေးဟာ ဘယ်လိုမှ ခွဲစိတ်လို့ မရတော့ဘူး။ သူဟာ အမြဲတမ်း တည်နေတယ်လို့ ယူဆကြတယ်။ ခု နောက်ပိုင်းကျတော့ ခွဲစိတ်လို့ ရလာပြီတဲ့။ ခွဲစိတ်ကြည့်လိုက်တော့ အက်တမ်ကလေးထဲမှာ ပရိုတွန်ဆိုတဲ့ အဆွဲဓာတ် ဓာတ်ဖိုကလေးလဲ ပါတယ်တဲ့။ နျူထွန်ဆိုတဲ့ ဓာတ်ဖိုလဲ မဟုတ် ဓာတ်မလဲ မဟုတ်တဲ့ သဘောကလေးလဲ ပါတယ်တဲ့။ အဲဒီနှစ်ခု ဆုံတွဲနေတာကလေးကို (နျူကလိယ)အနှစ်ကလေးဆိုတာလဲ ပါတယ်။ ဒီပကတိ မျက်စိနဲ့ မမြင်ရတဲ့ အနုမြူကြည့် မှန်ပြောင်းနဲ့ကြည့်မှ မြင်ရတဲ့ အနှစ်ကလေးကို လည်ပတ်နေတဲ့(အီလက်ထွန်) ဆိုတဲ့ ဓာတ်မကလေးလဲ ပါတယ်တဲ့။ အဲဒီတော့ ရှေးက ခွဲလို့ မရဘူးဆိုတဲ့ အနုမြူ

ကလေးထဲမှာ (ချူထွက်ရှန်) (ပရိုထွန်) (ချူကလိုယ) (အီလက်ထရွန်)လို့ ခေါ်တဲ့လေးမျိုး ရှိတယ်တဲ့။

အီလက်ထရွန် ဆိုတာကလေးကလည်း၊အနှစ်ကလေးကို သူ့လမ်းနဲ့သူ လည်ပတ်နေတယ်တဲ့။ ဖြစ်ပြီး ပျက်နေတယ်တဲ့။ ဘယ်အရာဝတ္ထုမှ အမြဲတမ်း တည်ရှိမနေဘူးတဲ့။ ပျက်နေတယ်လို့ သိပ္ပံဆရာတွေက ပြောဆိုကြ ရေးသားလာကြပြီး။ အတ္တဝါဒီသမားတွေကတော့ အတ္တဆိုတာ မြေကြီးထဲမှာ မြှုပ်လို့ မမြုပ်ဘူး။ ရေထဲနှစ်လို့လဲ မနစ်ဘူး။ ပေါက်ဆိန်နဲ့ ပေါက်လို့လဲ မထိဘူး။ ဗုံးနဲ့ကြဲလို့လဲ မထိပဲ။ အတ္တကို ထိမိအောင် မလုပ်နိုင်ဘူးတဲ့။ အတ္တဆိုတာ အမြဲတည်ရှိနေတယ်လို့ ယူဆကြတယ်။ ကြံစည် တွေးတောကြတယ်။

အဲဒီ တည်မြဲခိုင်ခန့်တယ် မပျက်စီးဘူးဆိုတဲ့ အတ္တကို မျက်စိပေါက် နားပေါက် စသည်မှာ စစ်ဆေးကြည့်ကြစို့။ မျက်စိပေါက်က ကြည့်လိုက်စမ်း–၊

တည်မြဲ ခိုင်ခန့်တယ်ဆိုတဲ့ အတ္တကို တွေ့ရရဲ့လား၊

(မတွေ့ရပါဘုရား)။

တခါ နားပေါက်ကနေပြီး ကြည့်လိုက်စမ်း၊ အသံကလေး အမြဲတည်နေအောင် နားပေါက်က လုပ်ထားနိုင်ရဲ့လား၊

(မထားနိုင်ပါဘုရား)။

အဲ-သူလဲဖြစ်ပြီးတော့ ပျက်သွားတာပဲ၊

တစက္ကန့်မှာ ဘယ်လောက်ပျက်သွားတယ်၊

(ကုဋေပေါင်း ၅၈၈၂-ကျော် ပျက်သွားပါတယ်ဘုရား)။

အေး-ဒါလောက်သာ မှတ်ထားလိုက်ပေါ့၊ ခုတော့ ကုဋေပေါင်း ၅-ကုဋေဖြစ်ပြီး ၅-ကုဋေလောက်ပဲ ပျက်တယ်တဲ့၊ ဒါ သိပ္ပံဆရာတွေက လိုက်ထားတာ၊ စစ်ဆေးထားတာ။

## ဗုဒ္ဓပါဒီ ယောဂီရဲ့အမြင်

မျက်စိနဲ့ အဆင်းဆုံယင် မြင်သိဝိညာဉ်ပေါ်ပါတယ်၊ အဲဒီ မြင်သိဝိညာဉ်ကို ဘုရားသခင်က ထည့်ပေးလိုက်တာလား၊ ဖန်ဆင်းပေးလိုက်တာလား–၊

ဆိုတာကို ပေါ်ရာ ရုပ်နာမ်ကို မပြတ်တမ်း ရှုမှတ်နေတဲ့ ယောဂီရဲ့ အမြင်နဲ့ စစ်ဆေးကြည့်ကြစို့။

မျက်စိနဲ့အဆင်း ဆုံခိုက်ကလေးမှာ ဘာဖြစ်ပေါ်လာတယ်၊

(မြင်သိကလေး ဖြစ်ပေါ်လာပါတယ် ဘုရား)။

အဲဒီ မြင်သိကလေး အယင်က ရှိနေနှင့်တာလား၊ မြင်ခိုက်မှာ ပေါ်လာတာလား၊ မြင်ပီးတော့ကော သူက တနေရာရာမှာ သွားပြီးတော့ အနားယူနေတာလား။

(မယူပါဘုရား)။

မြင်ရာကနေပြီးတော့ ဒီဝိညာဉ်ကလေးဟာ နားဆီကို ရွေ့သွားသလား၊ ဒီမှာပဲ ချုပ်သွားသလား၊

(ဒီမှာပဲ ချုပ်သွားပါတယ် ဘုရား)။

ဒါကြောင့် မြင်သိဆိုတဲ့ စက္ခုဝိညာဉ်ဟာ ဒီနေရာမှာပဲ ဖြစ်ပြီးတော့ ဒီနေရာမှာပဲ ပျက်သွားတယ်။ မြင်သိကလည်း တခြား၊ ကြားသိကလည်း တခြားပဲ၊ ဒါကြောင့် မြင်သိဆိုတဲ့ စက္ခုဝိညာဉ်ဟာ ဒီနေရာမှာပဲ "အဟုတွာ သမ္ဘောန္တိ-ရှေးက ရှိနေနှင့်တာလဲ မဟုတ်ပဲနဲ့ မျက်စိနဲ့ အဆင်းဆုံခိုက်မှာသာ မြင်သိ မြင်ခံစား စသော နာမ်တရားတွေ ဖြစ်ပေါ်လာကြတယ်။ ဟုတွာ ပဋိ ဝေန္တိ-ဖြစ်ပေါ်ပြီးတော့လဲ ပျက်သွားကြတယ်"လို့ ယောဂီရဲ့ဉာဏ်မှာ ရှုမှတ်ယင်း သိသိသွားပါတယ်။

နိဒါနသံယုတ် ပစ္စယသုတ်မှာလဲ "သဠာယတနပစ္စယာ ဘိက္ခဝေ ဖဿော ဥပ္ပါဒါဝါ တထာဂတာနံ အနုပ္ပါဒါဝါ တထာဂတာနံ ဌိတာဝ သာ ဓာတု ဓမ္မဋ္ဌိတတာ ဓမ္မနိယာမတာ ဣဒပ္ပစ္စယတာ" ရဟန်းတို့၊ မျက်စိ, နား, နှာ, လျှာ, ကိုယ်, စိတ်ဆိုတဲ့ သဠာယတနကြောင့် မြင်တွေ့, ကြားတွေ့, နံတွေ့, စားတွေ့, ထိတွေ့, ကြံစည်တွေ့ဆိုတဲ့ ဖဿဖြစ်တာဟာ ဘုရားရှင်တွေ ပွင့်ပွင့် မပွင့်ပွင့်၊ ဟောဟော မဟောဟော၊ မျက်စိ အဆင်း အလင်းဆုံယင် မြင်တွေ့ဖြစ်တယ် ဆိုတဲ့အကြောင်း သဘောဟာ တည်ပါတယ်၊ စက္ခာယတနဆိုတဲ့ မျက်စိအကြည်ဟာ မြင်တွေ့ရဲ့ တည်ရာဖြစ်တယ်။ (ကြားတွေ့စသည်၏ တည်ရာမဟုတ်ဘူး။) မြင်တွေ့ဆိုတဲ့ အကျိုးကို မျက်စိကြည်တဲ့အကြောင်းဖြင့် မှတ်သားတယ်။ မျက်စိကြည်တာဟာ မြင်တွေ့ရဲ့ အကြောင်းဖြစ်တယ်။ (ကြားတွေ့စသည်၏ အကြောင်းက နားကြည်မှု စသည်ပါပဲ။) နားကြည်တာက ကြားတွေ့ရဲ့အကြောင်း။ နှာကြည်တာက နံတွေ့ရဲ့အကြောင်း။ လျှာကြည်တာက အရသာတွေ့ခြင်းရဲ့အကြောင်း။ ကိုယ်ကြည်တာက မာကြမ်း, နူးညံ့, ပူအေး, ထောက်ကန်, တွန်းဆွဲ, လှုပ်ရှား စသည်ကို တွေ့ခြင်းရဲ့အကြောင်း။ စိတ်ဆိုတဲ့ မနာယတနက ကြံတွေ့ဆိုတဲ့ မနောသမ္ဖဿရဲ့အကြောင်းပဲ။ ဒီ ကြောင်းကျိုးတွေဟာ ဘုရား ပွင့်ပွင့်၊ မပွင့်ပွင့်၊ ဟောဟော မဟောဟော၊ တိုက်ဆိုင်တိုင်း ဖြစ်နေကြတာပဲ၊ ဘယ်ဘုရား ဘယ်နတ်ဗြဟ္မာကမှ ဖန်ဆင်းလို့ ဖြစ်တာ မဟုတ်ဘူး။

မြင်ခိုက်မှာ စက္ခာယတန ရူပါယတနခေါ်တဲ့ မျက်စိနဲ့ အဆင်းက ရုပ်တရား၊ မြင်တွေ့စတဲ့ ဖဿ ဝေဒနာ သညာ သင်္ခါရတွေက ဓမ္မာယတန၊ မြင်သိက မနာယတန နာမ်တရားပဲ။ ဒီတော့–

မြင်ခိုက်မှာ ဘာနဲ့ ဘာသာရှိသလဲ၊

(ရုပ်နဲ့နာမ်ပဲ ရှိပါတယ်ဘုရား)။

ဒီရုပ် ဒီနာမ်တွေက မွေးကတည်းက ဖြစ်လာသလား၊ မြင်ခိုက်မှာပဲ ပေါ်လာကြတာလား၊

(မြင်ခိုက်မှာပဲ ဖြစ်ပေါ်လာကြပါတယ်ဘုရား)။

ဖြစ်ပြီးတော့ကော တည်နေရဲ့လား၊

(မတည်ပါဘုရား၊ ပျက်သွားပါတယ်)။

ဒီလို မတည်မြဲ မခိုင်ခန့်တဲ့ ရုပ်နာမ်ကို တည်မြဲခိုင်ခန့်တယ်၊ မွေးကတည်းက ဖြစ်လာတာ သေမှပဲ ဆုံးတယ်လို့ ထင်နေတဲ့ အကင်ကို သဿတဒိဋ္ဌိ-လို့ ခေါ်တယ်။ သို့သော်လဲ ဒီဒိဋ္ဌိက ပြင်းထန်တဲ့ ဒိဋ္ဌိတော့လဲ မဟုတ်ဘူး။ သက္ကာယဒိဋ္ဌိလို့လဲ ခေါ်ရတယ်။ သက္ကာယ-ဒိဋ္ဌိက အပါယ်ကိုလဲ မပို့ဘူး။ နတ်ပြည်ကိုလဲ မတင်ဘူး။ ဝိပဿနာဉာဏ်ကိုတော့တားတယ်။ ဝိပဿနာကို အားထုတ်မှသာ ဒီသက္ကာယ ဒိဋ္ဌိက ကွာတယ်။ ရုပ်နဲ့နာမ် ကွဲသိခိုက်မှာ တဒင်္ဂပဟာန်ပဲ ကွာတယ်။ မကွဲယင် မကွာဘူး။ ဆိုင်ရာ ဝိပဿနာဉာဏ်က သူနှင့်ဆိုင်ရာ ကိလေသာကို တဒင်္ဂပဟာန်ပဲ ပယ်တယ်။

## တဒင်္ဂပဟာန်ပယ်ပုံ

ဒါနက မစ္ဆရိယနဲ့ လောဘစသည်ကို ပယ်တယ်။ သီလက ကာယဒုစရိုက်နဲ့ ဝစီဒုစရိုက်ကို ပယ်တယ်။ နာမ်ရုပ်ကွဲသိတဲ့ နာမရူပ ပရိစ္ဆေဒဉာဏ်က သက္ကာယဒိဋ္ဌိကို တဒင်္ဂပဟာန်ပဲ ပယ်တယ်။ ပစ္စယပရိဂ္ဂဟဉာဏ်က အဟေတုကဒိဋ္ဌိနဲ့ သတ္တဝါတွေကို နတ်,ဗြဟ္မာ, ထာဝရစသည်တို့က ဖန်ဆင်းထားတာလို့ထင်နေတဲ့ ဝိသမဟေတုဒိဋ္ဌိကို ပယ်တယ်။ ၎င်းနောက် ယုံမှားမှုကိုလွန်မြောက်တဲ့ ကင်္ခါဝိတရဏဝိသုဒ္ဓိက ဝိစိကိစ္ဆာကို တဒင်္ဂပယ်တယ်။ ကလာပ သမ္မသနဉာဏ်က ငါပဲ ငါ့ဟာပဲလို့ စွဲယူတဲ့ အဟံ မမကို ပယ်တယ်။ အဖြစ်မြင်တဲ့ဉာဏ်က ဥစ္ဆေဒဒိဋ္ဌိကိုပယ်တယ်။ အပျက်မြင်တဲ့ဉာဏ်က သဿတဒိဋ္ဌိကို ပယ်တယ်။ မဂ်ဟုတ် မဟုတ်ပိုင်းခြားသိတဲ့ဉာဏ်က မဂ်မဟုတ်တာကို မဂ်လို့ထင်တဲ့သညာကို ပယ်တယ်။ ဘယဉာဏ်က လောကကြီးမှာ ကြောက်မက်ဖွယ် ဘေးမရှိဘူးလို့ထင်တဲ့သညာကို ပယ်တယ်။ အာဒီနဝဉာဏ်က ရုပ်နာမ်လောကကြီးဟာ သာယာဖွယ် နှစ်သက်ဖွယ်ရှိတယ်လို့ ထင်မှတ်တဲ့

သညာကိုပယ်တယ်။ နိဗ္ဗိဒါဉာဏ်က လောကကြီးဟာ ပျော်စရာပဲလို့ထင်တဲ့ သညာကို ပယ်တယ်။ မုဉ္စိတုကမျတာဉာဏ်က လောကကြီးမှ မလွတ်မြောက်ချင်တာကို ပယ်တယ်။ သင်္ခါရုပေက္ခာဉာဏ်က သင်္ခါရတွေကို လျစ်လျူမရှုနိုင်တာကို ပယ်တယ်။ အနုလောမ ဉာဏ်က အောက်ဉာဏ်များနှင့် ဆန့်ကျင်တဲ့သဘောနဲ့ မဂ်ဉာဏ် နိဗ္ဗာန်နှင့် ဆန့်ကျင်တဲ့ သဘောကိုပယ်တယ်။ ဂေါတြဘူဉာဏ်က သင်္ခါရနိမိတ်သဘောကိုပယ်တယ်။ ဒါက ဉာဏ် ဖြစ်ခိုက်သာ ပယ်ကြတာလို့ တဒင်္ဂပဟာန်မျ ပယ်တယ်လို့ဆိုရတယ်။ မဂ်ဉာဏ်ကမှ ဆိုင်ရာ ကိလေသာကို သမုစ္ဆေဒပဟာန်နဲ့ အမြစ်ပြုတ် ပယ်သတ်တယ်။

## နာမရူပ ပရိစ္ဆေဒဉာဏ်က သက္ကာယဒိဋ္ဌိကို ပယ်ပုံ

နာမ်က အာရုံရှိရာကို ညွတ်တတ် သွားကြည့်တတ်တဲ့သဘော၊ ရုပ်က ဖောက်ပြန် တတ် ရှေ့နောက်အစဉ် ပြောင်းလဲတတ်တဲ့သဘော။ ပရိစ္ဆေဒက တခုစီ ပိုင်းခြားကွဲပြား တာ။ ဉာဏက သိတာ။ သက္ကာယက ထင်ရှားရှိတဲ့ ဥပါဒါနက္ခန္ဓာ ၅-ပါး။ ဒိဋ္ဌိက အယူ အဆ အတွေးအခေါ် စိတ်ထဲမှာ ထင်မြင်နေတာ။

ယူဆထင်မြင်နေတာက မှန်နေယင် သမ္မာဒိဋ္ဌိဖြစ်တယ်။ မှားယင် မိစ္ဆာဒိဋ္ဌိဖြစ်တယ်။ ဒါကို မျက်စိ,နား,နှာ,လျှာ,ကိုယ်,စိတ်ခေါ်တဲ့ တံခါး ၆-ပေါက်မှ စစ်ဆေးကြည့်ကြစို့-။

## မြင်ခိုက်မှာသိပုံ

မြင်ခိုက်တွင် မျက်စိ အဆင်း အလင်းကရုပ်-ရူပက္ခန္ဓာ၊ ဒီ ၃-ပါးနှင့် နှလုံးသွင်း ကြောင့် ဖြစ်ပေါ်လာတဲ့ မြင်သိမှုတွင် မြင်ခံစား၊ မှတ်သား၊ ကြောင့်ကြစိုက်၊ မြင်သိဆိုတဲ့ နာမ်ခန္ဓာ ၄-ပါး ဖြစ်ပေါ်လာတယ်။ (စာလိုကတော့-ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာပေါ့။)

မြင်ခိုက်မှာ မြင်တယ် မြင်တယ်လို့ ရှုမှတ်နေတဲ့ယောဂီရဲ့ဉာဏ်မှာ မြင်ရတဲ့အဆင်းက တခြား၊ မြင်သိစိတ်က တခြားပဲလို့ ရှုမှတ်ယင်း ကွဲသိလာတယ်။

ယောဂီတို့ ဒီလိုမျိုး ကွဲပြီးသိကြရဲ့လား၊

(ရှုခါစတုန်းကတော့ မကွဲပါဘုရား။ ခုတော့ ကွဲသိပါပြီဘုရား။ မြင်ရတဲ့အဆင်းက တခု၊ မြင်သိက တခုလို့ ကွဲသိလာပါတယ်ဘုရား)။ ဒီအဆင်းနဲ့ မြင်သိတာဟာ ဘယ်တုန်း က ဖြစ်တာလဲ၊ (မျက်စိနဲ့ အဆင်းဆုံခိုက်မှာ ဖြစ်ပါတယ်ဘုရား)။

ဒီအဆင်းနဲ့မြင်သိကို ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါလို့ ခေါ်ရမလား၊

(မခေါ်ရပါဘုရား။ အဆင်းရော မြင်သိရောဟာ တွေ့ဆုံခိုက်မှာသာ ဖြစ်ပေါ်လာ တဲ့ သဘောမျှပဲ ရှိပါတယ်ဘုရား)။

အေး-အဆင်းတခု၊ မြင်သိတခုလို့ ပိုင်းခြားပြီးသိတာကိုပဲ "နာမရူပ ပရိစ္ဆေဒ ဉာဏ်"လို့ ခေါ်တယ်။ ဉာတပရိညာလို့လဲ ခေါ်တယ်။

ဒီလို အဆင်းတခြား မြင်သိတခြားကွဲသိတာ စာတတ်လို့လား၊ တရားနာလို့ သိတာလား၊ သင်တန်းတက်ပြီး မှတ်ထားလို့သိတာလား၊ မြင်တယ် မြင်တယ်-လို့ ရှုမှတ်တဲ့ အတွက်ကြောင့် သိတာလား၊

(မြင်တယ် မြင်တယ်-လို့ ရှုမှတ်နေယင်း သိတာပါဘုရား)။

ဒီလိုသိတာဟာ စာတွေ့လား ကိုယ်တွေ့လား၊

(ကိုယ်တွေ့ပါဘုရား။ စာဖတ်ယင်း သင်တန်းတက်ယင်းသိတာက သညာအသိပါ ဘုရား)

အေး-ဒီလိုသိတာကို "နာမရူပါနံ ယာထာဝဒဿနံ ဒိဋ္ဌိသုဒ္ဓိနာမ"လို့ (ဝိသုဒ္ဓိမဂ်-ဒု-၂၂၂-၂၃၂ မှာ)ဆိုတဲ့အတိုင်း ရုပ်နာမ်တို့ကို သဘာဝအမှန်အတိုင်း သိမြင်ခြင်းဟာ သိမြင်မှုစင်ကြယ်တယ်၊ ဒိဋ္ဌိဝိသုဒ္ဓိမည်တယ်၊ အမြင်စင်ကြယ်ပြီ ဒိဋ္ဌိဝိသုဒ္ဓိဖြစ်ပြီလို့ ဆိုရပါ တယ်တဲ့။

ဉာဏ်အနေနဲ့ နာမရူပ ပရိစ္ဆေဒဉာဏ်ဖြစ်ယင် ဝိသုဒ္ဓိအနေနဲ့ ဒိဋ္ဌိဝိသုဒ္ဓိဖြစ်တယ်လို့ မှတ်ကြပေတော့။ ဒိဋ္ဌိဝိသုဒ္ဓိဖြစ်ယင် သက္ကာယဒိဋ္ဌိစင်တယ်။ နာမ်ရုပ်ကွဲယင် သက္ကာယဒိဋ္ဌိ စင်တယ်လို့ မှတ်ထားကြပေတော့။

ဒါကြောင့် နောက်နားက နာမ်ရုပ်ကွဲသိတဲ့ နာမရူပ ပရိစ္ဆေဒဉာဏ်က သက္ကာယ ဒိဋ္ဌိကို တဒင်္ဂပယ်တယ်လို့ ဆိုထားခဲ့တယ်။ တဒင်္ဂပဟာန်ဆိုတာက နာမ်နဲ့ရုပ် ကွဲသိခိုက် ကလေးသာ သက္ကာယဒိဋ္ဌိကွာတာ၊ မကွဲယင် မကွာဘူး၊ ဒီဒိဋ္ဌိက နာမ်ရုပ် တစက္ကန့်ကွဲယင် တစက္ကန့်ပဲကွာတယ်။ တနာရီကွဲယင် တနာရီကွာတယ်။ ဒါကြောင့် နာမ်နဲ့ရုပ်ကို ကွဲသိ အောင် ကိုယ်မှာဖြစ်ပေါ်လာတဲ့အမူအရာအတိုင်း မလွတ်အောင် အဝိဇ္ဇာမဝင်နိုင်အောင် ရှုမှတ်နေရတယ်။

အမှတ် လွတ်တယ်၊ အမှတ်မပါဘူး၊ အမှတ်တမဲ့ဆိုတဲ့ မြန်မာစကားကို ပါဠိလို တော့ အဝိဇ္ဇာလို့ခေါ်တယ်။ အဝိဇ္ဇာဆိုတာက သစ္စာလေးပါးကို မသိအောင် ဖုံးလွှမ်းတတ် တဲ့သဘောပဲ။ သွားတာ ရပ်တာ ထိုင်တာ အိပ်တာ ကွေးတာ ဆန့်တာ စားတာ သောက် တာ လုပ်ကိုင်တာ ကြည့်တာစတဲ့ အမူအရာတွေဟာ ဒုက္ခသစ္စာပဲ။ အဲဒီ ဒုက္ခသစ္စာကို မသိတာ မရှုမှတ်တာဟာ အဝိဇ္ဇာပါပဲ။

ခုတခါ သက္ကာယဒိဋ္ဌိကို ထပ်မံပြီးပြောပြအုံးမယ်။ သက္ကာယဒိဋ္ဌိမှာ-သက္ကာယက တခြား၊ ဒိဋ္ဌိကတခြားပဲ။ သက္ကာယဆိုတာက-တဏှာဒိဋ္ဌိတို့ အာရုံပြုနိုင်တဲ့ ထင်ရှားဖြစ်ပေါ်

လာတဲ့ လောကီခန္ဓာ ၅-ပါး ရုပ်နာမ်တရားတို့ကို ခေါ်တာ။ မြင်ခိုက်မှာဆိုယင် အဆင်းကလဲ သင်္ခါရ၊မျက်စိကြည်တာကလဲ သင်္ခါရ၊ မြင်သိကလဲ သင်္ခါရ၊ ဒီမျက်စိအကြည်နဲ့ မြင်သိကလေးတွေဟာ မွေးကထဲကဖြစ်လာတာ၊ ဒီဘဝမှာသေဆုံးတယ်၊ သေမှသာပျက်စီးတယ်လို့ထင်နေတာက ဒိဋ္ဌိဘဲ။ ဒီဒိဋ္ဌိက မျက်စိအဆင်း မြင်ခံစား မြင်မှတ်သား ကြောင့်ကြစိုက် အားထုတ်ကြည့်လို့မြင် မြင်သိဆိုတဲ့ ရုပ်,ဝေဒနာ,သညာ,သင်္ခါရ,ဝိညာဏ်ဟူသော ဉပါဒါနက္ခန္ဓာ ၅-ပါးကို စွဲမှီပြီးဖြစ်တာ။ ဒါကြောင့် သူ့ကို သက္ကာယဒိဋ္ဌိလို့ ခေါ်တယ်။

ဒီခန္ဓာကိုယ်ကြီးဟာ မွေးကတည်းကဖြစ်လာတာ၊ သေမှပဲပျက်စီးတော့တာပဲလို့ထင်နေယင် ယူဆထားယင် (ဒီ အထင်၊ဒီအယူအဆကို) သက္ကာယဒိဋ္ဌိလို့ ခေါ်တယ်။ ဒီ သက္ကာယဒိဋ္ဌိက ဒါနပေးလှူနေကြတဲ့ လူနတ်တွေ သီလဖြူစင်အောင် ဆောက်တည်နေကြတဲ့ လူနတ်တွေမှာလဲ ရှိနေတာပဲ။ ရှုမှတ်လို့ ရုပ်နဲ့နာမ် ကွဲသိပါမှ ဒီဒိဋ္ဌိက တဒင်္ဂပြုတ်တယ်။ ဝိပဿနာရှုမှတ်လို့ နာမ်နဲ့ရုပ်ကို ပိုင်းခြားပြီး သိခိုက်ကလေးမှာသာ ဒီဒိဋ္ဌိက တဒင်္ဂပြုတ်တာ၊ ဒါကြောင့် မြင်ခိုက်မှာ ဒီဆောင်ပုဒ်ကလေးကို မှတ်ထားကြ-

"မြင်စဉ်ဆတ်ဆတ်၊ မြင်တယ်မှတ်၍၊ နှစ်ရပ်ရုပ်နာမ်၊ ကွဲသိရန်၊ မှတ်ဉာဏ်ယှဉ်၍ကြည့်" တဲ့။

ဒီလင်္ကာကလေးက "စက္ခုံစ ပဋိစ္စ ရူပေစ ပဋိစ္စ"ဆိုတဲ့ ဓမ္မာနုပဿနာ သတိပဋ္ဌာန် ပါဠိတော်အတိုင်း ရေးသားထားတာပါ။

ဒီလို ရှုမှတ်ပြီး ကြည့်တဲ့အခါမှာ ဘာတွေကို တွေ့ရမလဲ၊

(ခန္ဓာ ၅-ပါးနဲ့ ရုပ်နာမ်ကိုပဲ တွေ့ရပါမယ် ဘုရား။)

အေး ဒီပြင် စက္ခာယတန၊ ရူပါယတန၊ မနာယတန၊ ဓမ္မာယတနဆိုတဲ့ အာယတနက ၄-ပါး။ စက္ခုဓာတ်၊ ရူပဓာတ်၊ စက္ခုဝိညာဏဓာတ်၊ မနောဓာတ်၊မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်ဆိုတဲ့ ဓာတ်က ၆-ပါး။ ဒုက္ခသစ္စာတရားတွေကိုပဲ တွေ့ရအုံးမယ်တဲ့။ (ဒီနေရာမှာ မြင်ခိုက်တွင် ဖြစ်ပေါ်လာတဲ့ စက္ခုဒွါရဝီထိ တစ်ဉ်လုံးကိုချုံ့ပြီးတော့ ပြောတာနော်။) ကဲ....ဒီဆောင်ပုဒ်တလေးကိုလဲ မှတ်ထားလိုက်ကြအုံး၊ ရေးကြ-

## အမြင်မှန် ဆောင်ပုဒ်

မျက်စိအဆင်း၊ အလင်းသုံးတန်၊ ရူပက္ခန်နှင့်၊ မြင်ရန်ဆင်ခြင်၊ ကြောင်းလေးအင်ကြောင့်၊ မြင်စဉ်ခံစား၊ မှတ်သားပြုပြင်၊ မြင်ဝိညာဏ်ဟု၊ နာမ်လေးခုနှင့်၊ ငါးခုခန္ဓာ၊ ရုပ်နာမ်သာတည့်၊ လေးဖြာအာယတန၊ ဓာတ်ခြောက်ဝနှင့်၊ ဒုက္ခသစ္စာ၊ ဖြစ်ပေါ်လာပြီး၊ မြန်စွာပျက်ကြ၊ အနိစ္စသည်၊ ဒုက္ခ အနတ္တပါတကား။

ဒါက မြင်ခိုက်မှာရှုမှတ်လို့ နာမ်နဲ့ရုပ်ကို ပိုင်းခြားသိတဲ့ "နာမရူပပရိစ္ဆေဒဉာဏ်" နဲ့ အမြင်စင်ကြယ်တဲ့ "ဒိဋ္ဌိဝိသုဒ္ဓိ" ဖြစ်ပုံကိုပြောတာ၊ ဒီကနေ့တော့ ဒီနေရာမှာပဲ။ တော် ကြဦးစို့ ။

ဒီနေ့ပြုရတဲ့ ကုသိုလ်အစုစုကြောင့် မိမိတို့ လိုချင်တဲ့ နိဗ္ဗာန်ကို မဂ်ဉာဏ် ဖိုလ်ဉာဏ် ဖြင့် ဆိုက်ရောက် မျက်မှောက်ပြုနိုင်ကြပါစေ။ (သာဓု....သာဓု...သာဓု)။

## ကြားခိုက်မှာ ရုပ်နာမ်စသည်ဖြစ်ပုံ

ဒီနေ့တော့ ကြားခိုက်မှာ ရုပ်, နာမ်, ခန္ဓာ စသည် ဖြစ်ပုံကို ပြောမယ်။

ကြားခိုက်မှာလဲ ရုပ်, နာမ် ၂-ပါး၊ ခန္ဓာ ၅-ပါး၊ အာယတန ၄-ပါး၊ ဓာတ် ၆-ပါး၊ ဒုက္ခသစ္စာတရားတွေပဲ ဖြစ်တယ်။ ပုဂ္ဂိုလ် သတ္တဝါ မိန်းမ, ယောကျ်ားမဟုတ်ဘူး။ အတ္တကောင်၊ အသက်ကောင်၊ ဝိဉာဏ်ကောင်လဲ မရှိဘူး။ ကဲ–ဒီဆောင်ပုဒ်ကလေးကို မှတ်ထားကြအုံး....

ကြားစဉ် ဆတ်ဆတ်၊ ကြားတယ်မှတ်၍၊ နှစ်ရပ် ရုပ်နာမ်၊ ကွဲသိရန်၊ မှတ်ဉာဏ်ယှဉ်၍ကြည့်။

ဒီ လင်္ကာကလဲ "သောတဉ္စ ပဇာနာတိ၊ သဒ္ဒေစ ပဇာနာတိ" ဆိုတဲ့ သတိပဋ္ဌာန် ပါဠိတော် အတိုင်းပါပဲ။

"ကြားတယ်၊ ကြားတယ်"လို့ မှတ်နေတဲ့အခါမှာ အသံနဲ့ နားအကြည်က ဘာတရားလဲ၊

(ရုပ်တရားပါဘုရား)။

ကြားသိတာကကော၊

(နာမ်တရားပါဘုရား)။

အေး–ကြားတဲ့အခါမှာလဲ ရုပ်နာမ်ပဲဖြစ်ပေါ်လာတယ်။ ဒီကြားသိ ဝိညာဏ်ကလေး ဟာ ဟိုမြင်သိဝိညာဏ်ကလေးကပဲ နားဆီကို ရွှေ့လာပြီးတော့ကြားတာလား၊ တခုစီလား၊

(တခုစီပါဘုရား။ မြင်သိဝိညာဏ်ဟာ မျက်စိအကြည်ကို မှီပြီး ဖြစ်ရာမှာပဲ ချုပ်ပျက် သွားပါတယ်ဘုရား)။

အေး–မြင်သိဝိညာဏ်ကလဲ ဖြစ်ရာမှာပဲ ပျက်သွားတယ်၊ နားအကြည်ကို မှီဖြစ်တဲ့ ကြားသိဝိညာဏ်ကလဲ ကြားရာမှာပဲ ပျက်သွားတယ်၊ မြင်သိခေါ်တဲ့ စက္ခုဝိညာဏ်ဟာ ကြားသိခေါ်တဲ့ သောတဝိညာဏ် မဟုတ်ဘူး။ တခုစီပဲ။ ဒီသဘောကို မြင်ခိုက် ကြားခိုက် မှာ မလွတ်တမ်း ရှုမှတ်နေတဲ့ ယောဂီများရဲ့ဉာဏ်မှာ သိလှာ မြင်လာပါတယ်။

ဒီလို သိလာတာဟာ စာဘတ်လို့, တရားနာလို့, သင်တန်းတက်ပြီး မှတ်ထားလို့ သိတာလား၊

(မဟုတ်ပါဘုရား။ ပေါ်ခိုက်မှာ ရှုမှတ်နေယင်း အသိဉာဏ် ဖြစ်ပေါ်လာတာပါ ဘုရား)။

အသံနဲ့ ကြားသိတာဟာ တခုထဲပဲလား၊ တခုစီလား၊

(တခုစီပါဘုရား။ အသံနဲ့ နားကြည်တာက တခု၊ သိတာက တခုပါ ဘုရား)။

အေး-ဟုတ်ပြီ၊ အသံနဲ့နားက တခု၊ ရုပ်တရား။ ကြားသိတာက တခု၊ နာမ်တရား။ ကြားသိထဲမှာ အသံကို ခံစားသိတဲ့ ဝေဒနာက္ခန္ဓာ။မှတ်သားသိတဲ့ သညာက္ခန္ဓာ။ကြောင့်ကြ စိုက်သိတဲ့ သင်္ခါရက္ခန္ဓာ။ အထူးသိတဲ့ ဝိညာဏက္ခန္ဓာ-လို့ ကြားခိုက်မှာ နာမ်ခန္ဓာက လေးပါး။ အသံနဲ့ နားဆိုတဲ့ ရုပ်တရား-ရူပက္ခန္ဓာကတပါး၊ ပေါင်းလိုက်တော့ ခန္ဓာငါးပါး ပဲ ဖြစ်ပေါ်လာတယ်။ အာယတနက သောတာယတန၊ သဒ္ဒါယတန၊ မနာယတန၊ ဓမ္မာယတန လို့ ၄-ပါး။ ဓာတ်က သောတဓာတ်၊ သဒ္ဒဓာတ်၊ သောတဝိညာဏဓာတ်၊ မနောဓာတ်၊ မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်-လို့ ဓာတ်က ၆-ပါး။ သစ္စာက ဒုက္ခသစ္စာပဲ ဖြစ်တယ်။ ကြားတယ် ကြားတယ်-လို့ မှတ်နေယင် ဒီတရားတွေ အားလုံးပါသွားပါတယ်။

ကဲ-ဒီ ဆောင်ပုဒ်ကလေးကို မှတ်ထားကြအုံး၊

> နား,အသံ, ကာသ၊ ရူပသုံးတန်၊ ရူပက္ခန်နှင့်၊ ကြားရန်ဆင်ခြင်၊ ကြောင်းလေး
> အင်ကြောင့်၊ ကြားစဉ်ခံစား၊ မှတ်သားပြုပြင်၊ ကြားဝိညာဉ်ဟု၊ နာမ်လေးခုနှင့်၊
> ငါးခုခန္ဓာ၊ ရုပ်နာမ်သာတည့်၊ လေးဖြာအာယတန၊ ဓာတ်ခြောက်ဝနှင့်၊ဒုက္ခသစ္စာ၊
> ဖြစ်ပေါ်လာပြီး၊ မြန်စွာပျက်ကြ၊ အနိစ္စသည်၊ ဒုက္ခ အနတ္တပါတကား....တဲ့။
> ရေးကြ-

ဒါက ကြားခိုက်မှာ ရှုမှတ်နေယင်း နာမ်နဲ့ရုပ်ကို ပိုင်းခြားသိတဲ့ **"နာမရူပ ပရိစ္ဆေဒ ဉာဏ်"နဲ့** အမြင်စင်ကြယ်တဲ့ "ဒိဋ္ဌိဝိသုဒ္ဓိ"ဖြစ်ပုံပဲ။

## နံခိုက်မှာဖြစ်ပုံ

ခု တခုဆက်ပြီး နံခိုက်မှာ ရုပ်နာမ်ခန္ဓာစသည်ဖြစ်ပုံကို ပြောပြအုံးမယ်၊
ယောဂီတို့ နံတဲ့အခါမှာ ဘယ်လိုရှုမှတ်ကြသလဲ၊
(နံတယ်၊ နံတယ်-လို့ ရှုမှတ်ကြပါတယ်ဘုရား)။

ဒီလိုရှုမှတ်ကြတော့ ဘာကိုတွေ့သလဲ၊
(နံတဲ့အနံ့နဲ့ နံတာကိုသိတဲ့သဘော ဒီနှစ်ခုပဲ တွေ့ပါတယ်ဘုရား)။

အေး-ဟုတ်ပြီ၊ အနံ့ရယ် နှာအကြည်ရယ် လေရယ်က ရုပ်တရား။ နံသိက နာမ်တရား။ ဒီနံသိစိတ်ထဲမှာ မွှေးတာကိုခံစားတာက "သုခဝေဒနာ။ နံတာကို ခံစားတာက ဒုက္ခဝေဒနာ။ မထင်ရှားတဲ့အနံ့ကို ခံစားတာက ဥပေက္ခာဝေဒနာ"လို့ အနံ့အာရုံလိုက်ပြီး ဝေဒနာတခုခုဖြစ်တယ်။ (မြင်ခံစား၊ ကြားခံစား တွေမှာလဲ ဒီလိုပါပဲ။) ဒီ သုခ ဒုက္ခ ဥပေက္ခာဆိုတာက ဇောဖြစ်ခိုက် ကုသိုလ် အကုသိုလ်ဖြစ်ခိုက်ကို ရည်ရွယ်ပြောတာနော်။ မြင်သိ၊ကြားသိ နံသိ စားသိဆိုတဲ့ ဝိညာဏ်လေးမျိုးက ဥပေက္ခာဝေဒနာနှင့်သာ ယှဉ်တယ်။

မလွတ်တမ်း အဝိဇ္ဇာမဖြစ်အောင် ရှုမှတ်နေတဲ့ ယောဂီများမှာတော့ အာရုံကောင်းလဲ ကုသိုလ်ဇောပဲ။ ဆိုးလဲ ကုသိုလ်ဇောပဲဖြစ်တယ်။ လောဘဇော၊ ဒေါသဇော၊ မောဟဇောတွေ မဖြစ်ဘူး။ မဟာကုသိုလ်ဇောပဲ ဖြစ်တယ်။ မဟာကုသိုလ်စိတ်က သောမနဿနှင့် ဥပေက္ခာဝေဒနာ နှစ်မျိုးသာယှဉ်တယ်။ ဒါကြောင့် မလွတ်အောင် ဒလစပ်ရှုမှတ်နေတဲ့ ယောဂီများမှာ များသောအားဖြင့် သုခဝေဒနာသာလျှင် အဖြစ်များတယ်။ မှတ်ထားရန် ဆောင်ပုဒ်က-

နံစဉ်ဆတ်ဆတ်၊ နံတယ်မှတ်၍၊ နှစ်ရပ်ရုပ်နာမ်၊ ကွဲသိရန်၊ မှတ်ဉာဏ်ယှဉ်၍ ကြည့်တဲ့။

ဒါကလဲ "ဃာနဉ္စ ပဇာနာတိ၊ ဂန္ဓေစ ပဇာနာတိ"ဆိုတဲ့ သတိပဋ္ဌာန် ပါဠိတော် အတိုင်းပါပဲ။

အနံ့နံခိုက်-နံတယ်, နံတယ်-လို့ ရှုမှတ်နေတဲ့အခါမှာ အနံ့, နှာ, လေတို့က ရုပ်တရား၊ ရူပက္ခန္ဓာ။ နံခံစားက ဝေဒနာက္ခန္ဓာ။ နံမှတ်သားက သညာက္ခန္ဓာ။ ကြောင့်ကြစိုက်အားထုတ်သိမှုက သင်္ခါရက္ခန္ဓာ။ နံမှုကို အထူးသိတာက ဝိညာဏက္ခန္ဓာ-လို့ ခန္ဓာ ၅ ပါးဖြစ်တယ်။ နှာကြည်တာက ဃာနာယတန၊ အနံ့တွေက ဂန္ဓာယတန၊ နံသိတာက မနာယတန၊ ဝေဒနာ သညာ သင်္ခါရတွေက ဓမ္မာယတန-လို့ အာယတနက ၄-ပါး။ နှာကြည်တာက ဃာနဓာတ်၊ အနံ့တွေက ဂန္ဓဓာတ်၊ နံသိက ဃာနဝိညာဏဓာတ်၊ အနံ့ကို စူးစမ်းဆင်ခြင်မှုနဲ့ ခံယူမှုဆိုတဲ့ ပဉ္စဒွါရာဝဇ္ဇန်းနဲ့ သမ္ပဋိစ္ဆိုင်းက မနောဓာတ်၊ သန္တီရဏ, ဝုဋ္ဌော, ဇော, တဒါရုံတို့က မနောဝိညာဏဓာတ်၊ ဝေဒနာ, သညာ, သင်္ခါရတို့က ဓမ္မဓာတ်-လို့ ဓာတ်က ၆-ပါး။ သစ္စာကတော့ ဒုက္ခသစ္စာပဲဖြစ်တယ်။ ပရိယာယ်အားဖြင့်တော့ သစ္စာလေးပါးလုံး ရနိုင်ပါရဲ့။ အစစ်ကတော့ တပါးပဲရတယ်။ ကဲ-ဒီဆောင်ပုဒ်ကလေးလဲ့ မှတ်ထားကြအုံး။

အနံ့နှင့်နှာ၊ လေ-ပါသုံးတန်၊ ရုပက္ခန်နှင့်၊ နံရန်ဆင်ခြင်၊ ကြောင်းလေးအင် ကြောင့်၊ နံစဉ်ခံစား၊ မှတ်သားပြုပြင်၊ နှာဝိညာဉ်ဟု၊ နာမ်လေးခုနှင့်၊ ငါးခု ခန္ဓာ၊ ရုပ်နာမ်သာတည့်၊ လေးဖြာ အာယတန၊ ခေတ်ခြောက်ဝနှင့်၊ ဒုက္ခသစ္စာ၊ ဖြစ်ပေါ်လာပြီး၊ မြန်စွာပျက်ကြ၊ အနိစ္စသည်၊ ဒုက္ခ အနတ္တပါတကား...တဲ့။

ဒါက နံခိုက်မှာ နံတယ်, နံတယ်-လို့ ရှုမှတ်နေယင်း နာမ်နဲ့ရုပ်ကွဲသိတဲ့ "နာမ ရူပ ပရိစ္ဆေဒဉာဏ်"နဲ့ နာမ်ရုပ်မှတပါး ပုဂ္ဂိုလ် သတ္တဝါ အတ္တဆိုတာ မရှိဘူးလို့ သိမြင်မှု စင်ကြယ်တဲ့ "ဒိဋ္ဌိဝိသုဒ္ဓိ"ဖြစ်ပုံပါပဲ။

## စားခိုက်မှာဖြစ်ပုံ

ခုတခါဆက်ပြီး စားခိုက်မှာ ရှုမှတ်လို့သိပုံကို ပြောပြအုံးမယ်။

စားစဉ်ဆတ်ဆတ်၊ စားတယ်မှတ်၍၊ နှစ်ရပ်ရုပ်နာမ်၊ ကွဲသိရန်၊ မှတ်ဉာဏ်ယှဉ်၍ ကြည့်တဲ့။

ဒါလဲ "ဇိဝှာ ပဇာနာတိ၊ ရသေစ ပဇာနာတိ"ဆိုတဲ့ ပါဠိတော်အတိုင်းပါပဲ။

ယောဂီတို့ စားတော့ ဘယ်လိုမှတ်မလဲ၊

စားတယ်, စားတယ်လို့ပဲ မှတ်ပါတယ်ဘုရား။

ဒီလိုရှုမှတ်တော့ ဘာတွေ့သလဲ၊

(အရသာနဲ့ အရသာကိုသိတဲ့သဘော ဒီ ၂-မျိုးပဲ တွေ့ပါတယ်ဘုရား။)

အေး-ချို,ချဉ်,စပ်,ခါး,ဖန်, ငန်ဆိုတဲ့ အရသာရယ်, လျှာအကြည်ရယ်, သရေရယ်, က ရုပ်တရား၊ အရသာကိုသိတာက နာမ်တရားပဲ။ စားခိုက်မှာလဲ နာမ်နဲ့ရုပ် နှစ်မျိုးပဲ ဖြစ်ပေါ်တယ်။ ခန္ဓာနဲ့ပြောတော့ အရသာ, လျှာ, သရေတို့က ရူပက္ခန္ဓာ။ စားခံစားက ဝေဒနာက္ခန္ဓာ။စားမှတ်သားက သညာက္ခန္ဓာ။ကြောင့်ကြစိုက်စားမှုက သင်္ခါရက္ခန္ဓာ။အထူး သိမှုက ဝိညာဏက္ခန္ဓာ-လို့ ခန္ဓာ ၅-ပါး ဖြစ်ပေါ်တယ်။ ဇိဝှါယတန, ရသာယတန, မနာယ တန, ဓမ္မာယတန-လို့ အာယတနက ၄-ပါး။ ဇိဝှါဓာတ်, ရသဓာတ်, ဇိဝှါဝိညာဏဓာတ်, မနောဓာတ်, မနောဝိညာဏဓာတ်, ဓမ္မဓာတ်-လို့ ဓာတ်က ၆ ပါးဖြစ်ပေါ်တယ်။ ဒါတွေ ဟာ အားလုံး ဒုက္ခသစ္စာတွေပဲ။ ယောဂီတွေရဲ့အလိုကတော့ အရသာနဲ့ စားသိမှုနှစ်မျိုး ကွဲသိကြယင် "နာမရူပ ပရိစ္ဆေဒဉာဏ်" ဖြစ်ကြပီလို့ ဆိုရပါတယ်။ ဒီနေရာမှာလဲ ဒီ ဆောင်ပုဒ်ကလေးကို မှတ်ထားကြအုံး-

ရသာနှင့်လျှာ၊ ရေပါသုံးတန်၊ ရူပက္ခန်နှင့်၊ စားရန်ဆင်ခြင်၊ ကြောင်းလေးအင် ကြောင့်၊ စားစဉ်ခံစား၊ မှတ်သားပြုပြင်၊ လျှာဝိညာဉ်ဟု၊ နာမ်လေးခုနှင့်၊

ငါးခုခန္ဓာ၊ လေးဖြာ အာယတန၊ ဓာတ်ခြောက်ဝနှင့်၊ ဒုက္ခသစ္စာ၊ ဖြစ်ပေါ်လာပြီး၊ မြန်စွာပျက်ကြ၊ အနိစ္စသည်၊ ဒုက္ခ အနတ္တပါတကား....တဲ့။

ဒါက-စားခိုက်မှာ စားတယ်,စားတယ်လို့ ရှုမှတ်နေယင်း ဝါးတာကတခြား, သိတာတခြား, အရသာတခြား, သိတာတခြား၊ ပိုင်းခြားသိတဲ့ "နာမရူပ ပရိစ္ဆေဒဉာဏ်"နဲ့ အရသာနဲ့သိတာ သဘောကလေး ၂ မျိုးပဲ ရှိတာပဲ၊ ပုဂ္ဂိုလ် သတ္တဝါ အတ္တဆိုတာ မရှိဘူးလို့ အသိအမြင်စင်ကြယ်တဲ့ "ဒိဋ္ဌိဝိသုဒ္ဓိ"ဖြစ်ပေါ်လာပုံပါပဲ။

**ထိခိုက်မှာဖြစ်ပုံ**

ထိခိုက်မှာ ရုပ်နာမ် ခန္ဓာစသည် ဖြစ်ပေါ်ပုံကို ပြောအုံးမယ်....။

ယောဂီတို့၊ ထိခိုက်မှာ ဘယ်လိုမှတ်ကြသလဲ၊

(ထိတယ် ထိတယ်-လို့ပဲ ရှုမှတ်ကြပါတယ်ဘုရား။)

ဒီလို ရှုမှတ်နေတော့ ဘယ်လိုသိသလဲ၊

(ရှုမှတ်ခါစမှာတော့ ဆရာတော်များက ခိုင်းလို့သာ မှတ်နေရပါတယ်၊ ဘာမှ မထူးသလိုလိုပါပဲ၊ ရှုမှတ်ပါများလာတော့ တပည့်တော်တို့ရဲ့ ဉာဏ်မှာ ဒီလို သိလာပါတယ်ဘုရား....

ထိတဲ့နေရာက မာယင် မာတာကလေးက တခု၊ သိတာကလေးက တခုပဲ-လို့ တခုစီ ကွဲသိလာပါတယ်ဘုရား။)

ဖောင်းတာ, ပိန်တာကို မှတ်နေတော့ကော ဘယ်လိုများ ထူးလာသလဲ၊

(ဒါလဲပဲ အစတော့ မထူးလှပါဘူး ဘုရား၊ ရှုပါများလာတော့ ဖောင်းဖောင်း ရွေ့ရွေ့ လာတာက တခု၊ သိနေတာက တခု-လို့ ဒီလို ကွဲသိလာပါတယ်ဘုရား။)

အေး-မာတဲ့ သဘောက ပထဝီဓာတ်၊ ပူတာက တေဇောဓာတ်၊ ဖောင်းတာ ပိန်တာ ရွေ့နေတာ လှုပ်ရှားနေတဲ့ သဘောက ဝါယောဓာတ်၊ ရုပ်တရား-ရူပက္ခန္ဓာ၊ ဖောဋ္ဌဗ္ဗဓာတ်၊ ဒုက္ခသစ္စာ-လို့ ခေါ်တယ်။

ဒုက္ခသစ္စာ မှန်သမျှ ပိုင်းခြားပြီး သိရမှာလား၊ မသိရဘူးလား၊

(သိရမှာပါဘုရား။)

အေး-သိရမယ်၊ မသိယင် မမှတ်မိယင် အမှတ်လွတ်ယင် အဝိဇ္ဇာလို့ ခေါ်တယ်၊ မောဟဆိုတဲ့ အဝိဇ္ဇာက သစ္စာလေးပါးကို မသိအောင် ဖုံးလွှမ်းတတ်တဲ့သဘောပဲ၊ ဒါကြောင့် အမူအရာတိုင်းမှာ မလွတ်အောင် ရှုမှတ်ရတယ်၊ ထိယင် ထိတယ်၊ ကိုင်ယင် ကိုင်တယ်၊ ယူယင် ယူတယ်၊ အဝတ် ဝတ်ယင် ဝတ်တယ် စသည်ဖြင့် မှတ်ရတယ်၊ ဒီလို

မှတ်နေယင် ရှုမှတ်ယင်းနဲ့ပဲ သဘော ၂-မျိုး ကွဲသိလာတယ်၊ ထိနေယင် ထိတာက တခြား၊ သိတာက တခြား-လို့ ပိုင်းခြားပီး သိလာတယ်၊ ဒီလို ထိတာ တခြား သိတာက တခြား ခွဲခြား သိတာဟာ "နာမရူပါနံ ယာထာဝဒဿနံ ဒိဋ္ဌိဝိသုဒ္ဓိနာမ" နာမ်ရုပ်တို့၏ သဘာဝအမှန်ကို သိမြင်ခြင်းသည် ဒိဋ္ဌိဝိသုဒ္ဓိမည်တယ်-လို့ ဆိုတဲ့အတိုင်း "နာမရူပ ပရိစ္ဆေဒဉာဏ် ဒိဋ္ဌိဝိသုဒ္ဓိ"ဖြစ်တာပါပဲ။ ဒါကြောင့် ထိရာမှာလဲပဲ....

"ထိစဉ်ဆတ်ဆတ်၊ ထိတယ်မှတ်၍၊နှစ်ရပ်ရုပ်နာမ်၊ကွဲသိရန်၊ မှတ်ဉာဏ်ယှဉ်၍ကြည့်" လို့ဆိုတဲ့ ဒီ လင်္ကာကလေးကိုလဲ "ကာယဉ္စ ပဇာနာတိ၊ ဖောဋ္ဌဗ္ဗေစ ပဇာနာတိ"ဟူသော ဓမ္မာနုပဿနာ သတိပဋ္ဌာန် ပါဠိတော်အတိုင်း ရေးထားပါတယ်၊ ဒီ ပါဠိက-ကိုယ်ကြည် တာကိုလဲ သိတယ်၊ အတွေ့အထိ တွေ့ကိုလဲ သိတယ်....တဲ့။ ကိုယ်ကြည်တာနဲ့ တွေ့ထိတို့က ရုပ်တရား၊ သိတာက နာမ်တရားပဲ၊ ထိတယ်, ထိတယ်-လို့ ရှုမှတ်ယင်းလဲ နာမ်ရုပ်ကွဲပြီး သိလာပါတယ်၊ ဒီလို သိယင် ခန္ဓာ၅-ပါး, အာယတန, ဓာတ်,သစ္စာတွေကိုလဲ သိခြင်းကိစ္စ ပြီးသွားပါတယ်။ ဆောင်ပုဒ်က....

> ကာယဖောဋ္ဌဗ်၊ မြေဓာတ်သုံးတန်၊ ရူပက္ခန်နှင့်၊ ထိရန်ဆင်ခြင်၊ ကြောင်း လေးအင်ကြောင့်၊ ထိစဉ်ခံစား၊ မှတ်သားပြုပြင်၊ ထိဝိညာဉ်ဟု၊ နာမ် လေးခုနှင့်၊ ငါးခုခန္ဓာ၊ လေးဖြာအာယတန၊ ဓာတ်မြောက်ဝနှင့်၊ ဒုက္ခ သစ္စာ၊ ဖြစ်ပေါ်လာပြီး၊ မြန်စွာပျက်ကြ၊ အနိစ္စသည်၊ ဒုက္ခ အနတ္တပါ တကား။

ဒီ လင်္ကာကို ရှင်းပြောပါအုံးမယ်၊ အနံ့နှင့် နှာမှာ အနည်းငယ် ချဲ့ပြောခဲ့ပါပြီ၊ မျက်စိ, နား, လျှာတို့မှာတော့ အကျဉ်းပဲ ပြောခဲ့ပါတယ်။

ကာယဖောဋ္ဌဗ်၊ မြေဓာတ်သုံးတန်-ဆိုရာ၌ ကိုယ်ထဲမှာ သွေးလှေလှည့်ပတ်နေလို့ ထိမှန်း သိတဲ့နေရာကို "ကာယ-ကိုယ်အကြည်လို့"ခေါ်တယ်။ ကာယပသာဒ-ကာယဒွါရ-ကာယဝတ္ထု-ကာယာယတန-ကာယဓာတ်-ဒုက္ခသစ္စာ-လို့လဲ ခေါ်တယ်၊ ဖောဋ္ဌဗ် ဆိုတာက ဖောဋ္ဌဗ္ဗာရုံ-ပထဝီ-မာကြမ်းချောနု ဇလေးပေါ့ သဘောရယ်၊ တေဇော-ပူ နွေး အေး သဘောရယ်၊ ဝါယော-ထောက်ကန် တောင့်တင်း ယိမ်းယိုင် လှုပ်ရှား တွန်းဆွဲ သဘော ရယ်၊ ဒီသုံးခုကို ဖောဋ္ဌဗ္ဗ-လို့ ခေါ်တယ်။ ဖောဋ္ဌဗ္ဗာယတန၊ ဖောဋ္ဌဗ္ဗဓာတ် ဒုက္ခသစ္စာလို့လဲ ခေါ်တယ်၊ မြေဓာတ်ဆိုတာ ပထဝီရဲ့ ပတိဋ္ဌာနရသာ-တည်ရာကိစ္စ အထိခံ သဘောကို ပြောတာ၊ ဒီသုံးခုဟာ ရုပ်တရား-ရူပက္ခန္ဓာပါပဲ။ ထိရန် ဆင်ခြင်ဆိုတာက မနသိကာရ ဆင်ခြင်မှု-ပဉ္စဒွါရာဝဇ္ဇန်းကိုပြောတာ၊ ကြောင်းလေးအင်-ဆိုတာက ကာယ, ဖောဋ္ဌဗ္ဗ,

ပထဝီ၊ မနသိကာရ ဆိုတဲ့ အကြောင်းလေးပါးကြောင့်–ခံစားမှု ဝေဒနာက္ခန္ဓာ၊ မှတ်သားမှု-သညာက္ခန္ဓာ၊ပြုပြင်စီရင်မှု-သင်္ခါရက္ခန္ဓာ၊ ထိ ဝိညာဏ် ဆိုတဲ့ ကာယဝိညာဏ်က ဝိညာဏက္ခန္ဓာ-ဟု နာမ်ခန္ဓာ လေးပါးဖြစ်တယ်။ ရူပက္ခန္ဓာ ဆိုယင် ထိခိုက်မှာ ခန္ဓာ၅–ပါး ဖြစ်တယ်။

လေးဖြာ အာယတန–၌ ကာယက ကာယာယတန၊ ဖောဋ္ဌဗ္ဗနဲ့ မြေဓာတ်က-ဖောဋ္ဌဗ္ဗာယတန၊ ထိရန်ဆင်ခြင်–ဆိုတဲ့ ပဉ္စဒွါရာဝဇ္ဇန်းနဲ့ ထိုဝိညာဏ်ဆိုတဲ့ ကာယဝိညာဏ်တို့က မနာယတန၊ ထိစဉ်ခံစား မှတ်သား ပြုပြင်တို့က ဓမ္မာယတန-ဟု အာယတနက လေးပါးဖြစ်တယ်။ ဓာတ်ခြောက်ဝနှင့်၌ ကာယက ကာယဓာတ်၊ ဖောဋ္ဌဗ္ဗနဲ့ မြေဓာတ်က ဖောဋ္ဌဗ္ဗဓာတ်၊ ထိရန်ဆင်ခြင်က မနောဓာတ်၊ ထိဝိညာဏ်က ကာယဝိညာဏဓာတ်၊ သန္တီရဏ ဝုဋ္ဌော ဇောတို့က မနောဝိညာဏဓာတ်၊ ခံစားတဲ့ ဝေဒနာ, မှတ်သားတဲ့ သညာ, ပြုပြင်စီရင်မှုဆိုတဲ့ ဖဿ စေတနာ စတဲ့ သင်္ခါရတွေက ဓမ္မဓာတ်-ဟု ဓာတ်က ခြောက်ပါး ဖြစ်တယ်။

ခု ပြောခဲ့တဲ့ ခန္ဓာ ၅-ပါး၊ အာယတန ၄-ပါး၊ ဓာတ် ၆-ပါး ဆိုတာတွေဟာ အားလုံး ဒုက္ခသစ္စာတရားတွေပါပဲ၊ ဒီတရားတွေဟာ ဖြစ်ပြီး ပျက်ပျက်သွားလို့ အနိစ္စအမည်၊ အပျက်နဲ့ နှိပ်စက်လို့ ဒုက္ခအမည်၊ အာရုံနဲ့ ဝတ္ထုဆုံခိုက်မှာ သူ့သဘောအတိုင်း မြွက်ပေါ်လာပြီး သူ့ဟာသူ ပျက်သွားတတ်လို့ အနတ္တဆိုတဲ့ အမည်တွေကိုလဲ ရကြပါတယ်၊ ဒီတရားတွေကို အနိစ္စ, ဒုက္ခ, အနတ္တ-လို့ ခေါ်ရတယ်လို့ မှတ်ပါ။ လက္ခဏာမှာတော့ ကွဲပါတယ်၊ နောက်နား ရောက်မှ ရှင်းပြောမယ်၊ သွား ရပ် ထိုင် လျောင်း ပိန် ဖောင်း စသည်ကို ဆက်ပြီး ပြောအုံးမယ်။

> သွားစဉ်ဆက်ဆက်၊ သွားတယ်မှတ်၍၊ နှစ်ရပ်ရုပ်နာမ်၊ ကွဲသိရန်၊ မှတ်ဉာဏ်
> ယှဉ်၍ကြည့်။

ဒီလက်ာက ''ဂစ္ဆန္တော ဝါ ဂစ္ဆာမီတိ ပဇာနာတိ''ဆိုတဲ့ ကာယာနုပဿနာ သတိပဋ္ဌာန် ဣရိယာပထ ပိုင်းမှာ သဗ္ဗညုဗုဒ္ဓ ဟောတော်မူတဲ့ ပါဠိတော်အရ ရေးထားတဲ့ လင်္ကာပဲ။ ဂစ္ဆန္တောပုဒ်က ဂမုဓာတ်, အန္တပစ္စည်း, ပစ္စုပ္ပန် အနက်မှာ သက်ထားတာ၊ မြန်မာလိုတော့ ဂစ္ဆန္တောဝါ-သွားယင်လဲ သွားနေတုန်းမှာလဲ-သွားစဉ်ဆက်ဆက်။ ဂစ္ဆာမီတိ-သွားတယ်လို့။ ပဇာနာတိ-(ခြေရှေ့သွားတဲ့ သဘောကတခု၊ ရှေ့သဘောကိုသိတဲ့ သဘောက တခု ရုပ်နာမ်ကို ကွဲကွဲပြားပြား) သိ၏တဲ့။ ဂစ္ဆာမိ၌ မိဝိဘတ် ပဇာနာတိ၌ အကွဲအပြားဟောတဲ့ ပ-ရှေးရှိတဲ့ ဉာဓာတ်, နာပစ္စည်း, တိဝိဘတ်တို့ကလဲ ပစ္စုပ္ပန် အနက်မှာပဲ သက်ထားတာ။

ပစ္စုပ္ပန်ဖြစ်ဆဲဆိုတာ-ခြေကြွယင် ကြွတဲ့နေရာ၊ လှမ်းယင် လှမ်းရာ၊ ချယင် ချရာမှာပဲ ရှုမှတ်မှုသတိနဲ့ ဉာဏ်က ကပ်ပြီး လိုက်ရှုရတယ်၊ ဒီလိုကပ်ပြီး မရှုပဲနဲ့ ခြေချပြီးမှ ကြွတုန်း လှမ်းတုန်းက ရုပ်နာမ်တို့သည် ချတဲ့နေရာသို့ မပါလေသောကြောင့် အနိစ္စ အနိစ္စလို့ လွန်ခဲ့ပြီးအတိတ်ကို ပြန်မရှုရဘူး၊ အတိတ်ကိုပြန်ရှုယင် ဂေါစရသမ္ပဇဉ် ဝိပဿနာ အစစ်မဟုတ်ဘူး၊ ဝိပဿနာဉာဏ် ထက်သန်နေတဲ့ ယောဂီသော်မှ ဒီလို အတိတ်အာရုံကို ပြန်ရှုနေယင် အနွယဝိပဿနာ အသမ္မောဟသမ္ပဇဉ်သာ ဖြစ်တယ်၊ ဂေါစရသမ္ပဇဉ်မဖြစ်ဘူး။ ဒါကြောင့် ကြွခိုက်မှာ ကြွတယ်၊ လှမ်းခိုက်မှာ လှမ်းတယ်၊ ချခိုက်မှာ ချတယ်လို့ ပစ္စုပ္ပန်ကျကျ ရှုမှတ်ရတယ်။ ဖြစ်ပေါ်ခိုက်မှာ အာရုံနဲ့ရှုသိစိတ်ဟာ ကပ်စိုက်ပြီး ရှုရတယ်။

ဒီလို- ကြွတယ်၊ ချတယ်၊ သွားတယ်၊ ရပ်တယ်၊ ထိုင်တယ်၊ အိပ်တယ် **စသည်ဖြင့်** ရှုမှတ်နေကြတာဟာ ဝိပဿနာ မဖြစ်ဘူး။ သွားတာ ရပ်တာ ထိုင်တာ အိပ်တာကို ခွေးကတောင်သိတယ်ဆိုပြီး ကိုယ်တိုင်လဲ အားမထုတ်ဘူးဘူး၊ ပါဠိတော်ကိုလဲ မသိကြ၊ သိလဲ ကျကျနနမယူတတ်ကြတဲ့ အချို့သောလူမိုက်တွေက "ဂစ္ဆန္တော၊ ဌိတော၊ နိသိန္နော၊ သယာနော ဝါ သယာနောမီတိ ပဇာနာတိ"လို့ ဟောတော်မူတဲ့ သဗ္ဗညူမြတ်စွာဘုရားကို စော်ကားကြတယ်။ အပါယ်မျိုးစေ့ စိုက်ပျိုးကြတယ်။

ဒီနေရာမှာ ဆရာတော်ကမေးမယ်၊ ယောဂီတို့ သဘောကျသလို ဖြေကြပေ**တော့**။
လူတွေဟာ ရုံးသွားကြ၊ စျေးသွားကြ၊ အလုပ်သွားကြတဲ့အခါမှာ သွားတယ်, သွားတယ်-လို့ ရှုမှတ်ကြရဲ့လား။
မရှုမှတ်ပါဘုရား။
အသားတွေ ခုတ်တော့ လှီးတော့ကော ရှုမှတ်ကြရဲ့လား၊
မရှုမှတ်ပါဘုရား။
အရိုးတွေကို အိမ်အောက်ပစ်ချလိုက်တော့ရော ပစ်ချတယ်လို့ မှတ်ကြရဲ့လား၊
မမှတ်ပါဘုရား။ အမှတ်တမဲ့နဲ့ပဲ ပစ်ချလိုက်ကြပါတယ်ဘုရား၊
အိမ်အောက်ခွေးက အရိုးကျလာတာကို မြင်တော့ မြင်တယ်-လို့ မှတ်ရဲ့လား၊
အရိုးဆီပြေးလာတော့ ပြေးတယ်, ပြေးတယ်-လို့ မှတ်ရဲ့လား။ အရိုးကိုက်တော့ကော ကိုက်တယ်, ကိုက်တယ်လို့ မှတ်ရဲ့လား၊
လူတွေတောင်မှ ရှုမှတ်ရမှန်းမသိကြတာ ခွေး ဘယ်မှာရှုမှတ်တက်မှာလဲ၊ (မမှတ်ပါဘုရား။)

လူတွေဟာ ထမင်းကျက်လို့ စားကြတဲ့အခါမှာ ထမင်းလုပ်ပြင်တော့ကို ပြင်တယ်၊ ယူတော့ကို ယူတယ်၊ ခံ့တော့ ခံ့တယ်၊ စားတော့ စားတယ်လို့ မှတ်ကြရဲ့လား၊ မမှတ်ပါဘုရား၊ အမှတ်တမဲ့ အဝိဇ္ဇာနဲ့ပဲ စားသောက်နေကြတာပါပဲဘုရား။

ဒါဖြင့်ယင် လူတွေဟာ ဘာသွား သွားလို့၊ ဘာစား စားပြီး၊ ဘာလို နေကြတာလဲ၊

မှန်ပါ၊ ဟိုအကောင်သွား၊ ဟိုလိုစား၊ ဟိုလိုနေကြပါတယ်ဘုရား။

ဒါဖြင့်ယင်-သွားတာ လာတာ လုပ်တာ ကိုင်တာ စားတာ သောက်တာတွေကို မှတ်နေယင် ဝိပဿနာမဖြစ်ဘူးလို့ ပြောကြ ဟောကြတဲ့လူတွေဟာ သူတို့ကိုယ်တိုင်က ဘာသွားသွား ဘာစားစားပီး ဘယ်လိုနေကြတဲ့ လူတွေပဲဆိုတာကို ဒို့ယောဂီတွေ စဉ်းစားသာ ကြည့်ကြပေတော့။

ဝိပဿနာဆိုတဲ့ ပါဠိစကားကို မြန်မာလိုပြန်ယင် ခန္ဓာကိုယ်ထဲမှ ဖြစ်ပေါ်လာတဲ့ ရုပ်နာမ်အမူအရာကို ဖြစ်ပေါ်ခိုက်မှာပဲ ရှုတဲ့ မှတ်တဲ့ သိတဲ့ဉာဏ်လို့ ပြန်ရပါတယ်။ နောက်ကလဲ ဝိပဿနာအကြောင်းကို ပြောခဲ့ပါပြီ။ ဒီဆောင်ပုဒ်ကလေးကိုလဲ မှတ်ထားကြအုံး။

ကိုယ်မှပေါ်ရာ၊ လိုက်ရှုတာ၊ သိတာ ဝိပဿနာမှတ်....တဲ့။

ခွေးနဲ့နှိုင်းပြတဲ့ ဥပမာက-မဟာသတိပဋ္ဌာနသုတ် ဒီ-ဋ-၂-၃၅၇၊ မ-ဋ-၁-၂၅၅ နှာ၌ ''ကာမံ သောဏသိင်္ဂါလာဒယောပိ ဂစ္ဆန္တာ ဂစ္ဆာမာတိ ဇာနန္တိ၊ န ပနေတံ ဧဝရူပံ ဇာနနံ သန္ဓာယ ဝုတ္တံ၊ ဧဝရူပဥှိ ဇာနနံ သတ္တူပလဒ္ဓိံ န ပဇဟတိ၊ အတ္တသညံ န ဥဂ္ဃာဋေတိ၊ ကမ္မဋ္ဌာနံ ဝါ သတိပဋ္ဌာနဘာဝနာ ဝါ န ဟောတိ''လို့ ဖွင့်ပြဘယ်။

သောဏသိင်္ဂါလာဒယောပိ၊ ခွေး မြေခွေးတွေဟာလဲ။ ဂစ္ဆန္တာ ဂစ္ဆာမာတိ ကာမံ ဇာနန္တိ၊ သွားကြယင် ဒို့သွားနေကြတယ်လို့ သိတော့သိကြတာပါပဲ။ ပန ဧဝရူပံ ဇာနနံ သန္ဓာယ၊ ဒါပေမယ့် ဒီလိုအသိမျိုးကို ရည်ရွယ်လျက်။ ဧတံ န ဝုတ္တံ၊ ဤ ဂစ္ဆန္တော ဝါ ဂစ္ဆာမိဟူသောစကားကို သဗ္ဗညုဗုဒ္ဓ မိန့်တော်မူအပ်တာ မဟုတ်ပါဘူး။ ဟိ ဧဝရူပံ ဇာနနံ၊ မှန်ပါတယ်၊ ဒီလိုသိတဲ့အသိဟာ။ သတ္တူပလဒ္ဓိံ န ပဇဟတိ၊ သတ္တဝါဟု စွဲယူထားမှုကို မစွန့်ပါဘူး။ အတ္တသညံ န ဥဂ္ဃာဋေတိ၊ အတ္တကောင် ကိုယ်ကောင်လို့ ထင်မှတ်နေမှုကို မပယ်ခွာနိုင်ပါဘူး။ ကမ္မဋ္ဌာနံ ဝါ သတိပဋ္ဌာနဘာဝနာ ဝါ န ဟောတိ၊ ကမ္မဋ္ဌာန်းလဲ မဖြစ်ပါဘူး။ ပေါ်ရာအာရုံပေါ်မှာ စူးစိုက်ထားတဲ့ ပွားများမှု သတိပဋ္ဌာန်ဘာဝနာလဲ မဖြစ်ပါဘူးတဲ့။

ဒါကြောင့် ပေါ်ရာရုပ်နာမ်ကို မရှုမှတ်ကြပဲ သွားလာလုပ်ကိုင် နေထိုင်စားသောက်ကြတဲ့ လူတွေ နတ်တွေဟာလဲ ခွေးတွေ မြေခွေးတွေလိုပါပဲလို့ အဋ္ဌကထာက ဖွင့်ပြတော်မူပါတယ်၊ ပီးတော့ ဆက်ဖွင့်ပြထားက....

ဣမဿ ပန ဘိက္ခုနော ဇာနနံ သတ္တူပလဒ္ဓိံ ပဇဟတိ၊ အတ္တသညံ ဥဂ္ဃါဋေတိ၊ ကမ္မဋ္ဌာနဉ္စေဝ သတိပဋ္ဌာနဘာဝနာ စ ဟောတိ·တဲ့။

ပန၊ ခွေး, မြေခွေးတွေ သိပုံမှတပါး ရှုမှတ်တဲ့ ယောဂီရဟန်းတို့ သိပုံကို ငါ အဋ္ဌကထာဆရာ ဆက်ပြီးပြောပြအုံးမယ်။ ဣမဿ ဘိက္ခုနော ဇာနနံ၊ ပေါ်တိုင်း မလွတ်အောင် ရှုမှတ်နေတဲ့ ဤယောဂီရဟန်း၏၊ အမှုအရာသဘောမျှပဲ့လို့သိခြင်းသည်။ သတ္တူပလဒ္ဓိံ ပဇဟတိ၊ သတ္တဝါဟု ထင်မှတ်စွဲယူထားမှုကို စွန့်လွှတ်တယ်။ အတ္တသညံ ဥဂ္ဃါဋေတိ၊ အတ္တကောင် ကိုယ်ကောင်လို့ထင်မှတ်တဲ့ ဒိဋ္ဌိသညာကို ပယ်ခွာတယ်။ ကမ္မဋ္ဌာနဉ္စေဝ သတိပဋ္ဌာန ဘာဝနာစ ဟောတိ၊ ကမ္မဋ္ဌာန်းလဲဖြစ်ပါတယ်။ ပေါ်ရာအာရုံပေါ်မှာ စူးစိုက်ထားတဲ့ ပွါးများမှု သတိပဋ္ဌာန် ဘာဝနာလဲ ဖြစ်ပါတယ်တဲ့။

အဲဒီ သတိပဋ္ဌာနသုတ် ပါဠိတော်နဲ့ အဋ္ဌကထာအတိုင်း ခလေးတွေပါ နားလည်နိုင်တဲ့ မြန်မာစကားဖြင့် ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးက တရားပြသဟောပြောတော်မူပါတယ်။

ကဲ ဒီနေ့ ဒါလောက်နဲ့ပဲ တော်ကြအုံးစို့၊ ဒီနေ့ပူနေကြတဲ့ ကုသိုလ်အစုစုကြောင့် မိမိတို့လိုချင်တဲ့နိဗ္ဗာန်ကို မဂ်ဉာဏ်ဖိုလ်ဉာဏ်ဖြင့် ဆိုက်ရောက် မျက်မှောက်ပြုနိုင်ကြပါစေ။

သာဓု....သာဓု... သာဓု

## သာသနာ့ရိပ်သာအဖြာဖြာ

### ကဏ္ဍ

# သပြေတောင်တောရ သာသနာ့ရိပ်သာ

## အရှင်ဇဋိလ (ပါဠိပါရဂူ)

### သပြေတောင်တောရ

မြို့၏အနီးအပါးရှိ တောင်ကုန်း တောင်တန်းများသည် များသောအားဖြင့် ဘုရား စေတီ ဂူကျောင်း ဇရပ်တို့ဖြင့် စည်ကားလျက် ရဟန်း, သာမဏေ, သူတော်, သီလရှင်စသော သာသနာ့ဝန်ထမ်းတို့၏ ခိုမှီးနေထိုင်ရာ အနီးအပါး မြို့ရွာများမှ သူတော်စင်တို့၏ စိတ်အေးချမ်းသာ သီတင်းသီလ လာရောက်ဆောက်တည်ရာ တရားဘာဝနာပွားများအားထုတ်ရာ သာသနာထွန်းကားသည့် နေရာဌာနများ ဖြစ်နေတတ်ပေသည်။

စစ်ကိုင်းမြို့၏ စစ်ကိုင်းတောင်ရိုးသည်၎င်း၊ မန္တလေးမြို့တော်၏ ခန္တလေးတောင်သည်၎င်း၊ ကျောက်ဆည်မြို့၏ တောင်တော်များသည်၎င်း မြို့အတွက် ကျက်သရေဆောင် တောင်တော်များ ဖြစ်ကြလေသည်။

ထို့အတူ ပျဉ်းမနားမြို့၏ မြောက်ဘက်ရှိ ကျောင်း,ကန်,ဇရပ်,စေတီပုထိုးအမျိုးမျိုးတို့ဖြင့်တင့်တယ်ကာ ကြည်ညိုဖွယ်ရာ ရှိလှသော တောင်တန်းကလေးမှာလည်း သာသာယာယာရှိရုံမျှမက ပျဉ်းမနားမြို့နှင့်အတူ ပတ်ဝန်းကျင်ရှိ ကျေးရွာများမှ ဥပုသ်စောင့် သီတင်းသုံးသည့်, တရားအားထုတ်လိုသူ ရဟန်း, ရှင်,လူ,ယောဂီ သူတော်စင်တို့၏ စိတ်အေးချမ်းသာ ဘာဝနာအလုပ် အားထုတ်ကျင့်သုံးနေထိုင်ရာ သာသနာ ထွန်းကားသည့် ဌာနပင်ဖြစ်ပေသည်။

ထိုပျဉ်းမနားမြို့၏ ကျက်သရေဆောင် တောင်တန်းကလေး အထက်နားတွင် ''သပြေတောင် တောရ'' အမည်ရှိ ကျောင်းတိုက်တခု ရှိ၏၊ ၎င်းကျောင်းတိုက်မှာ သာသနာအတွက် ဘူမိနက်သန် မှန်လှသည့် နေရာဌာနတခု ဖြစ်လေသည်။ ရှေးက

ထိုတောင်ကုန်းကလေးကို လုံးပတ် ၇-တောင်၊ ဂ-တောင်၊ အမြင့် အတောင် ၃၀,၄၀ အထိ ရှိသော အရွယ်ရွယ် အစားစား သပြေပင်များက ခြံရံပေါက်ရောက် နေသောကြောင့် ပန်းချီးလာသူအပေါင်းတို့၏ နှုတ်ဖျား၌ "သပြေတောင် သပြေတောင်"ဟု ခေါ်ဝေါ်ပြောကြား ရေပန်းစားခဲ့သည်ကို အကြောင်းပြု၍ ယနေ့တိုင် သပြေတောင်ဟု ခေါ်တွင်လေသည်။

## ပထမဆရာတော် ဦးနန္ဒ

လွန်ခဲ့သည့် နှစ်ပေါင်းတရာကျော် သက္ကရာဇ် ၁၂၂၅-ခုနှစ်က အရှင်မဟာကဿပကဲ့သို့ ဓုတင်ဆောင် ပုဂ္ဂိုလ်တပါးဖြစ်သော ဆရာတော်ဦးနန္ဒသည် ဤသပြေတောင် တောရကျောင်းနေရာ၌ ပထမဆုံးကျောင်းကို စတင်တည်ထောင်ကာ သီတင်းသုံးတော်မူခဲ့၏။ ဆရာတော်ဦးနန္ဒသည် သုဓမ္မာ သာသနာပိုင် ဆရာတော်ကြီးများထံမှ ပရိယတ္တိကျမ်းစာများကို သင်ကြားတော်မူပြီးနောက် စာပေပို့ချလျက် ဂန္ထဓုရ သာသနာ့တာဝန်ကို ထမ်းဆောင်ခဲ့ပေသည်။ ထို့နောက် ကိုယ်ရေးကိုယ်တာအတွက် တရားအလုပ်အားထုတ်ရန် သီးလုံးဆရာတော်ဘုရားကြီး၏ နည်းနိဿယကို ခံယူကာ ပျဉ်းမနားသို့ ကြွလာပြီး သပြေတောင်၌ တောရဆောက်တည်ယင်း ဝိပဿနာတရားကို ကြိုးစားအားထုတ်တော်မူလေသည်။

ဆရာတော် ဦးနန္ဒအား သုဓမ္မာသာသနာပိုင် ဆရာတော်ဘုရားကြီးများက အရှည်လေးပေခန့်ရှိသော ပေရွက်တွင် စာများရေးသား တံဆိပ်ရိုက်ပြီး တဆစ်တည်းအရှည် ၅ ပေခွဲရှိသော ဝါးသပွတ်ခေါ် ဝါးကျဉ်ထောက်ထဲထည့်၍ ဂဏဝိမုတ်အဖြစ် ချီးမြှင့်တော်မူလေသည်။ ထို့ပြင် မင်းတုန်းမင်းကြီးကလည်း မင်းတံဆိပ်ရိုက်နှိပ်ထားသောစာရေးထားသည့် စာရေးထားသော ပေရွက်အရှည် လေးပေခန့်ကို၅-ပေခွဲ သပွတ်ဝါးကျည်ထောက်ထဲထည့်၍ ဆရာတော်ဦးနန္ဒအား ဂဏဝိမုတ်အဖြစ် အသိအမှတ်ပြု ဆက်ကပ်လှူဒါန်းခဲ့လေသည်။

ဂဏဝိမုတ်ဟူသည်မှာ သုဓမ္မာ ရွှေကျင်သာသနာပိုင်တို့က ကိစ္စကြီးငယ်ရှိစေကာမူ ခေါ်ခွင့်မရှိ ပဋိပတ်အကျင့်ဟု ဆိုအပ်သော ဝိပဿနာဓုရကို လွတ်လပ်စွာ ကျင့်ဆောင်နိုင်ရေးအတွက် ဦးစားပေးသောအားဖြင့် ဂိုဏ်းအသီးသီးမှ ကင်းလွတ်ခွင့် ပေးထားခြင်းပင်ဖြစ်သည်။

## ရွှေးသပြေတောင် ရိပ်သာ

ဆရာတော် ဦးနန္ဒသည် ပရိယတ် ပဋိပတ် နှစ်ရပ်စွယ်စုံဖြစ်တော်မူသည့်အားလျော်စွာ စာဝါများ ပို့ချပြီးနောက် တရားအလုပ်ကို ကိုယ်တိုင်အားထုတ်ရှုသောမက စပ်ဆိုင်သမျှ ရဟန်းရှင်လူတို့အားလည်း ဟောကြားပြသခဲ့ပေရာ သပြေတောင်တောရမှာ ရွှေးကပင် ကမ္မဋ္ဌာန်းဌာန သာသနာ့ရိပ်သာ ဖြစ်ခဲ့ပါလေသည်။

ပထမ သပြေတောင် ဆရာတော် ဦးနန္ဒသည် သက်တော် ၇၃၊ ဝါတော် ၆၃-ဝါ အရတွင် ဘာသနတ်ထံ ပျံလွန်တော်မူခဲ့၏။

ဒုတိယဆရာတော် ဦးဝိမလသည် သက်တော် ၇၀၊ ဝါတော် (၆၀) ရသည်အထိ အစဉ်မပျက် ဆက်လက်သီတင်းသုံးပြီးနောက် ယခုလက်ရှိ-

တတိယ သပြေတောင်ဆရာတော်အဖြစ် သက်တော် (၇၂)၊ ဝါတော်(၆၂)ရှိ အရှင်ပဏ္ဍိစ္စ မဟာထေရ် သီတင်းသုံးလျက် ရှိပေသည်။

## ကမ္မဋ္ဌာနာစရိယ အရှင်ဇောဂရ

ပျဉ်းမနားမြို့မှ ကန်ဦးမဟာစည်ရိပ်သာ ဒါယိကာမကြီး ဒေါ်နှင်းမေသည် သပြေတောင် ဆရာတော်ဘုရားကြီးအား ကြည်ညိုရင်းစွဲရှိသော ဒါယိကာမကြီး တဦးပင် ဖြစ်သည်နှင့်အညီ သပြေတောင်တောရ ကျောင်းတိုက်၌ ဓမ္မာရုံကြီး ရေကန် စသည်များကို ဆောက်လုပ်လှူဒါန်းရုံမျှမက ဆရာတော်ဘုရားကြီး၏ တပည့်များထဲမှ တရားဝါသနာပါသော အရှင်ဇောဂရ စသော ရဟန်းတော်များကိုလည်း ရန်ကုန် မဟာစည်ရိပ်သာသို့ ပင့်ပြီး တရားအလုပ်ကို အားထုတ်စေခဲ့လေသည်။ တရားအားထုတ်ရာမှ ပြန်ရောက်လာသောအခါ အရှင်ဇောဂရသည် ကျေးဇူးတော်ရှင် တတိယသပြေတောင်ဆရာတော်ဘုရားကြီးကို ဦးထိပ်ထား၍ ရန်အောင်ရွာ ရဟန်းဒါယကာကြီး ဦးညွန့်၊ ပျဉ်းမနား ရွာကောက်ရပ်မှ ဦးသန်းညွန့်-ဒေါ်ကလေး၊ ပျဉ်းမနားမြို့မှ ဦးဘိုးကြည်၊ ဦးညွန့်လွင်၊ ဦးကျော်သောင်း၊ ဒေါ်ဝေ၊ ဒေါ်စန်းစန်း၊ ကျောက်ချက်ရွာမှ ဦးမုန်းစသော ဒကာ ဒကာမ တို့၏ ရိပ်သာဖြစ်ရေး အားပေးကူညီမှုဖြင့်-

၁၃၂၇-ခု၊ ပြာသိုလဆန်း ၁၂-ရက်နေ့မှစ၍ မဟာစည်ရိပ်သာ တိုက်ခွဲအဖြစ် ဖွင့်လှစ်ကာ တရားဓမ္မ ဟောကြားပြသသောအားဖြင့် မြုပ်ကွယ်နေသော သပြေတောင် ရိပ်သာကို ဖော်ထုတ်ခဲ့လေသည်။

## ယောဂီအချင်းချင်း ယိုင်းပင်းကူညီ

ယခုအခါတွင် ဆရာရော ဒကာပါ ညီညွတ်စွာ ကြိုးစားမှုကြောင့် သပြေတောင်တောရရိပ်သာမှာ တောထဲ တောင်ထဲတွင် ဖြစ်သော်လည်း တောတောင် သဘာဝ ကမ္မဋ္ဌာန်းကျောင်း အစရှိသည်တို့ဖြင့် သာယာလျက် ရှိပေပြီ၊ တရားအားထုတ်လာသူ ယောဂီသစ်များအား တရားတော်၏ အနှစ်သာရများကို ကိုယ်နှင့်မခြား လေ့စားသိရှိစေလိုကြသော ယောဂီဟောင်းများနှင့်တကွ သပြေတောင်ပရိသတ်က စားသောက်နေထိုင်ရေး လိုလေသေးမရှိအောင် ဝေယျာဝစ္စ ဆောင်ရွက်လျက်ရှိရာ–

“အရညဂတောဝါ ရုက္ခမူလဂတောဝါ သုညာဂါရဂတောဝါ”ဟု ဗုဒ္ဓမြတ်စွာ ညွှန်ကြားသည့် တောတောင်, သစ်ပင်, ဆိတ်ငြိမ်ရာ အင်္ဂါတို့နှင့် ထာဝစဥ်ပြည့်စုံသော ဤသပြေတောင်တောရ ရိပ်သာသို့ တခါတခေါက်လာရောက်၍ “အပ္ပမာဒေါ အမတံ ပဒံ” ဟူသော ဒေသနာတော်နှင့်အညီ မသေရာအမှန် နိဗ္ဗာန်ရောက်ကြောင်း ယခုဘဝလည်း အနေကောင်း အသေကောင်း အပ္ပမာဒသတိပဋ္ဌာန် ဝိပဿနာတရားများကို ကြိုးစားအားထုတ်လှည့်ကြစမ်းပါဟု ဖိတ်ကြားသမှု ပြုလိုက်ရပါသတည်း။

လှူဒါန သတင်းစဉ်

## ဖြူး

ဖြူးမြို့နယ် မဟာစည်သာသနရိပ်သာ၌ ဝါခေါင်လပြည့်နေ့၌ လူငယ် ၄၀-ကျော် စုပေါင်းပြုလုပ်ကြသည့် မျိုးညွန့်လူငယ်လေးများသည် ရဟန်းသံဃာ ယောဂီဝင် အပေါင်းတို့အား ဆွမ်းတနေ့တာ ၄၀၀-ကျပ် ခုံတန်းလျား တလုံး ၁၂၅-ကျပ် အဆောက်အဦအတွက် ၂၀၀-ကျပ် စုစုပေါင်း ၇၀၀-ကျပ်ကျော်ဖိုး လှူဒါန်းသွား ပါသည်။

မျိုးညွန့် လူငယ်အဖွဲ့
ဖြူးမြို့။

**မဟာစည်ရွှေလမင်း-တွင်**

## ပြင်ဖတ်ရန်

| စာမျက်နှာ | ကြောင်းရေ | ရှိရင်း | ပြင်ဖတ်ရန် |
|---|---|---|---|
| ၅ | ၃ | တထောင့်ငါးရာ | တထောင့်သုံးရာ |
| ၁၀ | ၁၉ | Heaitrow | Heathrow |
| ၁၁ | ၉ | Health | Heath |
| ၁၆ | ၁၀ | တိဘက်ထင်တာ | တိဘက်ဆင်တာ |
| ၂၅ | ၂ | (၁၁-ရက်) | (သရက်) |
| ၄၆ | ၅ | စနေနေ့တိုင်း | စနေညတိုင်း |
| ၀၅ | ၇ | တန်ဆောင်မုန်းလ | နတ်တော်လ |
| ၀၀၁ | ၀ | ဝိယညာတိဝ | ပိယညာတိဝ |
| ၁၁၀ | ၀၀ | မျက်စိကြည့်တာကို | မျက်စိကြည်တာကို |
| ၁၁၁ | ၂၅ | ဘာ့ဖြစ်သလဲ | ဘာဖြစ်သလဲ |
| ၁၁၂ | ၃၀ | နာမ်ခန္ဓာ ၃-ပါးတဲ့ | နာမ်ခန္ဓာ ၄-ပါးတဲ့ |
| ၁၃၄ | ၁၁ | ခန္တလေးတောင် | မန္တလေးတောင် |